

# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

No.122, SEPTEMBER, 2005





## သင် ဘယ်ရာစုမှာနေမလဲ

www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

**This magazine is founded and managed by board of directors of Myanmar Partners Think Tank Group in June, 1995 underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**


၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ်ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ(လုံးဝ) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## EDITORIAL

# စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ ကိုယ်ပိုင်အမြင်နှင့် ရပ်တည်ချက်များလိုအပ်

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသောနိုင်ငံတစ်ခု၏ အင်္ဂါရပ်ဖြစ်သော စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များစွာ မြန်မာနိုင်ငံတွင် ပေါ်ပေါက်တည်ရှိနေခဲ့ပြီးဖြစ်သည်ကို စာဖတ်သူများအားလုံးအသိ ဖြစ်ပါသည်။ UMFCCI ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှသည် နယ်ပယ်အသီးသီး၊ လုပ်ငန်းအသီးသီးကို ကိုယ်စားပြုသော အသင်းအဖွဲ့များစွာ ပေါ်ပေါက်ခဲ့၊ ပေါ်ပေါက်ဆဲဖြစ်ပြီး ထိုအသင်းအဖွဲ့များကို ယေဘုယျအားဖြင့် အစိုးရမဟုတ်သောအသင်းအဖွဲ့များ NGO ဟု နားလည်ထားကြပေသည်။

အထက်ပါစီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များကို ပညာရပ်ဆိုင်ရာအားဖြင့် Interest Group ဟု ခေါ်ဆိုပါသည်။ ဆိုလိုသည်မှာ အဖွဲ့အစည်းကျောထောက်နောက်ခံပြုထားသော သက်ဆိုင်ရာလောကသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန် ဖွဲ့စည်းထားသောအသင်းများဖြစ်သည်ဟူ၍ ဖြစ်ပါသည်။ သက်ဆိုင်ရာလောကသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရေးဆိုသည်မှာ စီးပွားရေးမူဝါဒများနှင့်ပတ်သက်၍ စီမံခန့်ခွဲသူများ၏အမြင်၊ သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်မှလုပ်ငန်းရှင်(လောကသား)များ၏အမြင်နှင့် ပညာရှင်များအမြင် စသည့် အမြင်သုံးမျိုးအနက် သက်ဆိုင်ရာ နယ်ပယ်လောကသားများ၏အမြင်ကို ကိုယ်စားပြုတင်ပြ၍ မျှတပြီး ဖြစ်နိုင်ခြေရှိသောရလဒ်များအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိစေရန် ဆောင်ကြဉ်းပေးနိုင်ရေးကို ဆိုလိုပါသည်။

မြန်မာနိုင်ငံရှိ အသင်းအဖွဲ့များစွာတို့အနက် မည်သည့်အသင်းအဖွဲ့များသည် စွမ်းဆောင်ရည်ပြည့်ဝ၍ မည်သည့်အဖွဲ့အစည်းများသည် စွမ်းဆောင်ရည်မပြည့်ဝကြောင်း သက်ဆိုင်ရာလောကသားများ အသိဖြစ်၍ ဤကိစ္စကို မဆွေးနွေးလိုပါ။ သို့သော်လည်း ဥပမာအဖြစ် သက်ဆိုင်ရာနယ်ပယ်၏ အကျိုးစီးပွားကို သိသာထင်ရှားစွာ ဆောင်ကြဉ်းပေးနိုင်သောအသင်းအဖွဲ့တစ်ခုကို ဥပမာအနေဖြင့် ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ရုံးတွင် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများအတွက် ရုံးခန်းများ၊ အဖွဲ့ဝင်စီးပွားရေးလုပ်ငန်းများအတွက် Common Room၊ ခေတ်မီအစည်းအဝေးခန်းများ ရှိနေပြီး ရုံးခန်းအသီးသီးမှနေ၍ မြန်နှုန်းမြင့် အင်တာနက်အသုံးပြုနိုင်သည်ကို တွေ့ရသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး အပါအဝင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ အပတ်စဉ် အင်္ဂါနေ့တိုင်း တွေ့ဆုံပွဲရှိသည်။ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏အမြင်နှင့် သက်ဆိုင်ရာနယ်ပယ်ကို ကိုယ်စားပြုထားသောအသင်းများက တင်ပြသော အမြင်များကို ပေါင်းစပ်၍ လုပ်ထုံးလုပ်နည်းများ သတ်မှတ်သည်ကို တွေ့ရသည်။ ဤအချက်များမှာ နိုင်ငံတကာတွင် မြင်တွေ့ရလေ့ရှိသော Interest Group များ၏ လုပ်နည်းလုပ်ဟန်ပင် ဖြစ်ပါသည်။

စီးပွားရေးမူဝါဒများနှင့်ပတ်သက်၍ စီမံခန့်ခွဲသူများ၏အမြင်၊ ပညာရှင်များ၏အမြင်နှင့် သက်ဆိုင်ရာနယ်ပယ်မှ လုပ်ငန်းရှင်များ၏အမြင်ဟူ၍ အမြင်သုံးမျိုးရှိသည့်အကြောင်း အထက်တွင် ဖော်ပြခဲ့ပါသည်။ အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်၍ ထပ်တူကျရမည့် အခြေခံအုတ်မြစ်ဆန်ဆန် အမြင်များ တူညီမှုရှိရန် လိုအပ်သကဲ့သို့ ကိစ္စရပ်အတော်များများတွင် မတူညီသောရှုထောင့်များမှ မတူညီသောအမြင်များ စုစည်းနိုင်မှသာ ရလဒ်ကောင်းများ ပေါ်ထွက်နိုင်မည် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် သက်ဆိုင်ရာနယ်ပယ်၏ အကျိုးစီးပွားကို ထိထိရောက်ရောက် မဆောင်ကြဉ်းနိုင်သော စီးပွားရေးအဖွဲ့အစည်းများတွင် သက်ဆိုင်ရာနယ်ပယ်လောကသားများကို ကိုယ်စားပြုသော ကိုယ်ပိုင်အမြင်မရှိဘဲ၊ စီမံခန့်ခွဲသူများ၏အမြင်ကို ငှားရမ်းသုံးစွဲထားသည်ကို မြင်တွေ့ရကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

**အယ်ဒီတာ**

၁–၈–၂၀၀၅

www.foreverspace.com.mm

# လုပ်ငန်းမှတ်တမ်း


**Board of Editors**

Chief Editor – ကျော်မင်းဆွေ
Editor In Charge (Production) – မင်းဇင်
Editor In Charge (On Duty) – မင်းနိုင်စိုး
Editor In Charge (News) – မျိုးညွန့်မောင်
Senior Executive Editors – ကျော်နိုင်၊ မင်းနိုင်စိုး၊ အောင်ကျော်မင်း၊ ဘုန်းမြင့်ဦး
Executive Editors – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်
Research & Development Editor – သီရိဇော်
Chief Reporter – သောင်းထိုက်
Staff Reporters – ဆန်းဦး(စီးပွားပညာ)၊ တင်လင်း၊ စိုးယုဝေ၊ ထားထားမြင့်၊ ကေခိုင်ကျော်၊ သစ်ထွဋ်၊ သာမိုးကြည်အောင်၊ သန်းထိုက်သူ၊ လင်းသစ်

**Art Director**

စိုးသော်တာ

**DTP Department**

Supervisor – မခိုင်
Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊ စောအိလိုင်းဂျာ

**Accountant**

အေးအေးဆင့်
Assistant – မျိုးဇာနည်

**Advertising Department**

General Manager – ဖေအောင်ဇင်
Manager (Marketing) – ကျော်သူမြင့်အောင်
Assistant Manager (Design & Planning) – ဇာနည်ဝင်း
Assistant Manager (Admin & Marketing) – စန်းသီတာ
Senior Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား
Marketing Assistants – ဖြူဖြူသီ၊ စောမောင်မောင်လေး၊ မြတ်ကိုဇင်၊ သီဟဇော်

**Printing**

Manager – စောမိုးဇက်

**Production**

Manager – တင်ဝင်းထွဋ်
Assistant – ဟန်မြင့်

**Admin**

Office Superintendent – အောင်ကျော်ဆန်း
Assistant – မိုးကျော်လွင်
Receptionist – စုအိန္ဒြေဦး

**Distribution Department**

သိန်းလွင်၊ စောကပေါ်ထူး

**Cover Design – အောင်ထွန်းလင်း**

Cover Logo – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
Illustrator – soe thaw dar



**Publisher**

ဦးရဲနိုင်ဝင်း (မြဲ– ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

**Printer**

Living Color ပုံနှိပ်တိုက် (မြဲ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

**Office**

အမှတ် ၂၇၀၊ 1-C၊ (ပ–ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ၄၄၁၂၁၆၃၊ ဖက်စ်–၅၂၆၃၀၂

**E-mail**

Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm

**Web Site - www.foreverspace.com.mm**

Photographer – K.M.S (Super King), P.A.Z
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၆၅၃၀၅၀၇
Circulation – ၁၀၀၀
Price – ၇၀၀ ကျပ်


Copyright – Living Color

**ကြော်ငြာနှင့်စျေးဝယ်လမ်းညွှန်**

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်စျေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးစျေး၊ မင်္ဂလာစျေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၄ ယခုလ သတင်းအညွှန်း

၅ ယခုလ အကြိုက်ဆုံးကြော်ငြာ

၆ ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

၈ မြန်မာ့စီးပွားရေးသတင်း

၄၀ မျက်နှာဖုံးဆောင်းပါး
**သင် ဘယ်ရာစုမှာနေမလဲ**
အောင်ထွဋ်

၄၄ ယနေ့စီးပွားရေးမြင်ကွင်း
**ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းကတ်ဈေးကွက်၏ လားရာသစ်**
တင်အောင်ကျော်

၅၀ **ဂလိုဘယ်ဆန်လာသော ကျော့ရှင်းခြင်းနှင့် ခန္ဓာအလှဗေဒပုံလောင်းစီးပွား** ထားထားမြင့်

၅၅ **မင်းစုံတောင် ကြယ်လိပ်ထိန်းသိမ်းရေးနှင့် သဘာဝ အခြေခံခရီးသွားအလားအလာ** ကျော်နိုင်

၆၁ **အာရှစွမ်းအင်အရင်းအမြစ်သို့ ဦးတည်လာသော သံလွင်နှင့် ရေအားလျှပ်စစ်စီမံကိန်းများ အခြေအနေ** မင်းနိုင်စိုး

၆၆ **လူနေမှုအဆင့်နှင့်အတူ ဖွံ့ဖြိုးလာနေသည့် မြန်မာ့** Golf **ဈေးကွက်နှင့်** Golf Tourism **အလားအလာ**
စိုးမြသွေး

၇၀ Football Industry **ပြင်ဆင်ဖော်ထုတ်ရေး (သို့) မြန်မာကြေးစားဘောလုံးဈေးကွက်** လင်းသစ်

၇၅ **ရန်ကုန် ကုန်စည်ဈေးကွက်**
ဆန်းဦး(စီးပွားပညာ)

၈၀ မြန်မာ့စီးပွားရေးအမြင်
**မြန်မာ့စီးပွားရေးနယ်ပယ်မှ အမျိုးသမီး စီမံခန့်ခွဲသူများ** အယ်ဒီတာတစ်ဦး

၈၂ **လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲရေး** အဂ္ဂ

၈၄ **ပုဂ္ဂလိကသတင်းစာစောင်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးလာမှုနှင့် အနာဂတ်အလားအလာ**
ဇော်ထွဋ်မောင်

၈၈ **ဗဟုဝါဒ၊ ဂလိုဘယ်ပလက်ဖောင်းနှင့် အီးပလပ်ထိုးထားသော မြန်မာ** စိုင်းယဉ်ကျေး

၉၄ ဈေးဝယ်လမ်းညွှန်

၉၆ ကာတွန်း
**ဒါရိုက်တာအောင်ကြူကြူ** စိုးသော်တာ

၁၁၄ ရက်စွဲမှတ်တမ်း

၁၁၇ တွေ့ဆုံဆွေးနွေးမှုများ

၁၂၀ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်
Lucky Bird Co., Ltd.

၁၂၆ တစ်ဦးတည်း ကိုယ်စားလှယ်

၁၂၇ မြန်မာပြည်တွင်လုပ်သည်

၁၃၀ ကုန်ဈေးနှုန်း

၁၃၆ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၀ အတွေးအမြင်
**အပေါ်စားကော်ပီတေးများကို ကျွန်တော် မုန်းသည်**
စောဒက

၁၄၄ **ဗုဒ္ဓအလိုကျ ဘောဂဗေဒ** ကျော်ဝင်း

၁၄၇ **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထား ရမည့် အခြေခံမှု(၁၀)ချက်**
ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

၁၅၁ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၂၆)**
လူထုစိန်ဝင်း

၁၅၄ **ကျွန်တော် ပန်းချီကုန်သည်(၃၄)**
ဦးလှဝင်း (လေသူရဲတစ်ဦး)

www.foreverspace.com.mm



# ယခုလ သတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလ သတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

"ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးမှ အစိုးရအဖွဲ့ အားလုံးဟာ လူတန်းစားကွဲပြားမှုအပေါ် အခြေခံပြီး ဖြစ်ပေါ်လာရတဲ့ ဖိနှိပ်ရေးကိရိယာတွေသာဖြစ်တယ်။ အာဏာရှင်အစိုးရဆိုတာ လူနည်းစုက လူများစုကို ဖိနှိပ်တဲ့အစိုးရဖြစ်ပြီး ဒီမိုကရေစီအစိုးရဆိုတာ လူများစုက လူနည်းစုကို ဖိနှိပ်တဲ့အစိုးရ ဖြစ်ပါတယ်။ ဒီတော့ အစိုးရအဖွဲ့တစ်ဖွဲ့ကို အာဏာရှင်အစိုးရလား၊ ဒီမိုကရေစီအစိုးရလားဆိုတာ သိရအောင် သူကိုယ်စားပြုလုပ်ဆောင်ထားရာ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်လား၊ ဈေးကွက်စီးပွားရေးကိုဆန့်ကျင်တဲ့ ဗဟိုချုပ်ကိုင်စီးပွားရေးစနစ်လား ဆိုတာနဲ့သာ တိုင်းတာရပါလိမ့်မယ်။

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသော ဆောင်းပါးရှင် မောင်ညတြ၏ "မြန်မာ့ဒီမိုကရေစီတိုးတက်ဖြစ်ပေါ်ရေးမှာ လိုအပ်တဲ့တာဝန်ကြီးသုံးရပ်" ဆောင်းပါးမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။


# ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလ အကြိုက်ဆုံးကြော်ငြာအဖြစ် ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်တင်ဆက်လျက်ရှိသော DECOLGEN ဆေးကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာသည် မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော အအေးမိ၊ ဖျားနာခြင်းနှင့် ပတ်သက်ပြီး သောက်သုံးသော ဆေးတစ်မျိုး၏ ကြော်ငြာဖြစ်ခြင်း၊ ကာတွန်းအထူးပြုလုပ်ချက်များဖြင့် မိုးရာသီ၏သဘာဝ၊ မိုးမိခြင်းသဘာဝကို စိတ်ဝင်စားအောင်တင်ဆက်ထားပြီး အဓိက ဖားတ်လိုက်ဖားကလေးမှာ ပိန်းရွက်အောက်တွင် မိုးခိုပြီး မိုးတိတ်သောအခါ လန်းလန်းဆန်းဆန်းဖြစ်နေပုံကို နိမိတ်ပုံဖြင့် တင်ဆက်ထားကာ "ပိန်းကြာရွက်တွင် ရေမတင်သို့...." ဟူသောစာသားဖြင့် အဆိုပါဆေးကို သရုပ်ဖော်ထားသည့်အတွက် လူအများကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်သောကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| စိတ်ကူးနှင့် Idea | – | Mango Marketing |
| ဒါရိုက်တာ၊ Animation၊ Editing | – | Crystal Image |
| ထုတ်လွှင့်ချိန် | – | ၃၀ စက္ကန့် |

**အယ်ဒီတာ**






www.foreverspace.com.mm

www.foreverspace.com.mm



# ယခုလ စိတ်ကြိုက်ကုန်ပစ္စည်း

ယခုလ စိတ်ကြိုက်ကုန်ပစ္စည်းအဖြစ် NGO တစ်ခုဖြစ်သည့် PSI (Population Services International) မှ ထုတ်လုပ်ဖြန့်ချိနေသော Water Guard ရေသန့်ဆေးရည်ကို ရွေးချယ်လိုက်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ Millennium Gold 2015 အရ တစ်ကမ္ဘာလုံးမှ ပြည်သူများ လုံခြုံစိတ်ချရသော သောက်သုံးရေရရှိရေး ရည်မှန်းချက်လည်း ပါဝင်လာရာ အစိုးရပိုင်းနှင့် NGO တို့ ပူးပေါင်း၍ Social Marketing အနေဖြင့် တွန်းအားပေးကြော်ငြာလာခြင်း၊ ဖြန့်ချိလာခြင်း၊ မြို့နယ်ပေါင်း ၁၇၅ မြို့နယ်ရှိ ကျေးလက်ဒေသအထိအရောက် ဖြန့်ချိနေခြင်း၊ ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ပိုးမွှားများကို သန့်စင်ပေးသောကြောင့် ဝမ်းရောဂါ၊ ပိုလီယိုရောဂါ စသည်ဖြင့် ရောဂါပိုးများကို နှိမ်နင်းနိုင်ခြင်း၊ အသုံးပြုရန် လွယ်ကူခြင်းတို့အပြင် နိုင်ငံသားများ၏ ကျန်းမာရေးကို အမှန်တကယ် အလေးထားသော PSI ၏ လက်တွေ့ကျသောစေတနာကို အသိအမှတ်ပြုလိုခြင်းကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm




# မြန်မာ့စီးပွားရေးသတင်း

B U S I N E S S N E W S

အမှတ် ၁၂၂

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ


## မာတိကာ


- **တရုတ်ပို့မြန်မာကုန်စည်များ ယွမ်ငွေအပြောင်းအလဲကြောင့် အကျိုးအမြတ်ရ**
- **တံတားဖြတ်သန်းခများ တရားမဝင် တိုးမြှင့်ကောက်ခံ**
- **ရန်ကုန်–မန္တလေးတံတားဖြတ်သန်းခ ကြေညာထားသည်ထက် များစွာပိုမို**
- **ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် တရုတ်ယန္တရားများ အသုံးပြုမည်**


## မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော်၍ တရားမဝင်ငွေကြေးဖြင့် လုပ်ကိုင်ဆောင်ရွက်မှုဆန့်ကျင်ရေး MoU ရေးထိုး

**ရန်ကုန်၊ ဇူလိုင် ၃၁**

မြန်မာ–ထိုင်းနယ်စပ်ဒေသ နိုင်ငံဖြတ်ကျော်မှုခင်းများမှရရှိသော တရားမဝင် ငွေကြေးများဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ တိုက်ဖျက်နှိမ်နင်းရေး ပူးတွဲလုပ်ဆောင်ရန် မြန်မာ–ထိုင်း ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ပြီးဖြစ်ကြောင်း ဇူလိုင်လ ၃၁ ရက်နေ့ထုတ် The New Light of Myanmar ၏ ရေးသားချက်အရ သိရသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ထိုင်းတရားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆူဝတ်လစ်ပ် တာပန်လော့ရောက်ရှိစဉ် မြန်မာဘက်မှ ဗဟိုထိန်းချုပ်ရေးအဖွဲ့ (CCB) နှင့် ထိုင်းဘက်မှ တရားမဝင်ငွေမည်း ဖော်ထုတ်တိုက်ဖျက်ရေးအဖွဲ့တို့အကြား လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ လက်ရှိအနေအထားတွင် မြန်မာနိုင်ငံသည် တရားမဝင် ငွေမည်းဖော်ထုတ်ရေးနှင့် မူကြမ်းရေးဆွဲရေးအစီအစဉ်ကို လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါအစီအစဉ်အား ဗဟိုထိန်းချုပ်ရေးအဖွဲ့ (CCB) က အပြီးသတ် အတည်ပြုချက်ရယူပြီး ပြင်သစ်နိုင်ငံအခြေစိုက်ဘဏ္ဍာရေးဆိုင်ရာ လှုပ်ရှားလုပ်ဆောင်မှု လုပ်ငန်းအဖွဲ့သို့ တင်ပြရမည်ဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

CCB သည် မြန်မာနိုင်ငံမြို့တော် ရန်ကုန်နှင့် မန္တလေးရှိ အစိုးရနှင့် ပုဂ္ဂလိကဘဏ် ၂၀ ကျော်မှ ဘဏ်ဝန်ထမ်းများကို တရားမဝင် ငွေမည်းဖော်ထုတ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာမသမာမှုများ တိုက်ဖျက်ရေးအတွက် သင်တန်းများ ပို့ချလျက်ရှိသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာအစိုးရသည် တရားမဝင်ငွေကြေးများဖြင့် လုပ်ကိုင်လည်ပတ်လျက်ရှိသည့် ပုဂ္ဂလိကဘဏ်နှစ်ခုဖြစ်သော မြန်မာမေဖလားဝါးဘဏ် (MMB) နှင့် အာရှဝေနဘဏ် (AWB) တို့ကို လုပ်ငန်းလိုင်စင်ဖျက်သိမ်း ရုပ်သိမ်းခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

www.foreverspace.com.mm



# မြန်မာနိုင်ငံ ပညာရေးသုတေသနမှ ထုတ်ကုန်ဆိုင်ရာနည်းပညာ ပေးရန်ရှိ

**ရန်ကုန်၊ ဩဂုတ် ၈**

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနလက်အောက်ရှိ ရပ်ရွာပညာပဒေသာဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ကျေးရွာတွင် ဒေသထွက်လက်မှုပစ္စည်းနှင့် ပတ်သက်သည့် ထုတ်ကုန်ဆိုင်ရာနည်းပညာများ ဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိကြောင်း ယင်းအဖွဲ့၏ ဒုတိယ ညွှန်ကြားရေးမှူး ဦးစောအောင်က Living Color သို့ ပြောကြားသည်။

ရပ်ရွာပညာပဒေသာအများစုသည် ယခုအချိန်တွင် စာဖတ်ရှိန်မြင့်တင်ရေးနှင့် စာအုပ်ငှားရမ်းမှုလုပ်ငန်းများကိုသာ လုပ်ဆောင်နိုင်သေးကြောင်း၊ နောင်တွင် ဒေသခံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဝင်ငွေတိုးလုပ်ငန်းကို မဖြစ်နေအကောင်အထည်ဖော်ရန်အတွက် စဉ်ဆက်ပညာရေးသင်ရိုးညွှန်းတမ်းနှင့် ရပ်ရွာပညာပဒေသာဌာနများ အကောင်အထည်ဖော်မှုလုပ်ငန်းခွဲပါစာစဉ်များအတိုင်း အကောင်အထည်ဖော်ရန်ရှိကြောင်း၊ ရပ်ရွာပညာပဒေသာဌာနများကို ရပ်ရွာအကျိုးဆောင်သည့်ပုဂ္ဂိုလ်များ ပါဝင်လာလျှင် ပို၍ လုပ်ငန်းမြန်ဆန်မှုရှိလာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အထိ ပြည်နယ်နှင့်တိုင်းအားလုံးတွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၈၅၅ ခုရှိပြီး ပဲခူးတိုင်းတစ်ခုလုံးတွင် ရပ်ရွာပညာပဒေသာဌာနများ၏ အားနည်းချက် အားသာချက် သုတေသနပြုလုပ်နေသည်ဟု ၎င်း၏အဆိုအရ သိရသည်။ ■

# တရုတ်ပို့ မြန်မာကုန်စည်များ ယွမ်ငွေအပြောင်းအလဲကြောင့် အကျိုးအမြတ်ရ

**ရန်ကုန်၊ ဩဂုတ် ၆**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ပုံမှန်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်တင်ပို့မှုပြုနေသော မြန်မာပို့ကုန်လုပ်ငန်းရှင်များသည် ဇူလိုင် ၂၁ ရက်နေ့မှစ၍ ကမ္ဘာ့ငွေကြေးဈေးကွက်တွင် နှုန်းရှင်မျှောလိုက်သော တရုတ်ယွမ်ငွေကြောင့် အကျိုးအမြတ်ပိုမိုရရှိကြောင်း ဘုရင့်နောင်ပွဲရုံ ကုံကော်လမ်းမကြီးပေါ်ရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်သူ ဦးထိန်လင်းက ပြောကြားသည်။

တရုတ်နိုင်ငံသုံး ယွမ်မင်ဘီ ခေါ် ယွမ်ကို အမေရိကန်ဒေါ်လာဖြင့် ၁၁ နှစ်ကြာ တစ်ဒေါ်လာ ၈.၂၈ ယွမ်ဖြင့် အသေချိတ်ဆက်ထားရာမှ နှုန်းရှင်မျှောပြီးနောက်တစ်နေ့တွင် ယွမ်ငွေတန်ဖိုး တစ်ဒေါ်လာလျှင် ၈.၁၁ ယွမ်အထိ မြင့်တက်လာခဲ့သည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ယခင်ဈေးနှုန်းနှင့် ရောင်းချခြင်းဖြင့်ပင်လျှင် မြန်မာကုန်သည်များသည် ကုန်ဖိုးသင့်ငွေ အမေရိကန်ဒေါ်လာ ပိုမိုရရှိလာကြောင်း၊ သို့ရာတွင် သွင်းကုန်လုပ်ငန်းလုပ်ကိုင်သူများ၌ အဆိုပါအကျိုးဆက်၏ ပြောင်းပြန်အကျိုးဆက်ခံစားရမည်ဖြစ်ကြောင်း ယူနန်ပြည်နယ်သို့ နှစ်အတန်ကြာ ငါးကွမ်းရှပ်များ တင်ပို့နေသူ လုပ်ငန်းရှင်တစ်ဦးက ပြောဆိုသည်။ Phoenix News

# ရန်ကုန်မြောက်ပိုင်းခရိုင်မှ GDP ၁၅၁ ဘီလီယံ ရရှိရန်မျှော်မှန်း

**ရန်ကုန်၊ ဩဂုတ် ၈**

ရန်ကုန်မြောက်ပိုင်းခရိုင်သည် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် GDP ပမာဏသတ်မှတ်လျာထားချက် ကျပ် ၁၅၁ ဘီလီယံကို ထုတ်လုပ်သွားရန် လျာထားချက်ချမှတ်ထားကြောင်း ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြောကြားသည်။

စက်မှုကဏ္ဍမှ ၈၃ ဘီလီယံနှင့် စိုက်ပျိုးရေးကဏ္ဍမှ ၃၁ ဘီလီယံ ရောက်ရှိရန် မျှော်မှန်းထားခြင်းဖြစ်ပြီး၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်ကမူ လယ်ယာကဏ္ဍ၌ စိုက်ပျိုးဧက ၆၀၀၀၀ ကျော် ရေနစ်ပျက်စီးသွား၍ အဆိုပါဘဏ္ဍာရေးနှစ်အတွင်း လယ်ယာကဏ္ဍမှ သတ်မှတ်လျာထားချက် မပြည့်မီနိုင်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တိုင်းအတွင်းမှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Products-GDP) ကျပ် ဘီလီယံ ၇၉၀ ရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အသားတင်အမျိုးသားထုတ်လုပ်မှုတွင် စက်မှုကဏ္ဍပါဝင်မှုနှုန်းမှာ ၁၀.၇ ရာခိုင်နှုန်းနှင့် လယ်ယာကဏ္ဍမှာ ၄၁.၃ ရာခိုင်နှုန်းရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။ ■

www.foreverspace.com.mm



# မုံရွာ ပညာရေးအထောက်အကူပြုဈေးကွက် သိသိသာသာဖွံ့ဖြိုး၊ ကျောက္ကာလမ်းတစ်လျှောက် ဘော်ဒါဆောင်များ စည်ကား

**သတင်းဆောင်းပါး–ကျော်နိုင် / ဓာတ်ပုံ–Phoenix News၊ မင်းမင်း (မုံရွာစီးပွားရေးတက္ကသိုလ်)**

၂၇–၇–၂၀၀၅

**ပတ်ဝန်းကျင်မြို့နယ်များသာမက အခြားပြည်နယ်နှင့်တိုင်းများမှပါ လာရောက်ပညာဆည်းပူးသင်ယူကြသော တက္ကသိုလ်ကောလိပ်ကျောင်းသားကျောင်းသူ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာခြင်း၊ အခြေခံပညာကျောင်း များ၏ တက္ကသိုလ်ဝင်တန်းအောင်ချက် အစဉ်အလာကောင်းမွန်ခြင်းတို့ကြောင့် စစ်ကိုင်းတိုင်း၏ စီးပွားရေးအချက်အချာ အကျဆုံးမြို့တော် မုံရွာ၏ ပညာရေးအထောက်အကူပြုဈေးကွက် သိသိသာသာဖွံ့ဖြိုးလာကြောင်း မုံရွာမြို့ခံများက တညီတညွတ်တည်း ပြောကြားသည်။**



**ဆိုင်ခန်းများဖြင့် စည်ကားနေသော ကျောက္ကာလမ်းနှင့် မုံရွာစီးပွားရေးတက္ကသိုလ်အဝင်ဝ**

“လွန်ခဲ့တဲ့ ငါးနှစ်လောက်ကဆို မြို့အထွက် ကျောက္ကာလမ်းတစ်လျှောက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရယ်၊ မုံရွာတက္ကသိုလ်နဲ့ မုံရွာစီးပွားရေးတက္ကသိုလ် အဆောက်အအုံတွေရယ်ပဲ ရှိခဲ့တာ။ အခု အဲဒီလမ်းတစ်လျှောက်လုံး မုံရွာစီးပွားရေးတက္ကသိုလ်အထိ ဆိုင်ခန်းတွေပြည့်နေပြီ” ဟု တက္ကသိုလ်များကိုအမှီပြု၍ ဖွင့်လှစ်လာကြသော စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး မုံရွာမြို့ ရတနာပုံရပ်ကွက် အမှတ်(၃)လမ်းနေ ဗီဒီယိုရိုက်ကူးသူ ဦးထိန်လင်းက ပြောကြားသည်။

“ပြီးခဲ့တဲ့ သုံးလေးနှစ်က ကျွန်မ မုံရွာစီးပွားရေးတက္ကသိုလ်မှာ စီးပွား/စီမံ လာတက်တုန်း ကျောက္ကာလမ်းက ဒီလောက်မစည်ကားခဲ့ဘူး။ အခု အဲဒီလမ်းမကြီး တစ်လျှောက်လုံး ဆိုင်ခန်းတွေ ဘော်ဒါဆောင်တွေနဲ့ပြည့်ပြီး စည်ကားလာတာ။ အများဆုံးကတော့ ဘော်ဒါဆောင်တွေပဲ” ဟု မုံရွာစီးပွားရေးတက္ကသိုလ် စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်း ပထမနှစ်သင်တန်းသူ မနန်းသိင်္ဂီမြင့်က ဖြည့်စွက်ရှင်းပြသည်။

အဆောင်နေ တက္ကသိုလ်ကျောင်းသားကျောင်းသူများ တစ်စထက်တစ်စ တိုးပွားလာမှုကြောင့် ယခုအခါ အဆိုပါလမ်းမတစ်လျှောက် မုံရွာစီးပွားရေးတက္ကသိုလ်အထိ ပုဂ္ဂလိကဘော်ဒါဆောင်များပါ နေရာလပ်မရှိအောင် ဖွင့်လှစ်လာကြသည်ကို တွေ့ရသည်။

“ကျွန်မတို့ အဆောင်မဖွင့်ခင်က ဒီပေ ၆၀ × ၁၂၀ မြေကွက်တစ်ကွက်ကို သိန်း ၃၀ လောက်ပဲရှိတာ။ အခု အဆောင်ဖွင့်ပြီး လုပ်ငန်းအောင်မြင်နေတဲ့အခါကျတော့ သိန်းသုံးလေးရာအထိ လာပေးကြတယ်” ဟု မုံရွာစီးပွားရေးတက္ကသိုလ်ရှေ့ရှိ Queen အမျိုးသမီးဘော်ဒါဆောင်ပိုင်ရှင် ဒေါ်ရီရီဝင်းက ရှင်းပြသည်။ သူမ၏ အမျိုးသမီးဘော်ဒါဆောင်တွင် နှစ်ယောက်ခန်း ၃၂ ခန်းပါရှိပြီး စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ ၆၄ ဦးကို လက်ခံထားရှိသည်။

မုံရွာတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့ကို အမှီပြု၍ ကျောက္ကာလမ်းတစ်လျှောက် ဖွင့်လှစ်ထားကြသည့် ပုဂ္ဂလိကဘော်ဒါဆောင်အရေအတွက်မှာ ၁၀၀ ကျော်

www.foreverspace.com.mm

ရှိပြီး အများစုမှာ အမျိုးသမီးဘော်ဒါဆောင်များဖြစ်ကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများမှာ အမျိုးသားများထက် စည်းကမ်းထိန်းသိမ်းရ လွယ်ကူသောကြောင့်ဖြစ်ကြောင်း ပုဂ္ဂလိကဘော်ဒါဆောင်တစ်ခုမှ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ကျောက္ကာလမ်းတစ်လျှောက်အပြင် လမ်းဘေးဝဲယာက ရပ်ကွက်တွေထဲမှာ ဖွင့်ထားကြတဲ့ ဘော်ဒါဆောင်တွေနဲ့ပါပေါင်းလိုက်မယ်ဆိုရင် အဆောင် ၁၅၀ ကျော်ရှိမယ်။ Day တွေပြီးသွားရင် အဝေးသင်တွေ ဆက်လာကြတော့ ကျောင်းသားမပြတ်ကြဘူး။ အဆောင်တွေ စည်းကမ်းထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး မြို့နယ်ဒေသခံ အာဏာပိုင်တွေရယ်၊ အဆောင်ပိုင်ရှင်တွေရယ်၊ တက္ကသိုလ်တွေက တာဝန်ရှိသူတွေရယ်ပူးပေါင်းပြီး အဆောင်စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဖွဲ့ထားတယ်" ဟု မုံရွာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

တက္ကသိုလ်များက အဆောင်မစီစဉ်ပေးနိုင်သဖြင့် ကျောင်းသူကျောင်းသားများအတွက် နေရာထိုင်ခင်း အခက်အခဲကို ဖြေရှင်းပေးသော ပုဂ္ဂလိကဘော်ဒါဆောင်များရှိနေသည့်အတွက် များစွာ အဆင်ပြေကြောင်း အဆောင်နေကျောင်းသူတစ်ဦးက ဆိုသည်။

မန္တလေးမြို့ပြီးလျှင် အထက်မြန်မာနိုင်ငံ၏ ကုန်စည်ကူးသန်းရာနှင့် စီးပွားရေးအချက်အချာအကျဆုံးဖြစ်သည့် မုံရွာမြို့တွင် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားတက္ကသိုလ်တို့အပြင် အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့ကိုပါ ဖွင့်လှစ်ထားရှိရာ မုံရွာမြို့ပေါ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ပတ်ဝန်းကျင်မြို့နယ်များသာမက ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသားလူငယ်များ၏ ဆုံစည်းရာနှင့် ပညာနို့ရည်သောက်စို့ရာ မြို့တော်လည်းဖြစ်သည်။

ယခုအခါ မုံရွာတက္ကသိုလ်၌ ဝိဇ္ဇာ သိပ္ပံဘာသာရပ်ဌာန ၁၅ ခုရှိပြီး ကျောင်းသားကျောင်းသူ ၁၅၀၀၀ ကျော် အဆင့်မြင့်ပညာကို သင်ယူလျက်ရှိကြကြောင်း၊ ယခု ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် စိတ်ပညာမဟာဘွဲ့ (M.A) ပထမနှစ်သင်တန်းများကို တိုးချဲ့လက်ခံ ဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း စိတ်ပညာဌာန ဌာနမှူး ပါမောက္ခဒေါက်တာတင်မောင်လှက ဆိုသည်။

အလားတူ မုံရွာစီးပွားရေးတက္ကသိုလ်၌ ဝါဏိဇ္ဇ၊ ဘောဂဗေဒနှင့် စာရင်းအင်းပညာ ဘွဲ့ကြိုနှင့် ဘွဲ့လွန် ကျောင်းသားကျောင်းသူ ၄၀၀၀ ဦးကျော်ရှိပြီး စီးပွားရေးစီမံခန့်ခွဲမှုနယ်ပယ်၌ အမြင့်ဆုံး ဘွဲ့ဒီဂရီဖြစ်သော စီးပွားရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (M.B.A) အစီအစဉ်ကိုလည်း ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ပို့ချခဲ့ရာ ယခုအခါ ဆဋ္ဌမအသုတ်သင်တန်းများ လက်ခံဖွင့်လှစ်ပို့ချလျက်ရှိသည်။

မုံရွာစီးပွားရေးတက္ကသိုလ်မှ M.B.A ဘွဲ့ရ ၇၀ ဦးခန့် မွေးထုတ်ပေးခဲ့ပြီး ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြကြောင်း၊ ရန်ကုန်

# တံတားဖြတ်သန်းခများ တရားမဝင် တိုးမြှင့်ကောက်ခံ

**မန္တလေး၊ ဩဂုတ် ၉**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ နှစ်ရှည်လေလံစနစ်ဖြင့် ဆွဲယူ၍ကောက်ခံနေသော တံတားကြီးအတော်များများတွင် လေလံရရှိလုပ်ကိုင်ခွင့်ရရှိသူများက တံတားဖြတ်သန်းခများကို တရားမဝင် မြှင့်တင်ကောက်ခံလျက်ရှိနေကြောင်း ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် ကုန်တင်ယာဉ်များ ပြေးဆွဲလျက်ရှိသည့် လုပ်ငန်းရှင်တစ်ဦးက Living Colour သို့ ပြောကြားသည်။

၎င်းတို့နှုန်းထား မည်မျှသတ်မှတ်၍ ကောက်ခံနေသည်ကို သက်ဆိုင်ရာက လျှပ်တစ်ပြက်စစ်ဆေးပေးစေလိုကြောင်း၊ သို့မဟုတ်ပါက အဆများစွာမြှင့်တင်၍ အတင့်ရဲစွာ ကောက်ခံလာဖွယ်ရှိကြောင်း အဆိုပါလုပ်ငန်းရှင်က ပြောကြားသည်။ တံတားကြီးအတော်များများကို လေလံရရှိထားသူများမှာ သုံးဦးထက်မပိုကြောင်း၊ သို့သော်လည်း တံတားအတော်များများကို ၎င်းလေလံဆောင်ထားသူများကတစ်ဆင့် ပြန်၍လက်လီကောက်ခံခွင့်ပေးထားသည်ဟု သိရကြောင်း၊ လက်လီပြန်လည်ကောက်ခံနေသူများမှာ ရေတိုသမားများဖြစ်ရာ အရှည်မကြည့်ဘဲ ယခုကဲ့သို့ အလွန်အကျွံကောက်ခံလာခြင်းဖြစ်နိုင်ကြောင်း ယာဉ်မောင်းများက ရှင်းပြသည်။

ရန်ကုန်–မန္တလေးလမ်းမကြီးကို ကျပ်ငွေသိန်းပေါင်းသောင်းနှင့်ချီ၍ ကျခံဖောက်လုပ်ထားသော ကုမ္ပဏီကြီးများက ကောက်ခံနေသောနှုန်းထားနှင့် တံတားကြေးများကောက်ခံနေသည့်နှုန်းထားများ နှိုင်းယှဉ်ပါက တံတားလေလံလုပ်ငန်းရှင်များ၏ လောဘကို မြင်သာကြောင်းနှင့် ၎င်းတို့စုစည်း၍ သက်ဆိုင်ရာသို့တိုင်ကြားထားကြောင်း မန္တလေးအခြေစိုက်ကုန်တင်ကားကြီးလုပ်ငန်းရှင်များက ပြောကြားသည်။

www.foreverspace.com.mm



စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍ မုံရွာမြို့ စက်မှုဇုန်နှင့် အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (S.M.E)များမှ လုပ်ငန်းရှင်များကို ဖိတ်ကြားကာ ဟောပြောဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပခဲ့ကြောင်း စီမံခန့်ခွဲမှုပညာဌာန ဌာနမှူး ဒေါ်ခင်နိုင်ဦးက ဆိုသည်။

မုံရွာမြို့၏ စီးပွားရေးနှင့် ပညာရေးမှာ အံ့သြဖွယ်ကောင်းလောက်အောင် ဖွံ့ဖြိုးတိုးတက်နေသော်လည်း မုံရွာမြို့မှ လေးငါးမိုင်ခန့်အကွာအဝေးတွင်တည်ရှိသော အဓိကတက္ကသိုလ်ကြီးနှစ်ခုဖြစ်သည့် မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့သို့ သွားရောက်ရာတွင် ဘတ်စ်ကားလိုင်းများ မရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် ကြုံတွေ့ကြရကြောင်း၊ အဆိုပါတက္ကသိုလ်များသို့ မုံရွာမြို့တွင်းမှ သွားရောက်ပညာသင်ကြားကြသူအများစုမှာ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးများကိုသာ အဓိကအားထားနေရသဖြင့် မတော်တဆယာဉ်တိုက်မှုအန္တရာယ် စိုးရိမ်ရကြောင်း၊ သက်ဆိုင်ရာက ကျောက္ကာလမ်းတစ်လျှောက် ဘတ်စ်ကားလိုင်းများ သတ်မှတ်ပြေးဆွဲပေးမည်ဆိုပါက ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် အဆိုပါလမ်းတစ်လျှောက်နေထိုင်ကြသော ဒေသခံပြည်သူများအတွက်ပါ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေမည့်အပြင် မြို့တော်အင်္ဂါရပ်နှင့်လည်း ကိုက်ညီနိုင်မည်ဖြစ်ကြောင်း မုံရွာမြို့တွင်းမှ မုံရွာတက္ကသိုလ်သို့ နေ့စဉ်သွားရောက်ကျောင်းတက်နေသော ကျောင်းသားတစ်ဦးက သုံးသပ်ပြောကြားသည်။

အလားတူ အခြေခံပညာကဏ္ဍတွင်လည်း မုံရွာမြို့ရှိ အခြေခံပညာကျောင်းများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပထမမှ ဒသမ (Top 10) အဆင့်ဝင်သည်သာမက အောင်ချက်အစဉ်အလာ ကောင်းမွန်ခဲ့သည်။ ၁၉၉၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အ.ထ.က (၃) မှ မနှင်းအိလွင်က မြန်မာတစ်နိုင်ငံလုံး တတိယ၊ ၂၀၀၀ ပြည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အ.ထ.က (၃) မှ မအေးမွန်လွင်က မြန်မာတစ်နိုင်ငံလုံး အဋ္ဌမနှင့် ယင်းကျောင်းမှပင် မစုမွန်အောင်က မြန်မာတစ်နိုင်ငံလုံး နဝမ၊ ၂၀၀၁ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အ.ထ.က (၁) မှ မောင်အောင်ကျော်ဆန်းလင်းက မြန်မာတစ်နိုင်ငံလုံး ပထမ၊ ၂၀၀၂ ခုနှစ် သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် အ.ထ.က (၃) မှ မောင်အောင်ကိုကိုထက်က မြန်မာတစ်နိုင်ငံလုံး စတုတ္ထ စသည်ဖြင့် အသီးသီး ရရှိခဲ့ကြသည်။

မုံရွာမြို့မှ အခြေခံပညာကျောင်းသားကျောင်းသူများသည် ပညာရေးတွင် ကြိုးစားအားထုတ်ကြသကဲ့သို့ မိဘများကလည်း အားတက်သရော ပံ့ပိုးကူညီကြကြောင်း၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မုံရွာမြို့နယ်ရှိ စာစစ်ဌာနရှစ်ခုမှ ကျောင်းသားကျောင်းသူ ၇၆၀၀ ဦးကျော် ဝင်ရောက်ဖြေဆိုခဲ့ကြရာ အောင်ချက်ရာခိုင်နှုန်း ၂၇ ရာခိုင်နှုန်းရှိပြီး အ.ထ.က (၃) ၏ အောင်ချက်ရာခိုင်နှုန်းမှာ ၄၃ ရာခိုင်နှုန်းရှိကြောင်း အ.ထ.က

# ရန်ကုန် - မန္တလေးတံတားဖြတ်သန်းခ ကြေညာထားသည်ထက် များစွာပိုမို

**ရန်ကုန်၊ ဇူလိုင် ၂၈**

မြန်မာနိုင်ငံတွင် လူနှင့်ကုန်စည်ကူးသန်းသွားလာမှုအများဆုံး ရန်ကုန်–မန္တလေး ကားလမ်းပေါ်ရှိ တံတားများမှ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များသည် တရားဝင်ကြေညာထားသည့် တံတားဖြတ်သန်းခကောက်ခံနှုန်းထားများထက် ၁၀ ဆခန့် ပိုမိုပေးဆောင်နေရကြောင်း အဝေးပြေးကုန်တင်ယာဉ်မောင်းနှင်သူများက ဇူလိုင်လကုန်ပိုင်းတွင် ပြောကြားသည်။

အဆိုပါခရီးလမ်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကန်ထရိုက်ရယူ၍ တံတားဖြတ်သန်းခကောက်ခံသော မြစ်ကူး၊ ချောင်းကူး တံတားရှစ်စင်းခန့်ရှိပြီး ယင်းတံတားများမှာ မြစ်ငယ်တံတား၊ ကိုင်းရွာချောင်းတံတား၊ သရဲချောင်းတံတား၊ တောင်ငူတံတား၊ ဖြူးတံတား၊ ကည္ဘတ်ကွင်းတံတား၊ ဒိုက်ဦး ပေါက်တစ်ပင်တံတား၊ ပွဲန်တန်ဆာတံတားတို့ဖြစ်ကြောင်း ၎င်းကဆိုသည်။

လက်ရှိပေးဆောင်နေရသော တံတားဖြတ်သန်းခများမှာ ကိုင်းရွာ၊ သရဲချောင်းတံတား ခြောက်ဘီး ၂၁၀၀ ကျပ်၊ ၁၀ ဘီး ၃၅၀၀ ကျပ်၊ ၁၂ ဘီး ၄၂၀၀ ကျပ်၊ မြစ်ငယ် ခြောက်ဘီး ၂၀၀၀ ကျပ်၊ ၁၀ ဘီး ၃၅၀၀ ကျပ်၊ ၁၂ ဘီး ၄၂၀၀ ကျပ်၊ ဖြူး၊ ကည္ဘတ်ကွင်း၊ ပေါက်တစ်ပင်၊ ပွဲန်တန်ဆာ ခြောက်ဘီး ၁၅၀၀ ကျပ်၊ ၁၀ ဘီး ၃၀၀၀ ကျပ်၊ ၁၂ ဘီး ၃၅၀၀ ကျပ်တို့ဖြစ်ပြီး တောင်ငူတံတားမှာ ဈေးအမြင့်ဆုံးဖြစ်ပြီး ခြောက်ဘီး ၃၀၀၀ ကျပ်၊ ၁၀ဘီး ၇၀၀၀ကျပ်၊ ၁၂ ဘီး ၈၅၀၀ ကျပ် အသီးသီးပေးဆောင်နေရကြောင်း၊ လက်ရှိကာလတွင် အလုပ်ဖြစ်ရေးအတွက်သာပြေးဆွဲနေရပြီး အဆင်ပြေသည့်အခြေအနေမရှိသေးကြောင်း အဆိုပါယာဉ်မောင်းများက ထပ်လောင်းပြောကြားသည်။ လမ်းကြေးမှာမူ ခြောက်ဘီးကားကြီးမှသည် ၁၂ ဘီးကားကြီးအထိ တစ်စီးလျှင် ၆၄၀၀ ကျပ် အတူတူပင် ကုန်ကျကြောင်း ၎င်းတို့က ဆိုသည်။

www.foreverspace.com.mm



(၃) ကျောင်းအုပ်ဆရာကြီး ဦးတင်ဖေက ပြောကြားသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို စနစ်သွင်းလေ့ကျင့်ပေးသည့် ဘော်ဒါများလည်း မုံရွာမြို့အတွင်း ပေါ်ထွန်းလာကြပြီး မုံရွာမြို့ပေါ်မှသာမက ပတ်ဝန်းကျင်ကျေးရွာနှင့် မြို့နယ်များမှပါ တက်ရောက်နေလျက်ရှိသည်ကို တွေ့ရကြောင်း၊ ကျောင်းသားမိဘများအနေဖြင့် တစ်ဖက်က စီးပွားရှာဖွေကြချိန်၌ တစ်ဖက်က မိမိတို့ သားသမီးပညာရေးအတွက် ရင်းနှီးမြှုပ်နှံသည့်အနေဖြင့် အဆိုပါစနစ်သွင်းဘော်ဒါများသို့ စေလွှတ်အပ်နှံလာကြခြင်းဖြစ်ကြောင်း ပညာရေးလေ့လာသုံးသပ်သူတစ်ဦးက ဆိုသည်။

ဖွံ့ဖြိုးလာသော မုံရွာမြို့၏ ပညာရေးနှင့် ပညာရေးအထောက်အကူပြုဈေးကွက် ရေရှည်တည်တံ့ရန်အတွက် ဒေသခံအာဏာပိုင်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များအနေဖြင့် ကျောင်းသားကျောင်းသူများ၏ လိုအပ်ချက်များနှင့်အညီ ပူးပေါင်းညှိနှိုင်း၍ အကောင်အထည်ဖော်သွားရန်သာ အဓိကလိုအပ်ပါသည်။

■

# မြန်မာနိုင်ငံမှ ပဲအများဆုံးတင်ပို့သည့်နိုင်ငံများတွင် အိန္ဒိယအပြင် တရုတ်ပါ တိုးလာမည်

**ရန်ကုန်၊ ဇူလိုင် ၂၉**

မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အဓိကမှာယူတင်သွင်းသည့် ဒေသတွင်းနိုင်ငံများအနက် အိန္ဒိယနိုင်ငံအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံပါ ထပ်မံတိုးတက်မှာယူလျက်ရှိကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးက ဇူလိုင်လနောက်ဆုံးပတ်၌ Living Color သို့ ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ပဲတင်ပို့မှု၌ မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပဲပြည်ပတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံနှင့်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ဖွန်လကုန်ပိုင်းခန့်မှစ၍ တရုတ်နိုင်ငံသို့ ပဲတင်ပို့မှုသည် အလျင်အမြန် တိုးတက်လာခဲ့ကြောင်း ၎င်းက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် ယင်းနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ပဲများသည် နိုင်ငံတကာဈေးကွက်၌ ဈေးကောင်းရလျက်ရှိကြောင်း၊ ယင်းပဲများကို အခြားနိုင်ငံများသို့ ရောင်းချနေပြီး ပြည်တွင်းစားသုံးမှုဖူလုံရန်အတွက် ဈေးနှုန်းသက်သာသော မြန်မာ့ပဲများကို ပြန်လည်တင်သွင်းယူကြောင်း ၎င်း၏ပြောကြားချက်အရ သိရသည်။ အဆိုပါအခြေအနေများကြောင့် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ပဲပို့ကုန်ပမာဏအပေါ်မူတည်၍ မြန်မာ့ပဲများကို ပြန်လည်တင်သွင်းယူပါလျှင် ဒေသတွင်း၌ အိန္ဒိယနှင့် တရုတ်သည် မြန်မာ့ပဲအပြိုင်အဆိုင်ဝယ်ယူမှုရှိသည့်နိုင်ငံများဖြစ်လာနိုင်ကြောင်း ၎င်းက ခန့်မှန်းပြောဆိုသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ဆန်အပေါ်ထားရှိသည့်မူဝါဒကို တရုတ်နိုင်ငံကဲ့သို့ အကောင်းရောင်းချ အဟောင်းပြန်ဝယ်သည့်ပုံစံကျင့်သုံးမည်ဆိုလျှင် ဝင်ငွေလည်းတိုး၊ စားသုံးမှုလည်း မပျက်ယွင်း ကုန်စည်ဈေးနှုန်းလည်း ပုံမှန်အတိုင်း တည်ရှိနေနိုင်ကြောင်း ဆန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြသည်။

ဆန်နှင့် ဆန်ထွက်ပစ္စည်းသည် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာအနှံ့အပြားက ဝယ်လိုအားကောင်းသည့် ပို့ကုန်တစ်မျိုးဖြစ်သောကြောင့် ဝင်ငွေလည်းရ နိုင်ငံအနေဖြင့်လည်း ခြိုးခြံချွေတာပြီးဖြစ်ကြောင်း အဆိုပါဆန်လုပ်ငန်းရှင်က အကြံပြုပြောကြားသည်။

# ငွေကြေးမတည်ငြိမ်ခြင်းသည် စီးပွားရေးဆောင်ရွက်ရန် မသင့်လျော်

**ရန်ကုန်၊ ဇူလိုင် ၁၄**

Dr.Alfred Oehlers

ငွေကြေးဖောင်းပွခြင်းနှင့် မတည်မငြိမ်ဖြစ်ခြင်းသည် စီးပွားရေးဆောင်ရွက်ရန် မသင့်လျော်ကြောင်း University of Auckland မှ စီးပွားရေးပညာတွဲဖက်ပါမောက္ခ Dr.Alfred Oehlers က ဇူလိုင်လ ၁၄ ရက်နေ့က ပြောကြားသည်။

ထိုနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park တွင် MHR နှင့် ICEC သင်တန်းကျောင်းနှစ်ခု ပူးပေါင်းစီစဉ်ကျင်းပသည့် Understanding Economic Environment in Doing Business ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၌ ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

စီးပွားရေးပညာကိုလေ့လာဆည်းပူးနေသော ကျောင်းသားများနှင့် ဝိဇ္ဇာ သိပ္ပံပညာရပ်များကို လေ့လာဆည်းပူးနေသော ကျောင်းသားများသည် သဘောသဘာဝခြင်း လုံးဝကွဲပြားခြားနားကြောင်း ၎င်းက ဆိုသည်။

ဆွေးနွေးပွဲတွင် Short-Term Economics Issue နှင့် Long-Term Economics Issue အကြောင်းတို့ကို တွဲဖက်ပါမောက္ခ Dr.Alfred Oehlers က အကျယ်တဝင့် ဆွေးနွေးသွားခဲ့သည်။

www.foreverspace.com.mm



## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော စီမံကိန်းဝင်တံတားများနှင့် သာမန်တံတားများ အသုံးပြုခ ကောက်ခံနှုန်းထားများ

### စီမံကိန်းဝင်တံတားနှုန်း

| စဉ် | ယာဉ်အမျိုးအစား | ကောက်ခံနှုန်း |
|---|---|---|
| ၁။ | စက်ဘီး | ၅ ကျပ် |
| ၂။ | ဆိုင်ကယ်/မြင်းလှည်း | ၃၀ ကျပ် |
| ၃။ | ထော်လာဂျီယာဉ် (ခရီးသည်/ကုန်မပါ) | ၅၀ ကျပ် |
| ၄။ | ၂ တန်အောက်ယာဉ်၊ အခြားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ | ၇၅ ကျပ် |
| ၅။ | ဟိုင်းလပ်ခရီးသည်တင်ယာဉ် | ၂၀၀ ကျပ် |
| ၆။ | ၂ တန်မှ ၅ တန်အောက်ယာဉ် | ၂၅၀ ကျပ် |
| ၇။ | ၅ တန်ရှိ ခရီးသည်တင်ယာဉ် | ၄၅၀ ကျပ် |
| ၈။ | ၅ တန်မှ ၁၀ တန်အောက် ကုန်တင်ယာဉ်ကြီး | ၇၀၀ ကျပ် |
| ၉။ | ၁၀ တန်မှ ၂၀ တန်အထိ ကုန်တင်ယာဉ်ကြီး | ၁၀၀၀ ကျပ် |

**မှတ်ချက်။** ။ တန်ပိုကြေးအဖြစ် တစ်တန်လျှင် ၃၀၀ ကျပ်နှုန်း။
ထော်လာဂျီယာဉ် (ခရီးသည်/ကုန်တင်ဆောင်လာပါက) ၂၀၀ ကျပ်နှုန်း။

### သာမန်တံတားနှုန်း

| စဉ် | ယာဉ်အမျိုးအစား | ကောက်ခံနှုန်း |
|---|---|---|
| ၁။ | ဆိုင်ကယ်/မြင်းလှည်း၊ ထော်လာဂျီ | ၅ ကျပ် |
| ၂။ | ၂ တန်အောက်ယာဉ်၊ အခြားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ | ၃၀ ကျပ် |
| ၃။ | ဟိုင်းလပ်ခရီးသည်တင်ယာဉ် | ၄၀ ကျပ် |
| ၄။ | ၂ တန်အောက် ခရီးသည်တင်ယာဉ် | ၄၀ ကျပ် |
| ၅။ | ၂ တန်မှ ၅ တန်အောက်ယာဉ် | ၆၀ ကျပ် |
| ၆။ | ၅ တန်နှင့်အထက် ခရီးသည်တင်ယာဉ် | ၁၁၀ ကျပ် |
| ၇။ | ၅ တန်နှင့်အထက် ယာဉ်ကြီး | ၁၅၀ ကျပ် |
| ၈။ | ထရပ်ကား ၂၀ တန်အထိ | ၁၅၀ ကျပ် |

### လမ်းမိုင်တစ်မိုင်လျှင် ကောက်ခံနှုန်း

| စဉ် | ယာဉ်အမျိုးအစား | ကောက်ခံနှုန်း | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | ၂ တန်အောက်ယာဉ်၊ အခြားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်ငယ်များ | – | ၆၀ |
| ၂ | ဟိုင်းလပ်ခရီးသည်တင်ယာဉ် | ၁ | ၅၀ |
| ၃ | ၂ တန်အောက် ခရီးသည်တင်ယာဉ်(ဒိုင်နာအပါအဝင်) | ၂ | ၅၀ |
| ၄ | ၂ တန်မှ ၅ တန်အောက်ယာဉ် | ၂ | ၅၀ |
| ၅ | ၅ တန်အထက် ခရီးသည်တင်ယာဉ်ကြီး | ၃ | ၁၅ |
| ၆ | ၅ တန်အထက် ကုန်တင်ယာဉ်ကြီး | ၆ | ၂၅ |

**မှတ်ချက်။** ။ ပဲခူး(ကလိဂိတ်)၊ တိုက်ကြီးဂိတ်နှင့် လှိုင်သာယာဂိတ်တို့တွင် (ကုန်+ယာဉ်) ၁၃ တန်အထိကို ၂၅ ကျပ်နှုန်းဖြင့်လည်းကောင်း၊ (ကုန်+ယာဉ်) ၁၃ တန်အထက်ကို ၅၀ ကျပ်နှုန်းဖြင့်လည်းကောင်း အလေးချိန်ကွန်ပျူတာဖြင့် တွက်ချက်ကောက်ခံပါသည်။

## စပ်မျိုးဆီအုန်း အစို့ဖောက် မျိုးစေ့ ၃၅ သိန်း ထုတ်လုပ်ရောင်းချ

**ရန်ကုန်၊ ဩဂုတ် ၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ စပ်မျိုးဆီအုန်းအစို့ဖောက်မျိုးစေ့ ၃၅ သိန်း ထုတ်လုပ်သွားမည် ဖြစ်သည်ဟု မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဇော်ဝင်းက ပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းက ပြောကြားသည်။

အဆိုပါ စပ်မျိုးဆီအုန်း အစို့ဖောက်မျိုးစေ့များကို တနင်္သာရီတိုင်း ထားဝယ်၊ မွန်ပြည်နယ်၊ ကျိုက်ထို သုတေသနခြံများမှ ဆီအုန်းမျိုးစေ့များကို ဖားအောက်သို့ သယ်ယူ၍ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်ရရှိသော မျိုးစေ့များကို တစ်စေ့လျှင် ၁၀၀ ကျပ်နှုန်းဖြင့် ပုဂ္ဂလိကကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းနှင့် ဌာနဆိုင်ရာများကို လိုသလောက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မျိုးစေ့ဝယ်ယူသူများ စိုက်ပျိုးမည့်နေရာအထိ ပို့ဆောင်ကာ၊ သုတေသနနှင့် ပညာရှင်များမှ ဆီအုန်းခြံများအထိ လိုက်လံ၍ နည်းပညာများ ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ စားသုံးဆီဖူလုံရေးအတွက် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ၄ သိန်းအထိ စိုက်ပျိုးသွားရန် ရည်မှန်းထားကြောင်း ၎င်းက ရှင်းပြသည်။ ■

www.foreverspace.com.mm



## ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် တရုတ်ယန္တရားများ အသုံးပြုမည်

**ရန်ကုန်၊ ဩဂုတ် ၁**

လတ်တလော တည်ဆောက်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်တမံ တည်ဆောက်ရေးလုပ်ငန်းတွင် ယန္တရားများအသုံးပြုရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် China Gezhouba Water & Power (Group) Co., Ltd. တို့ ရန်ကုန်မြို့တွင် ဩဂုတ်လ ၁ ရက်နေ့က စာချုပ် ချုပ်ဆိုလိုက်သည်။

ယင်းစာချုပ်အရ အဆိုပါတရုတ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၄၆.၃၂၅ သန်းတန်ဖိုးရှိ လိုအပ်သော ယန္တရားများကို ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ပေးသွင်းပြီး ကွန်ကရစ်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်မည် ဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ(မြစ်ငယ်) မြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော မဂ္ဂါဝပ် ၇၉၀ စက်တပ်အင်အားရှိမည့် စီမံကိန်းဖြစ်သည်။ ရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ကျောက်ဆည်၊ မိတ္ထီလာမြို့များကို ဖြတ်သန်းလျက် ၂၃၀ ကေဗွီ နှစ်ထပ်လိုင်းများ တည်ဆောက်၍ လက်ရှိ မဟာဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည်ဖြစ်ပြီး မန္တလေးဓာတ်အားခွဲရုံသို့လည်း ၂၃၀ ကေဗွီဓာတ်အားလိုင်းဖြင့် ဆက်သွယ်၍ မြန်မာနိုင်ငံအထက်ပိုင်းသို့ပါ ဓာတ်အားဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

စီမံကိန်းအတွက် လိုအပ်သောပစ္စည်းများတင်သွင်းရန် ကန်ထရိုက်စာချုပ်နှစ်ရပ်ကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CITIC Technology Co., Ltd.၊ Sinohydro Corporation Limited တို့နှင့် ဇူလိုင်လ ၁၅ ရက်နေ့က ချုပ်ဆိုခဲ့သည်။

## ကျေးလက်ဒေသ စွမ်းအင်ဖူလုံရေးအတွက် ဒီရေမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် အဆိုပြု

**သတင်းဆောင်းပါး – လင်းသစ်**


၂၂-၇-၂၀၀၅

**မြန်မာနိုင်ငံ၌ ဒီရေမှ စီးပွားဖြစ်လျှပ်စစ်ထုတ်ယူနိုင်ရန်အတွက် မကြာသေးမီက စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ပြုလုပ်သည့် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးရေးဆိုင်ရာ အစည်းအဝေးတစ်ခုတွင် တာဝန်ရှိသူများထံ တင်ပြခဲ့ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အကြံပေးပုဂ္ဂိုလ် ဦးစိုးမြင့်က Living Color သို့ ထုတ်ဖော်ပြောကြားခဲ့သည်။**

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) တစ်ခုဖြစ်သည့် ဒီရေမှ လျှပ်စစ်စွမ်းအင် ထုတ်ယူခြင်းတွင် မြန်မာနိုင်ငံသည် ပထမဆုံးနှင့် လက်ရှိအောင်မြင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါ လျှပ်စစ်စွမ်းအား ထုတ်ယူခြင်းသည် တစ်နေ့နှစ်ကြိမ် အတက်အကျရှိသည့် ဒီရေမှ ထုတ်ယူခြင်းဖြစ်ပြီး ပင်လယ်ကမ်းစပ်ခြောက်ပေနက်သော မည်သည့်နေရာမဆို ထုတ်ယူနိုင်ကြောင်း၊ ဒီရေ ပုံမှန်အတက်အကျရှိသည့်အတွက် အခြားရေအားလျှပ်စစ်စီမံကိန်းများကဲ့သို့ ရေထုထည်အပေါ်မူတည်၍ လျှပ်စစ်ဓာတ်အား ထွက်ရှိမှုအနည်းအများကို ပူပန်ရန်မလိုကြောင်း ၎င်းက ပြောကြားသည်။


ဒီရေသည် ရိုးရိုးရေထက် သိပ်သည်းဆ တစ်ဆခွဲခန့်များပြီး တစ်နာရီလျှင်

**ဒီရေမှ ရေအားလျှပ်စစ်ထုတ် နည်းစနစ်တစ်ခု**



www.foreverspace.com.mm






ဒီရေမှ လျှပ်စစ်ဓာတ်အားထုတ်ယူမည့် စက်ရုံဒီဇိုင်းတစ်ခု

ရေမိုင် ရှစ်မိုင်စီးဆင်းနှုန်းသည် တစ်နာရီလျှင် ၂၃၀ မိုင်နှုန်းဖြင့် တိုက်ခတ်သည့် လေ၏စွမ်းအင်နှင့်ညီမျှကြောင်း၊ ထို့အပြင် ဒီရေအတက်အကျသည် လနှင့်နေတို့၏ ဆွဲငင်အားကြောင့် အမြဲတမ်းဖြစ်ပေါ်နေသဖြင့် ကုန်ဆုံးမသွားသည့်၊ ထိန်းသိမ်းသိုလှောင်စရာမလိုသည့် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝစွမ်းအင်စစ်စစ်ဖြစ်ကြောင်း ဦးစိုးမြင့်က ထပ်လောင်းရှင်းပြသည်။

မြန်မာနိုင်ငံ၌ ဒီရေအတက်အကျမှ တစ်နိုင်တစ်ပိုင် ပထမဆုံး ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ကမ္ဘလာကျေးရွာတွင် တပ်ဆင်ထုတ်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ပြီး များမကြာမီ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ တနင်္သာရီကမ်းရိုးတန်းဒေသများ၌လည်း ဒီရေမှရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ မြန်မာ့ရေမြေသဘာဝ မြန်မာ့ကမ်းရိုးတန်းသည် အဆိုပါ ဒီရေလျှပ်စစ်ဓာတ်အားပေးစီမံကိန်းမျိုး အများအပြားတည်ဆောက်နိုင်ပြီး နိုင်ငံလိုအပ်ချက်ထက်ပိုမို၍ ပြင်ပသို့ရောင်းချနိုင်သည့်အထိ ထုတ်လုပ်နိုင်ကြောင်း၊ ဒီရေမှ ရေအားလျှပ်စစ်လုပ်ငန်းကို ဒေသတွင်းနိုင်ငံများ အပြိုင်အဆိုင် လေ့လာဆောင်ရွက်နေကြပြီး ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ၎င်းထံမှ နည်းပညာအကူအညီနှင့် လုပ်ဆောင်ခဲ့စဉ် တွေ့ရှိချက်များကို တောင်းယူနေကြကြောင်း ဦးစိုးမြင့်က ဆိုသည်။

နိုင်ငံတကာ၌လည်း ဒီရေမှ လျှပ်စစ်စွမ်းအားထုတ်လုပ်ခြင်းကို သုတေသနပြုလျက်ရှိပြီး ယင်းနည်းဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် ကြံစည်နေကြကာ လက်ရှိအားဖြင့် ပြင်သစ်နိုင်ငံ La Rance ဒေသတွင် ၁၉၆၇ ခုနှစ်က တည်ဆောက်ခဲ့သော ၂၄၀ မဂ္ဂါဝပ် ဒီရေအသုံးပြုဓာတ်အားပေးစက်ရုံမှာ အဏုမြူဓာတ်အားပေးစက်ရုံကြီးများကဲ့သို့ ပမာဏကြီးမားသည့် ဓာတ်အားထွက်ရှိသော စက်ရုံတစ်ရုံအဖြစ် ယခုတိုင်အောင် ထုတ်လုပ်ဖြန့်ဖြူးဆဲဖြစ်ကြောင်း သိရသည်။ လက်ရှိ အာရှနိုင်ငံများ၏ အကြီးမားဆုံးလိုအပ်ချက်သည် စွမ်းအင်

# မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာရေးအတွက် ဝေဖန်ရေးသမားကောင်းများ လိုအပ်

**ရန်ကုန်၊ ဇူလိုင် ၂၃**

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာရေးအတွက် ရုပ်ရှင်ကားများကို ဝေဖန်သုံးသပ်ရေးသားနိုင်မည့် ရုပ်ရှင်ဝေဖန်ရေးဆရာကောင်းများ လိုအပ်နေကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌသစ် ဒါရိုက်တာကြည်စိုးထွန်းက ပြောကြားသည်။

ရုပ်ရှင်ဝေဖန်ရေးသမားကောင်းများသည် ရုပ်ရှင်ကြည့်ပရိသတ်ကို မည်သည့်ရုပ်ရှင်အမျိုးအစားကို ကြည့်ရှုတတ်ရန် သင်ပြပေးနိုင်သကဲ့သို့ ရုပ်ရှင်ရိုက်ကူးသူများကိုလည်း အရည်အချင်းတိုးမြှင့်ရိုက်ကူးတတ်လာစေနိုင်ရန် သင်ပြပေးနိုင်သည်ဟု ဒါရိုက်တာကြည်စိုးထွန်းက ဆိုသည်။

အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးခဲ့သူ ဒါရိုက်တာကြည်စိုးထွန်းက မိမိငယ်စဉ် ဒါရိုက်တာလက်သင်ဘဝ၌ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်းပါ စံရှား၏ ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးများဖတ်ခဲ့ပြီး ဝေဖန်ပြသောအချက်များကိုလည်း လိုက်နာပြုပြင်ခဲ့သည်ဟု ဆိုသည်။

ရုပ်ရှင်ဝေဖန်ရေးဆရာများသည် ရုပ်ရှင်၏ စက်မှုဆိုင်ရာပိုင်းကို အသေးစိတ် နားလည်ရန်မလိုဘဲ ရုပ်ရှင်ကို ကြည့်ရှုခံစား ဝေဖန်တတ်ရန်သာ လိုအပ်ကြောင်း၊ ဝေဖန်ရေးဆရာကောင်းများအတွက် လိုအပ်ချက်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပံ့ပိုးပေးနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။ ■

www.foreverspace.com.mm



ဖြစ်သည်။ နိုင်ငံတိုင်း၏ စက်မှုကုန်ထုတ်လုပ်မှု၊ နိုင်ငံရေးအဆောက်အဦ၊ သယ်ယူပို့ဆောင်ရေးကွန်ရက်အပါအဝင် နိုင်ငံအားလုံး စဉ်ဆက်မပြတ် လည်ပတ်လျက်ရှိသည့် ကဏ္ဍတိုင်းတွင် စွမ်းအင်သည် အဓိက ပင်မကျောရိုး အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

နိုင်ငံတိုင်းအတွက် လိုအပ်သော အဓိကစွမ်းအင် နှစ်မျိုးမှာ လျှပ်စစ်စွမ်းအင်နှင့် လောင်စာစွမ်းအင် ဖြစ်သည်။ စွမ်းအင်လိုအပ်ချက်သည် ယနေ့ အာရှနိုင်ငံများ လက်တွေ့ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး စွမ်းအင်ပြဿနာမှ အာရှနိုင်ငံတိုင်းလိုလို တတ်နိုင်သမျှ ရှန်းထွက်ကြိုးစားလျက်ရှိနေကြောင်း နိုင်ငံတကာမီဒီယာများတွင် သတင်းဖော်ပြချက်များအရ သိရှိရသည်။

လျှပ်စစ်စွမ်းအင်ကဏ္ဍအပေါ်မူတည်ပြီး နိုင်ငံမည်မျှ ဖွံ့ဖြိုးတိုးတက်သည်ကို တိုင်းတာနိုင်သည်အထိ အရေးပါအရာရောက်သည့်ကဏ္ဍတစ်ရပ် ဖြစ်လာသည်။ ယင်းစွမ်းအင်ကို နျူကလီးယားစွမ်းအင်မှလည်းကောင်း၊ စီးဆင်းသော ရေအားလျှပ်စစ်မှလည်းကောင်း၊ လောင်စာစွမ်းအင်မှလည်းကောင်း ထုတ်ယူကြသည်။ အဆိုပါနည်းပညာများသည် ကုန်ကျစရိတ်ကြီးမားပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် ပညာရှင်များက သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်မျိုးမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် ကြံစည်စဉ်းစားလုပ်ဆောင်လာကြရာ မြန်မာနိုင်ငံ၌လည်း ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ဒီရေမှ လျှပ်စစ်စွမ်းအင် ထုတ်ယူနိုင်လာပြီ ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် တိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် အရှိန်မပျက် ဆက်လက်တည်ရှိနိုင်ရန်အတွက် မိမိနိုင်ငံ၏ စွမ်းအင်ပြဿနာကို မိမိ၌ရှိသော သဘာဝအရင်းအမြစ်ဖြင့် ဖြေရှင်းနိုင်ရန်လိုကြောင်း၊ အနာဂတ်ကာလ၌ ကမ္ဘာ့နိုင်ငံအားလုံးလိုလို စွမ်းအင်ဆိုင်ရာပြဿနာ ကြီးကြီးမားမား ဖြစ်ပေါ်လာနိုင်သည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ စွမ်းအင်ကျောရိုးပြောင်းလဲရန် အချိန်များများစားစားကျန်မည်မဟုတ်ကြောင်း ဦးစိုးမြင့်က သတိပေးပြောကြားသွားသည်။

ဒီရေမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် ပစ္စည်းကိရိယာများ တပ်ဆင်မည်ဆိုပါက ငွေကျပ် ခြောက်သိန်းဝန်းကျင် ကုန်ကျမည်ဖြစ်ပြီး တပ်ဆင်လိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း အသင်းတာဝန်ရှိသူများထံမှ သိရသည်။

# စင်းလုံးငှားယာဉ်များကြောင့် ဒဂုံမြို့သစ်မြောက်ပိုင်းတွင် နေထိုင်သူများ ညအချိန်အိမ်ပြန်ရန် အဆင်ပြေ

**ရန်ကုန်၊ ဇူလိုင် ၂၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်သူအများစုသည် ပုံမှန်လိုင်းကားရှားပါးသော ညအချိန်တွင် ဆူးလေဘုရားလမ်းအနီးရှိ စင်းလုံးငှားယာဉ် Taxi များကြောင့် ညအချိန်အိမ်ပြန်ရန်အဆင်ပြေကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင်နေထိုင်သူတို့က ပြောကြားသည်။

အဆိုပါ Taxi များသည် တစ်ဦးလျှင် ၅၀၀ ကျပ်ဖြင့် ည ၁၀ နာရီခွဲအချိန်ထိ ပြေးဆွဲကြကြောင်း၊ ယင်း Taxi စီးသူအများစုမှာ ဒဂုံဘောလီတံတားကျော်လွန်၍ စီးနင်းကြကြောင်း ခရီးသွားတို့က ပြောကြားသည်။ ညပိုင်းပြန်သူအများစုမှာ အဆိုပါယာဉ်များ ဂိတ်ဆုံးသည့် ၇/၈ လမ်းဆုံအထိ စီးနင်းကြကြောင်း၊ ၇/၈ လမ်းဆုံတွင် ခရီးသည်အချို့အတွက် ခရီးလမ်းဆုံးသွားကြသော်လည်း အချို့မှာ အဆိုပါလမ်းခွဲမှ ဒဂုံတက္ကသိုလ်ဘက်သို့ ကြားကားများတစ်ဆင့် ထပ်စီးရကြောင်း၊ အချို့မှာ ဇေယျာမင်းကားများ ဂိတ်ဆုံးသည့် ၅၀ ကွေ့နှင့် ထားဝယ်ချောင် ကြိုးတံတားဘက်သို့ ကြားကားများ တစ်ဆင့်ထပ်စီးရကြောင်း ခရီးသွားတို့၏ပြောပြချက်အရ သိရသည်။

အဆိုပါ Taxi များကို ညပိုင်းအချိန် ပိုမိုစီးနင်းကြခြင်းမှာ မြို့တွင်းမှ ဒဂုံတက္ကသိုလ်အထိ ပြေးဆွဲနေသော ၂၀၇ လိုင်းကားအများစုသည် ဘောလီတံတားတွင်သာ ဂိတ်ဆုံးသွားခြင်းနှင့် ၇/၈ လမ်းဆုံမှ နောက်တစ်ဆင့်ထပ်စီးရသူအများစုမှာလည်း ကြားကားများမီစေရန်အတွက် အဆိုပါ Taxi များကို အားထား၍ စီးလာကြခြင်းဖြစ်ကြောင်း ခရီးသည်တို့က ပြောကြားသည်။

အဆိုပါ Taxi များရှိခြင်းကြောင့် အရေးကြီးကိစ္စရပ်များသွားလာရာတွင် မြောက်ဒဂုံသို့ တစ်ဦးတည်း တက္ကစီငှား၍ ပြန်လျှင် အနိမ့်ဆုံး ကျပ်ငွေ ၃၀၀၀ ကျပ် ကုန်ကျမည့်အစား ငွေ ၅၀၀ ကျပ်ဖြင့် လိုရာခရီးကိုရောက်နိုင်ကြောင်း၊ ညအချိန်အထိ အလုပ်လုပ်ရန်လိုအပ်သော ဆင်ခြေဖုံးနေထိုင်သူတို့အတွက် ညပိုင်းတွင် ပုံမှန်ပြေးဆွဲပေးသော လိုင်းကားများမရှိသဖြင့် ယခုကဲ့သို့ ကြားကားအသွင် ပြေးဆွဲနေသော Taxi များကို အားထားနေရကြောင်း၊ ညပိုင်းအထိ သွားရေးလာရေး အဆင်ပြေမည်ဆိုပါက အလုပ်လုပ်ချိန် ပိုမိုရရှိကာ ကုန်ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းက သွယ်ဝိုက်သောအားဖြင့် မြှင့်တင်နိုင်မည်ဟု ယူဆကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းမှ ဆရာမတစ်ဦးက ပြောကြားသည်။ ■

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆည်မြောင်းနှင့် ရေသယံဇာတ အရေးကြီး

**သတင်းဆောင်းပါး – သန်းထိုက်သူ**

၂၃-၇-၂၀၀၅

**လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းရှိ မြစ်ချောင်းများစွာတို့မှ သဘာဝအတိုင်းရရှိသည့်ရေများ အပြည့်အဝ အသုံးချနိုင်ရေးနှင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိရေးအတွက် ဆည်မြောင်းနှင့် ရေသယံဇာတ (Irrigation and Water Resources) လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာကဏ္ဍလေ့လာသုံးသပ်ရေး စီမံကိန်းညွှန်ကြားမှူး ဦးသန်းဋ္ဌေးက Living Color သို့ ပြောကြားသည်။**

စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေသယံဇာတအတွက် လက်ရှိ သက်ဆိုင်ရာက အဓိကထားဆောင်ရွက်နေသော နည်းလမ်းများမှာ ဆည်မြောင်းတာတမံများ အသစ်တည်ဆောက်ခြင်း၊ ရေဝေရေလဲဧရိယာမှ စီးဆင်းနေသည့်ရေများကို အပြည့်အဝ သိုလှောင်အသုံးချရေး စီမံချက်များ၊ မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်း၊ တည်ဆောက်ပြီးဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာ ပေးသွင်းနိုင်ရန်နှင့် ရေပိုမိုသိုလှောင်နိုင်စေရေး၊ မြစ်ချောင်းများမှ ရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းနှင့် မြစ်ချောင်းများမှ ရေလျှံချိန်တွင် အင်းအိုင်ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်းသိုလှောင်ထားနိုင်ရေး စသည်တို့ ဖြစ်သည်။

**ဆည်မှ ရေလွှတ်သည့် မြောင်းလက်တံတစ်ခု**



နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်ချောင်းများမှာ နှစ်စဉ် ရေဧက ပေ သန်း ၈၇၀ ရှိသော်လည်း စိုက်ပျိုးမှုအတွက် အဆိုပါမြစ်ချောင်းများမှ အသုံးချနိုင်သည့် ပမာဏမှာ ခြောက်ရာခိုင်နှုန်းသာ ရှိသေးကြောင်း၊ မြန်မာနိုင်ငံတွင် ဆည်မြောင်းလုပ်ငန်းများကို ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ သီးနှံအထွက်တိုးလုပ်ငန်းများအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ရေသယံဇာတများ အသုံးပြုနိုင်ရေးအတွက် စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ၁၉၈၈ ခုနှစ် နှောင်းပိုင်းတွင် ဆည်တမံတည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား၊ စက်ပစ္စည်းအင်အား အလုံးအရင်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အလုံးအရင်းဖြင့် စတင်တည်ထောင်ခဲ့သည့်နှစ်မှစတင်၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းစီမံကိန်း ၁၇၁ခု တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ မြစ်ရေတင်စီမံကိန်းကြီး ၂၇၁ ခုနှင့် မြေအောက်ရေရရှိရေးလုပ်ငန်း ၇၄၇၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

အဆိုပါလုပ်ငန်းများ၏ အကျိုးရလဒ်အဖြစ် ရေသွင်းစိုက်ဧက ၂.၃ သန်းအတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး မြေအောက်ရေရရှိရေးလုပ်ငန်းမှ မြန်မာ့ကျေးလက်လူဦးရေ ၃၂.၅ သန်း ရှိသည့်အနက် ၁၄.၉ သန်းအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဆည်မြောင်းများစွာ တည်ဆောက်ပြီးစီးပြီဖြစ်သော်လည်း ၎င်းတို့မှ စိုက်ပျိုးရေးလုပ်ငန်းများသို့ ရေပေးဝေနိုင်ရေးအတွက် အခြေခံလုပ်ငန်းများ အရေးတကြီး



www.foreverspace.com.mm

www.foreverspace.com.mm



ဆောင်ရွက်ရမည်ဖြစ်ကြောင်း စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှကျော်က ပြောကြားသည်။ ဆည်မြောင်းများတွင် အဓိကကြုံတွေ့နေရသည်မှာ ဆည်အနီးရှိ လယ်ယာများက စိုက်ပျိုးရေကို အပြည့်အဝယူပြီး အစွန်အဖျားရှိ လယ်ယာများမှာ ရေမရရှိသည့်အခက်အခဲများ ကြုံတွေ့နေရသောကြောင့် ဆည်အနီးရှိ လယ်သမားများကလည်း မိမိစိုက်ခင်း ရေရရှိရေးတစ်ခုတည်းကိုမကြည့်ဘဲ အသိတရားရှိရှိဖြင့် မျှဝေသုံးစွဲရန်လိုအပ်ကြောင်း ဦးလှကျော်က ထပ်လောင်းပြောကြားသည်။

ထိုထက်အရေးကြီးသည်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပြင် မည်သည့်ကဏ္ဍတွင်မဆို အရေအတွက်နှင့် ကိန်းဂဏန်းထက် အမှန်တကယ် အသုံးဝင်ရေး၊ ကုန်ကျစရိတ်နှင့် ရေရှည်တွင် ပြန်ရနိုင်သည့် အကျိုးအမြတ် အချိုးညီမျှစေရေး တည်ဆောက်ပြီးစီမံကိန်းများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးတို့ကို စနစ်တကျတွက်ချက်စဉ်းစားရန် လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုသည်။

အာရှ–ပစိဖိတ်ဒေသအတွက် ၁၉၉၂–၂၀၀၂ ခုနှစ်အတွင်း ကောက်ယူခဲ့သော စစ်တမ်းများအရ အိမ်နီးချင်းနိုင်ငံများ၏ ရေသွင်းစိုက်ပျိုးမှု အခြေအနေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတွင် ရေသွင်းစိုက်ဧက သန်း ၁၃၅.၄ ပတ်ဝန်းကျင်တွင်ရှိပြီး ထိုင်းနိုင်ငံတွင် ဧက သန်း ၁၂.၂၊ အင်ဒိုနီးရှားနိုင်ငံတွင် ဧက သန်း ၁၁.၉ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧက သန်း ၁၀.၉ အထိ ရှိသည်။ မြန်မာနိုင်ငံ၏ ရေသွင်းစိုက်ဧကမှာ ၅.၂ သန်းသာရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၂.၃၈ ရာခိုင်နှုန်းသာ ရှိသေးသည်။ စိုက်ပျိုးရေရရှိရေးအတွက် တိုးတက်ဆောင်ရွက်လာမှုများကြောင့် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သော စာရင်းများအရ သိရသည်။

# လင်ဇီးလက်ဖက်ခြောက်ဘူး ငါးသောင်း ထပ်မံထုတ်လုပ်မည်

**ရန်ကုန်၊ ဇူလိုင် ၁၄**

ပြင်ဦးလွင်မြို့နယ်ရှိ အုလုံလက်ဖက်စိုက်ခင်းထွက် လက်ဖက်ရွက်နုများနှင့် လင်ဇီးမှိုဆေး အဆီအနှစ်တို့ကို ပေါင်းစပ်ထုတ်လုပ်ထားသည့် လင်ဇီးလက်ဖက်ခြောက်(Gano Green Tea) များကို မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက မေလအတွင်း စတင်ဖြန့်ဖြူးခဲ့ရာ ဝယ်လိုအားမြင့်မားလာသဖြင့် နှစ်ဂရမ် အထုပ် ၂၀ ပါ ပါကင်ဘူး ငါးသောင်း ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်းမှူးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဝင်းက Living Color သို့ ပြောကြားသည်။

လင်ဇီးလက်ဖက်ခြောက်ကို မြန်မာနိုင်ငံအတွင်းသို့ ယခင်တင်သွင်းနေကျ မလေးရှား၊ ထိုင်ဝမ်နှင့် တရုတ်လင်ဇီးလက်ဖက်ခြောက် သွင်းကုန်များနေရာတွင် အစားထိုး ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ (The Voice Weekly Vol.1. No.36 သတင်း ဖော်ပြပြီး) အဆိုပါနိုင်ငံများမှ တင်သွင်းသော လက်ဖက်ခြောက်များမှာ ဈေးနှုန်းကြီးမြင့်သဖြင့် အရည်အသွေးတူသော လင်ဇီးလက်ဖက်ခြောက် (Gano Green Tea) ကို ပြည်တွင်းတွင် ထုတ်လုပ်ပြီး တစ်ဘူးလျှင် ၈၅၀ ကျပ်ဖြင့် ဖြန့်ဖြူးခဲ့ရာ သုံးစွဲသူများ အထူးနှစ်သက်ခဲ့ကြောင်း၊ လင်ဇီးဆေးတောင့်များထုတ်လုပ်ရာတွင် ဆေးအဖြစ်မသောက်သုံးလိုကြသဖြင့် နေ့စဉ် အသုံးပြုသော လက်ဖက်ခြောက်အတွင်း ထည့်သွင်း၍ စားသုံးကုန်အဖြစ် ပြောင်းလဲ ထုတ်လုပ်ခဲ့ရာမှ ယခုကဲ့သို့ အောင်မြင်မှုရလာကြောင်း ဦးသက်ဝင်းက ပြောကြားသည်။

အဆိုပါ လင်ဇီးလက်ဖက်ခြောက်ကို ပုံမှန်သောက်သုံးပါက ဦးနှောက်အာရုံကြောကြည်လင်လန်းဆန်းစေပြီး ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် အဆစ်အမြစ်ကိုက်ခဲခြင်းတို့ကို ပျောက်ကင်းကြောင်း ဆေးညွှန်းတွင် ဖော်ပြထားသည်။

■

ယခုအခါ လယ်ယာကဏ္ဍပြန်လည်လော့လာသုံးသပ်ရေး စီမံကိန်းတစ်ရပ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းလေ့လာထားကြောင်း၊ ထိုအဖွဲ့အစည်းတို့၏ တွေ့ရှိချက်များအရ ဆည်မြောင်းနှင့် ရေသယံဇာတလုပ်ငန်းများ (Irrigation and Water Resources) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစိတ် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ စီမံကိန်းညွှန်ကြားရေးမှူး ဦးသန်းဌေးက ဆိုသည်။

ယင်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၈၉ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းတွက်ချက်ထားပြီး အသေးစိတ်လုပ်ဆောင်မည့် ကဏ္ဍများအတွက် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများသို့ ပူးပေါင်းဆောင်ရွက်ရန် တင်ပြထားပြီးဖြစ်ကြောင်း ၎င်း၏ ပြောပြချက်အရ သိရသည်။

ဆည်မြောင်းမှ ရေများ အပြည့်အဝရရှိရေးနှင့် ရေသယံဇာတလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် လယ်ယာကဏ္ဍ

www.foreverspace.com.mm



**၁၉၈၈ မှ ၂၀၀၄ ခုနှစ်အထိ ရေသွင်းစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်မှု**

| စဉ် | စီမံကိန်း | အရေအတွက် | အကျိုးပြုဧက |
|---|---|---|---|
| ၁ | မြစ်ရေတင်လုပ်ငန်း | ၂၇၁ | ၃၀၃,၀၃၆ |
| | (က) လျှပ်စစ်မြစ်ရေတင်လုပ်ငန်း | ၉၀ | ၁၉၀,၃၃၀ |
| | (ခ) ဒီဇယ်အင်ဂျင် မြစ်ရေတင်လုပ်ငန်း | ၁၈၁ | ၁၁၂,၇၀၆ |
| ၂ | မြေအောက်ရေ (စိုက်ပျိုးရေ) | ၇၄၇၈ | ၉၀,၃၀၂ |
| | (က) စက်ရေတွင်းပေါင်း | ၆၉၂၀ | ၆၂,၃၉၅ |
| | (ခ) ၉၉ ကန် ရေလျှံတွင်း | ၄၄၇ | ၈,၁၈၁ |
| | (ဂ) လျှပ်စစ်စက်ဝိုင်း | ၁၄၁ | ၁၉,၇၂၆ |

**၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ရေသွင်းစိုက်ပျိုးမှု အခြေအနေ**

| ခုနှစ် | အသားတင်စိုက်ဧရိယာ (ဧကသန်း) | ရေသွင်းစိုက်ဧရိယာ (ဧကသန်း) | ရေသွင်းစိုက် ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၉၉–၂၀၀၀ | ၂၅.၀၄ | ၄.၅၅ | ၁၈.၂ |
| ၂၀၀၀–၂၀၀၁ | ၂၅.၈၉ | ၄.၇၁ | ၁၈.၂ |
| ၂၀၀၁–၂၀၀၂ | ၂၆.၃၃ | ၄.၉၁ | ၁၈.၆ |
| ၂၀၀၂–၂၀၀၃ | ၂၆.၇၃ | ၄.၆၂ | ၁၇.၃ |
| ၂၀၀၃–၂၀၀၄ | ၂၇.၂၇ | ၅.၂၂ | ၁၉.၁ |

Ref: Myanmar Agricluture in Brief 2005.

အတွက် အဓိကကျသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ယခုနှစ်ကဲ့သို့ မုတ်သုံအဝင်နောက်ကျ၍ မိုးမရွာခြင်း၊ မုတ်သုံအထွက်စောခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော စိုက်ပျိုးရေလိုအပ်ချက်ကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်သီးနှံမဆို သမားရိုးကျနည်းထက် အဆင့်မြင့်နည်းပညာကို အသုံးပြုစိုက်ပျိုးမှသာ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည့်အပြင် ကမ္ဘာ့ဈေးကွက်တွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် စနစ်တကျ သုတေသနပြုခြင်းနှင့် မျိုးရိုးများ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ဖန်တီးခြင်းတို့ လုပ်ဆောင်ပါက မြန်မာ့လယ်ယာကဏ္ဍအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုံးသပ် ပြောကြားသည်။ ■

# အောင်လံမြို့နယ်ကို သီပွံနှမ်းနက်ဇုန်အဖြစ် သတ်မှတ်

**ရန်ကုန်၊ ဩဂုတ် ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပပို့ကုန်လုပ်ငန်းများ တိုးမြှင့်တင်ပို့နိုင်ရန် ပြည်ပပို့ကုန်စိုက်ခင်းများအား စိုက်ပျိုးရာတွင် သီးနှံအလိုက်ဇုန်များခွဲခြားစိုက်ပျိုးလျက်ရှိပြီး အောင်လံမြို့နယ်ကို သီပွံနှမ်းနက်ဇုန်အဖြစ် သတ်မှတ်၍ တစ်မြို့နယ်လုံးတွင် ရာနှုန်းပြည့် စိုက်ပျိုးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ကောက်ပဲသီးနှံဌာနမှ ဗိုလ်မှူးမြင့်စိုးက ပြောကြားသည်။

အဆိုပါဒေသသည် အခြားမြို့နယ်များထက် မိုးရေချိန်ပိုမိုများပြီး နှမ်းစိုက်တောင်သူများသည် စနစ်တကျ မြေပြုပြင်မြောင်းထိုးပြီး အစေ့ချစိုက်ပျိုးသဖြင့် လယ်ယာတစ်ဧကလျှင် မျိုးစေ့ နို့ဆီဘူး ၁၀ ဘူးခန့်သာ အသုံးပြုရကြောင်း ၎င်းက ဆိုသည်။ ယင်းဒေသ၏ မြေနေရာနှင့် ရာသီဥတုသည် သီပွံနှမ်းနက်စိုက်ပျိုးရန် ပိုမိုသင့်လျော်ကာ လွန်ခဲ့သော ငါးနှစ်ခန့်ကတည်းက စိုက်ပျိုးလာခဲ့ခြင်းဖြစ်၍ စိုက်ပျိုးရေးနည်းပညာ အခက်အခဲမရှိဘဲဖြစ်ထွန်းအောင်မြင်လာရခြင်းဖြစ်ကြောင်း၊ သီပွံနှမ်းနက်သည် ယခင်အောင်လံဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသော နှမ်းနက်အမျိုးအစား စမုန်နက်မျိုးပင်ဖြစ်ကြောင်း ဦးမြင့်စိုးက ပြောကြားသည်။

အောင်လံဒေသတွင် ၂၀၀၅–၂၀၀၆ ရာသီအတွက် စိုက်ဧက ၃၀၇၉၅ ဧ၏ ၈၀ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းကြား သီပွံနှမ်းနက်စိုက်ပျိုးပြီးစီးပြီး ဖြစ်သည်။ အောင်လံမြို့နယ် ရွှေပန်းတောကြီးတစ်အုပ်စုသာ နှမ်းဖြူနှင့် နှမ်းနီစိုက်ပျိုးမှုအချို့ရှိပြီး ကျန်အုပ်စုအားလုံးသည် သီပွံနှမ်းနက်ကို ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ထုတ်ပြန်ချက်အရ သိရသည်။

လွန်ခဲ့သော ခြောက်နှစ်ခန့်တွင် ဂျပန်လူမျိုးတစ်ဦးက အဆိုပါ စမုန်နက်နမူနာကို ဒေသခံတောင်သူများသို့ ပြသ၍ ယင်းနှမ်းနက်စိုက်ပျိုးပေးရန်နှင့် ထုတ်ကုန်ကို အခြားနှမ်းများထက် ဈေးပိုပေးရန် ကမ်းလှမ်းလာသဖြင့် အောင်လံမြို့နယ်တွင် ယခင်ကပင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ဂျပန်လူမျိုးမှပင် ရိတ်သိမ်း၊ ခြွေလှေ့၊ ထားသိုနည်းစနစ်များကို နည်းပညာဖြန့်ဝေခဲ့ခြင်းဖြစ်၍ ယခုအချိန်တွင် အောင်လံဒေသတွင် သီပွံနှမ်းနက်ခေါ် စမုန်နက်ကို စိုက်ပျိုးအောင်မြင်ရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများ၏ ပြောပြချက်အရ သိရသည်။ ■

www.foreverspace.com.mm



## မြန်မာ့ကော်ဖီ တစ်တန်လျှင် ဒေါ်လာ ၂၀၀၀ ဈေးရ

**ရန်ကုန်၊ ဇူလိုင် ၁၄**

မြန်မာ့ကော်ဖီစေ့၏ အရည်အသွေးကောင်းမွန်မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ဈေးဖြင့် ဈေးကောင်းရနေပြီဖြစ်ကြောင်း ကော်ဖီစီမံကိန်းဒါရိုက်တာ ဦးသောင်းညွန့်က Living Color သို့ ပြောကြားသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ကော်ဖီများမှ ပေ ၄၀၀၀ အမြင့်ရှိသော မိုးကုတ်၊ ချင်းတောင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှာင်ဒေသတွင် စိုက်ပျိုးထုတ်လုပ်သော ကော်ဖီများမှာ အရည်အသွေးပို၍ကောင်းမွန်ကြောင်းနှင့် ယင်းကော်ဖီများကို ကမ္ဘာ့အကောင်းဆုံးကော်ဖီများနှင့် အရည်အသွေးယှဉ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခင်က မြန်မာ့ကော်ဖီမှာ ဈေးနှုန်းလျော့နည်းပြီး ကမ္ဘာမှစိတ်ဝင်စားမှုနည်းကြောင်း၊ ယခုအခါ ဥရောပနိုင်ငံများနှင့် ဂျပန်၊ ထိုင်းနိုင်ငံတို့ကလည်း ဝယ်ယူရန် စိတ်ဝင်စားနေကြကြောင်း၊ ကော်ဖီအရည်အသွေး ပိုမိုကောင်းမွန်စေရန် ပြင်ဦးလွင်ရှိ ကော်ဖီသုတေသနစခန်းမှ ကော်ဖီပင်၏ အာဟာရချို့တဲ့မှုနှင့် အရည်အသွေးဆိုင်ရာ သုတေသနစမ်းသပ်ချက်များကို ပုံမှန်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဦးသောင်းညွန့်က ပြောကြားသည်။

ကမ္ဘာ့တွင် ဈေးကောင်းရနေပြီး ဝယ်ယူရန်ကမ်းလှမ်းမှုများစွာ ရှိနေသောကော်ဖီကို အစိုးရက မြေနေရာချထားပေးပြီး လိုအပ်ချက်များ ပံ့ပိုးပေးမည်ဖြစ်၍ စိုက်ပျိုးလိုသူများ အမြန်ဆက်သွယ်သင့်ကြောင်းနှင့် ကော်ဖီစိုက်ရာသီမှာ ဇူလိုင်လနှင့် ဩဂုတ်လအထိသာ နောက်ဆုံးစိုက်ပျိုးနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်ကထပ်လောင်းပြောကြားသည်။

---

## အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး စည်းကမ်းများလိုက်နာရန်လို

**သတင်းဆောင်းပါး–လင်းသစ် / ဓာတ်ပုံ– အောင်အောင်**

**၂၅–၇–၂၀၀၅**

**ရန်ကုန်မြို့တော်သည် တစ်နေ့တခြား တိုးပွားလာသော လူဦးရေအချိုးနှင့် လိုက်လျောညီထွေရှိစေရန် အထပ်မြင့်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လာရာ ဆောက်လုပ်ရေးကုမ္ပဏီတချို့၏ စည်းကမ်းနှင့်မညီ လုပ်ဆောင်မှုများကြောင့် မဖြစ်သင့်သည့်ပြဿနာများ မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်း မြန်မာနိုင်ငံအထပ်မြင့်အဆောက်အအုံများအသင်း အတွင်းရေးမှူး ဦးသန်းမြင့်က ထုတ်ဖော်ပြောကြားလိုက်သည်။**

မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ အထပ်မြင့်အဆောက်အအုံများ အများအပြားပေါ်ထွက်လာပြီး အဆိုပါအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ မိမိတို့အသင်းမှမည်သို့ဆောင်ရွက်သင့်သည်ဟူသော အကြံပြု တိုက်တွန်းစာများကိုလည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက ထုတ်ပြန်သော လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်းကောင်း တိတိကျကျထုတ်ပြန်ထားကြောင်း၊ အဆိုပါကိစ္စရပ်များကို လိုက်နာခြင်းမရှိသည့်အတွက် ပြဿနာများ ဖြစ်ပွားလျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

အဓိကပြဿနာအနေဖြင့် ဆောက်လုပ်ရေးကုမ္ပဏီများက အဆောက်အအုံတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချရန် မြေကြီးတူးရာမှ အခြား ဘေးတစ်ဖက်တစ်ချက်ရှိ အဆောက်အအုံ၏ အောက်ခြေမြေကြီးကို သွားရောက်ထိခိုက်မိရာမှ တစ်ဆင့် အဆိုပါအဆောက်အအုံများ ပြိုလဲ၊ ယိုင်စောင်းခြင်း ဖြစ်စေနိုင်ကြောင်း ၎င်းက ထပ်လောင်းရှင်းပြသည်။

ထို့ပြင် Foundation အတွက် မြေကြီးတူးရာ၌ အသုံးပြုသောရေသည် အခြားအဆောက်အအုံ၏ အောက်ခံမြေကို ပျော့စေနိုင်ပြီး အဆိုပါတိုက် ယိုင်စောင်းခြင်း၊ အောက်သို့ နစ်မြုပ်ခြင်းများ ဖြစ်ပေါ်စေနိုင်သည်ဟု ၎င်းက ထောက်ပြသည်။

အဆိုပါပုံစံမျိုးဖြင့် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်ရှိ ကုန်သွယ်ရေး (၄) အဆောက်အအုံသည် ယိုင်ကျသွားကာ နောက်အဆောက်အအုံကို မှီသွားခြင်းမျိုး ဖြစ်သွားခဲ့ခြင်းနှင့် တာမွေမြို့နယ်၌ တိုက်တစ်လုံး စုံးစုံးနစ်မြုပ်သွားခဲ့ခြင်းတို့မှာလည်း ထိုကဲ့သို့ အောက်ခံမြေကို မထိပါးစေရန်ဟူသော ညွှန်ကြားချက်ကို တိတိကျကျလိုက်နာခြင်းမရှိ၍ ဖြစ်ရကြောင်း အခြားကျွမ်းကျင်သူတစ်ဦးက သုံးသပ်တင်ပြသည်။

အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်သည့်ကုမ္ပဏီအချို့သည် ရေရှည်တွင် အန္တရာယ်ရှိနိုင်ခြင်းကို ထည့်သွင်း တွက်ချက်မှုမရှိသော အပြုအမူမျိုးကို မကြာခဏ ပြုလုပ်လေ့ရှိသည်ကို တွေ့ရကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူများ၏ ပြောပြချက်အရ သိရသည်။

www.foreverspace.com.mm





**ဆောက်လုပ်စ အထပ်မြင့်အဆောက်အအုံတစ်လုံး**

ပြီးခဲ့သည့်လ အနည်းငယ်ခန့်က ၃၃ လမ်းနှင့် စည်ပင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆယ်ထပ်ရုံးအဆောက်အအုံမှ ပြတင်းကပ်မှန်တစ်ချပ် အောက်သို့ပြုတ်ကျခဲ့ရာ လမ်းဘေးရှိ ရပ်ထားသောကားပေါ်သို့ ကျကွဲခဲ့ရာ တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာ ရခြင်းမရှိသော်လည်း ဖြတ်သွား ဖြတ်လာများ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကမာရွတ်မြို့နယ် လှည်းတန်းဈေးလမ်းပေါ်ရှိ အိမ်ရာစခန်းတစ်ခုမှ တိုက်ခန်းတစ်ခန်း ဝယ်ယူ၍ နေထိုင်ရန် ပြင်ဆင်မှုများပြုလုပ်စဉ် မျက်နှာကြက်အမိုးကွန်ကရစ်တွင် မီးချောင်းတပ်ဆင်ရန် ပြင်ဆင်ရာ ထိုမျက်နှာကြက် ကွန်ကရစ်သားအတွင်းမှ သစ်သားချောင်းတစ်ချောင်း ထွက်ရှိလာကြောင်း အဆိုပါတိုက်ခန်းဝယ်ယူခဲ့သူတစ်ဦးက ပြောကြားသည်။

အဆောက်အအုံဆောက်လုပ်ရေး မန်နေဂျာတစ်ဦးကမူ ကုမ္ပဏီက အလုပ်သမားများကို နေ့တွက်နှင့် လစာပေးထားရကြောင်း၊ အဆိုပါ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလျှင် လုပ်သားစရိတ် ပိုမိုကုန်ကျသည်များရှိကြောင်း၊ အရည်အသွေးပိုင်းအရလည်း ကွန်ကရစ်သား မည်မျှထူရမည်၊ အချိန်အရေအတွက် မည်မျှ အခြောက်ခံရမည် စသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာလျှင် လုပ်သားကုန်ကျစရိတ်များသည့်အတွက် အချိန်တိုအတွင်း တစ်ခုပြီးတစ်ခု အမြန်တည်ဆောက်ရသည့်အတွက် ထိုစည်းကမ်းချက်များကို လိုက်နာနိုင်ခြင်းမရှိ စသည်ဖြင့် ၎င်းတို့ဘက်မှ အခြေအနေကို ရှင်းပြသည်။

ပစ္စည်းအရည်အသွေး သတ်မှတ်ခြင်း၊ အထပ်မည်မျှဆိုလျှင် Foundation မည်မျှ တူးရမည်၊ သံ၊ ကွန်ကရစ် မည်မျှ သုံးရမည် စသည်တို့ကို သတ်မှတ်ချက်များအတိုင်း မလိုက်နာဘဲ ရှိသည့်ပစ္စည်း ရှိသည့်အရည်အသွေးနှင့် ဖြစ်သလို တည်ဆောက်သူများရှိနေကြောင်း လုပ်ငန်းခွင်ဝင်စ အင်ဂျင်နီယာဘွဲ့ရ လူငယ်တစ်ဦးက ၎င်းတို့၏အတွေ့အကြုံကို ရှင်းပြသည်။

ရန်ကုန်မြို့တော်၏ လူဦးရေမှာ

# ၂၀၀၅ - ၂၀၀၆ ပထမသုံးလပတ်၌ ကြက်သွန်နီ ကန်ဒေါ်လာ ၁၀ သိန်းကျော်ဖိုး တင်ပို့

**ရန်ကုန်၊ ဩဂုတ် ၆**

အမှန်တကယ် စိုက်ပျိုးထုတ်လုပ်သောကုမ္ပဏီများကို ပြည်ပပို့ကုန် ကြက်သွန်နီများ ဆက်လက်တင်ပို့ခွင့်ပေးခဲ့ရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀ သိန်းကျော်တန်ဖိုးရှိ ကြက်သွန်နီ မက်ထရစ်တန်ချိန် ၅၉၄၄ တန် တင်ပို့ပြီးစီးခဲ့ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ညွှန်ကြားရေးမှူး ဗိုလ်မှူးမြင့်စိုးက ပြောကြားသည်။

၁၄–၇–၂၀၀၅ နေ့အထိ ကုမ္ပဏီ ၂၁ ခုမှ ကြက်သွန်နီထုတ်ကုန်လိုင်စင် လျှောက်ထားမှု တန်ချိန်စုစုပေါင်း ၁၂၈၃၁.၃ မက်ထရစ်တန်ရှိခဲ့ပြီး အမှန်တင်ပို့မှုမှာ တန်ချိန်စုစုပေါင်း ၅၉၄၄.၈၅ မက်ထရစ်တန် ဖြစ်သည်။

တင်ပို့ခဲ့သော ကြက်သွန်နီများသည် ယခင်ဘဏ္ဍာရေးနှစ်က တင်ပို့ရန် ကျန်ရှိနေသေးသော ကြက်သွန်များဖြစ်ကြောင်း၊ ကြက်သွန်နီအသေး မက်ထရစ်တန် တစ်တန်လျှင် ကန်ဒေါ်လာ ၁၈၀ နှင့် အမျိုးအစားပေါ်မူတည်၍ ကန်ဒေါ်လာ ၂၁၀ အထိ ရရှိကြောင်း၊ နောက်ထပ် ကျန်ရှိနေသေးသော ကြက်သွန်များကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါကြက်သွန်များသည် ပုဂ္ဂလိကကုမ္ပဏီများကို စိုက်ပျိုးခွင့်ပြုခဲ့သော နတ်မောက်၊ မြို့သစ်၊ မကွေး၊ မြင်းခြံ၊ ဆင်ပေါင်ဝဲ၊ ဆိတ်ဖြူနှင့် ညောင်ရွှေဒေသတို့မှ စိုက်ပျိုးအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ■

www.foreverspace.com.mm



၂၀၀၄ ခုနှစ် သက်ဆိုင်ရာမှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ခြောက်သန်းကျော် ရှိနေပြီဖြစ်ရာ များပြားလှသော အဆိုပါလူဦးရေကို နေရာချထားရန်မှာ အထပ်မြင့်အဆောက်အအုံများ မလွဲမသွေလိုအပ်မည်ဖြစ်သည်။ လိုအပ်ချက်ကြောင့် ဆောက်လုပ်လာရသည့် အဆိုပါအထပ်မြင့် အဆောက်အအုံများသည် မျက်နှာပန်းလှပနေရေးထက် အနာဂတ်မြို့ပြတွင် နေထိုင်ကြမည့် မြို့တော်သူမြို့တော်သားတို့အတွက် အန္တရာယ်ကင်း လုံခြုံစိတ်ချရန် များစွာ လိုအပ်ပါသည်။ ထို့အတွက် စီမံခန့်ခွဲ ဆောက်လုပ်သူများအနေဖြင့် သက်ဆိုင်ရာမှ ညွှန်ကြားချက်များကိုလည်းကောင်း၊ နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကြံပေးညွှန်ကြားချက်များကိုလည်းကောင်း မဖြစ်မနေ လိုက်နာဆောင်ရွက်သင့်ကြောင်း မြို့ပြအင်ဂျင်နီယာတစ်ဦးက သုံးသပ်ပြောကြားသည်။ ■

# လာမည့်အောက်တိုဘာလတွင် အဏ္ဏဝါဗေဒ လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်မည်

**ရန်ကုန်၊ ဇူလိုင် ၃၀**

အိန္ဒိယ–အာဆီယံ ဆက်ဆံရေးအခြေခံများအဖြစ် မြန်မာနိုင်ငံ၌ လာမည့် အောက်တိုဘာလအတွင်း အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များ ပါဝင်မည်ဖြစ်သော အဏ္ဏဝါဗေဒလေ့လာရေး (Oceanographic Studies) အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို ကျင်းပသွားမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးမှ သတင်းရရှိသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ အရှေ့မျှော်မူဝါဒအရ ကြီးမားသည့် အိန္ဒိယ– အာဆီယံ ဆက်ဆံရေးထူထောင်မှု အခြေခံများ လုပ်ဆောင်လျက်ရှိရာ မြန်မာနှင့် အိန္ဒိယနိုင်ငံကြား စီးပွားရေးအကူအညီသာမက နည်းပညာအကူအညီများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များတွင် အကူအညီပေးလျက် ရှိသည်။ အဆိုပါအစီအစဉ်များအရ လာမည့်အောက်တိုဘာလတွင် အဏ္ဏဝါဗေဒလေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအပြင် နိုဝင်ဘာလအတွင်း မြန်မာ–အိန္ဒိယ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးရေးစင်တာ (The Myanmar India Entrepreneurship Development Centre)၏ လုပ်ငန်းစတင်ခြင်းကို ထုတ်ပြန်ကြေညာသွားမည်ဟု အိန္ဒိယနိုင်ငံဘက်မှ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။ ■

# မြန်မာကျောင်းသားများကို ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုရှိရေး ငယ်ရွယ်စဉ်မှစ၍ ပျိုးထောင်ပေးရန်လို

**သတင်းဆောင်းပါး – L.မုန်ဆန်အောင် / ဓာတ်ပုံ – ကျော်နိုင်**

၂၇–၇–၂၀၀၅

**မြန်မာနိုင်ငံသူနိုင်ငံသားများသည် ပြင်ပကမ္ဘာနှင့်ဆက်ဆံရာတွင် တန်းတူရည်တူဖြစ်ရန် မိမိကိုယ်ကိုယုံကြည်မှု အားနည်းလျက်ရှိနေသေးရာ ကျောင်းသားလူငယ်၊ လူရွယ်များအား ငယ်ရွယ်စဉ်ကာလကတည်းက Personal ity Development ခေါ် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုနှင့် မှန်ကန်သော တွေးခေါ်ကြံဆောင်မှုများရရှိအောင် ပျိုးထောင်ပေးရန်လိုကြောင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်ရှိ International School တွင် ပညာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးအောင်မျိုးလတ်က ဇူလိုင်လကုန်ပိုင်းတွင် တိုက်တွန်းပြောကြားသည်။**

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကိုးကွယ်မှု များပြားပြီး မိရိုးဖလာယဉ်ကျေးမှုအစဉ်အလာများဖြင့် ကြီးပြင်းလာခဲ့ကြရာ ဓလေ့ထုံးတမ်းများအတိုင်း မြန်မာအချင်းချင်း ထိတွေ့ဆက်ဆံရာတွင် ပြဿနာတစ်စုံတစ်ရာမရှိ၊ အရေးမကြီးသော်လည်း နိုင်ငံတကာရှိ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့စရိုက်ပေါင်းစုံနှင့် ဆက်ဆံထိတွေ့ရသည့်အခါ အခက်အခဲများဖြစ်လာကြောင်း၊ မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်းနှင့် စရိုက်လက္ခဏာများကို မသိနားမလည်သော ပြင်ပကမ္ဘာမှ လူများအဖို့ မြန်မာနိုင်ငံသားများအပေါ် အထင်အမြင် လွဲမှားစွာ ဆက်ဆံမှုများရှိနေကြောင်း ၎င်းက ဆိုသည်။

အသက်အရွယ်ကြီးရင့်၍ လုပ်ငန်းခွင်သို့ ဝင်ရောက်သည့်အချိန်တွင် လူအများ၏စရိုက်လက္ခဏာများမှာ ပုံသေဖြစ်သွားပြီး ပြုပြင်ရန်ခက်ခဲကြောင်း၊ ထို့အပြင် ယင်းသို့သောကာလမှ လေ့လာသင်ယူနေရမည်ဆိုပါက အချိန်နှင့် မိမိတို့၏ သင်ယူနိုင်စွမ်းအတွက် အဆင်ပြေနိုင်တော့မည်မဟုတ်ကြောင်း ဦးအောင်မျိုးလတ်က ထပ်လောင်းပြောကြားသည်။

လူတို့တွင် စရိုက်သေနှင့် စရိုက်ရှင်ဟူ၍ နှစ်မျိုးဖြစ်နိုင်ရာ စရိုက်ရှင်မှာ ပြင်လွယ်၊ သင်ယူလွယ်ရှိပြီး စရိုက်သေမှာ လုံးလုံးလျားလျား ပြုပြင်ပြင်ဆင်၍မရဟု လူမှုဗေဒဆန်းစစ်သူတို့က ဆိုသည်။ Personality Development ဆိုသည်မှာ

www.foreverspace.com.mm





**ကုလသမဂ္ဂပြပွဲ၌ ငြိမ်းချမ်းရေးခိုငှက်ကို ကြည့်ရှုနေစဉ်**

ငယ်ရွယ်စဉ်၌ ကလေးသူငယ်အများစုသည် စူးစမ်းတတ်သောသဘောရှိခြင်း၊အပေါင်းအသင်းမက်ခြင်း၊ အပျော်အပါးခုံမင်လွန်းခြင်း၊ လူကြီးသူမများနှင့် ဆက်ဆံရာတွင် မလျော်သော အမူအကျင့်များပြုခြင်း၊ လွဲမှားသော မိမိကိုယ်မိမိယုံကြည်မှုလွန်ကဲမှုများရှိခြင်းတို့ကို တော်တည့်မှန်ကန်အောင် ထိန်းကျောင်းပြုပြင်ခြင်းမျိုး ဖြစ်သည်။

**ငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးအစီအစဉ်တစ်ခု**



မည်သူမဆို မိမိတို့၏ ဉာဏ်ရည်ဉာဏ်သွေးများအရ တစ်နှစ်တစ်တန်း မှန်မှန် အတန်းအောင်မြင်အောင် ကြိုးစားအားထုတ်နိုင်စွမ်းရှိပြီး ဘွဲ့ဒီဂရီများစွာ ရယူဆောင်ကြဉ်းနိုင်ကြသည်။ မျက်မှောက်ကာလတွင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံလာသည့်အခါ ပြည်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်ရာတွင်လည်းကောင်း၊ ပြည်ပရှိ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင်လည်းကောင်း ဘွဲ့ဒီဂရီမှာ သာမညသဘောဆောင်သွားကြောင်း၊ အကယ်၍ နိုင်ငံတကာလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက ဘွဲ့ဒီဂရီထက် အလုပ်လျှောက်ထားသူ၏ Personal Skill ကို ကြည့်၍ အလုပ်ခန့်တတ်ကြောင်း ပြည်ပအတွေ့အကြုံရှိ ပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

နိုင်ငံတကာလုပ်ငန်းခွင်များသည် ဝန်ထမ်းတစ်ဦးကို ခန့်ထားတော့မည်ဆိုပါက ခန့်ထားမည့်သူ၏ Personal Type ကို ပထမဆုံး အကဲခတ်ကြောင်း၊ ယင်းနောက် အလုပ်လုပ်နိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် Team Spirit(အဖွဲ့အစည်းစိတ်ဓာတ်) တို့ကို အဓိကလေ့လာအကဲခတ်ဆုံးဖြတ်ပြီးမှ အလုပ်ခန့်လေ့ရှိကြကြောင်း၊ ထို့အတူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မည်ဆိုပါကလည်း ပေါင်းသင်းဆက်ဆံမည့်ပုဂ္ဂိုလ်များ၏ Behaviour & Manners များကို အကဲဖြတ်ကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်လူရွယ်များမှာ စာများဖြင့် တစ်နှစ်ပတ်လုံးလုံးပန်းနေရပြီး အချို့နယ်မှ ငွေကြေးတတ်နိုင်သူများက မြို့ကြီးများရှိ ဘော်ဒါဆောင်များသို့ အပ်နှံ၍ ပညာရေးကိုသာ အာရုံစိုက်လျက် ရှိကြသည်။ ယင်းအခြေအနေသည် ပညာရည်တိုးတက်ရေးအတွက် သက်သက်ဖြစ်နေရာ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှု၊ နည်းမှန်လမ်းမှန် တွေးတောကြံဆတတ်မှုနှင့် လျော်ကန်သော ပြုမူနေထိုင်ဆက်ဆံမှုများတွင် အားနည်းလျက်ရှိကြောင်း လေ့လာဆန်းစစ်သူတို့က ဆိုသည်။

အနာဂတ်ကာလတွင် ကမ္ဘာ့အလယ်၌ နိုင်ငံအသီးသီးရှိ လူမျိုးဘာသာပေါင်းစုံဖြင့် ဆက်ဆံလုပ်ကိုင်ကြမည့် ပညာရှင်၊ ပညာတတ်များဖြစ်လာစေရန် Communication Skill သည်လည်း အရေးပါသကဲ့သို့ Personal Development မရှိပါက ပညာအရည်အချင်းပြည့်မီပါလျက် ထိုက်သင့်ဆီလျော်သော အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ခံစားခွင့်များ ရရှိနိုင်မည်

www.foreverspace.com.mm



မဟုတ်ကြောင်း၊ သို့ဖြစ်၍ ပညာသင်ကြားစဉ်အရွယ်ကတည်းက ပညာသင်ပြီးမြောက်ချိန်တွင် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝသော၊ အမူအကျင့်မှန်ကန်သော၊ ယုံကြည်မှုရှိသော၊ ပြင်ပကမ္ဘာနှင့် လျော်ညီစွာ ဆက်ဆံတတ်သောသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် မလွဲမသွေလိုအပ်ကြောင်း ဦးအောင်မျိုးလတ်က ရှုမြင်သုံးသပ်သည်။ ■

# ကုမ္ပဏီနှင့် တပ်ရင်းတပ်ဖွဲ့များ၏ မိုးသီးနှံစိုက်ပျိုးမှု ဧက ၇၀၀၀ ပြီးစီး

**ရန်ကုန်၊ ဇူလိုင် ၂၆**

ဒေသအာဏာပိုင်များအစီအစဉ်ဖြင့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များက ယခုနှစ်မိုးရာသီတွင် ပြည်ပပို့ကုန်စာရင်းဝင် မိုးသီးနှံ ဧက ၇၀၀၀ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ကောက်ပဲသီးနှံဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအဖွဲ့အစည်းများသည် မြေယာသစ်များအပေါ်တွင် သီးနှံစိုက်ပျိုးရန်အတွက် မြေဧက ၆၀,၀၀၀ ခန့် ရယူ၍ စိုက်ပျိုးရန်ပြုပြင်ပြီး မြေဧကမှာ ဧက ၂၇,၀၀၀ ကျော်ဖြစ်ကြောင်းနှင့် သီးနှံအမျိုးမျိုးအတွက် စိုက်ပျိုးရန် လျာထားမှုမှာ ဧက ၂၀,၂၀၀ ကျော်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါစိုက်ပျိုးပြီးစီးသွားသည့် ဧက ၇၀၀၀ တွင်မှ မူလလျာထားချက်တွင် မပါဝင်သော ရော်ဘာနှင့် သီဟိုဠ်ဧက ၅၀၀ ပတ်ဝန်းကျင်၊ ပဲတီစိမ်း ငါးဧကနှင့် ပဲပုပ်ဧက ၂၀ တို့ စိုက်ပျိုးခဲ့ကြောင်း ကောက်ပဲသီးနှံဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ်မိုးသီးနှံများ စိုက်ပျိုးမှုကို ဒေသအသီးသီးတွင် လျာထားချက်ပြည့်မီရေး အထူးကြိုးပမ်းဆောင်ရွက်နေရကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးမှုနှောင့်နှေးရခြင်းမှာ မိုးနောက်ကျရွာခြင်းနှင့် အချို့ဒေသများတွင် မေလအကုန်ရောက်မှ လယ်ယာထွန်ယက်ရခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးမှု နှောင့်နှေးကြခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှကျော်က ရှင်းလင်းပြောကြားသည်။

**၂၆–၇–၂၀၀၅ အထိ ဒေသအာဏာပိုင်များအစီအစဉ်ဖြင့် ပြည်ပပို့ကုန်သီးနှံ စိုက်ပျိုးပြီးစီးမှု**

| စဉ် | အမျိုးအမည် | လျာထားစိုက်ဧက | အမှန်တကယ် စိုက်ပျိုးပြီးဧက |
|---|---|---|---|
| ၁။ | စပါး | ၇၃၃၄ | ၈၉၀ |
| ၂။ | ပန်းနှမ်း | ၉၃၀ | – |
| ၃။ | နှမ်း | ၂၄၀၀ | ၂၁၉၅ |
| ၄။ | ပြောင်း | ၁၉၇၀ | ၁၇၀၂ |
| ၅။ | ငရုတ် | ၁၀၀ | ၁၀၀ |
| ၆။ | ချင်း | ၁၁၅ | ၁၀၀ |
| ၇။ | ပဲစင်းငုံ | ၂၀၀ | ၈၀၀ |
| ၈။ | ပဲမျိုးစုံ | ၁၁၆၀ | – |
| ၉။ | နှစ်ရှည်ပင် | ၆၀၈၇ | ၃၀၀ |

# ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများ မြေပဲအမြောက်အမြား စိုက်ပျိုး

**ရန်ကုန်၊ ဇူလိုင် ၂၃**

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးမြေများမှာ ယခင်က ဆားခါတ်ပါဝင်မှု များပြားခဲ့၍ ဆီထွက်သီးနှံစိုက်ပျိုးရန် မဖြစ်နိုင်သည့် အနေအထားမှ ယခုအခါ ဆားခါတ်ပါဝင်မှု ပျက်ပြယ်သွားသည့်အတွက် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မြေပဲကို အမြောက်အမြား စိုက်ပျိုးလာကြသည်ဟု ဒေသခံတချို့က ပြောကြားသည်။

ဖျာပုံမြို့နယ်အပိုင် ကျေးရွာများဖြစ်သော အမာ၊ ဒေါင်ကြီးမြိမ်း၊ ခါးဖြတ်၊ ရွှေထီး အစရှိသည့် ကျေးရွာများတွင် မြေပဲအမြောက်အမြား စိုက်ပျိုးနေကြခြင်း ဖြစ်သည်။

ဒေသခံတချို့က ယခင်က ယင်းစိုက်ပျိုးမြေများမှာ နေကြာကိုပင် စိုက်၍မရကြောင်း၊ တာပတ်ပြီး နောက်ပိုင်းစိုက်ပျိုးမြေအတွင်း ဝင်ရောက်နေသော ဆားခါတ်များ လျော့နည်းပျက်ပြယ်သွားခဲ့ပြီး ယခုလို မြေပဲစိုက်ပျိုးလာနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများသည် မိုးစပါးစိုက်ပျိုးမှုကို အားထားခဲ့ကြပြီး ယခုအခါ မြေပဲစိုက်ပျိုးမှုကို အမြောက်အမြား ပြုလုပ်လျက်ရှိသော်လည်း ထွက်ရှိလာသော မြေပဲဆံများကို ကြိတ်ခွဲရန်အတွက် ဆီစက်မှာမူ တစ်လုံးတည်းသာ ရှိသေးကြောင်း သိရသည်။

**Phoenix News**

www.foreverspace.com.mm



# ဝယ်သူဈေးကွက်မှတောင်းဆိုလာသော သဘာဝသီးနှံများ တိုးချဲ့စိုက်ပျိုးတင်ပို့ရန် လိုအပ်

**သတင်းဆောင်းပါး – မင်းနွယ်**

**၂၈–၇–၂၀၀၅**

**သဘာဝသီးနှံများရောင်းဝယ်မှုသည် ယနေ့ကမ္ဘာပေါ်တွင် အထူးရေပန်းစားနေပြီဖြစ်ရာ သဘာဝသီးနှံစိုက်ပျိုးရေးကို အလေးပေးဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာနမှ ဒေါ်အေးမြင့်ဦးက ပြောကြားသည်။**

ကမ္ဘာ့ဈေးကွက်ကြီးတစ်ခုဖြစ်သော ဥရောပဈေးကွက်တွင် မျိုးဗီဇပြုပြင်ခြင်းနည်းဖြင့် စိုက်ပျိုးရာမှထွက်ရှိလာသော သီးနှံများကို စားသုံးသူများမှ ကန့်ကွက်လျက်ရှိနေပြီး ဓာတုကင်းစင်စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်သော သဘာဝနည်းဖြင့် စိုက်ပျိုးရာမှထွက်ရှိသော သဘာဝသီးနှံများကို လက်ခံစားသုံးလာကြသည်။ ထို့ကြောင့် သဘာဝသီးနှံစိုက်ပျိုးရန် အခြေအနေနှင့်အချိန်အခါ အထူးကိုက်ညီလျက်ရှိသော မြန်မာနိုင်ငံသည် သဘာဝသီးနှံများ Export ဈေးကွက်ရရှိနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူများက စိတ်ဝင်တစားကြိုးစားဆောင်ရွက်ရန် လိုအပ်နေခြင်းနှင့် ပတ်သက်၍ ဒေါ်အေးမြင့်ဦးက အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးကို လေ့လာကြည့်ပါက သဘာဝနည်းဖြင့်စိုက်ပျိုးခြင်း (Organic Agriculture)၊ ခေတ်မီနည်းစနစ်များ၊ ဓာတုဗေဒဆေးဝါးများနှင့် ဓာတ်မြေဩဇာအသုံးပြုစိုက်ပျိုးခြင်း (Mordenized Chemical Agriculture)နှင့် မျိုးဗီဇပြုပြင်ခြင်းနည်းဖြင့် စိုက်ပျိုးခြင်း (Genetic Modified Agriculture) ဟူ၍ တွေ့ရှိရသည်။

မျိုးဗီဇအင်ဂျင်နီယာပညာရပ် (Genetic Engineering) ကိုအသုံးပြု၍ မိမိလိုချင်သည့် အကောင်းဆုံးမျိုးဗီဇ (Gene)များကို ရွေးချယ်စုယူပြီး အကောင်းဆုံးသီးနှံအဖြစ် ထုတ်လုပ်ထားသော GMO သီးနှံများတွင် ပိုးမွှားများကို သေစေနိုင်သည့် ဗီဇထည့်ထားသည်။ ယင်းကြောင့် ပိုးမွှားကျရောက်မှုမှ ကာကွယ်ခြင်း၊ အထွက်တိုးစေသည့် ဗီဇကြောင့် အထွက်တိုးခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သည့် ဗီဇများ ထည့်ထားခြင်းတို့ကြောင့် အလွန်ကောင်းသည်ဟု ယူဆရသော်လည်း စမ်းသပ်ချက်များ ပြီးပြည့်စုံခြင်းမရှိသေး၍ သဘာဝမကျသည့် အစားအစာအနေနှင့် စားသုံးသူများကို အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ် မက္ကဆီကိုနိုင်ငံတွင် ကျင်းပသည့် WTO အစည်းအဝေးတွင် အစိမ်းရောင် (Green) အဖွဲ့က မျိုးဗီဇပြုပြင်ပြောင်းလဲစိုက်ပျိုးမှု နည်းပညာ (GM Tech) ကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်ကို နိုင်ငံတကာသတင်းမီဒီယာများ၌ တွေ့ရှိရသည်။

လက်ရှိကျင့်သုံးနေသည့် ဓာတုဗေဒပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာနှင့် ဟိုမုန်းများကို အသုံးပြုစိုက်ပျိုးခြင်းမှာလည်း ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေခြင်း၊ ပိုးသတ်ဆေးကြွင်းများ ဖြစ်ပေါ်ခြင်း၊ မြေထုကိုညစ်ညမ်းစေခြင်း၊ အဖျက်ပိုးများသာမက အခြားအကျိုးပြုအင်းဆက်ပိုးများကိုပါ သေကြေပျက်စီးစေခြင်းစသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့်အပြင် သီးနှံများတွင် သဘာဝအားဖြင့်ပါရှိသော ရောဂါဘယကို ကာကွယ်ပေးသည့် ဓာတ်သဘာဝများနှင့် အာဟာရဓာတ်များကိုပါ ဆုံးရှုံးသွားစေကြောင်း စမ်းသပ်တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ရှေးသမိုင်းမတွင်မီကာလကတည်းက ကျင့်သုံးခဲ့ကြသည့် မိရိုးဖလာ သဘာဝသီးနှံစိုက်ပျိုးရေး (Organic Crop Agriculture) သာလျှင် အကောင်းဆုံးဖြစ်၍ ဓာတုကင်းစင်စိုက်ပျိုးရေး (Chemical Free Agriculture) ကို ကျင့်သုံးရန် ကမ္ဘာ့စိုက်ပျိုးရေးနိုင်ငံအများစုက တိုက်တွန်းအားပေးနေကြကြောင်း ဒေါ်အေးမြင့်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

အာရှဒေသတွင် ဗီဇပြုပြင်သီးနှံများ

**မျိုးရိုးဗီဇပြုပြင်ထားသည့် အစားအစာ**



www.foreverspace.com.mm



ကို ခါးခါးသီးသီးကန့်ကွက်သည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး GMO မျိုးဗီဇပြုပြင်ထားသော သက်ရှိများ၊ သီးနှံများမတင်သွင်းရန် ဥပဒေဖြင့် တင်းတင်းကျပ်ကျပ်တားမြစ်ထားသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းသည့် သဘာဝပြောင်းဆန်များကို အစာအဖြစ်ကျွေး၍ မျိုးဗီဇပြုပြင်မှုကင်းသည့် စီပီကြက်များကို ထုတ်လုပ်ကာ ဥရောပတွင် အလွန်ကြီးမားသော ဈေးကွက်ဝေစုကို ရယူထားသည်။ မလေးရှားနိုင်ငံတွင်လည်း စိုက်ပျိုးရေးဝန်ကြီးက လယ်သမားများအား သဘာဝသီးနှံစိုက်ပျိုးရေး (Organic Farming) ကို တိုးချဲ့စိုက်ပျိုးရန် တိုက်တွန်းအားပေးလျက်ရှိနေရာ သဘာဝသီးနှံ စိုက်ပျိုးဧကဟက်တာ ၆၀၀ ကျော်သွားပြီဖြစ်ကြောင်း၊ ဂျပန်နိုင်ငံကလည်း ဈေးကွက်အတွင်း၌ သဘာဝသီးနှံအဖြစ် သိသာစေရန် အညွှန်းများတပ်ဆင်ပေးရန် တောင်းဆိုလျက်ရှိကြောင်း နိုင်ငံတကာသတင်းဖော်ပြချက်များအရ သိရသည်။

မြန်မာနိုင်ငံသည် သဘာဝသီးနှံစိုက်ပျိုးဖြစ်ထွန်းနိုင်သောမြေအနေအထား၊ ရာသီဥတုတို့နှင့် ပြည့်စုံသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် Export ဈေးကွက်ဝင်ဖြစ်သော သဘာဝသီးနှံများကို စိုက်ပျိုး၍ ပြည်ပဝယ်ယူလိုသူများနှင့် ချိတ်ဆက်ပြီး သဘာဝသီးနှံပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်သင့်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့်လည်း သဘာဝသီးနှံနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းဖြစ်သော အီးစီသတ်မှတ်ချက် (၂၀၉၂/၉၁) ကို သဘောပေါက်ထားရန်လိုအပ်ပြီး စိုက်ပျိုးမြေ၏ ရာဇဝင်အချက်အလက်များ၊ စိုက်ပျိုးခဲ့သည့်သီးနှံများ၊ ထွက်ရှိသည့် နှုန်းထားများနှင့် သုံးလ တစ်ကြိမ် အစီရင်ခံစာများကို စနစ်တကျပြုစုထားရမည်ဖြစ်ကာ နိုင်ငံတကာအသိအမှတ်ပြု စစ်ဆေးရေးအဖွဲ့ထောက်ခံချက်များကို ရယူရမည်ဖြစ်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးက အကြံပြုသည်။

ယခုအခါ ရှမ်းပြည်နယ်ဘက်တွင် လယ်သမားအချို့က သဘာဝသီးနှံများ စိုက်ပျိုးလျက်ရှိနေပြီး ထိုင်းနိုင်ငံရှိ SKAL INSPECTOR အဖွဲ့မှ အချိန်မှန်စနစ်တကျစစ်ဆေးပေးလျက်ရှိကာ လယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း ဒေါ်အေးမြင့်ဦးက လက်ရှိ Organic သီးနှံဈေးကွက်ရရှိမှု၊ ဈေးကွက် ချိတ်ဆက်မှုစနစ်နှင့်ပတ်သက်၍ ရှင်းပြသည်။

■

# မင်းစုံတောင်ဘေးမဲ့တော၌ ဒေသရင်းငှက်များအပါအဝင် ငှက်မျိုးစိတ် ၇၄ မျိုး တွေ့ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၅**

မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်အတွင်းရှိ မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ မြန်မာနိုင်ငံ၌သာ ရှာဖွေတွေ့ရှိရသော ဒေသရင်းငှက်မျိုးစိတ် (Endemic Species) သုံးမျိုး အပါအဝင် ငှက်မျိုးစိတ်စုစုပေါင်း ၇၄ မျိုးကို လေးရက်အတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းအမှုဆောင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းနှင့် မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့မှ တာဝန်ရှိသူများ၊ အသင်းဝင်များနှင့် ဝန်ထမ်းများ စုစုပေါင်းအဖွဲ့ဝင် ၂၃ဦး ပါဝင်သည့် ငှက်ကြည့်လေ့လာရေးအဖွဲ့သည် ဇူလိုင်လ ၁၇ ရက်မှ ၂၀ ရက်နေ့အထိ အဆိုပါဘေးမဲ့တောအတွင်း လေးရက်ကြာလေ့လာသုတေသနပြုခဲ့ကြရာမှ ယင်းကဲ့သို့ ရှာဖွေတွေ့ရှိကြခြင်းဖြစ်ကြောင်း၊ ယင်း ငှက်မျိုးစိတ်များအနက် ၂၁ မျိုးမှာ မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မှတ်တမ်းမတင်ရသေးသည့် ငှက်မျိုးစိတ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌သာ ရှာဖွေတွေ့ရှိနိုင်သော ဒေသရင်းငှက်မျိုးစိတ်လေးမျိုးဖြစ်သည့် ဇွေ့ငှက်၊ နဖားကြူးအမြီးဝိုင်းငှက်၊ ဘီလုံးငှက်နှင့် မျက်ခုံးဖြူငှက်ပြာခြောက်ငှက်တို့အနက် ဇွေ့ငှက်၊ နဖားကြူးအမြီးဝိုင်းငှက်နှင့် ဘီလုံးငှက်တို့ကို အဆိုပါမင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း၌ ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာပေါ်၌ မည်သည့်ဒေသတွင်မှ ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိဘဲ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ရှာဖွေတွေ့ရှိနိုင်သော မြန်မာ့ဒေသရင်း ကုန်းလိပ်အမျိုးအစားတစ်မျိုးဖြစ်သည့် ကြယ်လိပ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည့် မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၅၅၈၄ ဧက ကျယ်ဝန်းပြီး ငှက်မျိုးစိတ် ၉၀ ခန့် နေထိုင်ကျက်စားလျက် ရှိသည်။

အဆိုပါငှက်ကြည့်လေ့လာရေးအဖွဲ့သည် မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ကိုးမိုင်ခန့်ကွာဝေးပြီး မြင်းခြံ–မန္တလေး ကားလမ်းပေါ်ရှိ တစ်ချိန်က ငှက်များကို ပစ်ခတ်သတ်ဖြတ်ကာ ငှက်ကြော်အဖြစ် ရောင်းချရာ၌ နာမည်ကြီးခဲ့သည့် ညောင်ပင်ကျေးရွာ၌ ဇူလိုင်လ ၂၀ ရက်နေ့ နံနက်ပိုင်းက သားငှက်တိရစ္ဆာန်များကို ချစ်မြတ်နိုးရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးပညာပေးဆိုင်းဘုတ်ကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စိုက်ထူခဲ့ကြကြောင်း အဆိုပါအသင်းအမှုဆောင်က ထပ်လောင်းပြောကြားသည်။

■

www.foreverspace.com.mm



# WRTC နှင့် လယ်/ဆည် ပူးပေါင်း၍ ရေနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်မည်

**ရန်ကုန်၊ ဩဂုတ် ၈**

မြန်မာနိုင်ငံရှိ NGO အဖွဲ့အစည်း တစ်ခုဖြစ်သည့် ရေသုတေသနနှင့် လေ့ကျင့်ရေးဌာန (Water Research and Training Centre-WRTC)နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရေစီမံခန့်ခွဲမှုသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားရန်ရှိကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာဦးစံညွန့်က ပြောကြားသည်။

ယင်းအဖွဲ့အစည်းမှနေ၍ ရေနှင့်ဆက်နွှယ်သည့်သုတေသန၊ လေ့ကျင့်ရေး၊ ပညာပေးရေးနှင့် လူ့အရင်းအမြစ်အပါအဝင် နည်းပညာဖွံ့ဖြိုးရေးတို့ကို ပူးပေါင်း လုပ်ဆောင်ရေးနှင့် ရေနှင့် မပတ်သက်သည့် သိပ္ပံသုတေသန အပါအဝင် မိမိကိုယ်တိုင် လုပ်ငန်းများ ကျွမ်းကျင်မှု ရှိလာစေရန် သင်တန်းများ ပို့ချပေးနေသည့်အပြင် GIS ပထဝီသတင်းအချက်အလက်နည်းပညာ သင်တန်းများကို ဆက်လက်ပေးရန် အစီအစဉ်ရှိသည်ဟု WRTC မှ တာဝန်ရှိသူတို့က ထပ်လောင်းပြောကြားသည်။

လယ်ယာစိုက်ပျိုးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနနှင့် ရေသုတေသနနှင့် လေ့ကျင့်ရေးဌာန (WRTC) တို့ ပူးပေါင်း၍ စီမံကိန်းများလုပ်ဆောင်ရန်အတွက် MoU လက်မှတ်ရေးထိုးခွင့်ကို (၂၇)ကြိမ်မြောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီအစည်းအဝေးက ခွင့်ပြုခဲ့ကြောင်းလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သတင်းရရှိသည်။

■

---

# သန့်စင်သောသွေးဖြင့် အသက်ကယ်ရန်လို၊ သွေးသန့်စင်မှုအစ မိမိကသာဖြစ်

**သတင်းဆောင်းပါး – မင်းနိုင်စိုး**

**၁–၈–၂၀၀၅**

**မြန်မာနိုင်ငံ၏ သွေးနှင့်ပတ်သက်သော မူဝါဒမှာ စေတနာရှင် သွေးလှူရှင်များ၏လှူဒါန်းခြင်းကို စုဆောင်း၊ ဖြန့်ဝေ၊ သုံးစွဲခြင်းဖြစ်ရာ ယခင်က ‘သင့်သွေးတစ်စက်ဖြင့် အသက်ကယ်ပါ’ဟု စည်းရုံးလှုံ့ဆော်ခဲ့ရာမှ ယခုအခါ သန့်စင်သောသွေးဖြစ်ရန် အထူးလိုအပ်လာသည်ဖြစ်ရာ သွေးသန့်စင်မှုနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်နေ့က ကျင်းပသွားခဲ့သော “Awareness Raising Workshop On Cooperation with Medias for Safe Blood Doner Recruitiment” အလုပ်ရုံဆွေးနွေးပွဲတွင် အဓိကဆွေးနွေးသွားခဲ့ကြသည်။**




မြန်မာနိုင်ငံ၏ နှစ်စဉ် သွေးသွင်းကုသရန်အတွက် လိုအပ်သော သွေးယူနစ်ပေါင်း နှစ်သိန်းခွဲခန့်ရှိရာ လူဦးရေ၏ နှစ်ရာခိုင်နှုန်းခန့်သာ လှူဒါန်းကြလျှင် လိုအပ်ချက်ကို ဖာထေးနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ သွေးစုဆောင်းရေးမူဝါဒမှာ ဆန္ဒအလျောက် လှူဒါန်းသောစေတနာရှင် သွေးလှူရှင်များသာ အဓိကဖြစ်သည့်အတွက် စေတနာရှင် သွေးလှူရှင်များအနေနှင့် သွေးမလှူဒါန်းမီ မိမိ၏နေမှု၊ ထိုင်မှုသည် အန္တရာယ်ကင်းသည့်နေထိုင်မှုပုံစံဟုတ်မဟုတ် ဦးစွာဆန်းစစ်ပြီးမှ လှူဒါန်းသင့်ကြောင်း၊ အဓိကမှာ မိမိနေထိုင်မှုပုံစံကို ဆင်ခြင်သုံးသပ်ပြီးမှ လှူဒါန်းစေလိုကြောင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိ သွေးသွင်းကုသမှုအတွက် လိုအပ်သည့် သွေးယူနစ်များ၏ ၆၀ ရာခိုင်နှုန်းမှာ စေတနာသွေးလှူရှင်များမှ လှူဒါန်းခြင်းဖြစ်ပြီး ၄၀ ရာခိုင်နှုန်းမှာ ဆွေမျိုးသားချင်းနှင့် Non-Pay Doner များဖြစ်ကြောင်း သိရသည်။ သွေးလှူရှင်များ၏ သွေးများကို HIV ပိုးစစ်ဆေးခြင်း၊ အသည်းရောင်အသားဝါ B ပိုးနှင့် C ပိုး စစ်ဆေးခြင်း၊ ကာလသားရောဂါစစ်ဆေးခြင်းနှင့် အခြားကူးစက်ရောဂါစစ်ဆေးခြင်းတို့ဖြင့် စမ်းသပ်စစ်ဆေးပြီး သန့်စင်သောသွေးကိုသာ သွေးသွင်းကုသရန် အသုံးပြုရခြင်း ဖြစ်သည်။ လက်ရှိအခြေအနေအရ HIV ပိုး စစ်ဆေးခြင်းကို ၁၀၀ ရာခိုင်နှုန်း စစ်ဆေးနိုင်ပြီး၊ B ပိုး ၈၅ ရာခိုင်နှုန်း၊ C ပိုး ၁၅ ရာခိုင်နှုန်းနှင့် VDRI ကာလသားရောဂါပိုးစစ်ဆေးခြင်း ၄၀ ရာခိုင်နှုန်း

www.foreverspace.com.mm



ပြုလုပ်ပေးနိုင်နေပြီး မကြာမီ လိုအပ်သည့် စစ်ဆေးမှုများ ရာနှုန်းပြည့် လုပ်ဆောင်သွားရန်ရှိသည်ဟု တာဝန်ရှိသူတို့က ဆိုကြသည်။ တာဝန်ရှိသူတို့၏ ရှင်းလင်းပြောကြားချက်အရ သွေးတစ်ယူနစ်အတွက် ကုန်ကျစရိတ်မှာ တစ်သောင်းမှ တစ်သောင်းခွဲအတွင်းကျသင့်ကြောင်း၊ သွေးအိတ်တစ်လုံး ၃၀၀၀ ကျပ်၊ ရောဂါပိုးစစ်ဆေးခြင်းအတွက် HIV ပိုး ၂၅၀၀ ကျပ်၊ အသည်းရောင်အသားဝါ B ပိုး ၁၅၀၀ ကျပ်၊ C ပိုး ၃၀၀၀ ကျပ်၊ ကာလသားရောဂါပိုးများ VDRI ၅၀၀ ကျပ်နှင့် အခြား အထွေထွေစရိတ် ၂၀၀၀ ကျပ်ခန့် အကြမ်းဖျင်းကျသင့်သည့်အတွက် တစ်နိုင်ငံလုံး လိုအပ်ချက်သွေးယူနစ်ပေါင်း နှစ်သိန်းခွဲခန့်ဆိုလျှင် ကျပ်သိန်းပေါင်း နှစ်သောင်းငါးထောင်ခန့် ကျသင့်နိုင်ကြောင်း သိရသည်။ သွေးယူနစ်များအတွက် လိုအပ်သည့် ကုန်ကျစရိတ်များတွင် စစ်ဆေးသည့်စရိတ်အချို့ကို အစိုးရမှ ထည့်ဝင်ပေးပြီး အချို့ကို လူနာရှင်ဘက်မှ ကျခံခြင်းရှိသလို၊ အချို့ကို စေတနာရှင် အလှူရှင်များမှ ထည့်ဝင်ပေးကြသည့်စနစ်ဖြင့် လည်ပတ်နေရသည်။

မြန်မာနိုင်ငံ၌ ၁၉၃၉ ခုနှစ်တွင် သွေးလှူဘဏ်စနစ် စတင်ပေါ်ပေါက်လာပြီး ထိုအချိန်က Paid Doner System ဟုခေါ်သည့် သွေးလှူဒါန်းမည့်သူအား ငွေပေးသောစနစ်ကို ကျင့်သုံးခဲ့ရာ ထိုအချိန်က သွေးလှူရှင် တစ်သောင်းခွဲ ရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတကာ၌လည်း ပြောင်းလဲလာရာ သွေးလှူရှင်များအား စည်းရုံးသည့်စနစ်သို့ ပြောင်းလဲခဲ့ပြီး လူမှုဝန်ထမ်း စေတနာရှင် သွေးလှူရှင်စနစ် စတင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် သွေးလှူရှင် တစ်သောင်းခွဲခန့်သာ ရှိခဲ့ရာမှ စေတနာအလှူရှင်စနစ်ကို အရှိန်အဟုန်ဖြင့် စည်းရုံးဆောင်ရွက်လာသောကြောင့် ၁၉၉၀ တွင် သွေးလှူရှင်ပေါင်း တစ်သိန်းခွဲအထိ ရှိလာသည်ဟု သွေးလှူဘဏ်က ဆိုသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော်




ကာလများဆီက စေတနာရှင် သွေးလှူရှင်ရရှိရေး အဓိကထား၍ တွန်းအားပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့သော်လည်း ယနေ့အချိန်တွင် HIV, AIDS, အသည်းရောင်အသားဝါ B, C စသည်ဖြင့် ကူးစက်ရောဂါများဖြင့် ရင်ဆိုင်လာရသည့်အခါ စေတနာရှင်သွေးလှူရှင် ရရှိရေးသည်သာမက သန့်စင်သော၊ စိတ်ချရသော သွေးရရှိရေးသည်လည်း အရေးကြီးသည့် လိုအပ်ချက်တစ်ခု ဖြစ်လာသည်။ ယခုအခါ ရန်ကုန်ဆေးရုံကြီးရှိ အမျိုးသားသွေးဌာနမှ သွေးမှတစ်ဆင့် ကူးစက်ရောဂါများ ကူးစက်ခြင်းကို ရာနှုန်းနည်းပါးအောင် ထိန်းချုပ်ပေးနိုင်ပြီဖြစ်ကြောင်း၊ သန့်စင်စိတ်ချရသောသွေးကို ပေးနိုင်နေပြီဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူက ဆိုသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်မူ လုပ်ဆောင်စရာများစွာ ကျန်ရှိနေသေးသည့်သဘောပင် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ သွေးနှင့်ပတ်သက်သော အခြေခံမူဝါဒဖြစ်သည့် စေတနာရှင် သွေးလှူရှင်ရရှိရေးအပြင် လုံခြုံစိတ်ချရသော သန့်စင်သည့်သွေးရရှိရေးသည်လည်း အရေးတကြီးလိုအပ်လာပြီ ဖြစ်သည်။ မြန်မာတို့၏ ဓလေ့စရိုက်အရ စေတနာရှင် သွေးလှူရှင်မရှားနိုင်သော်လည်း သန့်စင်သောသွေး ရရှိရန်မှာ သွေးနှင့်ဆိုင်သော ဌာနများသာမက ကာယကံရှင်ဖြစ်သူ သွေးလှူရှင်၏ အသိပညာရေချိန်ပေါ်တွင်လည်း မူတည်လာပြီ ဖြစ်သည်။ ယခုအခါ သွေးလှူဘဏ်များ၌ သွေးလှူဒါန်းမည့် အလှူရှင်အား မေးခွန်းလွှာများပေး၍ ဖြည့်စေပြီး အန္တရာယ်ရှိသည့် နေထိုင်မှု Risk Behaviour မျိုး ရှိသည်ဟု မိမိကိုယ်မိမိ ယူဆပါက သွေးလှူရန် သင့်မသင့် ဆုံးဖြတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ယခုအခါ သွေးလှူရှင် စုဆောင်း

www.foreverspace.com.mm



မှုကို ငယ်ရွယ်သော တက္ကသိုလ်ကျောင်းသူ ကျောင်းသားနှင့် ပညာရည် အသင့်အတင့်ရှိသောအလွှာကို ပစ်မှတ်ထား၍ စုဆောင်းနေကြောင်း၊ သွေးလှူရှင်သည် စေတနာအလျောက် မိမိ၏နေမှုထိုင်မှု အကျင့်စရိုက်တို့ဖြင့် လှူသင့်မလှူသင့် စဉ်းစားဆုံးဖြတ်လှူဒါန်းခြင်းသည်သာ ဖြစ်သင့်ပြီး အတင်းအကျပ် စုဆောင်း၍ မလှူမနေရ လာရောက်လှူဒါန်းခြင်းသည် သန့်စင်သောသွေးရရှိရန် အထောက်အကူမဖြစ်ပါကြောင်း အမျိုးသား သွေးဌာနမှ တာဝန်ရှိသူတို့က ဆိုကြသည်။

ယခုအခါ HIV, AIDS သည် မိမိအိမ်ရှေ့တံခါးသို့ ရောက်ရှိလာပြီဖြစ်ရာ ကူးစက်နိုင်သော နည်းလမ်းများအနက် သွေးမှတစ်ဆင့် ကူးစက်ခြင်းသည်လည်း နည်းလမ်းတစ်ခုပင်ဖြစ်ရာ သွေးလှူရှင်များ၏ နေမှုထိုင်မှုမှာ များစွာအရေးကြီးလာပြီဖြစ်သည်။ အကယ်၍ သင့်အနေဖြင့် အပျော်အပါးလိုက်စားသူဖြစ်ခြင်း၊ လိင်ဆက်ဆံဘက်များခြင်း၊ မူးယစ်ဆေးသုံးစွဲသူဖြစ်ခဲ့ခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊ ကာလသားရောဂါများ ဖြစ်ခဲ့ဖူးခြင်း၊ ကိုယ်ခန္ဓာကို ရင်းနှီးရသောအလုပ်ကို လုပ်ကိုင်ခြင်း၊ လိင်တူဆက်ဆံခြင်း၊ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် လိင်ဆက်ဆံဖူးခြင်း၊ အထက်ပါအမူအကျင့်တစ်ခုခုရှိခြင်းများ ရှိခဲ့ပါမူ သွေးလှူဘဏ်အနေဖြင့် သွေးလှူရှင်၏ ဂုဏ်သိက္ခာနှင့် စေတနာကို အထူးလေးစားအသိအမှတ်ပြုသော်လည်း HIV ပိုး စွဲကပ်နိုင်သောအန္တရာယ် ရှိလာသည့်အတွက် မိမိတို့၏ အသိစိတ်ဓာတ်အလျောက် သွေးလှူဒါန်းခြင်းမှ ရှောင်ရှားကြပါရန် တိုက်တွန်းကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ဝေသောလက်ကမ်းစာစောင်များတွင် တိုက်တွန်းဖော်ပြထားသည်။ ယခုအခါ လူတိုင်းနီးပါး မလိုက်နာနိုင်သေးသော်လည်း HIV ပိုး ကူးစက်နိုင်သောနည်းလမ်းများအကြောင်း အနည်းနှင့်အများ သိရှိကြပြီးဖြစ်ရာ သွေးလှူဒါန်းတော့မည်ဆိုပါက မိမိသွေးဖြင့် ပိုးကူးစက်ခြင်းမဖြစ်ပေါ်စေရန် မိမိ၏နေထိုင်မှုပုံစံပေါ် မူတည်၍ မိမိအသိစိတ်ဖြင့် လှူသင့် မလှူသင့် ဆုံးဖြတ်ရန်ဖြစ်သည်။ ■

# စီးပွား/ကူးသန်းမှ လုပ်ငန်းရှင်နှင့် တောင်သူများ ချိတ်ဆက်ပေး

**ရန်ကုန်၊ ဩဂုတ် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် ပြည်ပပို့ကုန် သီးနှံစိုက်ပျိုးမှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ဆောင်းသီးနှံမှစတင်ကာ ဒေသခံပွဲရုံလုပ်ငန်းရှင်များနှင့် တောင်သူများကို ချိတ်ဆက်ပေးပြီး သွင်းအားစုနှင့် စိုက်ပျိုးမှုစရိတ်အကုန်အကျခံ၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဗိုလ်မှူးမြင့်စိုးက ပြောကြားသည်။

ကျေးလက်တောင်သူများအနေဖြင့် နှစ်စဉ် လူဦးရေတိုးပွားလာ၍ လယ်ယာမြေပိုင်ဆိုင်မှုတိုးချဲ့ရန် လိုအပ်ကြောင်း၊ လယ်မြေမတိုးချဲ့နိုင်သေးပါက ဝင်ငွေကောင်းအထွက်တိုးသီးနှံကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ မပြုလုပ်ထားပါက နောင်တွင် တောင်သူများ၏ စားဝတ်နေရေး အခက်အခဲတွေ့လာမည်စိုး၍ ငွေကြေးတတ်နိုင်သူမှ ငွေစိုက်ထုတ်ရန် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် တာဝန်ရှိသူများ၏ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် မကွေးခရိုင်အတွင်းရှိဒေသအချို့တွင် အထွက်တိုးပြောင်းကို ဆောင်းသီးနှံအဖြစ် ရွေးချယ်ထားပြီး မကွေးမြို့နယ်ရှိ ဇောတိကပွဲရုံမှ သွင်းအားစုလိုအပ်ချက်များအတွက် တစ်ဦးတည်းစိုက်ထုတ်ပေးမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အဆိုပါပွဲရုံမှ မိုးသီးနှံများအတွက်ပါ စိုက်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ဒေသအာဏာပိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ငွေကြေးစိုက်ထုတ်ပေးသူ၏ ဆုံးရှုံးမှုတစ်စုံတစ်ရာ မရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။ ■

# ထိုင်ဝမ်နှင့် ဗီယက်နမ်မှ ဆေးဖက်ဝင် နဂါးမောက်သီးများနေရာတွင် ပြည်တွင်းထွက်ဖြင့် အစားထိုးမည်

**ရန်ကုန်၊ ဇူလိုင် ၂၇**

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ထိုင်ဝမ်နှင့် ဗီယက်နမ်မှ ဆေးဖက်ဝင် နဂါးမောက်သီးများနေရာတွင် ပဲခူးတိုင်း ပြည်မြို့နယ်ရှိ ဓိုးအုပ်စိုက်ပျိုးရေး စံပြခြံ၌ စိုက်ပျိုးထားသော နဂါးမောက်သီးများဖြင့် မကြာမီ အစားထိုးနိုင်မည်ဖြစ်ကြောင်း အဆိုပါမြို့သို့ သွားရောက်ခဲ့သော လှည်းကူးမြို့နယ်တွင် နေထိုင်သူ တောင်သူတစ်ဦးက ဇူလိုင်လနှောင်းပိုင်းတွင် ပြောကြားသည်။

အဆိုပါ စိုက်ပျိုးရေးခြံတွင် ဆေးဖက်ဝင် နဂါးမောက်ပင် အများအပြား စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်း၊

www.foreverspace.com.mm



အောင်မြင်လာသော ယင်းအပင်များကို စိုက်ပျိုးလိုသူများကို ပျိုးပင်များ ရောင်းချပေးနေကြောင်းနှင့် စိုက်ပျိုးနည်းပညာများကို အခမဲ့ဖြန့်ဝေပေးကြောင်း အဆိုပါ တောင်သူက ပြောကြားသည်။

ထိုင်ဝမ်နှင့် ဗီယက်နမ်မှ ဝင်လာသော နဂါးမောက်သီးများသည် ဈေးနှုန်းမြင့်မားသဖြင့် စားသုံးသူဦးရေ နည်းပါးသော်လည်း အသီးကိုပုံမှန်စားသုံးပေးလျှင် ခန္ဓာကိုယ်ရှိ မလိုအပ်သော အဆီများကို ဖယ်ရှားပေးနိုင်ကြောင်း သိလာကြသဖြင့် ၂၀၀၄ ခုနှစ်ကုန်ပိုင်းမှစ၍ စားသုံးမှုများ လာခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ သီရိမင်္ဂလာဈေး သစ်သီးတန်းမှ ဆိုင်ရှင်တစ်ဦးက ပြောကြားသည်။

ထိုင်ဝမ်နဂါးမောက်သီးကို မြန်မာနိုင်ငံတွင် ရုံးခွဲလာရောက်ဖွင့်လှစ် ရောင်းချသဖြင့် ဈေးနှုန်းချိုသာပြီး တစ်လုံးလျှင် ၈၀၀ ကျပ် ပတ်ဝန်းကျင်တွင်ရရှိနိုင်သော်လည်း ဗီယက်နမ်အသီးများမှာမူ တစ်လုံးလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် City Martအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည်။

# အသစ်တီထွင်မှုများ မူပိုင်ခွင့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့စစ်ဆေးရန်လျာထား

**သတင်းဆောင်းပါး – သစ်ထွဋ်**

၂၉-၇-၂၀၀၅

**ရေးဆွဲလျက်ရှိသည့်အသိဉာဏ်မူပိုင်ခွင့်ဥပဒေတွင် ပါဝင်မည့် အသစ်တီထွင်မှု မူပိုင်ခွင့်နှင့် အကျုံးဝင်လာမည့် တီထွင်မှုများကို ပြည်ပနိုင်ငံများရှိ ဝါရင့် IP စစ်ဆေးရေးအဖွဲ့များထံသို့ တင်ပို့၍ စစ်ဆေးချက်များ ရယူသွားရန် လျာထားကြောင်း ယင်းဥပဒေရေးဆွဲရာတွင် ပါဝင်သည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသွယ်က ဇူလိုင်လ တတိယပတ်အတွင်း ပြောကြားသည်။**

အဆိုပါ အသစ်တီထွင်မှုများကို စင်ကာပူကဲ့သို့ နိုင်ငံတွင်ပင် ပြည်ပရှိ အခြားဝါရင့် စစ်ဆေးရေးအဖွဲ့များသို့ တင်ပို့စစ်ဆေးလေ့ရှိသဖြင့် ဩစတြေးလျ နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာရှိ IP စစ်ဆေးရေးအဖွဲ့များသို့ တင်ပို့စစ်ဆေးရန် လျာထားရခြင်းဖြစ်ကြောင်း ဒေါ်မိုးမိုးသွယ် က ရှင်းလင်းပြောကြားသည်။ ထိုကဲ့သို့ တင်ပို့စစ်ဆေးခြင်းဖြင့် ပိုမိုခိုင်မာသော အတည်ပြုချက်များရရှိခြင်းနှင့် မူပိုင်ခွင့် ဆိုင်ရာ အငြင်းပွားမှုများကိုလည်း ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

တီထွင်မှုဟုဆိုရာ၌ ထုတ်လုပ်ရာတွင် ဖြစ်စေ၊ ထုတ်ကုန်နည်းစဉ်များတွင်ဖြစ်စေ၊ လက်တွေ့အသုံးချနိုင်ခြင်း၊ အသစ်ဖြစ်ခြင်း၊ တီထွင်မှုအဆင့်တစ်ရပ်ဖြစ်ရခြင်း၊ ကုန်ထုတ်လုပ်မှုတစ်ရပ်တွင် အသုံးပြုနိုင်ခြင်း စသည့် အင်္ဂါရပ်များ အကျုံးဝင်မည် ဖြစ်ကြောင်း၊ အသစ်တီထွင် မူပိုင်ခွင့်တွင် တစ်ဦးတည်းမူပိုင်ခွင့် အခွင့်အရေးများကို နှစ် ၂၀ သုံးခွင့်ရရှိနိုင်ပြီး နောက်ပိုင်းကာလများတွင် အများအတွက် အသုံးချခွင့် ပြုရလေ့ရှိကြောင်း၊ အနာဂတ် တိုးတက်မှုဖြစ်စဉ်များအတွက် အကျိုးဖြစ်ထွန်းခြင်းတွင် အသစ်တီထွင်ခွင့် မူပိုင်ခွင့်မှာ အရေးပါသောကဏ္ဍဖြစ်ကြောင်း၊ အသစ်တီထွင်ခွင့်နှင့် အကျုံးမဝင်သောအချက်များမှာ ရှာဖွေတွေ့ရှိချက်အရပ်ရပ်၊ သိပ္ပံဆိုင်ရာ သီအိုရီများ၊ စီမံချက်များ (သို့) စီးပွားရေးဆောင်ရွက်ချက်များ၊ ကစားနည်းကစားရန် (သို့) စိတ်ပိုင်းဆိုင်ရာ ပြုမူမှုများအတွက် စည်းမျဉ်းများနှင့် နည်းလမ်းများ၊ ကွန်ပျူတာပရိုဂရမ်များဖြစ်ကြောင်း ဒေါ်မိုးမိုးသွယ် က ဆိုသည်။

အသစ်မူပိုင်ခွင့်ရရှိနိုင်ရန် အားသာသူများမှာ လွတ်လပ်စွာ တီထွင်မှုများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အလုပ်သမားများ၊ ကျောင်းသားများ၊ တွဲဖက်ပိုင်ဆိုင်မှု ပြုလုပ်အသုံးချသူများဖြစ်ကြောင်းနှင့် အသစ်တီထွင်မှုကို မူပိုင်ခွင့်ရရှိပြီး သုံးနှစ်အတွင်း လုပ်ငန်းခွင်၌ အသုံးပြုရမည်ဖြစ်ကြောင်း၊ သုံးနှစ်အတွင်း အသုံးမပြုပါက အခြားသူများမှ အဆိုပါတီထွင်မှုကိုယူ၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အသစ်တီထွင်မှုများကို ကိုယ်ပိုင် တစ်ဦးတည်း အခွင့်အရေးများ နှစ် ၂၀ ရရှိမည်ဖြစ်သော်လည်း အများပြည်သူများအတွက် အသုံးပြုခြင်း၊ သင့်လျော်သော လျော်ကြေးပေး၍ အသုံးပြုခြင်း၊ အစိုးရ၏ ဆုံးဖြတ်ချက်ဖြင့် အသုံးပြုခြင်းတို့ကို ခွင့်ပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် တီထွင်မှုအကြီးစားများ မရနိုင်သော်လည်း တီထွင်မှုအသေးစားနှင့် အလတ်စားများ ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်းနှင့် ၎င်းတို့အတွက် တစ်ဦးတည်းပိုင် မူပိုင်ခွင့်သက်တမ်းမှာ ၁၀ နှစ် ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

မြန်မာနိုင်ငံအတွက် အသိဉာဏ်ဆိုင်

www.foreverspace.com.mm



ရာမူပိုင်ခွင့်ဥပဒေကို ဥပဒေပညာရှင်များ၊ အတတ်ပညာနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အမီ ရေးဆွဲလျက်ရှိရာ သတ္တမမူကြမ်းထိ ပြီးစီးသွားပြီဖြစ်ကာ အဆိုပါမူပိုင်ခွင့်ဥပဒေတွင် တီထွင်ခွင့်မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်များ၊ စာပေအနုပညာမူပိုင်ခွင့် စသည်တို့နှင့် ဆက်စပ်သည့်စည်းမျဉ်းများ ပါဝင်မည်ဖြစ်သည်။

အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေရေးဆွဲပေါ်ထွက်လာပါက မြန်မာနိုင်ငံရှိ အလတ်စားနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် များစွာအထောက်အကူပြုနိုင်ကြောင်း၊ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ IP ရုံးတွင် မူပိုင်ခွင့်လျှောက်ထားလာခြင်းများ ရှိလာနိုင်၍ နိုင်ငံခြားဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ပြောကြားသည်။ ■

# ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု စရိတ်စကကြီးမြင့်မှုနှင့် ကြုံတွေ့နေရ

**ရန်ကုန်၊ ဩဂုတ် ၇**

ယခုလအတွင်းပြည်ပသို့ ငါးမြစ်ချင်းအပါအဝင် ရေထွက်ကုန်များ တင်ပို့ရောင်းချရာ၌ စရိတ်စကကြီးမြင့်မှုများ ကြုံတွေ့ခဲ့ရသဖြင့် တင်ပို့သည့်အရေအတွက် အနည်းငယ်လျော့ကျခဲ့ရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာကျော်သိန်းက ပြောကြားသည်။

အဆိုပါ ငါးတင်ပို့မှုလုပ်ငန်းများသည် ယခုလအတွင်း ကွန်တိန်နာအခက်အခဲများ၊ နိုင်ငံခြားငွေဈေးနှုန်း ပြောင်းလဲမှုနှင့် သင်္ဘောတင်စရိတ်စကများ မြင့်တက်လာခြင်းကြောင့် ယခင်ထက် ကွန်တိန်နာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၄၀၀ မှ ၈၀၀ ကြားအထိ ပိုမိုကုန်ကျခဲ့ကြောင်း Asia Winner ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်နိုင်က ရှင်းပြသည်။

ယင်းကဲ့သို့ ပြည်ပတင်ပို့ရာ၌ စရိတ်စကများ မြင့်တက်နေသော်လည်း ပြည်ပဈေးကွက်အတွင်း၌ ဈေးနှုန်းပြောင်းလဲမှုများမရှိသဖြင့် ပြည်တွင်း ရေချိုငါးပို့ကုန်လုပ်ငန်းရှင်များ အကျိုးအမြတ်နည်းပါး၍ ငါးမြစ်ချင်း ပြည်ပတင်ပို့မှုအရေအတွက်လျော့ကျသွားရဖွယ်ရှိကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

ငါးမြစ်ချင်းအပြင် ငါးကြင်း၊ ငါးနုသန်း၊ ငါးပုဏ္ဏား စသည့် ရေချိုငါးများကို နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ပြီး ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် ကူဝိတ်၊ ယူအေအီး၊ ဂျော်ဒန်၊ ဘာရိမ်း၊ မလေးရှားနှင့် ဥရောပစသည့် နိုင်ငံများသို့ တင်ပို့နေကြောင်းလည်း ဒေါက်တာကျော်သိန်းက ဆိုသည်။ ■

# Water Guard ရေသန့်ဆေးရည် ဆင်ခြေဖုံးဒေသများတွင် အသုံးပြုရန် အဓိကရည်ရွယ်ထုတ်လုပ်ထားဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၀**

နိုင်ငံတကာ NGO အဖွဲ့အစည်းတစ်ခုဖြစ်သော Population Services International (PSI) မှ Water Guard ရေသန့်ဆေးရည်ကို ဆင်ခြေဖုံးဒေသများတွင် အသုံးပြုရန်အတွက် အဓိကရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်ဟု စီမံချက်မန်နေဂျာ ဒေါက်တာမြင့်သန်းထွန်းက Living Color သို့ ပြောကြားသည်။

Water Guard ရေသန့်ဆေးရည်ကို အိမ်သုံးဆားအခြေခံပြီး ထုတ်လုပ်ထားသော်လည်း ဆားပါဝင်မှု ပမာဏနည်းသည့်အတွက် သွေးတိုးရောဂါဝေဒနာရှင်များလည်း သောက်သုံးနိုင်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများအပြင် ပိုလီယိုရောဂါမဖြစ်ပွားအောင်ပါ ကာကွယ်ပေးနိုင်ကြောင်း၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် စတင်ထုတ်လုပ်ခဲ့ပြီး ယခုအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ် ၁၇၅ မြို့နယ်တို့တွင် ရောက်ရှိအသုံးပြုနေပြီဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ရေသန့်ဆေးရည် တစ်ဘူးလျှင် ရေဂါလန် ၂၂၀ အတွက် သန့်စင်နိုင်ကြောင်း၊ ဘူးတွင်ပါဝင်သည့် သတ်မှတ်ချက် အချိုးအဆအတိုင်း ရောစပ်ရမည်ဖြစ်ကြောင်း၊ သွားတိုက်ခြင်း၊ လက်ဆေးခြင်း၊ အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောခြင်းနှင့် အိုးခွက်ပန်းကန်ဆေးကြောခြင်းများတွင်လည်း အသုံးပြုနိုင်ကြောင်း PSI မှ ဖြန့်ဝေသော Water Guard လက်ကမ်းကြော်ငြာများတွင် ဖော်ပြပါရှိသည်။ ■

www.foreverspace.com.mm



# ခြောက်နှစ်ကြာပြုလုပ်မည့် BOBLME စီမံကိန်း နိုဝင်ဘာလတွင် စတင်ပြုလုပ်မည်

**သတင်းဆောင်းပါး – သောင်းထိုက်ကို**

၂၉–၇–၂၀၀၅

**ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ကြီးမှူးပြီး Global Enviroment Facility (GEF) အဖွဲ့က ဘင်္ဂလားပင်လယ်အော်အတွင်းရှိ သဘာဝသယံဇာတများထိန်းသိမ်းရေး၊ ပင်လယ်ပြင်အတွင်းရှိ ငါးပုစွန်များကို ရေရှည် ဖမ်းဆီးထုတ်လုပ်ရေးဆိုင်ရာများနှင့် ဒေသအတွင်း အဏ္ဏဝါဂေဟစနစ်နှင့် ပတ်သက်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး စသည့်လုပ်ငန်းများ လုပ်ဆောင်ရန် ခြောက်နှစ်တာကြာမြင့်မည့် Bay of Bengal Large marine Ecosystem Programme (BOBLME) စီမံကိန်းကို ယခုလာမည့် နိုဝင်ဘာလမှစတင်၍ ပြုလုပ်သွားမည်ဖြစ်သည်ဟု စီမံကိန်းကော်မတီဝင်တစ်ဦးဖြစ်သူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်ဦးလှဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်–ငြိမ်း)က ပြောကြားသည်။**



တနင်္သာရီကျွန်းစု တစ်နေရာ

အဆိုပါ BOBLME စီမံကိန်းကို Bay of Bengal ဒေသတွင်း နိုင်ငံများဖြစ်သည့် မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား စသည့် နိုင်ငံပေါင်း ၈ နိုင်ငံရှိ ပင်လယ်ပြင်ဂေဟစနစ်များ၊ ငါးလုပ်ငန်းကိစ္စများ ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ သုတေသနစီမံကိန်းများ ပြုလုပ်မည်ဖြစ်သည်။

စီမံကိန်းတည်နေရာအား နှစ်နေရာခွဲခြားသတ်မှတ်ထားရှိရာ ပထမသတ်မှတ်နေရာအဖြစ် မြန်မာနိုင်ငံ၏ ကျွန်းစုပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစုဒေသနှင့် ထိုင်းနိုင်ငံရှိ ကျွန်းစုပေါင်း ၄၀ ကျော်ပါဝင်သည့် ထိုင်းပင်လယ်ကွေ့အထိ ဧရိယာကိုသတ်မှတ်ထားရှိပြီး၊ ဒုတိယစီမံကိန်းဧရိယာအဖြစ် ပြီးခဲ့သည့် ဆူနာမီလှိုင်းများ ပေါ်ပေါက်ပြီးနောက် သတ်မှတ်ပြဋ္ဌာန်းခဲ့သည့် အိန္ဒိယနှင့် သီရိလင်္ကာတို့ ပါဝင်သည့် နှစ်နိုင်ငံအကြားရေပြင်တို့ ဖြစ်သည်ဟု သိရှိရသည်။

BOBLME စီမံကိန်းတစ်ခုလုံး အနေဖြင့် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား စသည့် နိုင်ငံများအနှံ့ လှည့်လည်သွားရောက်နေထိုင်လျက်ရှိသည့် (Transboundary Issue) ငါးကွမ်းရှပ်နှင့် တူနာငါးကဲ့သို့ ငါးမျိုး သုတေသနလုပ်ငန်းများ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများအကြား လှည့်လည်သွားလာလျက်ရှိသည့် ငါးသယောက်လမ်းကြောင်းများကဲ့သို့ သုတေသနနှင့် စီမံခန့်ခွဲမှု၊ BOBLME ဒေသတွင်းနေထိုင်သည့် လူနေမှုစရိုက်နှင့် စီးပွားရေးအခြေအနေများလေ့လာမှု၊ Sustainable ခေါ် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးလုပ်ငန်းများကို လေ့လာပြုလုပ်မည်ဖြစ်သည်။ ယခုအခါ ကမ္ဘာပေါ်ရှိ Large Marine Ecosystem (LME) ၆၄ ခုရှိသည့် အနက် LME ၁၈ ခုကို လေ့လာ ထိန်းသိမ်းမှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ဤ BOBLME စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

လာမည့်နိုဝင်ဘာတွင် စတင်ပြုလုပ်မည့် BOBLME အစီအစဉ်တွင် ဂင်္ဂါမြစ်၊ ဗြဟ္မပုတ္တရမြစ်ကဲ့သို့ မြစ်ချောင်းများမှ ကျဆင်းလာသောအရာများ ဥပမာ–အညစ်အကြေးကဲ့သို့အခြေအနေများကိုပါ လေ့လာမည်ဖြစ်သည်။ အထူးသဖြင့် ဧရာဝတီ၊ သံလွင်ကဲ့သို့မြစ်များမှ ဩဇာဓာတ်များဆင်းလာပြီး၊ ဩဇာဓာတ် ပေါကြွယ်ဝသဖြင့် သတ္တဝါများပေါများ၍ မျိုးကွဲများလည်းမျိုးစုံသည်ဟု ၎င်းကဆိုသည်။ အထူးသဖြင့် Bay of Bengal ဒေသတွင်း နိုင်ငံများ၌ နေထိုင်လျက်ရှိသည့် လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့် နေထိုင်လျက်ရှိရာ အဏ္ဏဝါဂေဟစနစ်များ ထိန်းသိမ်းရေးသည် အလွန်အရေးကြီးပေသည်။

www.foreverspace.com.mm





သဘာဝအအတိုင်းရှိသော ကမ်းခြေတစ်နေရာ

အဏ္ဏဝါဂေဟစနစ်များပျက်စီးစေမှု ဟုဆိုရာတွင် ကမ္ဘာ့သင်္ဘောလမ်းကြောင်း (Marine High Way) များတွင် ပင်လယ်ကူးသင်္ဘောကြီးများ တိမ်းမှောက်မှု၊ တိုးတိုက်မှုကြောင့် ရေထုညစ်ညမ်းစေခြင်း၊ Bollast Water Management စနစ်ကဲ့သို့ ပင်လယ်ကူးသင်္ဘောကြီးများ ခုတ်မောင်းရာတွင် လိုင်းလေ့၌ ဟန်ချက်တည်ငြိမ်အောင် ရေထည့်၍မောင်းနှင်ကြရာ ရေထဲတွင် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ပိုးဟပ်၊ ကြွက်ကဲ့သို့သတ္တဝါများပါဝင်လာရာ တစ်ဖက်တိုင်းပြည်တွင် ရေပြန်လည်စွန့်ထုတ်ရာမှ သဘာဝအခြေအနေပျက်ယွင်းလာမှု၊ ထို့အတူ ဓာတ်မြေသြဇာကဲ့သို့ ကုန်ပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘောများကြောင့် ဆိပ်ကမ်းရေပြင်များ ပျက်စီးနိုင်မှုနှင့် မိုင်းခွဲငါးဖမ်းဆီးခြင်း စသည့် အခြေအနေများကြောင့် ဂေဟစနစ် များပျက်စီးမှု စသည့်အခြေအနေများကို ထိန်းသိမ်းရန် လိုအပ်မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်BOBLME စီမံကိန်း၏ သီးခြားစီမံချက်တစ်ခုဖြစ်သည့် မြန်မာ၊ ထိုင်းပင်လယ်ပြင် ဂေဟစနစ်များ သုတေသန၊ ထိန်းသိမ်းကာကွယ်ရေးအစီအစဉ်တွင် ပါရှိသည့် မြိတ်ကျွန်းစုဒေသကဲ့သို့ ကျွန်းစုပေါင်း ၈၀၀ ကျော် ပါဝင်ဖွဲ့စည်းထားသည့်အနေအထားသည် အဏ္ဏဝါဂေဟစနစ် ရှင်သန်ရန် အထောက်အကူပြုနိုင်ပြီး အဆိုပါကျွန်းများကြောင့် လှိုင်း၊ လေနှင့် ရေကြောင်းပြောင်းလဲမှုနှင့် ရေ အရည်အသွေးကို ထိန်းသိမ်းကာကွယ်ထားနိုင်သည်ဟု သိရှိရသည်။ အထူးသဖြင့် ပြီးခဲ့သည့် ဆူနာမိလှိုင်းများကို ရေအောက်တံတိုင်းများသဖွယ် ကာကွယ်ထားနိုင်သောကြောင့် အပျက်အစီးနည်းပါးခဲ့ရသည်။ ထို့ကြောင့် အဆိုပါမြိတ်ကျွန်းစုဒေသအပါအဝင် BOBLME စီမံကိန်းအရပ်ရပ်ကုန်ကျစရိတ်ကို ကမ္ဘာ့ဘဏ်၊ ဆွီဒင်နိုင်ငံ The Swedish International Development Agency (SIDA) နှင့် US National Oceanic and Atmospheric Administration (NOAA) တို့မှ ငွေကြေး အကုန်အကျခံပြီး လာမည့်နိုဝင်ဘာလမှ စတင်၍ လေ့လာပြုလုပ်တော့မည် ဖြစ်သည်။ ■

# ပြည်တွင်းဘုရားဖူးလုပ်ငန်း ၁၀ ခုကျော်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့ MoU ရေးထိုး

**ရန်ကုန်၊ ဩဂုတ် ၅**

ပြည်တွင်းဘုရားဖူးခရီးသည် ကိုယ်စားလှယ်များမှတစ်ဆင့် တိုက်ရိုက် အာမခံထားရှိနိုင်ရန် ပြည်တွင်းဘုရားဖူးလုပ်ငန်းကုမ္ပဏီ ၁၀ ခုကျော်ကို ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) ကို ယခုလဆန်းပိုင်းတွင် ရေးထိုးခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်မောင်သိမ်းက Living Color သို့ ပြောကြားသည်။

MoU အရ ဘုရားဖူးခရီးသည်များ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတစ်စုံတစ်ရာရှိခဲ့ပါက မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးငွေပေးအပ်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့်လည်း အာမခံလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါစာချွန်လွှာအရ ဘုရားဖူးခရီးသွားများသည် မိမိသွားရောက်မည့် ခရီးစဉ်၏ သက်ဆိုင်ရာ ဘုရားဖူးလုပ်ငန်းကုမ္ပဏီတွင် ခရီးသွားအာမခံ ဝယ်ယူနိုင်မည်ဖြစ်သည်။ ပရီမီယံကြေးမှာ တစ်ယူနစ်လျှင် နေ့ချင်းအသွားအပြန်အတွက် ကျပ် ၅၀ မှ သုံးလနှင့်အထက် ၅၀၀ ကျပ်အထိ ဝယ်ယူနိုင်ပြီး ပရီမီယံ နှစ်ယူနစ်အထိ ဝယ်ယူနိုင်သည်။

လျော်ကြေးငွေမှာ ထိခိုက်ဒဏ်ရာရမှုကို ဆရာဝန်၏ထောက်ခံချက်အရ ကုန်ကျစရိတ်အလျောက် ငါးသိန်းအထိနှင့် သေဆုံးမှုအတွက် ငါးသိန်းဖြစ်ပြီး အပိုထပ်ဆောင်းအဖြစ် သတ်မှတ်ထားသည့် လျော်ကြေးအပြင် စစ်ဘေးဒဏ်နှင့် အလားတူ အန္တရာယ်များ ဖြစ်ပေါ်ခဲ့ပါက သေဆုံးမှု၊ ဒဏ်ရာရမှုအတွက် ငါးသောင်းပေးအပ်မည်ဖြစ်ကြောင်း ဦးမောင်မောင်သိမ်းမှ ထပ်လောင်းပြောကြားသည်။ ■

# အစားထိုးဖတ်ရှုရန်

ဇူလိုင်လထုတ် Living Color မဂ္ဂဇင်း စာမျက်နှာ ၉၃ ရှိ ကားငှားရမ်းခနှုန်းထားများ ဇယားတွင် ဈေးနှုန်းများ မှားယွင်းဖော်ပြမိသည့်အတွက် အောက်ပါဇယားဖြင့် အစားထိုးပြင်ဆင်ဖတ်ရှုပေးပါရန်။

**စင်းလုံးငှား ကားအမျိုးအစား၊ ခရီးစဉ်နှင့် ဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | အချိန် | ရန်ကုန် | ပဲခူး | သန်လျင် | ကျိုက်ထီးရိုး | ပြည် | ခရီးဝေး |
|---|---|---|---|---|---|---|---|
| SALOON<br>၃ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၂၅၀၀၀<br>၁၅၀၀၀<br>၁၀၀၀၀ | ၄၅၀၀၀ | ၃၅၀၀၀ | ၆၀၀၀၀ | ၇၀၀၀၀ | ၈၀၀၀၀ |
| DELUXE<br>SALOON<br>၃ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၄၀၀၀၀<br>၂၅၀၀၀<br>၁၅၀၀၀ | ၆၀၀၀၀ | ၅၀၀၀၀ | ၈၀၀၀၀ | ၉၀၀၀၀ | ၁၂၀၀၀၀ |
| TOWN-ACE<br>၅ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၃၀၀၀၀<br>၁၈၀၀၀<br>၁၂၀၀၀ | ၅၀၀၀၀ | ၄၀၀၀၀ | ၇၀၀၀၀ | ၈၀၀၀၀ | ၁၀၀၀၀၀ |
| HI-ACE<br>၉ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၄၀၀၀၀<br>၂၅၀၀၀<br>၁၅၀၀၀ | ၆၀၀၀၀ | ၅၀၀၀၀ | ၈၀၀၀၀ | ၉၀၀၀၀ | ၁၂၀၀၀၀ |
| ၂၂ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၆၀၀၀၀<br>၃၅၀၀၀<br>၂၀၀၀၀ | ၁၀၀၀၀၀ | ၈၀၀၀၀ | ၁၃၀၀၀၀ | ၁၆၀၀၀၀ | ၂၀၀၀၀၀ |
| ၃၀ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၇၀၀၀၀<br>၄၀၀၀၀<br>၂၅၀၀၀ | ၁၁၀၀၀၀ | ၉၀၀၀၀ | ၁၄၀၀၀၀ | ၁၈၀၀၀၀ | ၂၂၀၀၀၀ |
| ၄၅ ယောက်စီး | တစ်နေ့<br>နေ့ဝက်<br>ကြို/ပို့ | ၈၀၀၀၀<br>၄၅၀၀၀<br>၃၀၀၀၀ | ၁၂၀၀၀၀ | ၁၀၀၀၀၀ | ၁၆၀၀၀၀ | ၂၀၀၀၀၀ | ၂၅၀၀၀၀ |

**(ကျပ်ငွေဖြင့်သာ)**

Source: Cinderella

မှတ်ချက်။ ။ (၁) ခရီးဆောင်ပစ္စည်းတစ်ခုချင်းအတွက် ကျပ်တစ်သောင်း ပေးဆောင်ရမည်။

(၂) Tour Guide များကို အောက်ဖော်ပြပါ နေရာများတွင် ကြိုပေးမည်။

(က) တောင်ဒဂုံတွင်နေထိုင်သူ – သက်နှင်းကျွန်းစံပြဈေး

(ခ) မြောက်ဒဂုံတွင်နေထိုင်သူ – တောင်ဥက္ကလာ ဘောလီတံတားထိပ်

(ဂ) လှိုင်သာယာနှင့် ရွှေပြည်သာတွင်နေထိုင်သူ – သမိုင်းလမ်းဆုံ

(၃) လောင်စာဆီဈေးနှုန်း အတက်အကျပေါ်မူတည်၍ ကားငှားရမ်းခဈေးနှုန်းများ အပြောင်းအလဲရှိနိုင်ပါသည်။



www.foreverspace.com.mm

www.foreverspace.com.mm



# စားသောက်ကုန်အမျိုးမျိုးနှင့် ရေမွှေးထုတ်လုပ်ရာတွင် အသုံးဝင်သော ဗနီလာပင် မြန်မာနိုင်ငံတွင် ပထမဆုံးစိုက်ပျိုးမည်

**သတင်းဆောင်းပါး – သန်းထိုက်သူ**

၂၅–၇–၂၀၀၅

**စားသောက်ကုန်အမျိုးမျိုးဖြစ်သော ချောကလက်၊ ကိတ်မုန့်၊ ရေခဲမုန့် အမျိုးမျိုးနှင့် ရေမွှေးပြုလုပ်ရာတွင် အသုံးပြုသော ဗနီလာ(Vanilla) ပင်များကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအနေဖြင့် စမ်းသပ်စိုက်ပျိုးမည်ဖြစ်ကြောင်း အာနန္ဒာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စိုးအေးမီကျော်က Living Color သို့ ပြောကြားသည်။**

စမ်းသပ်စိုက်ပျိုးမည့် ဗနီလာပင်သည် ပြင်သစ်နိုင်ငံ မျိုးရင်းများဖြစ်ပြီး အပင် ၃၀၀၀ ခန့် စတင်စိုက်ပျိုးရန် ပျိုးပင်များ မှာယူထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးမည့် ဒေသအဖြစ် ရခိုင်ပြည်နယ်နှင့် သံတောင်ဒေသကို ရွေးချယ်ထားကြောင်း ၎င်းက ပြောကြားသည်။

ဗနီလာပင်သည် အသီးမှ အမွှေးနံ့ထုတ်ယူရသည့်အပင်ဖြစ်ပြီး အဆိုပါနည်းစနစ်များသည် အလွန်ရှုပ်ထွေး၍ ကုန်ကျစရိတ်များပြားသဖြင့် ဗနီလာအမွှေးနံ့ဆန်ဆန် အဖိုးနည်းသော အမွှေးနံ့များကို ဓာတုဗေဒနည်းလမ်းများဖြင့် ထုတ်လုပ်နိုင်ခဲ့သောကြောင့် ဗနီလာပင် စိုက်ပျိုးရေးကို ဝင်ငွေမမှန်သောလုပ်ငန်းအဖြစ် ယခင်က သုံးသပ်ရှုမြင်ခဲ့ကြရာမှ ယခုနောက်ပိုင်းတွင် အဆိုပါဗနီလာအမွှေးနံ့သည် ချောကလက်ကဲ့သို့သော စားသောက်ဖွယ်ရာများနှင့် ရေမွှေးအမျိုးမျိုးအတွက် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြရာ ကမ္ဘာတွင် ဈေးကွက်ရှိသောအပင်အဖြစ် နိုင်ငံအတော်များများတွင် ပြန်လည်စိုက်ပျိုးလာကြသည်။

မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးမည့် ဗနီလာပင်များ ဖြစ်ထွန်းအောင်မြင်လာပါက ကုန်ကြမ်းအဆင့်တွင် ပြင်သစ်နိုင်ငံ ချောကလက်ထုတ်စက်ရုံများသို့ တင်ပို့မည်ဖြစ်ကြောင်း၊ ဈေးကွက်ရှိပြီးဖြစ်၍ ပြည်ပတင်ပို့မှုအတွက် စိုးရိမ်စရာမလိုကြောင်း ဒေါ်စိုးအေးမီကျော်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ဗနီလာတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေအမြောက်အမြား ရရှိနေသောတိုင်းပြည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဗနီလာကို အမေရိကန်နိုင်ငံက အများဆုံးဝယ်ယူခြင်းဖြစ်ပြီး ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ UK နှင့် ဂျပန်နိုင်ငံများသို့လည်း ဗနီလာအမြောက်အမြား တင်ပို့နိုင်ခဲ့သည်။ အိန္ဒိယသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း နိုင်ငံခြားသို့ ဗနီလာတင်ပို့မှုမှ ရူပီး ၄.၉၇ သန်း ရရှိခဲ့ကြောင်း ဟင်းခတ်အမွှေးအကြိုင်အသင်းကြီး (Spices Board) က ခန့်မှန်းသည်။

ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယနိုင်ငံမှ ဗနီလာသည် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၈၀ ခန့်ရရှိနေပြီး ဗနီလာအမျိုးအစား အမျိုးမျိုးအတွက် ၇.၃ မက်ထရစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀ မှ ၈၀ ဈေးနှုန်းအတွင်း ပေါက်ဈေးရရှိအောင် ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါအသင်းကြီး၏ ထုတ်ပြန်ချက်က ဆိုသည်။ ဗနီလာပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို နှစ်သက်သည်။ မြေနိမ့်အရပ်မှ ပေ ၂၀၀၀ အထိမြင့်သောဒေသများတွင် ပေါက်ရောက်သည်။ မြေပြင်မှထွက်ကာ နွယ်တက်တတ်သောအပင်ဖြစ်ပြီး လောင်းရိပ်မများလွန်းဘဲ ကွက်တိကွက်ကြား အလင်းရောင်ရရှိသောနေရာများနှင့် သစ်ပင်များတွင် အမြစ်မြွှာများဖြင့် တွယ်ကပ်ပေါက်တတ်၍ အခေါက်ရှိသော အပင်ကြီးမျိုးများရှိရာနေရာများတွင် စိုက်ပျိုးနိုင်သဖြင့် ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရန် အထူးသင့်လျော်သည်ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

ဗနီလာပင် စတင်ပေါက်ရောက်ရာအရပ်သည် မက္ကဆီကိုနိုင်ငံဖြစ်ပြီး ယခု

**ဗနီလာအပွင့်နှင့် အသီး**



www.foreverspace.com.mm





ဗနီလာစိုက်ခင်း

အခါ ပြင်သစ်နိုင်ငံတောင်ပိုင်း ဂျားဗား ကျွန်း၊ သီဟိုဠ်ကျွန်း၊ အနောက်အိန္ဒိယ ကျွန်းနှင့် အပူပိုင်းဒေသ နိုင်ငံအတော်များ များတွင် စိုက်ပျိုးအောင်မြင်လျက် ရှိသည်။

ဗနီလာပင်သည် သစ်ခွပင်တစ်မျိုး ဖြစ်၍ ကြီးမားရှည်လျားသော နွယ်ပင် အောကီဒေးစီအီးမျိုးရင်းတွင် ပါဝင်သည်။ အပင်ပေါက်ပြီး ၁၅ လမှ ၁၈ လအကြာ တွင် အပွင့်ပွင့် အသီးသီးသည်။ အသီးသည် ရှည်ရှည်လုံးလုံး အသီးတောင့်များဖြစ်၍ ခြောက်လက်မမှ ကိုးလက်မအထိ ရှည်ပြီး အတွင်းရှိ မည်းနက်၍ ကျိုချွဲသောအနှစ်များနှင့် သေးငယ်သောအစေ့များမှ အမွှေးနံ့ ထုတ်ယူရသည်။

ပြည်ပသို့ ကုန်ကြမ်းတင်ပို့ရာတွင် စံချိန်မီစေရန် အသီးတောင့်များ ကောင်းစွာ မမှည့်မီ အသီးတောင့်များ အဝါရောင်သန်း လာလျှင် ဆွတ်ခူးရပြီး ရေနွေးပူပူတွင် ခေတ္တစိမ်၍ ဆယ်ယူပြီးလျှင် ခြောက်သွေ့ အောင် ပြုလုပ်ရသည်။ အမွှေးနံ့ထုတ်ယူ နိုင်သည့် စံချိန်မီအသီးတောင့်များသည် ချောကလက်အရောင်ရှိ၍ တွန့်လိမ်သေး သွယ် ညွတ်ပျောင်းနေပြီး အသီးတောင့်များ ပေါ်တွင် သကြားခဲကဲ့သို့ ဖြူဖြူအခဲများ ဖြစ်ပေါ်နေရသည်။ ထိုအခဲများမရှိပါက အမွှေးနံ့ထုတ်ယူရန် အဆင့်မမီဟု သတ် မှတ်နိုင်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမည့်အပင် များကို လတ်တလောအခြေအနေတွင် ပျိုးပင်အဖြစ်ထားရှိပြီး မကြာမီ ရခိုင်ဒေသ တွင် သစ်ခွစိုက်ပျိုးသည့်ပုံစံဖြင့် စိုက်ပျိုး မည်ဖြစ်ကြောင်း၊ အပင်စိုက်ပျိုးအောင်မြင်မည့် သင့်တော်သော ရာသီဥတုအခြေအနေများ တွေ့ရှိထားသော်လည်း စံချိန်မီအသီးများ ထွက်လာရန် များစွာ ဂရုတစိုက် စိုက်ပျိုး ရမည်ဖြစ်ကြောင်း ဒေါ်စိုးအေမီကျော်က ပြောကြားသည်။

အဆိုပါအပင်စိုက်ပျိုးရခြင်းနှင့် ပတ်သက်၍ မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီပြီး စိုက်ပျိုး၍ရနိုင်သော ကမ္ဘာ့ ဈေးကွက်ဝင် အပင်ရာပေါင်းများစွာရှိကြောင်း၊ ယင်းတို့အနက်မှ အောင်မြင်မှုရှိနိုင်သည့် အပင်များကို စနစ်တကျ စမ်းသပ်စိုက်ပျိုးပြီး အောင်မြင်ပါက တိုးချဲ့စိုက်ပျိုးမည်ဖြစ် ကြောင်း၊ စိုက်ပျိုးလိုသူ လုပ်ငန်းရှင်များကို လည်း အကူအညီပေးသွားမည်ဖြစ်ကြောင်း အာနန္ဒာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စိုးအေမီကျော်က ထပ်လောင်းပြော ကြားသည်။

– Ref: မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)
– Vanillaindia.blogspot.com

# စိုက်ပျိုးမြေသစ်များတွင် ပြည်ပပို့ကုန် ဆီထွက်သီးနှံ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရန်ကုန်၊ ဇူလိုင် ၂၆

ဖော်ထုတ်ပြီးစီးသွားသည့် မြေ လွတ်မြေရိုင်းများတွင် ယခုနှစ် စိုက်ပျိုး ရာသီ၌ အဓိကအရေးပါသော ဆီထွက်သီးနှံ အုပ်စုဝင် မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် နေကြာ စိုက်ပျိုးမှုဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး သွားပြီဖြစ်ကြောင်း မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး ကောက်ပဲသီးနှံ ဌာနမှ ထုတ်ပြန်သော စာရင်းဇယားများ အရ သိရသည်။

အဆိုပါသီးနှံများအတွက် စိုက်ပျိုး ရန် လျာထားချက်မှာ ဧက ၁၅,၇၀၀ ကျော်ဖြစ်ပြီး လက်ရှိစိုက်ပျိုးပြီးစီးမှုမှာ လျာထားချက်ပြည့်မီရန် အနည်းငယ်သာ လိုတော့ကာ ယခုနှစ် မိုးရာသီအတွက် နေကြာစိုက်ပျိုးမှုမှာ လျာထားချက်တွင် မပါဝင်သော်လည်း ဧက ၆၀ ကျော် စိုက် ပျိုးပြီးစီးခဲ့ကြောင်း အဆိုပါဌာနမှ ထုတ် ပြန်သော စာရင်းများဇယားများအရ သိရ သည်။

အဆိုပါစိုက်ပျိုးပြီးစီးမှုပမာဏတွင် မြေရိုင်းများ ယခင်လုပ်ခွင့်ပြုထားသည့်

**ကောက်ပဲသီးနှံဌာနမှ ထုတ်ပြန်သော ၂၆–၇–၂၀၀၅ ရက်နေ့အထိ မြေယာသစ်များတွင် ကောက်ပဲသီးနှံစိုက်ပျိုးပြီးစီးမှုဇယား**

| စဉ် | စိုက်ပျိုးမှု | ရည်မှန်းချက် | ပန်းနှမ်း | နှမ်း | မြေပဲ | နေကြာ |
|---|---|---|---|---|---|---|
| ၁။ | မြေရိုင်းများ ယခင်လုပ်ပိုင်ခွင့်ပြုထားသည့်အနက်မှ စိုက်ပျိုးမှု | လျာထား | ၃၂၀ | ၆၀၇၅ | ၄၇၃ | – |
| | | အမှန်စိုက် | – | ၅၄၇၅ | ၆၇ | ၅၄ |
| ၂။ | စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ကုမ္ပဏီများနှင့် ညှိနှိုင်းဖော်ထုတ်သည့် မြေယာသစ်တွင် စိုက်ပျိုးမှု | လျာထား | ၄၅ | ၂၅၀၆ | ၁၃၀၀ | – |
| | | အမှန်စိုက် | ၅၀ | ၁၃၈၅ | ၈၅၄ | – |
| ၃။ | ဒေသအာဏာပိုင်အစီအစဉ်ဖြင့် စိုက်ပျိုးမှု | လျာထား | ၉၃၀ | ၂၄၀၀ | – | – |
| | | အမှန်စိုက် | – | ၂၁၉၅ | – | – |
| ၄။ | ကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးမှု | လျာထား | ၁၀၀ | ၁၂၇၀ | ၃၁၀ | – |
| | | အမှန်စိုက် | – | ၁၆၃၉ | ၂၂၈၁ | ၁၅ |

အနက်မှ စိုက်ပျိုးမှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုမ္ပဏီများနှင့် ညှိနှိုင်းရှာဖွေဖော်ထုတ်သည့် မြေယာသစ်တွင် စိုက်ပျိုးမှု၊ ဒေသအာဏာပိုင်များအစီအစဉ်ဖြင့် ကုမ္ပဏီတပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးမှုနှင့် ကျွန်းစိုက်ခင်းများတွင် ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးမှုတို့ ပါဝင်သည်။ ■

LIVING COLOR MAGAZINE
526302 , 504496 , 4412163
Chief Editor - c-editor@myanmarpartners.com.mm
News Room - myanfo@myanmarpartners.com.mm
Marketing - paz@myanmarpartners.com.mm



www.foreverspace.com.mm

www.foreverspace.com.mm





# သင် ဘယ်ရာစုမှာနေမလဲ

အောင်ထွဋ်

**၂၁ ရာစု ကမ္ဘာကြီး၏ ထူးခြားသောအင်္ဂါရပ်မှာ သတင်းဆက်သွယ်ရေးနည်းပညာများကြောင့် ယခင်ရှိနေခဲ့သော နေရာ၊ ဒေသ၊ နယ်နိမိတ်နှင့် အကွာအဝေးဆိုင်ရာ ကန့်သတ်ချက်များ၊ အချိန်နှင့်ပတ်သက်သော ကန့်သတ်ချက်များကို ကျော်လွှားကာ မိမိတို့၏ဆက်သွယ်မှုမြန်နှုန်းကို မြှင့်တင်လာနိုင်ခြင်း ဖြစ်ပေသည်။ သို့တိုင်အောင် အထီးကျန်နေထိုင်၍ မရသော သဘာဝ၏နိယာမအရ လူသားအချင်းချင်းဆက်သွယ်ရေး၊ အဖွဲ့အစည်းအချင်းချင်းဆက်သွယ်ရေး စသည်များမှာလည်း တည်ရှိမြဲတည်ရှိနေရာ မိမိတို့နှင့် ဆက်သွယ်လုပ်ကိုင်နေသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ မြန်နှုန်းကန့်သတ်ချက်သည် မိမိတို့အတွက် ကန့်သတ်ချက်သဘော ပြန်ဖြစ်လာခဲ့သောကြောင့် လူသားအားလုံး၊ အဖွဲ့အစည်းအားလုံး မြန်နှုန်းမြှင့်တင်ရေးသည် ၂၁ ရာစု လူသားများ၏တာဝန် ဖြစ်လာပါသည်။**


## မြင်ကွင်း (၁)

ကျော်ဆွေသည် အပတ်စဉ်ထုတ် သတင်းစာစောင် ပြည်သူ့အသံ၏ အယ်ဒီတာချုပ် ဖြစ်သည်။ ယခုလောလောဆယ် သူ့ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ပေါ်နေသောစာမျက်နှာမှာ လာမည့်တနင်္လာနေ့တွင် ထုတ်ဝေမည့် ၎င်းတို့၏ စာစောင်မျက်နှာဖုံး ဖြစ်သည်။ ၎င်းတို့၏ Layout Designer တစ်ဦးက အဆိုပါ စာစောင်၏ မျက်နှာဖုံးဒီဇိုင်းကို အချောသတ်ပြီးပြီဖြစ်ကြောင်း e-mail ပို့ထား၍ အဆိုပါ Designer ၏ ကွန်ပျူတာ PC 1 ထဲသို့ဝင်၍ မျက်နှာဖုံးကို ကြည့်နေခြင်း ဖြစ်သည်။

မျက်နှာဖုံးတွင် အသုံးပြုထားသော ဓာတ်ပုံတွင် အလင်းရောင်နည်းနေသောကြောင့် ကွန်ပျူတာပေါ်တွင်ပင် ဖြုတ်ယူကာ Picasa Software ပေါ်သို့တင်၍ အလင်းရောင်ပေးပြီးနောက် နေသားတကျ မူလနေရာတွင် ထည့်ပေးနေခြင်း ဖြစ်သည်။ ဒီဇိုင်းဆရာသည် သူ့ကွန်ပျူတာရှေ့တွင် ရှိနေကြောင်း တစ်

www.foreverspace.com.mm





ဖက်ခန်းသို့ ကူးသွားစရာမလိုဘဲ သူသိနေသည်။ အဘယ့်ကြောင့် ဆိုသော် ဒီဇိုင်းဆရာ၏ Skype Name. 'cobra' မှာ Skype Online ပေါ်တွင် မီးစိမ်းလင်းနေသောကြောင့် ဖြစ်သည်။ ဒီဇိုင်းဆရာ၏ Code Name ပေါ်တွင် Double Click လိုက်ရာ ဒီဇိုင်းဆရာ၏ ထူးသံပေါ်လာသည်။

"ကျွန်တော် မဲခေါင် သတင်းဓာတ်ပုံ ပြင်ထားတယ်။ မူလ ပုံကို ပြန်မသုံးနဲ့တော့နော်" ဟု လှမ်းပြောလိုက်ရာတွင် တစ်ဖက်က "ဟုတ်ကဲ့" ဟု ပြန်ပြောသည်။


ဒီဇိုင်းဆရာနှင့် အယ်ဒီတာချုပ်တို့သည် ဟိုဘက်ခန်း ဒီဘက်ခန်း အလုပ်,လုပ်နေကြသော်လည်း ရုံးတွင်းချိတ်ဆက်ထားသော Network ပေါ်မှ တစ်ယောက် ကွန်ပျူတာထဲ တစ်ယောက် ဝင်ကြည့်၍ ရသည်။ အယ်ဒီတာချုပ်သည်လည်းကောင်း၊ အယ်ဒီတာများသည်လည်းကောင်း ယခင်ကလို စာမူများကို Print Out ထုတ်၍ ပရုဖ်ဖတ်ရန် မလိုတော့ပေ။ DTP Operator များ၏ ကွန်ပျူတာများကို PC 3, 4, 5, 6, 7 ဟူ၍ နံပါတ်များ ပေးထားရာ အယ်ဒီတာများသည် အဆိုပါကွန်ပျူတာများထဲသို့ဝင်၍ ပရုဖ်ဖတ်နိုင်သည်။ ပြင်ဆင် တည်းဖြတ်နိုင်သည်။ အဆိုပါလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရုံးတွင်းကွန်ရက်ပေါ်တွင် အလုပ်လုပ်သွားကြခြင်း ဖြစ်သည်။ Layout Designer သည် အဆိုပါ ကွန်ပျူတာစာစီထားသော စာမူများကို ၎င်းတို့၏ ကွန်ပျူတာ အမှတ် PC 1 နှင့် 2 တို့ထဲ ဆွဲယူ၍ ဒီဇိုင်းပြုလုပ်နေခြင်းဖြစ်သည်။

အယ်ဒီတာများ၊ ဒီဇိုင်နာများ၊ DTP Operator များအားလုံး တစ်ဦးကိုတစ်ဦး ဆက်သွယ်ရာတွင် e-mail ဖြင့် အကြောင်းကြားသည်။ အခန်းချင်းကပ်လျက် အလုပ်,လုပ်နေကြခြင်းဖြစ်သော်လည်း e-mail အသုံးပြုခြင်းဖြင့် စာပေးစာယူများအားလုံး ထိုင်ရာမထ ပြီးစီးသည်။ စက္ကူကုန်လည်း သက်သာသည်။ ပြောရလျှင် e-mail ဖြင့် ဆက်သွယ်ခြင်းသည်လည်းကောင်း၊ Skype ပေါ်မှ အသံဖြင့် ဆက်သွယ်ခြင်းသည်လည်းကောင်း ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ပေါ်သို့တက်၍ ပြန်ဆင်းရခြင်းဖြစ်သော်လည်း စက္ကန့်ပိုင်းပင် မကြာမြင့်ဘဲ ဆက်သွယ်၍ရနေသည်မှာ မြန်နှုန်းမြင့် အင်တာနက်များ ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်။

ကျော်ဆွေ ပြည်ပ၌ သတင်းစာပညာ သင်တန်းတစ်ခု သုံးလကြာ သွားရောက်တက်ရောက်နေစဉ်ကာလကလည်း Skype Online ပေါ်မှ ၎င်း၏ရုံးသို့ အချိန်မရွေး တယ်လီဖုန်း အဆက်အသွယ်ပြုနိုင်ခဲ့ပြီး ထို့အတွက် တယ်လီဖုန်းခ တစ်ပြားတစ်ချပ်မှ မကုန်ကျခဲ့ပေ။

၎င်းတို့၏ရုံးတွင် ကွန်ပျူတာ ၁၂ လုံးရှိပြီး ၁၂ လုံးစလုံးကို Network ချိတ်ထားသည်။ ၁၂ လုံးစလုံး တစ်ပြိုင်နက် မြန်နှုန်းမြင့် အင်တာနက် အသုံးပြုနိုင်ကြသည်။ အင်တာနက်ပေါ်မှတစ်ဆင့် အယ်ဒီတာတစ်ဦးမှ တစ်ဦးသို့ e-mail ပို့နိုင်သည်။ အယ်ဒီတာတိုင်းတွင် e-mail ကိုယ်စီရှိကြသည်။ အင်တာနက်ပေါ်မှ Skype Software သုံး၍ အသံဖြင့် တယ်လီဖုန်းကဲ့သို့ ဆက်သွယ်နိုင်ကြသည်။ သတင်းရုံးခန်းမှ အယ်ဒီတာသည် DTP ခန်းထဲသို့ လူကိုယ်တိုင် သွားစရာမလို။ Print Out စာရွက်စာတမ်းများလည်း မလို။ အားလုံး မိမိတို့ရှေ့ရှိ ကွန်ပျူတာမှ ထိုင်ရာမထ ပြီးစီးနိုင်သည်။

ကျော်ဆွေ ဤမီဒီယာသို့ လွန်ခဲ့သော ၇ နှစ်ခန့်က အငယ်တန်းအယ်ဒီတာတစ်ဦးအဖြစ် စတင်ရောက်ရှိစဉ်က ၎င်းတို့၏ ရုံးတွင် Apple ကွန်ပျူတာ အဟောင်းတစ်လုံးသာ ရှိသည်။ အရာရာကို ဤကွန်ပျူတာဖြင့် ရိုက်နှိပ်၍ Print Out ထုတ်ပြီးမှ အယ်ဒီတာများ၊ ဒီဇိုင်နာများက အလုပ်လုပ်ရသည်။ ဒီဇိုင်နာသည် ကွန်ပျူတာ Print Out များကို စက္ကူကတ်ထူပြားပေါ်တွင် ဖြတ်ညှပ်ကပ်၍ ဒီဇိုင်းပြုလုပ်ရသည်။ ကျော်ဆွေကိုယ်တိုင်လည်း




www.foreverspace.com.mm



ကွန်ပျူတာဆိုလျှင် Page Maker တစ်မျိုးသာ သုံးလို့ရသည့် လက်နှိပ်စက်နှင့် တယ်လီဗေးရှင်း ပေါင်းစပ်ထားသောအရာဖြစ်သည်ဟု ထင်မှတ်ခဲ့ဖူးသည်။

နောက်ပိုင်းတွင် IBM ကွန်ပျူတာများသာ ခေတ်စားလာတော့မည်ဟု သဘောပေါက်သောကြောင့် ၂၀၀၀ ပြည့်နှစ်တွင် ကျော်ဆွေတို့ IBM ကွန်ပျူတာတစ်လုံး စတင်ဝယ်ယူခဲ့သည်။ ကျော်ဆွေတို့ရုံးသို့ လာရောက်လေ့လာ၍ Project တင်သော ကွန်ပျူတာတက္ကသိုလ်ကျောင်းသားတစ်စုက ကျော်ဆွေတို့အတွက် အသုံးတည့်မည့် Network စနစ်တစ်ခုကို Project ရေးဆွဲ၍ ၎င်းတို့ဘွဲ့ယူစာတမ်းအဖြစ် တင်ပြရာတွင် ကျော်ဆွေတို့ကို မိတ္တူတစ်ခုပေးခဲ့သည်။ ထိုအချိန်အထိ အဆိုပါစနစ်ကို မိမိတို့ တစ်နေ့တွင် မဖြစ်မနေသုံးရတော့မည်ဟု သဘောမပေါက်ခဲ့ပေ။

လွန်ခဲ့သော ၂ နှစ်မှစ၍ ကျော်ဆွေနှင့် အယ်ဒီတာအားလုံး Network ပေါ်တွင် အလုပ်လုပ်ရခြင်းကို ကျင့်သားရသွားကြသည်။ ပရုဖ်ဖတ်ခြင်း၊ တည်းဖြတ်ခြင်း၊ ဓာတ်ပုံလဲလှယ်ခြင်း၊ ထည့်သွင်းပေးခြင်း၊ ဒီဇိုင်းများကို အဆုံးအဖြတ်ပေးခြင်းတို့မှသည် ရုံးတွင်း စာပေးစာယူအားလုံး ထိုင်ရာမထ အလုပ်လုပ်နိုင်သွားခဲ့သည်။ ယခုဆိုလျှင် ကျော်ဆွေနှင့် သူ၏ အမှုဆောင်အရာရှိချုပ်တို့၏ Laptop ကွန်ပျူတာများသည် ကြိုးမဲ့ Network စနစ်ကို အသုံးပြုနေကြပြီ ဖြစ်သည်။ ၎င်းတို့၏ ကွန်ပျူတာများကို ရုံးတွင်းကြုံရာနေရာတွင် ဖွင့်သုံးနိုင်သည်။ အင်တာနက်အဆင်သင့်၊ Network အဆင်သင့်။ ပြောရလျှင် ရုံးနောက်က လက်ဖက်ရည်ဆိုင်ထိ ၎င်းတို့၏ ဝိုင်ယာလက် Network စနစ်က အလုပ်လုပ်သည်။ လက်ဖက်ရည်သောက်ရင်းပင် ရုံးပေါ်က စာမူတစ်ခုကို Laptop ဖြင့် လှမ်းဖတ်၍ ရနေသည်။ ဆက်သွယ်ရေး အခြေခံအဆောက်အဦများ တိုးတက်လာခဲ့လျှင် ဤအလုပ်အားလုံးကို အိမ်မှပင် ထိုင်ရာမထ ရုံးတွင်း Network ကို ချိတ်ဆက်အလုပ်လုပ်နိုင်ဦးမည် ဖြစ်သည်။







## မြင်ကွင်း (၂)

ရဲမြတ်သည် မန္တလေးမြို့တွင် အခြေစိုက်သော ကွန်ပျူတာကုမ္ပဏီတစ်ခု၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်သည်။ ရန်ကုန် MICT Park တွင် ပြပွဲတစ်ခုရှိ၍ ရန်ကုန်သို့ ခေတ္တရောက်ရှိနေခြင်းဖြစ်သည်။ မန္တလေးမှ အလုပ်များကို စိတ်မချသောကြောင့် ၎င်း၏မိတ်ဆွေ ပြည်သူ့အသံ သတင်းစာစောင်ရုံးခန်းရှိ ဝိုင်ယာလက်အင်တာနက်စနစ်ကိုသုံး၍ ၎င်း၏ Laptop Computer ဖြင့် ၎င်း၏ မန္တလေးရုံးအခြေအနေကို ကွန်ပျူတာဖန်သားပြင်ပေါ်တွင် ကြည့်ရှုနေခြင်း ဖြစ်သည်။

၎င်း၏ Website ဖြစ်သော betainfo.com Website ထဲသို့ ဝင်သွားလျှင် Password ဖြင့် ဝင်ကြည့်ရသော အကန့်တစ်ကန့်ရှိသည်။ ထိုအကန့်ထဲသို့ ဝင်လိုက်လျှင် Webcam ဖြင့် ရိုက်ကူး၍ အင်တာနက်ပေါ်သို့ ၂၄ နာရီ တင်ပေးထားသော ရုံးတွင်းမြင်ကွင်းကို မျက်မြင်ကိုယ်တွေ့ ခံစားကြည့်ရှုနိုင်သည်။ ကွန်ပျူတာဖန်သားပြင်ပေါ်တွင် Front Office ခေါ် အလုပ်လက်ခံသည့်ဌာန Web Cam icon ကို Click လုပ်လိုက်သောအခါ Hardware အလုပ်လက်ခံသည့်ဌာန၏ လုပ်ငန်းခွင်ကို ရိုက်ကူးထုတ်လွှင့်နေသောပုံ တက်လာသည်။

ရဲမြတ်တို့၏ရုံးတွင် HTML ခေါ် အင်တာနက်ပေါ်တွင် အသုံးပြုနိုင်သောစနစ်ဖြင့် ရေးဆွဲထားသည့် Project Software တစ်ခုကိုသုံး၍ တစ်ရုံးလုံးကို စီမံခန့်ခွဲကြသည်။ ကွန်ပျူတာတစ်လုံးပျက်၍ လာပြင်သည်နှင့် Front Office မှ အဆိုပါကွန်ပျူတာကို နံပါတ်တပ်ပေးပြီး Network ပေါ်မှပင် Job Assignment ကို ဆေးကုသမှုမှတ်တမ်းဆန်ဆန် ပြုလုပ်ထား

www.foreverspace.com.mm



သော ဒစ်ဂျစ်တယ်စာမျက်နှာဖြင့် Hardware ပညာရှင်များသို့ Doctor 1, 2, 3, 4 စသည်ဖြင့် ခွဲခြား၍ အလုပ်ခွဲဝေချပေးလိုက်သည်။ သက်ဆိုင်ရာ Doctor 1 သို့မဟုတ် 2 သို့မဟုတ် တစ်ယောက်ယောက်က Job Allocation တွေ့လျှင် ကွန်ပျူတာကို လာယူ၍ စစ်ဆေးပြင်ဆင်ပြီး ကုသမှုကို အဆိုပါဆေးကုသမှတ်တမ်း Digital File ပေါ်တွင် မှတ်တမ်းတင်ပေးရသည်။

ဘယ်ပညာရှင်ထံတွင် ကွန်ပျူတာ ဘယ်နှလုံး ရောက်နေသည်၊ ဘယ်အလုံးက ဘယ်အဆင့်ရောက်နေသည်၊ ဘယ်အလုံး ပြီးပြီ၊ ဘယ်အလုံး ဘယ်နေ့ပြီးမည်၊ ဘယ်သူ့ထံတွင် အလုပ်တွေ ပိနေသည် စသည် အားလုံး Software ပေါ်တွင် ရုံးမှ မည်သူမဆို ဝင်ကြည့်နိုင်သည်။ အဆိုပါ Software ကို အင်တာနက်ပေါ်တွင် တင်ထားရာ ယခုပင် ရဲမြတ်သည် ရန်ကုန်မှနေ၍ ယနေ့ မန္တလေးရုံး၏ အလုပ်ရရှိမှု၊ ပြီးစီးမှုများကို ဝင်ရောက်စစ်ဆေးနိုင်ခြင်း ဖြစ်သည်။ ရုံးတွင်းမြင်ကွင်းကိုလည်း မျက်ဝါးထင်ထင် မြင်ရသည်။

## မြင်ကွင်း (၃)

ကမ္ဘာလုံးကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဦးမျိုးဝင်းသည် ဖိုင်တွဲပုံကြီးနောက်တွင် ထိုင်နေသည်။ ၎င်း၏အတွင်းရေးမှူး သန္တာသည် စားပွဲရှေ့တွင် မရဲတရဲရပ်ရင်း ဖိုင်တွဲတစ်တွဲကို လာချသည်။

"ဒီစာက အရေးကြီးလို့ပါဆရာ။ UMFCCI က မနေ့က e-mail ပို့လိုက်တာ၊ Last Date နဲ့ ကပ်နေလို့ပါဆရာ"

"မနေ့က ပို့လိုက်တဲ့ e-mail ကို မနေ့က ဘာလို့ မပြောလဲ"

"e-mail က ဒီကနေ့မှ ရောက်လို့ပါ ဆရာ၊ အခု Print Out ထုတ်ပြီး လာတင်ပေးတာပါဆရာ"

From; umfcci@mptmail.net.mm to; kabalone @mptmail.net.mm ဟု ရေးထားသည်။ kabalone@mptmail.net.mm မှာ ကုမ္ပဏီတစ်ခုလုံး ဝိုင်း၍သုံးရသော ဘုံသုံး e-mail ဖြစ်သည်။ စာမှာ အာဆီယံဆုတစ်ခုအတွက် အသင်းအဖွဲ့အလိုက် အမည်စာရင်းများ ပေးပို့ကြရန် နှိုးဆော်ထားခြင်း ဖြစ်သည်။ အရေးကြီးသောအချက်များနှင့် Last Date တို့ကို အတွင်းရေးမှူး သန္တာက High Light လုပ်၍ အရေးကြီးသုံးချက် တင်ပြပါသည်ဟု လက်မှတ်ထိုးထားသည်။ ယနေ့အစည်းအဝေးခေါ်မှ ရမည်၊ တင်ပြပါသည်ဟု ရုံးအဖွဲ့မှူးက မှတ်ချက်ရေးထားသည်။

"ဒါဖြင့် တို့အသင်းအစည်းအဝေး ခေါ်ရမှာပေါ့။ EC တွေ အားလုံးကို ဖုန်းဆက်စမ်း"ဟု အော်ရင်း ဦးမျိုးဝင်းကိုယ်တိုင် ၎င်းတို့၏ လုပ်ငန်းရှင်အသင်း အတွင်းရေးမှူးထံ တယ်လီဖုန်း နှိပ်နေသည်။ ဦးမျိုးဝင်း၏ Sony အမျိုးအစား Laptop ငယ်သည် ဖုန်အလိမ်းလိမ်းဖြင့် ဖိုင်တွဲများအကြားတွင် မြုပ်နေသည်။

## နိဂုံး

အထက်ပါမြင်ကွင်းသုံးခုစလုံးသည် ဖြစ်ရပ်အမှန်များ ဖြစ်ပါသည်။ စာရွက်စာတမ်းများ အတက်အဆင်း မပြုလုပ်ရဘဲ ကွန်ရက်ပေါ်တွင် စီမံခန့်ခွဲနိုင်သည့် e-management စနစ်သည် ခေတ်မီအဖွဲ့အစည်းအချို့တွင် လက်တွေ့အသုံးပြုလျက်ရှိနေပြီး များစွာ ထိရောက်မှုရှိသည်ကို ၎င်းတို့၏ လုပ်ငန်းအောင်မြင်မှုများက သက်သေခံလျက် ရှိပါသည်။

အထက်တွင်ဖော်ပြခဲ့သော ကုမ္ပဏီသုံးခု၏ လောလောဆယ် လုပ်ငန်းပမာဏများကိုကြည့်လျှင်မူ ကမ္ဘာလုံးကုမ္ပဏီသည် အကြီးဆုံးဖြစ်ပြီး လည်ပတ်ငွေ သိန်းပေါင်းသောင်းချီသည်ကို တွေ့ရမည် ဖြစ်ပေသည်။ Beta ကွန်ပျူတာကုမ္ပဏီသည် လုပ်ငန်းလည်ပတ်ငွေ သိန်းထောင်ဂဏန်းဖြစ်ပြီး ပြည်သူ့အသံသည် သိန်းရာဂဏန်း ဖြစ်ပါသည်။

စာဖတ်သူများကို မေးခွန်းတစ်ခု မေးလိုပါသည်။ နောက်ငါးနှစ်ကြာလျှင် ကမ္ဘာလုံးကုမ္ပဏီနှင့် ပြည်သူ့အသံသတင်းစာစောင်တို့၏ အခြေအနေ နှိုင်းယှဉ်ချက် မည်သို့ရှိမည်ဟု ထင်ပါသနည်း။

လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ ကျွန်ုပ်တို့၏ ပြင်ပကမ္ဘာကြီးသည် ၂၁ ရာစုတွင် ရောက်ရှိနေသည်မှာ အမှန်ပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာကြီးနှင့် အပြည့်အဝ မချိတ်ဆက်ရသေးသောကြောင့် ဤကိစ္စကို ယခုအခါ မိမိတို့နှင့် မသက်ဆိုင်သလို နေနိုင်ကောင်း နေထိုင်နိုင်ပါလိမ့်မည်။ တစ်ဖက်တွင်လည်း ယခုအထိ ချိတ်ဆက်ထားသမျှ နယ်ပယ်ပေါင်းစုံတွင် ကမ္ဘာလုံးသဘောတရားများ တရွေ့ရွေ့ တိုးဝင်လာနေသည်မှာလည်း အားလုံးအသိပင် ဖြစ်ပါသည်။ အဆိုပါ ကမ္ဘာလုံးဆိုင်ရာရေစီးကြောင်းကို မြန်မာစီမံခန့်ခွဲသူများအနေဖြင့် ၁၂ ရာစုစံဖြင့် ရှုမြင်မည်လား၊ ၁၉ ရာစုစံဖြင့် ရှုမြင်မည်လား၊ ၂၀ ရာစုစံဖြင့် ရှုမြင်မည်လား၊ ၂၁ ရာစုစံဖြင့် ရှုမြင်မည်လားဆိုသည်မှာ သင် ဘယ်ရာစုတွင် နေသလဲဆိုသည့်အပေါ် မူတည်ပါလိမ့်မည်။

**အောင်ထွန်း**

www.foreverspace.com.mm



ဤကဏ္ဍတွင်......

၄၆N ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းကတ်ဈေးကွက်၏လားရာသစ်
၅၀ ဂလိုဘယ်ဆန်လာသောကျော့ရှင်းခြင်းနှင့် ခန္ဓာအလှဗေဒပုံလောင်းစီးပွား
၅၅ မင်းစုံတောင်ကြယ်လိပ်ထိန်းသိမ်းရေးနှင့် သဘာဝအခြေခံခရီးသွား အလားအလာ
၆၁ အာရှစွမ်းအင်အရင်းအမြစ်သို့ ဦးတည်လာသော သံလွင်နှင့် ရေအားလျှပ်စစ်စီမံကိန်းများ အခြေအနေ
၆၆ လူနေမှုအဆင့်နှင့်အတူ ဖွံ့ဖြိုးလာနေသည့် မြန်မာ့ Golf ဈေးကွက်နှင့် Golf Tourism အလားအလာ
၇၀ Football Industry ပြင်ဆင်ဖော်ထုတ်ရေး (သို့မဟုတ်) မြန်မာကြေးစား ဘောလုံးဈေးကွက်
၇၅ ရန်ကုန် ကုန်စည်ဈေးကွက်



# ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းကတ် ဈေးကွက်၏လားရာသစ်

တင်အောင်ကျော်

**၂၀၀၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရှိ ကတ်စနစ်သုံး အခပေး ရုပ်သံလိုင်းဈေးကွက်အတွင်းသို့ မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်နှင့် ကာတွန်းကားများ ကြည့်ရှုနိုင်သည့် ကတ်စနစ်သုံး မြန်မာရုပ်သံလိုင်းများ အထူးသက်သာသည့် နှုန်းထားတစ်ရပ်ဖြင့် ဝင်ရောက်လာခြင်းသည် အိမ်နီးချင်းနိုင်ငံထုတ်ကတ်အများစုကသာ ဈေးကွက်နေရာရယူထားသည့် မြန်မာနိုင်ငံ ကတ်စလောင်း (အခပေးရုပ်သံ)ဈေးကွက်အတွင်း သိသာထင်ရှားသော ဖြစ်စဉ်တစ်ရပ်ဟု ဆိုရမည် ဖြစ်ပါသည်။**

ယင်းအကျိုးဆက်သည် ဈေးကွက်အတွင်းနေရာယူထားသည့် UBC၊ အင်ဒို၊ ထိုင်ဝမ်၊ Zee ကတ်တို့၏ လက်ရှိအသုံးပြုနေသော ဈေးနှုန်းများအား လက်တလောတွင် ပြောင်းလဲလာနိုင်မှုမရှိသေးသော်လည်း UBC ကတ်ကဲ့သို့ လူကြိုက်များသော ဥရောပဘောလုံးပွဲလိုင်းများ ဖမ်းယူနိုင်မည့်ကတ်များ ပြည်တွင်းမှ ယခုကဲ့သို့ ဈေးသက်သာစွာ ရရှိမည်ဆိုပါက ထူးခြားသောအပြောင်းအလဲများ ဖြစ်လာနိုင်သည်ဟု ဂြိုဟ်တုစလောင်းကတ် ရောင်းချသူများက သုံးသပ်ကြသည်။

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ ကျေးလက်ဒေသများထိ ရောက်ရှိပျံ့နှံ့နေသော ဂြိုဟ်တုစလောင်းဖမ်းစက် ဝယ်ယူတပ်ဆင်သူများ၏ အဓိကအာသီသသည် စပိန်၊ အီတလီ၊ အင်္ဂလန် စသည့် ဥရောပဘောလုံးပွဲများ၊ ကမ္ဘာ့ဖလားဘောလုံးပွဲများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုလိုခြင်းကြောင့်ပင်ဖြစ်သည်ဟု သတင်းစာဆရာတစ်ဦးက မှတ်ချက်ပြုသည်။

အဆိုပါကောက်ချက် မည်ရွေ့မည်မျှမှန်ကန်မှုရှိသည်ဆိုရန်မှာ ပရီးမီးယားလိဂ် အင်္ဂလန်ဘောလုံးပွဲရာသီ စနေနေ့ညကဲ့သို့ ညဦးပိုင်းအချိန်တွင် ရန်ကုန်မြို့တစ်ပတ်ကားဖြင့် လှည့်လည်ကြည့်ရှုပါဟုလည်း သူက တိုက်တွန်းသည်။

အမှန်အားဖြင့် ရန်ကုန်မြို့တွင်သာမဟုတ်ပါ။ ရွှေစက်တော်ဘုရားဖူး ခရီးစဉ်လိုက်ပါသွားသူ လူငယ်တစ်ဦးသည် အင်္ဂလန် FA ဖလားဗိုလ်လုပွဲကို ရွှေစက်တော်

www.foreverspace.com.mm



မန်းချောင်းလေးကဲ့သို့ နေရာမျိုးမှလည်း ကြည့်ရှုခွင့် ရရှိနေပြီဖြစ်ပါသည်။

ESPN, STAR Sport ကဲ့သို့ အားကစား ရုပ်သံလိုင်းများသည် ထိုင်း UBC ကတ်ဖြင့် ကြည့်ရှုမှသာ အလွယ်တကူ ကြည့်ရှုခွင့်ရနိုင်ခြင်းကြောင့် အဆိုပါကတ်သည် ကတ်ဈေးကွက်တွင် လူကြိုက်များသော ကတ်ပြားတစ်ခုအဖြစ် တည်ရှိနေရခြင်းဖြစ်သည်။

အဆိုပါ UBC ကတ် ဈေးကွက်အတွင်း လူကြိုက်အများဆုံး ဖြစ်ခဲ့ရခြင်းနှင့် ပတ်သက်၍ ဝင်းလိုက်အီလက်ထရွန်နစ်မှ ဦးမျိုးဇော်ဦးက ယခုကဲ့သို့ ပြောကြားသည်။

"New Comer (အရင်ဆုံးဈေးကွက်ဝင်လာသူ) ဖြစ်တာရယ်၊ Sport Channel အားကစားလိုင်းများများပါတာရယ်က အဓိကပဲ။ နောက် မိသားစုလိုက်ကြည့်လို့ရတယ်။ သတင်းလိုင်းတော်တော်စုံတယ်။ Bloomberg လို ငွေကြေးဈေးကွက်သတင်းတွေလည်းပါတယ်။ ဒါတွေကြောင့်လို့ ပြောရမှာပဲ"

UBC ၏အခြားအားသာချက်မှာ အလွယ်တကူ သက်တမ်းတိုး၍ ရနိုင်ခြင်းနှင့် အလွယ်တကူသက်တမ်းတိုးနိုင်သောနေရာများ အများအပြားရှိနေခြင်းကြောင့် ဖြစ်သည်ဟုလည်း မြောက်ဥက္ကလာပတွင်နေထိုင်သူ ကိုမျိုးဆွေက ရှင်းပြသည်။

နောက်ဆုံးပေါ် မော်ဒယ်မြင့်စလောင်းဖမ်းစက် အများအပြားသည် အခမဲ့လိုင်းများသာမက အခပေးရုပ်ရှင်လိုင်းများ ဖမ်းယူနိုင်သည်ဆိုသော်လည်း မကြာခဏ လိုင်းပျောက်တတ်ခြင်းကြောင့် အခပေး ရုပ်သံကတ်စလောင်းများ၏ အရေးပါမှုသည် ဆက်လက်တည်တံ့နေရခြင်းလည်း ဖြစ်သည်။

ဥပမာအနေဖြင့် ရှေ့ပိုင်းတွင် ပြောဆိုခဲ့သော UBC အပြင် အင်ဒိုကတ်၊ ထိုင်ဝမ်ကတ်၊ Zee ကတ်တို့သည် ဈေးကွက်အတွင်း ဝင်ရောက်ခဲ့သော်လည်း UBC ကဲ့သို့ အောင်မြင်မှုမရခြင်းကို ဗိုလ်ရွှဲလမ်းရှိ စလောင်းတပ်ဆင်သူတစ်ဦးက ယခုကဲ့သို့ ပြောကြားသည်။

"အင်ဒိုကတ်က အဝင်နည်းတယ်။ ထိုင်ဝမ်ကတ်က ကြည့်တဲ့သူနည်းတယ်။ Zee ကတ်က ဈေးမြင့်တယ်။ ဝယ်ရခက်တယ်"

အဆိုပါပုဂ္ဂိုလ်၏ လုပ်သက်အတွေ့အကြုံနှင့်ယှဉ်သော စကားများကို ပြန်လည်ဆန်းစစ်ကြည့်ပါက ကုန်ပစ္စည်းတစ်ခု၏ ဈေးကွက်နေရာ ရရှိမှုသည် ဈေးနှုန်းသက်သာမှု အချက်အလက်တစ်ခုနှင့်သာ ဆက်စပ်နေခြင်းမဟုတ်ပဲ ဝန်ဆောင်မှု၊ နည်းပညာနှင့် ဈေးကွက်တွင်ယှဉ်ပြိုင်နေသောအခြားအရာများ ရှိနေပါသေးသည်။

## ဈေးကွက်တွင်လှိုင်းထစေသည့် အခြားအကြောင်းများ

၂၀၀၄ ခုနှစ်ဆန်းပိုင်းလောက်က ဖြစ်ပါသည်။ အထက်မြန်မာနိုင်ငံတွင် UBC ကတ်၏ ရောင်းအားများ ထိုးဆင်းသွားခဲ့သည်။ UBC ကဲ့သို့ အားကစားသတင်းနှင့် လိုင်းအတော်များများ တူညီသည့် Agila-2 ဂြိုဟ်တုလိုင်းများမှ ထုတ်လွှင့်သည့် ကတ်လိုင်း ၅၀ ခန့်ကို Hex Code လျှို့ဝှက်နံပါတ်ထည့်သွင်း၍ ဖမ်းယူနိုင်ခဲ့ခြင်းကြောင့် ယင်း Meta Box ဖမ်းစက်သည် အထက်မြန်မာနိုင်ငံဈေးကွက်တွင် အထူးရေပန်းစားခဲ့သည်။

အခပေး ရုပ်သံကတ်လိုင်းများကို အခမဲ့ကြည့်ရှုနိုင်သော အားသာချက်များအပြင် အခြားအားသာချက်များ ပြိုင်ဆိုင်ထည့်သွင်း၍ ဈေးကွက်သို့ဝင်လာခြင်းကြောင့် ကတ်ဈေးကွက်သည် နည်းပညာမြင့် စလောင်းဖမ်းစက်တို့၏ အားပြိုင်ပွဲတွင် မြေဇာပင်သဖွယ်ဖြစ်ခဲ့ရဖူးသည်။

ထိုသို့သော ဖြစ်စဉ်များသည် ကတ်ဈေးကွက်အတွင်း ဈေးနှုန်းအတက်အကျကို အနည်းနှင့်အများ ထိခိုက်မှုဖြစ်ပေါ်စေခဲ့သည်ဟုလည်း ကတ်စလောင်းရောင်းချသူတစ်ဦးက ဆိုသည်။

ယင်းသို့ဆိုလျှင် ယခုမြန်မာနိုင်ငံမှ ပြည်တွင်းဈေးကွက်တွင်ဝင်ရောက်လာသော 5 movies, 5 cartoons ကတ်များသည် ကတ်ဈေးကွက်တွင် မည်သို့ပြောင်းလဲလှိုင်းဂယက် ဖြစ်ပေါ်စေနိုင်မည်နည်း ဆိုသည်မှာ အထူးစိတ်ဝင်စားဖွယ်ဖြစ်သည်။

ဇူလိုင် ၃၀ ရက်နေ့ပေါက်ဈေးများအရ UBC ကတ်တစ်ခုသည် ကတ်ပြားခ အပါအဝင် ကတ်တစ်နှစ်စာ ၅ သိန်းကျော်ခန့် ကျသင့်ပြီး MRTV- 4 အပါအဝင် 5 movies, 5 cartoons ကတ်များသည် ဖမ်းစက်အပါအဝင် ကျပ်တစ်သိန်းဝန်းကျင်ခန့်ကျသင့်ရာ ဈေးနှုန်းအနေဖြင့် များစွာသက်သာမှုရှိသည်ဟု ဆိုနိုင်သည်။

အခြားသတိပြုမိသည့်အချက်မှာ Family Digital Receiver သည် ရန်ကုန်မြို့တွင်း ကျောက်တန်းနှင့် ထောက်ကြန့်ဧရိယာဝန်းကျင်သာ ဖမ်းယူကြည့်ရှုနိုင်ခြင်းကြောင့် ဈေးကွက်အကန့်အသတ်တစ်ခုဖြစ်ပေါ်နေပြီး စွမ်းဆောင်ရည်နှင့် အသုံးဝင်မှုမှာ များစွာကွာခြားနေပါသေးသည်။

## ဝန်ဆောင်မှုအပေါင်း နည်းပညာ

ယမန်နေ့ထက်စာလျှင် ယနေ့သည်

**နောက်ဆုံးပေါ် မော်ဒယ်မြင့်စလောင်းဖမ်းစက် အများအပြားသည် အခမဲ့လိုင်းများသာမက အခပေးရုပ်ရှင်လိုင်းများ ဖမ်းယူနိုင်သည်ဆိုသော်လည်း မကြာခဏ လိုင်းပျောက်တတ်ခြင်းကြောင့် အခပေး ရုပ်သံကတ်စလောင်းများ၏ အရေးပါမှုသည် ဆက်လက်တည်တံ့နေရခြင်းလည်း ဖြစ်သည်။**

www.foreverspace.com.mm



ဝယ်ယူသူများအတွက် ရွေးချယ်မှုအခွင့်အလမ်းများ ပိုမိုများပြားလာလျက်ရှိသည်ဆိုသည့်အချက်သည် လူတိုင်းအလွယ်တကူထင်သာမြင်သာရှိသည့် အချက်တစ်ချက်လည်းဖြစ်သည်။ ရှေ့တွင်ဆိုခဲ့သောနည်းပညာအသစ်အဆန်းများသည် ဈေးကွက်အတွင်း လူကြိုက်များ ရေပန်းစားခဲ့သော်လည်း နောက်ပိုင်းတွင်ပိုမိုကောင်းမွန်သော နည်းပညာများက ဈေးကွက်အတွင်းသို့ ယှဉ်ပြိုင်ဝင်ရောက်လာလေ့ရှိခြင်းကြောင့် ပြည်တွင်းမှ Provider များသည် စားသုံးသူတို့၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒအပြောင်းအလဲတို့ကို ထည့်သွင်းတွက်ချက်ရန်လိုမည် ဖြစ်သည်။

ယမန်နှစ် မေလ ဒုတိယပတ်အတွင်းကလည်း ဥရောပဖလား ၂၀၀၄ နှင့် ချိန်သားကိုက်၍ ဈေးကွက်တွင်းဝင်ရောက်လာခဲ့သော မြန်မာမီဒီယာစက် (MMBox) သည် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်အချို့ကို အစီအစဉ်တင်ဆက်သူအဖြစ် စီစဉ်၍ ဈေးကွက်အတွင်း ဝင်ရောက်ခဲ့သော်လည်း မျှော်လင့်သလောက် အောင်မြင်မှု မရရှိခဲ့သည်ကိုလည်း တွေ့မြင်ရပါသည်။

ဤဆောင်းပါးရေးသားနေစဉ် ထပ်မံသိရှိရသော သတင်းများအရ ပြည်တွင်းအခပေးရုပ်သံလိုင်း MRTV-4 သည် အင်္ဂလန် ပရီးမီးယားလိဂ်ဘောလုံးပွဲများနှင့် စပိန်၊ အီတလီ ဘောလုံးပွဲများ လာမည့်ဘောလုံးရာသီမှစ၍ လွှင့်ထုတ်သွားတော့မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအခပေးရုပ်သံလိုင်း ဝယ်ယူအသုံးပြုသူတို့၏ လိုအပ်ချက်နှင့် လိုအင်ကို ဖြည့်ဆည်းရန် ကြိုးစားလာပြီဖြစ်ကြောင်း တွေ့မြင်ရသည်။

ဝင်းလိုက်အီလက်ထရွန်နစ်မှ M.D ဦးမျိုးဇော်ဦးက မြန်မာလူမျိုးအများစုသည် အခပေးရုပ်သံလိုင်းကြည့်ရှုသည့် အလေ့အထကောင်းများ တိုးတက်မှု နှေးကွေးသေးကြောင်း သုံးသပ်ပြောဆိုသည်။




တကယ်တမ်းအားဖြင့် မြန်မာတို့သည် နေရာတကာတွင် အခပေးရုပ်သံလိုင်းကိုသာ ကြည့်ရှုလိုကြပါသလား။ မေးစရာတစ်ခုကတော့ ရှိလာပါသည်။

ဦးမျိုးဇော်က ၎င်း၏ဆိုင်အနေဖြင့် 5-movies, 5 cartoons ကတ်များသည် ရောင်းအားသိသာစွာ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးကြောင်းလည်း ဆက်လက်ပြောဆိုပါသည်။ မန္တလေးမြို့ နန်းရှေ့တွင်နေထိုင်သူ ဦးထွန်းလှိုင်က အဆိုပါအချက်နှင့် ပတ်သက်၍ သူက ယခုကဲ့သို့ အမြင်တစ်မျိုးဖြင့် ပြောပြသည်။

"ကျွန်တော်တို့ မန္တလေးမှာ Zeniga ဆိုတဲ့ ဖမ်းစက်တစ်မျိုး မနှစ်ကပေါ်တယ်။ သူက အခု ပြည်တွင်း Family လိုင်းလိုပဲ ဖမ်းတဲ့စက်နဲ့တွဲပြီး ဝယ်လို့ရတယ်။ ဇန်းပါဆိုရင် ၃ သိန်းလောက်ကျတယ်၊ ကတ်ချည်းပဲသီးသန့်ဆိုရင် ၁ သိန်း ၉ သောင်းလောက်ရှိတယ်။ ဝယ်သုံးကြတာပါပဲ"

ထိုသို့ဆိုလျှင် ဈေးကွက်အတွင်း ဝယ်ယူသူတို့သည် အသိနှင့်ယှဉ်သော ဝယ်ယူမှုကို အားပြုလာသည့်သဘောဟုလည်းဆိုရမည် ဖြစ်သည်။

5 movies , 5 cartoons ကတ် အရောင်းတိုးတက်မှု နှေးကွေးနေရခြင်းမှာ ယခင်ဈေးကွက်တွင် (MMBox)၏ရောင်းပြီး ဝန်ဆောင်မှု အားနည်းချက်ကြောင့် ဝယ်ယူသူတို့သည် လက်တွန့်နေခြင်းဖြစ်နိုင်ကြောင်း ရန်ကုန်မြို့မှ မြန်မာမီဒီယာစက် (MMBox) ဝယ်ယူအသုံးပြုသူ တစ်ဦးက ဆိုသည်။

သို့ရာတွင် Family Entertainment Group Co., Ltd. မှ ယခုတာဝန်ယူ ဖြန့်ချိသည့် Family ဖမ်းစက်သည် Serviceအဖွဲ့ သီးခြားထားရှိပြီး Service (ဝန်ဆောင်မှု) တစ်ကြိမ်လျှင် ၅၀၀၀ ကျပ်နှင့် စက်အပိုပစ္စည်းလဲလှယ်မှုအတွက် သီးခြားပေးဆောင်ရမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ယနေ့အရောင်းအဝယ်

ရန်ကုန်ဈေးကွက်အတွင်း ဇူလိုင် ၃၀ရက်နေ့အထိ ကောက်ခံရရှိသောသတင်းအချက်အလက်များအရ UBC ၏ငွေ၊ ရွှေ၊ ပလက်တီနမ် ကတ်အမျိုးစားသုံးမျိုးတွင် လိုင်း ၃၃ လိုင်းပါဝင်သည့် ရွှေကတ်မှာ အရောင်းအဝယ်အများဆုံးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကတ်ပြားဖိုးနှင့် တစ်နှစ်စာတန်ဖိုးငွေမှာ ၅သိန်း ၃သောင်းခန့် ကျသင့်မည်ဖြစ်ပြီး၊ ကတ်သက်တမ်းတိုး တစ်နှစ်စာ ၄သိန်း ၆သောင်းဖြစ်ကာ အပိုခံစားခွင့် (Bonus) တစ်လစာ အခမဲ့ရရှိမည်ဖြစ်သည်။

အောက်မြန်မာပြည်ဈေးကွက်တွင် ဖမ်းယူမရရှိသော်လည်း မန္တလေးတွင် အသုံးပြုသူများသည်ဆိုသည့် ZENEGA အိန္ဒိယကတ်သည် ကတ်ဖိုး တစ်နှစ်စာ ၁ သိန်း ၇ သောင်းဝန်းကျင်ခန့် ကျသင့်သည်ဟု သိရှိရသည်။ မန္တလေးတွင် ၂၀၀၄ ခုနှစ်ဆန်း Aglia - 2 လွှင့်ထုတ်နေသည့် အခပေးရုပ်သံလိုင်းများကို ဖမ်းယူနိုင်မှုကြောင့် Metabox ဖမ်းစက်သည် UBC ကတ်ထက် မြန်မာပြည်ဈေးကွက်ကို လျော့နည်းစေခဲ့သော်လည်း ရန်ကုန်ဈေးကွက်အတွင်း တစ်ဦးချင်းအသုံးပြုသူတို့ များပြားလာခြင်းကြောင့် ပုံမှန်အခြေအနေ ပြန်လည်ရရှိနေပြီဖြစ်သည်ဟု ရန်ကုန်နှင့် မန္တလေးတွင် စလောင်းတပ်ဆင်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ယနေ့ဈေးကွက်တွင် အခြားအရောင်းအဝယ်ရှိနေသော ဈေးကွက်တစ်ရပ်မှာ Fun ကတ်ဟု ခေါ်ဆိုသည့် ပြည်တွင်းထုတ်ကတ်အတုများဖြစ်ပါသည်။ အဆိုပါကတ်မှာ UBC မှ တစ်လစာပုံမှန်ဝယ်ယူရပြီး နောက်တစ်လအတွက် ကတ်မဝယ်ဘဲ အသုံးပြုနိုင်အောင် ပြုလုပ်ခြင်းဖြစ်သည်။

"နှစ်လတစ်ကြိမ် ၂ သောင်းလောက်တော့သက်သာတယ်။ ဒါပေမဲ့ တစ်လတစ်ခါတော့ အလုပ်တစ်ခုလို သွားနေရတယ်။ ကတ်အတွက်လည်း ပေးရတယ်။ အစစ်ကိုလည်း တစ်လချင်း ဝယ်သုံးရတဲ့သဘောဖြစ်နေတော့ ပုံမှန်ကတ်အစစ်ရဲ့ တစ်နှစ်စာထက်စာရင် ပိုကုန်တယ်" ဟု ပဒေသာပင်မြို့တော် FMI ရွှေစံပယ်လမ်းတွင် နေထိုင်သူ Fun ကတ် အသုံးပြုသူတစ်ဦးက ဆိုပါသည်။

ထို့အပြင် ဈေးကွက်အခေါ် Broker ကတ်ဟုခေါ်ဆိုသည့် (I.C) ခံ၍ အသုံးပြုသောကတ်များ ဈေးကွက်တွင် အများအပြားရှိနေသေးသည်ဟု ၎င်းကဆိုသည်။

ပြည်တွင်းထုတ် မြန်မာစာတန်းထိုးကတ်များ UBC၊ ထိုင်ဝမ်၊ အင်ဒို၊ Zee ကတ်ကဲ့သို့ ဂြိုဟ်တုထုတ်လွှင့်သောရုပ်သံလိုင်းများလိုမဟုတ်ဘဲ Digital Video Broadcasting Television (DVBT) စနစ်ဖြင့် အလားတူပြည်တွင်းမှ အခပေးရုပ်သံလိုင်းများကို ထုတ်လွှင့်နိုင်မှုမှာ အပြောလွယ်သော်လည်း ဆောင်ရွက်နိုင်ရန်အတွက် အချိန်ယူရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ပြည်တွင်းထုတ်ကတ်များ ယနေ့ကတ်ဝယ်ယူကြည့်ရှုရသည့် အခပေးဈေးကွက်တွင် တစ်ခုမကရှိလာခြင်းသည် အနည်းဆုံးအနေဖြင့် ပြည်တွင်းထုတ်များ (Provider) အချင်းချင်း ယှဉ်ပြိုင်မှုတစ်ရပ်ရှိလာမည်ဖြစ်ရာ ဈေးနှုန်းနှင့် အခြားဝန်ဆောင်မှု အများအပြား စားသုံးသူတို့ကို ပိုမိုအလေးသာစေလာနိုင်ပါသည်။

## အခပေးလိုင်းများနှင့် အံဝင်ခွင်ကျဖြစ်လာရေး

ဖွံ့ဖြိုးစမြန်မာနိုင်ငံ၏ မီဒီယာလောက ဖွံ့ဖြိုးမှုသည် ထိုင်း၊ အိန္ဒိယ၊ တရုတ်စသည့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာမဖွံ့ဖြိုးသေးဟု ဆိုနိုင်သော်လည်း ယခုနှစ် ဧပြီလ ၂၅ ရက်နေ့က စတင်ခဲ့သည့် ကတ်စနစ်သုံး MRTV-4 နှင့် 5 movies၊ 5 cartoons တို့၏ ပြည်တွင်း အခပေးရုပ်သံလိုင်းများ၏ အခန်းကဏ္ဍသည် တိုးတက်မှုတစ်ရပ်ဆီသို့ ဦးတည်လာနေသည်ဟု မျှော်လင့်ရပါသည်။

အနာဂတ်ကာလတွင် ပြောင်းလဲလာမည့် မီဒီယာလောက၏ ဖွံ့ဖြိုးကျယ်ပြန့်မှုကို လောင်းကစားကဲ့သို့ အံချော်စေသည့် နည်းလမ်းများကြောင့် ကုန်ထုတ်စွမ်းအားစုများအား ထိခိုက်မှုမဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် Pay-TV (အခပေး) ရုပ်သံများကို မော်ဒယ်မြင့် ခေတ်မီရုပ်သံဖမ်းစက်အများအပြားဖြင့် ဖမ်းယူကြည့်ရှုနေခြင်းသည် နိုင်ငံတကာဥပဒေများအရ တရားမဝင်လုပ်ရပ်တစ်ခုဖြစ်ပြီး အချို့မှာ ယဉ်ကျေးမှုအခြေအနေများ ကွဲပြားခြားနားလွန်းသည့်အတွက် မိမိတို့လူမျိုး၏ ယဉ်ကျေးမှုစံ ကျင့်ဝတ်သိက္ခာစံတို့ဖြင့် ဆင်ခြင်သုံးသပ်ရန်လည်း အထူးလိုအပ်ပါသည်။

များမကြာမီ ကာလအပိုင်းအခြားတွင် မြန်မာနိုင်ငံတစ်ဝန်း ရုပ်သံပရိတ်သတ်များ၏ လိုအပ်ချက်သည် ယခုထက် ပိုမိုလိုအပ်လာမည်ဖြစ်သလို ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အခပေး (pay-per view) ရုပ်သံလိုင်းကို ဈေးကွက်က တောင်းဆိုလာကြတော့မည် ဖြစ်ပါသည်။

ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် 5 movies နှင့် 5 cartoons သည် ကနဦးအစဖြစ်သလို တိုးတက်လာသော လူဦးရေနှင့် ဖွံ့ဖြိုးလာသော လူနေမှုအဆင့်အတန်းများအလိုက် အခွင့်အလမ်းသာသည်နှင့် အခပေး ရုပ်သံလိုင်းများကို အသုံးပြုမှု ယခုထက် ပိုမိုကျယ်ပြန့်၍ သိသာစွာ များပြားလာပါလိမ့်မည်။

ယင်းကဲ့သို့ အခြေခံအကြောင်းတရားများ ဆက်စပ်ယှက်နွယ်နေခြင်းကြောင့် ပြည်တွင်းမှ အခပေးရုပ်သံထုတ်လုပ်သူများအနေဖြင့် ပြည်ပမှ ပညာရှင်များ၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရုပ်သံလိုင်းများဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ ပြည်တွင်းအခပေးရုပ်သံလိုင်းသုံးစွဲသူများကို အများလက်လှမ်းမီသော ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ ထုတ်လုပ်သည့်ပစ္စည်းအရည်အသွေးနှင့် (After Sales Service) ရောင်းပြီး ဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ခြင်းတို့ဖြင့် အနာဂတ်မြန်မာနိုင်ငံ၏ အခပေးရုပ်သံလောက ကြီးမားကျယ်ပြန့်အောင် ကူညီပံ့ပိုးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများအတွက် ဖွံ့ဖြိုးတိုးတက်သောအသိအမြင် သတင်းအချက်အလက်များ မြန်မာပြည်သူများနှင့် အလွယ်တကူ ယှဉ်ပါးလာစေနိုင်မည် ဖြစ်ပါသည်။

**တင်အောင်ကျော်**



www.foreverspace.com.mm

www.foreverspace.com.mm



# ဂလိုဘယ်ဆန်လာသောကျော့ရှင်းခြင်းနှင့် ခန္ဓာအလှဗေဒပုံလောင်းစီးပွား

ထားထားမြင့်

**နိုင်ငံတကာသတင်းမီဒီယာများ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာ စသည့်နယ်ပယ်များမှ ထိပ်တန်းအမျိုးသမီးအများစုတို့၏ သေးသွယ်ကျော့ရှင်း၊ သွက်လက်၊ ထက်မြက်သော ပုံရိပ်များသည် ဝမှလှသည်ဟူသော မြန်မာအမျိုးသမီးတို့၏အာရုံကို တစ်မျိုးတစ်ဖုံပြောင်းလဲလာစေခဲ့ရာ ဂလိုဘယ်ဆန်လာသော ခန္ဓာကိုယ်ဖွံ့စည်းပုံရရှိရေးသည် နယ်ပယ်အသီးသီးမှ မြန်မာအမျိုးသမီးတို့၏ ခန္ဓာအလှဗေဒဖက်ရှင်တစ်ရပ်ဖြစ်လာသည့်အတွက် အဆိုပါခန္ဓာဗေဒဖက်ရှင်အတွက် ပုံလောင်းပေးမည့်စီးပွားရေးလုပ်ငန်းအမျိုးမျိုးတို့သည် တစ်စတစ်စဖွံ့ဖြိုးအားကောင်းလာပြီဖြစ်ပေသည်။**

လွန်ခဲ့သည့် ဆယ်စုနှစ် လေးခုခန့်မှ စတင်၍ မယ်ဗမာခေတ်များသည် ကန့်သတ်ရပ်ဆိုင်းခြင်းခံခဲ့ရရာ အားကစားလှုပ်ရှားမှုတစ်ခုဖြစ်သည့် Body Building သည် အမျိုးသားများအတွက် ဖြစ်သွားခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာအမျိုးသမီးထုများကြားတွင် ကိုယ်ခန္ဓာအလှဗေဒထိန်းသိမ်းခြင်းသည် နည်းလမ်းစနစ်ကျနစွာဖြင့် ဖွံ့ဖြိုးမှုမရှိတော့ဘဲ အဆိုပါကိုယ်ခန္ဓာအလှဗေဒဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများသည်လည်း မှုန်ဝါးသွားခဲ့သည်။ ထိုအချိန်က မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက် အားကိုးစရာဟူသည် နံနက်ခင်း မြန်မာ့အသံမှလာသည့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအသံလွှင့်ချက်သာ ရှိခဲ့သည့်အခြေအနေတစ်ရပ်ကို ဖြတ်သန်းခဲ့ရဖူးပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြောင်းလဲကျင့်သုံးလာခဲ့သော ဈေးကွက်စီးပွားရေးစနစ်အရ စားသုံးမှုအမျိုးမျိုးကို ဖြေလျှော့လွှတ်ပေးလိုက်ရာ ခန္ဓာကိုယ်အလှဗေဒဆိုင်ရာဝန်ဆောင်မှုများနှင့် ဆေးဝါးများကို မြန်မာအမျိုးသမီးများ ပြန်လည်စားသုံးခွင့်ရလာကြသည်။ ကနဦးကာလများ၌ ခန္ဓာကိုယ်အလှဗေဒထိန်းသိမ်းခြင်းသည် လှယဉ်ကျေးမယ်တို့၏ အိပ်မက်ဝေသီ တိုးတိတ်ညင်သာစွာ ပျောက်ကွယ်သွားတတ်ကြသည့် လှိုင်းကြက်ခွပ်လေးများ၊ မော်ဒယ်ခေတ်၏ ရွှက်သွက်လက်မြူးကြွခြေလှမ်းသွက်မှုများကြောင့် မြန်မာအမျိုးသမီးအများစုမှာ အမြင်စောင်းခြင်းခံရမည် စိုးရိမ်ခဲ့ကြ၍ ခန္ဓာဗေဒကို မတို့ရဲ၊ မစမ်းရဲဖြစ်ခဲ့ကြသည်။ နောက်ပိုင်းကာလများ၌ ခန္ဓာအလှဗေဒထိန်းသိမ်းခြင်းသည် ကလျာဏကောင်းခြင်းငါးဖြာအတွက် လိုအပ်ချက်တစ်ခု၊ ကမ္ဘာလုံးဆိုင်ရာ အိလိ(Elite)စံတစ်ခုအဖြစ် ရှင်းရှင်းသိမြင်လာ၍လည်းကောင်း၊ ခန္ဓာအလှဗေဒထိန်းသိမ်းခြင်းနှင့် ခေတ်ဦးဖြတ်သန်းမှုမှဂယက်တို့သည် သီးခြားအကြောင်းအရာများအဖြစ် ကွဲပြားသွား၍လည်းကောင်း၊ အကြောင်းကြောင်းတို့သည် မြန်မာအမျိုးသမီးများ ကျော့ရှင်းသွယ်လျကမ္ဘာဆန်စွာလှလိုမှုနှင့်အတူ အဆိုပါခန္ဓာ



www.foreverspace.com.mm



ဗေဒအလုပ်လောင်း ဝန်ဆောင်မှုတို့ အားကောင်းစွာ ဖွံ့ဖြိုးလာပါတော့သည်။

## သွယ်လျကျစ်လျစ်စေချင်သော တွန်းအားများ

ဒီနေ့အတွက် မသူဇာ၏ညနေစာမှာ ကြက်သားကို ဆီမပါဘဲ မုန်ညင်း၊ ဂေါ်ဖီရွက်များဖြင့် ပြုတ်ထားသော အရွက်ပြုတ်တစ်ခွက်နှင့် ဆီပါသည်ဆိုရုံလေး လှိမ့်ထားသော ကန်စွန်းရွက်ကြော်ပဲ ဖြစ်သည်။ ရေခဲသေတ္တာထဲက ပန်းသီးတစ်ခြမ်းဖြင့် ဖြည့်စွက်လိုက်လျှင် မသူဇာအတွက် ညနေစာမှာ ပြည့်စုံသွားပါပြီ။ ယခုကဲ့သို့ ကိုယ်ခန္ဓာကို ကယ်လိုရီဓာတ်မများစေသည့် အဆီမပါဟင်းသီးဟင်းရွက်ပြုတ်တွေချည်းသာ စားလာခဲ့သည်မှာ သုံးလခန့်ရှိသွားပြီဟု မသူဇာက ဆိုပါသည်။

"စားခါစက မစားနိုင်ပေမယ့် အခုတော့ အကျင့်ရသွားပြီ။ ကိုယ်အလေးချိန်လည်း တဖြည်းဖြည်းကျလာတော့ စားရတာ ပိုစိတ်ချမ်းသာစရာကောင်းတယ်"

ယခုကဲ့သို့ အစားအသောက်ပုံစံနစ်မပြောင်းလဲခဲ့စဉ်က အသက် ၄၀ အရွယ်၊ ကလေးနှစ်ယောက်မိခင် သူမ၏ကိုယ်အလေးချိန်မှာ ပေါင် ၁၆၀ ခန့်ရှိသည်ဟု မသူဇာက ဆိုသည်။ လွန်ခဲ့သည့် အနှစ် ၄၀ ခန့်ကမူ မသူဇာတို့အရွယ်၊ မသူဇာကဲ့သို့ ကိုယ်အလေးချိန်ရှိသည့် မြန်မာအမျိုးသမီးများအတွက်မူ ကိုယ်အလေးချိန် ပေါင် ၁၆၀ သည် ပြဿနာတစ်ရပ်ဖြစ်မည်၊ မဖြစ်မည် မသေချာသော်လည်း ဂလိုဘယ်လိုက်ဖေးရှင်း၏ သက်ရောက်မှုများပြားလာသည့်အချိန်တွင်မူ နိုင်ငံတကာအမျိုးသမီးများကဲ့သို့ ကိုယ်ခန္ဓာသွယ်လျကျစ်လျစ်မှုကို သဘောကျနှစ်ခြိုက်လာသော မြန်မာအမျိုးသမီးများအတွက်မူ ပြဿနာတစ်ရပ် ဖြစ်လာသည်။

"အခုခေတ်မှာ အသက်ကြီးကြီးငယ်ငယ်အမျိုးသမီးတိုင်း ပိန်ချင်လာတာကို တွေ့ရတတ်တယ်။ မဝချင်ကြပါဘူး"

Traders ဟိုတယ် အားကစားကလပ်၏ မန်နေဂျာ ဒေါ်မြူက ပြောကြားခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးများ နိုင်ငံတကာအမျိုးသမီးများနည်းတူ ပိန်လိုကြခြင်း၊ ကိုယ်ခန္ဓာသွယ်လျမှုကို ပိုမိုသဘောကျလာကြခြင်းမှာ အကြောင်းရင်းများစွာပေါ်တွင်အခြေခံကြောင်း တွေ့ရှိရသည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့က ရန်ကုန်မြို့ Summit Parkview ဟိုတယ်တွင် ကိုယ်အလေးချိန်ဝလာမှု၏ အန္တရာယ်များအကြောင်းကို 'ဝမှလှတာလား' ခေါင်းစဉ်ဖြင့် ဟောပြောပေးခဲ့သူ အသည်းရောဂါဌာနပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက "ကိုယ်အလေးချိန် အလွန်အကျွံဝတဲ့သူတွေ ဒီမှာရှိနေကြပြီ။ လွန်ကဲစွာ ဝတဲ့သူတွေဟာ သွေးတိုး၊ နှလုံးရောဂါတွေဖြစ်ပြီးကျန်းမာရေးတွေ ထိခိုက်လာတယ်။ ဝတာဟာ ကျန်းမာရေးကို ထိခိုက်လာတာမို့ ဘယ်သူမှ မဝချင်တော့ပါဘူး" ဟု ပြောကြားသည်။

ကိုယ်ခန္ဓာပြည့်ဖြိုးသည့် မြန်မာကြိုက် ရုပ်ရှင်သရုပ်ဆောင်များနေရာတွင် ခန္ဓာကိုယ်သွယ်လျမြင့်မားသော မော်ဒယ်သရုပ်ဆောင်များကို မွေးထုတ်ပေးနေသည့် နာမည်ကြီး Talents & Models အေဂျင်စီမှ ဒေါ်တင်မိုးလွင်ကမူ မြန်မာအမျိုးသမီးများ ပိန်ချင်လာကြလိုရခြင်းနှင့်ပတ်သက်၍ သူမအမြင်ကို ယခုကဲ့သို့ ပြောကြားသည်။

"အခု ဈေးကွက်ထဲမှာရှိတဲ့ အဝတ်အစားတွေက အရမ်းဝတဲ့သူတွေအတွက် အဆင်မပြေဘူး။ ပေါ့ပါးတဲ့ဖက်ရှင်တွေ များတယ်။ ပိန်တဲ့သူတွေက ဘာဝတ်ဝတ် အဆင်ပြေတာကို တွေ့ရတယ်။ ဒါကြောင့် မိန်းကလေးတွေ ပိန်ချင်ကြတယ်။ ကျစ်လျစ်သွယ်လျလာချင်တယ်"

တာမွေမြို့နယ် ယုဇနပလာဇာရှေ့တွင် အလှကမ္ဘာ အမျိုးသမီးသီးသန့် အဆီချခန်းမကို ဖွင့်လှစ်ထားသူ ဒေါ်နီလာကမူ အသက်လေးဆယ်ဝန်းကျင် အိမ်ထောင်ရှင် မြန်မာအမျိုးသမီးများ ပိန်ချင်လိုကြခြင်း၊ ကိုယ်ခန္ဓာသွယ်လျမှုကို နှစ်သက်လာကြခြင်းမှာ ၎င်းတို့၏ အိမ်ထောင်ရှင် မြန်မာအမျိုးသားများကြောင့်လည်း ဖြစ်သည်ဟု ဆိုသည်။

"အခုခေတ်အမျိုးသားတွေက ကိုယ်ခန္ဓာသွယ်သွယ်လေးဖြစ်တဲ့သူတွေ၊ မော်ဒယ်လ်တွေကို သဘောကျလာကြတော့ အိမ်ထောင်ရှင်အမျိုးသမီးတွေက မဝချင်တော့ဘူး။ ဝမှလှတယ်လို့ မထင်ကြတော့ဘူး။ အဆီပိုတွေရှိတဲ့ ကိုယ်ခန္ဓာကို မကြိုက်တော့ဘူး" ဟု ဒေါ်နီလာက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံမြို့ကြီးများတွင် တစ်နေ့တခြား အပြိုင်အဆိုင်ဖွင့်လှစ်လာသော အမျိုးသမီးအားကစားလေ့ကျင့်ရေးခန်းမများ၊ ဈေးကွက်ဝင်လာသော အဆီကျဆေးအမျိုးမျိုး၊ အဆီချစက်များ၊ အဆီကျစေသည့်အသုံးအဆောင်များ၊ အလှပြင်ခန်းမများနှင့် တွဲဖက်လုပ်ကိုင်လာသော ကိုယ်ခန္ဓာ အဆီချလုပ်ငန်းများသည် မြန်မာအမျိုးသမီးများ ကိုယ်ခန္ဓာသွယ်လျလိုစိတ် များပြားလာမှုကြောင့် အချိန်ကိုက် ဖြစ်ထွန်းလာသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်လာကြောင်း တွေ့ရသည်။

## အားကစားလေ့ကျင့်ရေးခန်းမများ

မကြာသေးခင်က ဂျာနယ်တစ်စောင်တွင် ဖော်ပြထားသော သတင်းတစ်ပုဒ်အရ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးမြို့တွင် ကိုယ်ကာယလေ့ကျင့်ခန်းမများကို အမျိုးသမီးများ သွားရောက်လေ့ကျင့်မှု ပိုမိုများပြားလာ၍ မန္တလေးမြို့တွင် ကိုယ်ကာယလေ့ကျင့်ခန်းမ ၃၀ ကျော် ရှိလာနေပြီဖြစ်ကြောင်း သိရှိရသည်။ ရန်ကုန်မြို့တွင်မူ မြို့တော်ဗဟိုနေရာရှိ Traders ဟိုတယ်မှ အစပြု၍ ရန်ကုန်မြို့စွန် ဒဂုံမြို့သစ် မြောက်ပိုင်းထိအောင် အားကစားလေ့ကျင့်ရေးခန်းမများ ဖွင့်လှစ်လာသည်ကို တွေ့ရသည်။

Talents & Models အေဂျင်စီမှ

www.foreverspace.com.mm



ဒေါ်တင်မိုးလွင်က "သူငယ်ချင်းတွေထဲမှာ gym ပုံမှန်သွားသူတွေ၊ အားကစား လုပ်သူတွေ ပိုများလာတာ တွေ့ရတယ်။ သဘောကျပါတယ်။ ကိုယ်ခန္ဓာအတွက် သာမက ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်" ဟု ဆိုသည်။ မိမိလေ့ ကျင့်ရာ အားကစားခန်းမ၏နေရာအဆင့် အတန်းအလိုက် လစဉ်အသင်းဝင်ကြေးမှာ ကျပ်ငွေ ၅၀၀၀ မှစ၍ FEC နှင့်ပေးရသည် အထိရှိပါသည်။ Traders ဟိုတယ် အား ကစားကလပ်တွင် အသင်းဝင်အဖြစ်နှင့် ကိုယ်ခန္ဓာအဆီချရန် လေ့ကျင့်လိုသူများ မှာ အသင်းဝင်ကြေး အမေရိကန်ဒေါ်လာ တစ်ရာ ကုန်ကျမည်ဖြစ်သော်လည်း အများ စုမှာ ထိုက်တန်မှုအတွက် ငွေကြေးသုံးဖြုန်းသည် ဟု မထင်ကြကြောင်း Traders ဟိုတယ် အားကစားကလပ်မန်နေဂျာ ဒေါ်မဋ္ဌူက ဆိုသည်။

"ကျွန်မတို့ဆီက တခြားနေရာတွေ ထက် ပိုဈေးကြီးပေမယ့် အခုနှစ်တွေမှာ အဆီချချင်တဲ့ မိန်းကလေးတွေ ပိုများလာ ကြပါတယ်။ အသင်းဝင်တွေအတွက် ပါတီတွေ ကျင်းပပေးသလို အဆီချချင်သူ၊ ပိန်ချင်သူတွေကိုလည်း နည်းပြနဲ့အစီ အစဉ်ဆွဲပြီး လေ့ကျင့်ပေးပါတယ်"

အားကစားလေ့ကျင့်ရေးခန်းမများတွင် အားကစားနည်းပြဆရာများ သီးသန့်ထား ရှိပေးကြရာ အားကစားသမားဟောင်းများ အပြင် ယခင်က လှယဉ်ကျေးမယ်ဘွဲ့၊ ကာယအလှမယ်ဘွဲ့ ရရှိသူများပါ ပါဝင် လာပြီး ၎င်းတို့အတွက် လုပ်ငန်းတစ်ခုလို ဖြစ်လာကြောင်း တွေ့ရသည်။ အားကစား ခန်းမ၏ နည်းပြဆရာအမျိုးသမီးသည် ၎င်း၏ခန်းမတွင် လာရောက်ကစားသည့် အမျိုးသမီးများအတွက် စံပြကိုယ်ခန္ဓာပုံစံ ရှိဖို့လိုကြောင်း အောင်ဆန်းကွင်းတွင်ပုံမှန် သွားရောက်ကစားလေ့ရှိသူ မမိုးမိုးက ပြောကြားသည်။

"ကိုယ်ကပိန်ချင်လို့၊ အချိုးကျချင်လို့ gym ကိုလာကာမှ နည်းပြဆရာမက ဝတုတ်တုတ်ဖြစ်နေရင် သင်ချင်စိတ်မရှိဘူး။ သူကအချိုးကျနေမှ၊ ပိန်မှ ယုံကြည်မှုရှိပြီး ပိုကစားချင်တယ်"ဟု မမိုးမိုးကဆိုသည်။ Traders ဟိုတယ်မှ ဒေါ်မဋ္ဌူက အဆီကျ ပိန်ချင်သူများကို ၎င်းတို့ဖြစ်စေချင်တိုင်း အလျင်အမြန်ချပေး၍ မဖြစ်နိုင်ကြောင်း၊ အဆီကျပိန်လိုသူများကို နည်းပြမှ သွေးတိုး၊ နှလုံး၊ ခါးနာရောဂါများ ရှိမရှိမေးမြန်းပြီးမှ မည်သည့်နည်းစနစ်နှင့် ကစားရမည်ကို အကြံပေးပြောကြားရသည်ဟု ဆိုသည်။ အားကစားလေ့ကျင့်ရုံ ပုံမှန်သွားသည့် အကျင့်မှာ မြန်မာအမျိုးသမီးများအတွက် ပုံမှန်အလုပ်သဖွယ်ဖြစ်လာပြီး ပုံမှန်သွား ရောက်သူများတွင် အဆိုတော်၊ ရုပ်ရှင် သရုပ်ဆောင်များ၊ မော်ဒယ်များပါ ပါဝင် သည်ကို တွေ့ရသည်။ အားကစားလေ့ကျင့် ရေးခန်းမတွင် လာရောက်ကစားတတ်သူ များသည် တစ်ဦးတည်းဖြစ်စေ၊ အုပ်စု လိုက်ဖြစ်စေ လာရောက်ကစားတတ်ကြပြီး အချို့မှာ အားကစားလေ့ကျင့်ရေးခန်းမ အသီးသီးတွင် ပြောင်းလဲကစားတတ် ကြောင်း အားကစားနည်းပြတစ်ဦးက ပြောကြားသည်။

## အဆီကျဆေးနှင့် ပိန်ဆေးများ

ကိုယ်ခန္ဓာအလေးချိန်ကျလိုသော်လည်း မအားလပ်သူများ၊ အစားအသောက် မဆင်ခြင်သူများ၊ အားကစားလေ့ကျင့်ခန်းကို အပင်ပန်းခံ မပြုလုပ်လိုသူများသည် အဆီကျဆေးများ၊ ပိန်ဆေးများကို သုံးစွဲ လာကြရာ မြန်မာနိုင်ငံတွင် အနောက်နိုင်ငံ များတွင် အသုံးပြုသည် စတက်ဖမင်း ပိန်ဆေးများပင် ဝယ်ယူ၍ရနိုင်ပြီဖြစ်ကြောင်း ပိန်ဆေးများအကြောင်း ဆောင်းပါးများရေးသား သူ အသည်းရောဂါဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းက ပြောကြားသည်။ အဆီကျဆေး၊ ပိန်ဆေးများကို သောက်သုံးမှု ပိုမိုများပြားလာရာ မြန်မာ့ရိုးရာတိုင်းရင်း ဆေးလုပ်ငန်းများမှပင် အဆီကျဆေးများ ထုတ်လုပ်လာကြသည်။ ဈေးကွက်ဝင် ပြည်တွင်းဖြစ်ဆေးဝါးများကို ထုတ်လုပ်သည့် Fame ဆေးဝါးကုမ္ပဏီမှ ကြက်သွန် ဖြူအဆီကျဆေးကို ဈေးကွက်တင်ရောင်း ချခဲ့ရာ သုံးစွဲသူအများအပြားရှိလာကြောင်း တွေ့ရသည်။ အဆိုပါအဆီကျဆေး ထုတ် လုပ်မှုနှင့် ပတ်သက်၍ Fame ဆေးဝါး ကုမ္ပဏီမှ ဒေါက်တာလှရှိန်က–

"ဈေးကွက်ကို သုတေသနပြုလုပ်တဲ့ အခါ လူတွေက ဝတာမကြိုက်ဘူး။ မော်ဒယ် လို ပိန်ချင်လာတာတွေ့ရတယ်။ ဒါကြောင့် ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်ခဲ့တာ ပါ။ နောက်လည်း ပုဇွန်ခိုက်တိုဇန်ကနေ အဆီကျဆေးတစ်မျိုး ထပ်ထုတ်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောကြားသည်။

Fame ကုမ္ပဏီမှ ထုတ်ထားသော ကြက်သွန်ဖြူအဆီကျဆေးသည် ပြည်တွင်း ကုန်ကြမ်းဖြစ်သော ကြက်သွန်ဖြူမှ ထုတ်လုပ်ထားသောကြောင့် ဈေးနှုန်းချို သာပြီး၊ ဘေးထွက်ဆိုးကျိုးနည်းခြင်း၊ သိသာစွာ ကိုယ်အလေးချိန်ကျခြင်းကြောင့် သောက်သုံးသူ တဖြည်းဖြည်းပိုများလာ ကြောင်း ဆေးဆိုင်များထံမှ သိရှိရသည်။ ထို့အတူ KZT ကုမ္ပဏီမှ တင်သွင်းသော Slim Aid အဆီကျဆေးကိုလည်း သောက် သုံးသူအမျိုးသမီးအတော်များများရှိကြောင်း အဆီကျဆေးများရောင်းချသည့် ဈေးဆိုင် များထံမှ သိရသည်။

သို့ရာတွင် အဆီကျဆေး၊ ပိန်ဆေး အချို့သည် အစာအိမ်အတွက် ဘေးထွက် ဆိုးကျိုးများရှိခြင်း၊ အသားအရေခန်း ခြောက်ခြင်း၊ မောပန်းအားနည်းစေခြင်း၊ မြန်မာအဆီကျဆေးများသည် ဝမ်းသွား စေခြင်း စသော ဘေးထွက်ဆိုးကျိုးများ ရှိသဖြင့် ဂရုစိုက်သောက်သုံးဖို့လိုကြောင်း ဆရာဝန်တစ်ဦးက သတိပေးပြောကြား သည်။

"တချို့တွေ နဂိုဘာရောဂါမှမရှိဘဲ အဆီကျဆေးသောက်မှ အစာအိမ်ရောဂါ ဖြစ်တဲ့သူရှိတယ်။ အဆီကျဆေး၊ ပိန်ဆေး သောက်ရင် ဆေးညွှန်းအတိုင်းနဲ့ ကိုယ်ရဲ့

www.foreverspace.com.mm



ခံနိုင်ရည်ကို ဂရုစိုက်သောက်သုံးဖို့ အရေးကြီးတယ်" ဟု ၎င်းက ပြောကြားသည်။

"စားချင်သလောက် အတိုင်းအတာမရှိ အဆင်အခြင်မရှိ၊ နွားဝတ်ရေကျ စားတာကို ရိုက်ပြ။ စားလည်းပြီးရော ပိန်ဆေးဆိုတာ ထောင်ပြ သောက်ပြ၊ ပြီးတာနဲ့ ခန္ဓာကိုယ်ကို လှည့်ပတ်ပြတဲ့ ကြော်ငြာမျိုးကတော့ ကျင့်ဝတ်နဲ့မညီဘူးလို့ထင်တယ်"ဟု သတင်းစာဆရာတစ်ဦးက ဝေဖန်သည်။

## ခန္ဓာကိုယ်အဆီချခန်းမများ

ကိုယ်ခန္ဓာအဆီကျလိုသူ၊ ပိန်လိုသူ အမျိုးသမီးများအတွက် အဆီကျလိမ်းဆေး လိမ်း၍ အဆီချစက်ဖြင့် သီးသန့်အဆီချပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများသည် ယခုနှစ်များတွင် အလှပြင်လုပ်ငန်းနှင့် တွဲဖက်၍သော်လည်းကောင်း၊ သီးခြားသော်လည်းကောင်း လုပ်ငန်းတစ်ရပ်အဖြစ် သီးသန့်ပေါ်ပေါက်လာသည်ကို တွေ့နိုင်သည်။

တာမွေမြို့နယ် ယုဇနပလာဇာရှိ အလှကမ္ဘာအဆီချလုပ်ငန်းမှ ဒေါ်နီလာက "အဆီချတဲ့သူတွေမှာ ငယ်သူတွေရော အိမ်ထောင်ရှင်တွေရောပါ,ပါတယ်။ တချို့ကတော့ မဝပေမယ့် ခါးတုတ်တာ၊ ဗိုက်ပူတာတို့ကို အဆီချတာပါ" ဟု ရှင်းပြသည်။

အလှကမ္ဘာအမျိုးသမီး အဆီချခန်းမတွင် ခါးတုတ်ခြင်း၊ ဗိုက်ပူခြင်း၊ ကုပ်ပိုးတက်ခြင်း စသည်တို့ကို ၁၀ ရက်အတွင်း အဆီကျသွားအောင် ချပေးခြင်းများ ပြုလုပ်နေပြီး တစ်မျိုးလျှင် အဆီချဝန်ဆောင်မှုမှာ ၁၀ ရက်စာ ကျပ် ၂၀၀၀၀ ဖြစ်သည်ဟု သိရသည်။ ဆိုင်သို့ မလာရောက်လိုသူများအတွက်လည်း အိမ်တိုင်ရာရောက် အဆီချပေးနေပြီး ဝန်ဆောင်မှုတန်ဖိုးမှာ ဆိုင်တွင် လာရောက်ပြုလုပ်သည်ထက် နှစ်ဆပေးရသည်ဟု ဒေါ်နီလာက ဆိုသည်။

အလှကမ္ဘာကဲ့သို့ သီးခြားအဆီချခန်းမ မဟုတ်သော်လည်း နိုင်ငံခြားအလုဝန်ဆောင်မှုလုပ်ငန်းများနှင့် တွဲဖက်ဖွင့်နေသည့် အလှပြင်ခန်းမအချို့တွင်မူ ကိုယ်ခန္ဓာအဆီချခြင်းအတွက် ငွေကျပ်နှစ်သိန်းခန့် ကုန်ကျသော်လည်း လာရောက်အဆီချသူ အများအပြားရှိကြောင်း အလှနှင့်ကျန်းမာရေးစင်တာ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

သို့ရာတွင် အဆိုပါ အဆီချခန်းမများတွင် လာရောက်အဆီချသူများ၏ ခံနိုင်ရည်ကိုကြည့်၍ ဝန်ဆောင်မှုပေးရကြောင်း ဒေါ်နီလာက ဆိုသည်။

"လိမ်းဆေးနှိပ်ပြီးအဆီချရင် တချို့ကချက်ချင်းကို ကျချင်တယ်။ အပြင်းအထန် လုပ်လို့မရပါဘူး။ ကျန်းမာရေးနဲ့ ခံနိုင်ရည်ကိုကြည့်ပြီး လုပ်ပေးရပါတယ်။ အနည်းဆုံး ဆယ်ရက်လောက် ကြာပါတယ်။ ဒီရက်အတွင်း စည်းကမ်းချက်တချို့ လိုက်နာဖို့လည်း လိုပါတယ်"

## နိဂုံး

ကိုယ်တိုင်သရုပ်ဆောင်မော်ဒယ်တစ်ဦးဖြစ်သူ ဒေါ်တင်မိုးလွင်ကမူ နိုင်ငံတကာအမျိုးသမီးများနည်းတူ မြန်မာအမျိုးသမီးများသည် ခန္ဓာကိုယ်သွယ်လျမှုကို သဘောကျသော်လည်း နိုင်ငံခြားမှာကဲ့သို့ အလွန်အမင်းပိန်ခြင်းများကိုမူ လက်ခံလိုစိတ်မရှိသေးဟု ဆိုပါသည်။

"ပိန်တာကိုသဘောကျတာတော့မှန်ပါတယ်။ ဒါပေမဲ့ အမျိုးသမီးသဘာဝလည်းရှိတဲ့ ပိန်တာကိုပဲ ကြိုက်တာပါ။ ဟိုမှာလို အရမ်းပိန်တာကိုတော့ လက်မခံသေးပါဘူး"။ အလှကမ္ဘာ အဆီချလုပ်ငန်းပိုင်ရှင်ဒေါ်နီလာကလည်း "အရမ်းကြီးပိန်တာကိုတော့ မကြိုက်ကြသေးဘူး။ ခါးမတုတ်ချင်တာ၊ ဗိုက်မပူချင်တာ၊ မဝချင်တာလောက်ဘဲ ရှိပါသေးတယ်"ဟု ပြောကြားသည်။

သို့သော်လည်း ကျန်းမာရေးအသိအရဖြစ်စေ၊ လှပလိုမှုကြောင့်ဖြစ်စေ မြန်မာတို့ရှေးယခင်က လက်သုံးစကားဖြစ်သည့် 'ဝမှလှတယ်' ဆိုသောစကားလုံးသည် ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်ပေါ်လာသည့်အချိန်တွင် ပြောင်းလဲမှုတစ်ရပ် ဖြစ်လာနိုင်စရာရှိပါသည်။ စီးပွားရေးတစ်ရပ်ဖြစ်လာသော ခန္ဓာကိုယ်အဆီချလုပ်ငန်းများ၊ အားကစားလေ့ကျင့်ရေးခန်းမများ၊ ဈေးကွက်တစ်ရပ်ဖြစ်လာသော အဆီကျဆေး၊ ပိန်ဆေးများကလည်း မြန်မာအမျိုးသမီး၏ ကျန်းမာရေးနဲ့ ပတ်သက်သည့် အမြင်ပြောင်းလဲကြောင်း သိသာမြင်သာသော အထောက်အထားများ ဖြစ်ပါသည်။

ခန္ဓာကိုယ်အဆီကျလာစေရန်အတွက် မိမိ၏သမားရိုးကျ အစားအသောက်ပုံစံကို ပြောင်းလဲခဲ့သော ဒေါ်သူဇာကမူ အပြောင်းအလဲနှင့်ပတ်သက်၍ ယခုကဲ့သို့ မှတ်ချက်ချပါသည်။ "ကုန်တိုက်တွေသွားလို့ အဝတ်အစားတွေကိုင်ကြည့်တဲ့အခါ အရောင်းစာရေးမတွေက အကျီကသေးလို့ အန်တီနဲ့မတော်ပါဘူးလို့ပြောတာမျိုး ဘယ်အမျိုးသမီးကမှ မနှစ်သက်ကြပါဘူး။ ဒါကြောင့် မြန်မာအမျိုးသမီးတွေ ပိန်ချင်လာတာပါ"

အချုပ်အားဖြင့်ဆိုရလျှင်မူ မိမိ၏အနေအထိုင်၊ အစားအသောက်နှင့် အအိပ်အနေတို့ကြောင့် ဝလာခြင်းကို သဘာဝနည်းဖြင့် လျှော့ချခြင်းကသာလျှင် ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ ဂလိုဘယ်စံများနှင့်အညီ ပြောင်းလဲလာသည်မှာ မှန်သော်လည်း ထိုစံများကို လက်ခံနိုင်သော၊ မိမိ၏ လက်ရှိအနေအထားနှင့် ဆီလျော်အောင် ခံယူပြုပြင်သုံးစွဲနိုင်သော အသိဉာဏ်ပညာနှင့် ဗဟုသုတ လိုအပ်ပါသည်။ ယနေ့ကမ္ဘာကြီးသည် ဂလိုဘယ်စံများဖြင့် အရာရာ တိုင်းတာတန်းညှိလာကြရာ ထိုစံများထဲတွင် အဆင့်အတန်းမီရေး၊ လိုက်လျောညီထွေဖြစ်စေရေးတို့မှာ လက်ခံသူ၏ ဂလိုဘယ်အတွေးအခေါ်အယူအဆနှင့် အသိပညာကသာ အခရာဟုဆိုလျှင် မမှားနိုင်ပေ။

**ထားထားမြင့်**

www.foreverspace.com.mm



# မင်းစုံတောင်ကြယ်လိပ်ထိန်းသိမ်းရေးနှင့် သဘာဝအခြေခံခရီးသွားအလားအလာ

ကျော်နိုင်

**မြန်မာ နိုင်ငံ၌ သစ်ပင် သစ်တော၊ သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား သဘာဝအတိုင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသော ဘေးမဲ့တောများစွာကို ပိုင်ဆိုင်ထားသည့်အနက် မြန်မာနိုင်ငံအလယ်ပိုင်း နွားထိုးကြီးမြို့နယ်အတွင်းရှိ မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကမ္ဘာပေါ်တွင် မြင်တွေ့ရခဲသော မြန်မာ့ဒေသရင်းငှက်မျိုးစိတ်များနှင့် ကြယ်လိပ်များကို တွေ့ရှိနိုင်ရုံမျှမက အပူပိုင်းဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများအား စုံလင်စွာလေ့လာသုတေသနပြုနိုင်သဖြင့် ပြည်တွင်းပြည်ပမှ သဘာဝအခြေခံခရီးသွားဧည့်သည်များနှင့် သုတေသီများအတွက် လေ့လာလည်ပတ်ချင်စရာကောင်းသော နေရာတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိသည်။**

## မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်းတည်ရှိပြီး ၅၅၈၄ ဧက (၈.၇၂၅ စတုရန်းမိုင်) ကျယ်ဝန်းသည်။ မန္တလေးမြို့မှ ၆၆ မိုင်၊ မြင်းခြံမြို့မှ ၂၉ မိုင်နှင့် နွားထိုးကြီးမြို့မှ ၁၀မိုင်ခန့် ကွာဝေးပြီး မြင်းခြံ–မန္တလေး ကားလမ်းမကြီး၏ မြောက်ဘက်ခြမ်းတွင် တည်ရှိသည်။



မင်းစုံတောင်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော

အပူပိုင်းဇုန်အတွင်းကျရောက်သည့်အတွက် နွေရာသီတွင် အပူချိန် ၉၀˚F မှ ၁၀၈˚F အထိနှင့် ဆောင်းရာသီတွင် ၅၅˚F မှ ၈၅˚F အထိရှိပြီး ပျမ်းမျှမိုးရေချိန်မှာ ၃၀လက်မ ဖြစ်သည်။ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ၂၀၀၁ ခုနှစ် မတ်လ ၂၂ ရက်နေ့ ရက်စွဲဖြင့် မင်းစုံတောင် တောရိုင်းတရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့သည်။

ဘေးမဲ့တောအတွင်း ကျောက်ဆင်စခန်းနှင့် ကျောက်ဆွဲစခန်း စခန်းကြီးနှစ်ခု၊ စခန်းငယ်သုံးခု ခွဲခြားသတ်မှတ်ထားပြီး အုပ်ချုပ်ရေးမှူးရုံးကို မြင်းခြံမြို့မှ မိုင်၃၀ အကွာ မြင်းခြံ–မန္တလေး ကားလမ်းမကြီး၏မြောက်ဘက် ရှောက်တောရိုးစခန်းတွင် ဖွင့်လှစ်ထားရှိသဖြင့် ကားဖြင့်အလွယ်တကူ လာရောက်နိုင်သည်။

“အပူပိုင်းဒေသရဲ့သစ်ပင်သစ်တောနဲ့တောရိုင်းတိရစ္ဆာန်တွေကို Research ပြုလုပ်ဖို့ အကောင်းဆုံးနေရာတစ်ခုပါပဲ။ အပူပိုင်းဒေသမှာရှိတဲ့ သားငှက်တိရစ္ဆာန်တွေမှီခိုတဲ့ Oasis လို့လည်း ပြောလို့ရတယ်။ သုတေသနလည်း လုပ်နိုင်သလို Ecotourism လည်း လုပ်နိုင်တယ်”ဟု မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့

www.foreverspace.com.mm



တောအုပ်ချုပ်ရေးမှူး ဦးမြင့်ရွှေက ဆိုသည်။

## ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု

သစ်တောအမျိုးအစားမှာ အပူပိုင်းတောခြောက် (Dry Forest) အမျိုးအစားဖြစ်ပြီး၊ ရှား၊ ထနောင်း၊ ကန္တာရ၊ သန်း၊ ဒဟတ်၊ သနပ်ခါးပင်မျိုးများ အဓိကပေါက်ရောက်သည်။ လျှိုမြောင်များတွင် သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ကြက်ရိုး၊ သမုန်းနှင့် မျှင်ဝါးတို့ကို တွေ့ရှိနိုင်ပြီး မြက်စပ်၊ မြောက်မြီး၊ ယုန်မွေး၊ မြက်ချိုများလည်း ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

ဘောမဲ့တောအတွင်း ယုန်၊ ဂျီ၊ ခွေးအ၊ တောကြောင်၊ ရှဉ့်၊ ကြွက်၊ လင်းနို့ စသည့် နို့တိုက်သတ္တဝါများအပြင် ရှားပါး မြန်မာ့ကြယ်လိပ်နှင့်ဂင်လိပ်တို့အပါအဝင် ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၃၅ မျိုး၊ ကုန်းနေရေနေငှက်မျိုးစိတ် ၉၀ ကျော်နှင့် လိပ်ပြာမျိုးစိတ် ၅၀ ခန့် နေထိုင်ကျက်စားလျက်ရှိသည်။

အဆိုပါဘောမဲ့တော၏ ထူးခြားချက်မှာ ကမ္ဘာပေါ်၌ မည်သည့်ဒေသတွင်မျှ မတွေ့ရှိနိုင်ဘဲ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင်သာ တွေ့ရှိနိုင်သော မြန်မာ့ဒေသရင်း စွေ့ငှက်၊ နဖားကြိုးအမြီးဝိုင်းနှင့် ဘီလုံးငှက် ငှက်မျိုးစိတ်သုံးမျိုးနှင့် ရှားပါးကုန်းလိပ်တစ်မျိုးဖြစ်သည့် ကြယ်လိပ်များကို ရှာဖွေတွေ့ရှိနိုင်ခြင်းပင်ဖြစ်သည်။

## ဒေသရင်းငှက်တို့ပျော်စံရာ

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ မည်သည့်ဒေသတွင်မျှ ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိဘဲ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ရှာဖွေတွေ့ရှိနိုင်သော ဒေသရင်း (Endemic Species) ငှက်မျိုးစိတ်လေးမျိုး ဖြစ်သည့် စွေ့ငှက်(White-throated Babbler)၊ နဖားကြိုးအမြီးဝိုင်းငှက် (Hooded Treepie)၊ ဘီလုံးငှက် (Oriental Skylark) နှင့် မျက်ခုံးဖြူငှက်ပြာခြောက်(White -Browed Nuthatch)တို့အနက် စွေ့ငှက်၊ နဖားကြိုးအမြီးဝိုင်းငှက်နှင့် ဘီလုံးငှက် ငှက်မျိုးစိတ်သုံးမျိုးစလုံးကို မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘောမဲ့တောအတွင်း ရှာဖွေတွေ့ရှိနိုင်ကြောင်း မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်း အတွင်းရေးမှူးဦးသက်ဇော်နိုင်က ဆိုသည်။

မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သတ္တဗေဒဌာနမှ ငှက်နှင့်စပ်လျဉ်း၍ ပါရဂူဘွဲ့ကျမ်းပြုစုနေကြသည့် သရုပ်ပြဆရာမများ၊ ရန်ကုန်နှင့်မန္တလေးမြို့မှ သဘာဝအခြေခံခရီးသွားဧည့်လမ်းညွှန်များ၊ ဒေသခံငှက်ဝါသနာရှင်များ၊ မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘောမဲ့တောမှ ဝန်ထမ်းများနှင့်အသင်းဝင်များ စုစုပေါင်းအဖွဲ့ဝင် ၂၃ ဦးပါဝင်သည့် ငှက်ကြည့်လေ့လာရေး အဖွဲ့သည် ဇူလိုင်လ ၁၇ ရက်မှ ၂၀ ရက်နေ့အထိ မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘောမဲ့တောတစ်ဝိုက်၌ လေးရက်ကြာ လေ့လာသုတေသနပြုခဲ့ကြရာ မြန်မာ့ဒေသရင်း ငှက်သုံးမျိုးစလုံးအပါအဝင် ငှက်မျိုးစိတ် ၇၄ မျိုးကို ရှာဖွေတွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ယင်းငှက်မျိုးစိတ်များအနက် ၂၁ မျိုးမှာ အဆိုပါဘောမဲ့တောအတွင်း မှတ်တမ်းမတင်ရသေးကြောင်း လေ့လာရေးအဖွဲ့ခေါင်းဆောင်က ဆိုသည်။

**မြန်မာ့ကြယ်လိပ်**



## မြန်မာ့ဒေသရင်းကြယ်လိပ်နှင့် ထိန်းသိမ်းစောင့်ရှောက်ရေး

ကမ္ဘာပေါ်တွင် India Star Tortoise နှင့် Myanmar Star Tortoise ဟူ၍ ကြယ်လိပ် အမျိုးအစားနှစ်မျိုးရှိသည့်အနက် ရှားပါးစာရင်းဝင်ဖြစ်သည့် Myanmar Star Tortoise (မြန်မာ့ကြယ်လိပ်)ကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ တွေ့ရှိရသည်။

"India Star Tortoise ကို ပေါပေါများများတွေ့ရသေးတယ်။ မြန်မာ့ကြယ်လိပ်

www.foreverspace.com.mm



(Myanmar Star Tortoise) ကတော့ တကယ့်ကိုရှားပါးနေပြီ။ ကမ္ဘာ့ရှားပါးလိပ် ၂၅မျိုးထဲမှာ တစ်မျိုးအပါအဝင်ဖြစ်သလို အာရှတိုက်ရဲ့ ရှားပါးလိပ် ၁၀ မျိုးထဲမှာလည်း တစ်မျိုးအပါအဝင်ဖြစ်တယ်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသတစ်ခုထဲမှာပဲ ပျံ့နှံ့နေထိုင်ကြတာမို့လို့ တခြားလိပ်တွေနဲ့စာရင် ပိုပြီးအာရုံစိုက်စိတ်ဝင်စားကြတယ်”ဟု မြန်မာ့ဒေသရင်းကြယ်လိပ်နှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးမှူး ဦးမြင့်ရွှေက ရှင်းပြသည်။

ယခုအခါ သစ်တောဦးစီးဌာနသဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက အဆိုပါမြန်မာ့ကြယ်လိပ်များကို မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် မကွေးတိုင်းရှိ ရွှေစက်တော်ဘေးမဲ့တောတို့တွင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားသည်။

“ကြယ်လိပ်တွေကို ဒေသခံတွေက ဆီကြော်လိပ်၊ ပန်းလိပ်၊ ပင့်ကူလိပ်လို့ လည်း အမျိုးမျိုးခေါ်ကြတယ်။ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းတို့မှာ အများဆုံးကျက်စားကြတာတွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ ဒေသရင်းမျိုးစိတ် (Endemic Species) ဖြစ်သလို မျိုးတုန်းပျောက်ကွယ်မသွားစေဖို့ လုံးဝကာကွယ်ထားရတဲ့မျိုးစိတ်(Globally Threatened Species)လည်းဖြစ်တယ်”ဟု ၎င်းက ဖြည့်စွက်ရှင်းပြသည်။

ရှားပါးသားငှက်တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ သဘာဝတောအတွင်း သဘာဝအတိုင်းထား၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ခြံခတ်မွေးမြူ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ မင်းစုံတောင်၌ ကြယ်လိပ်များကိုမူ သဘာဝ ကိုအခြေခံပြီး ခြံခတ်၍ အနီးကပ်ဂရုစိုက် မွေးမြူထားရှိကြောင်း၊ ဒေသရင်းလိပ်မျိုးဖြစ်၍ ယင်း၏ဒေသနှင့်သဘာဝကို အခြေခံပြီး အနည်းငယ်မျှသာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ကာ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း လိပ်များကို



မြန်မာ့ဒေသရင်းဧွေ့ငှက်

ထိန်းသိမ်းစောင့်ရှောက်ထားပုံနှင့် စပ်လျဉ်း၍ ၎င်းက ရှင်းပြသည်။

ကြယ်လိပ်များကို ထိန်းသိမ်းစောင့်ရှောက်သည့်ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာပြီးနောက် ၂၀၀၁ ခုနှစ်မှစတင်၍ ကြယ်လိပ် ၁၀ကောင်ဖြင့် စနစ်တကျမွေးမြူခဲ့ကြောင်း၊ ဒေသခံများနှင့်ဝန်ထမ်းများက ဘေးမဲ့တောအတွင်း ထပ်မံဖမ်းဆီးရမိသည့် ခြောက်ကောင်လာရောက် အပ်နှံကြသဖြင့် အရွယ်ရောက်ပြီး ကြယ်လိပ်စုစုပေါင်း ၁၆ ကောင် ရှိကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ကြယ်လိပ်ရှစ်ကောင်၊ ၂၀၀၄ ခုနှစ်တွင် ၃၅ ကောင်၊ ၂၀၀၅ ခုနှစ်တွင် ၆၈ ကောင် ထပ်မံပေါက်ဖွားလာကြသဖြင့် ယခုအခါ စခန်းအတွင်း ကြယ်လိပ်စုစုပေါင်း ၁၀၀ ကျော် မွေးမြူထားရှိကြောင်း၊ ၂၀၀၃ ခုနှစ်တွင် တစ်ကောင်၊ ၂၀၀၄ ခုနှစ်တွင် နှစ်ကောင်နှင့် ၂၀၀၅ ခုနှစ်တွင် ရာသီဥတုပူပြင်း၍ လေးကောင်သေဆုံးခဲ့ကြောင်း၊ ပေါက်ဖွားမှုရာခိုင်နှုန်းက ပိုမိုများပြားပြီး သေပျောက်မှုရာခိုင်နှုန်းက နည်းပါလှကြောင်း ၎င်းကဆိုသည်။

ကြယ်လိပ်များသည် နှစ်စဉ် အောက်တိုဘာလခန့်တွင် ဥအုကြပြီး မိုးရာသီတွင် ပေါက်ဖွားလေ့ရှိကြသည်။ “သဘာဝကိုက လိပ်ပေါက်ကလေးတွေရှင်သန်ရပ်တည်ဖို့ ဖန်တီးပေးတာပဲ။ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီးတာနဲ့ မြက်နုကလေးတွေ ထွက်လာတယ်။ အဲဒီမြက်နုကလေးတွေကို လိပ်ပေါက်စကလေးတွေက စားရင်း ရှင်သန်ကြီးထွားလာကြရတာ”ဟု ဦးမြင့်ရွှေက ရှင်းပြသည်။

ဘေးမဲ့တောတည်ထောင်ခါကစ အပူပိုင်းဒေသ၏ရာသီဥတုကို ထိန်းသိမ်းရန်၊ အပူပိုင်းဒေရှိ တောတိရစ္ဆာန်များ မှီခိုရန်နှင့် သဘာဝတောကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းတွင် ကြယ်လိပ်ဖြင့်ထင်ရှားခဲ့ကြောင်း၊ မင်းစုံတောင်နှင့် ရွှေစက်တော်ဘေးမဲ့တောနှစ်ခုနှိုင်းယှဉ်ပါက မင်းစုံတောင်ဘေးမဲ့တော၌ ကြယ်လိပ်အရေအတွက်ပိုများသဖြင့် မင်းစုံတောင်က ပိုမိုထင်ရှားခဲ့ကြောင်း၊ ချပ်သင်းဘေးမဲ့တောနှင့် ရွှေသမင်၊ ဟူးကောင်းတောင်ကြား ဘေးမဲ့တောနှင့် ကျား ခွဲခြား၍မရသကဲ့သို့ မင်းစုံတောင်နှင့် ကြယ်လိပ်သည်လည်း ခွဲခြား၍ မရနိုင်ကြောင်း၊ နိုင်ငံတကာ၌ ခြံခတ်မွေးသည့် ကုန်းလိပ်နှင့် ပတ်သက်လာပါက မင်းစုံတောင်ဘေးမဲ့တောမှ ကြယ်လိပ်သည် မပါမဖြစ် အရေးပါလာပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဥမှပေါက်ခါစကြယ်လိပ်လေးများ



**ဘေးမဲ့တောအတွင်း**
**ငှက်ကြည့်လေ့လာနေကြသူတစ်စု**

သည် တစ်လက်မပတ်လည်ခန့်အရွယ်လုံးဝန်းလျက်ရှိပြီး အရွယ်ရောက်လာသည့်အခါ တဖြည်းဖြည်း ဘဲဥပုံရှည်မျောမျော ဖြစ်သွားသည်။ မင်းစုံတောင်ဘေးမဲ့တောရှိ လိပ်များ၏သက်တမ်းမှာ အသက် ၁၂နှစ်မှ ၁၅ နှစ်ကြားအထိရှိကြပြီး ကိုယ်ခန္ဓာအကြေးခွံပေါ်ရှိ အကွက်အရစ်များကိုကြည့်၍ ယင်းတို့၏သက်တမ်းကို ခန့်မှန်း၍ရသည်။ ကြီးထွားမှုနှုန်းမှာမူ အခြားတိရစ္ဆာန်များနှင့်မတူဘဲ နှေးကွေးလှသည်။

စခန်းအတွင်း ခြံခတ်မွေးမြူထားသည့်လိပ်များအား ကန်စွန်းရွက်ကို အဓိကထားကျွေးမွေးပြီး အရောင်ပါသည့် ခရမ်းချဉ်သီး၊ မုန်လာဥ၊ ဆီး(ဇီး)သီးနှင့် ရံဖန်ရံခါ တောအတွင်းမှအသေဖမ်းဆီးရမိသည့် မြွေ၊ ဖွတ်တို့၏အသားများကို ဖြည့်စွက်ကျွေးမွေးကြောင်း၊ သဘာဝအတိုင်းနီးစပ်စေရန် ကန်စွန်းရွက်ကို အပင်လိုက်(သို့) စင်း၍မကျွေးဘဲ အစည်းလိုက်ကျွေးမွေးကြောင်း စခန်းတာဝန်ခံတစ်ဦးက ရှင်းပြသည်။

မင်းစုံတောင်ဘေးမဲ့တောအတွင်း ရေလိပ်နှင့် အခြား ကုန်းလိပ်တစ်မျိုးဖြစ်သည့် ဂင်လိပ်များကိုပါ မွေးမြူထားရှိသည်။ ၂၀၀၅ခုနှစ် ဇွန်လအတွင်း ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသို့ တင်ပို့မည့် ကုန်းလိပ်နှင့် ရေလိပ် ၅၇၅ ကောင်ကို မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ မန္တလေးတိုင်း သစ်တောဦးစီးဌာနက ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှတစ်ဆင့် လွှဲအပ်ခဲ့သည်။ "အဲဒီတုန်းက ရေလိပ်အမျိုးမျိုး ၃၇၅ကောင်နဲ့ ဂင်လိပ် ၂၀၀ ကောင်ပါလာတယ်။ ရေလိပ် ၃၇၅ ကောင်ကို ရှောက်တောရိုးကန်ထဲ လွှတ်လိုက်တယ်။ ကျန်တဲ့ ဂင်လိပ်အကောင် ၂၀၀ ကို စခန်းမှာပဲ နာလန်ထူလာအောင် ခြောက်လလောက် ကျွေးမွေးပြုစုစောင့်ရှောက်ပြီးမှ သူတို့အတွက် အစာရေစာပေါတဲ့ မိုးဦးရာသီမှာ တောထဲကိုလွှတ်ပေးလိုက်တယ်။ မလွှတ်ခင် သူတို့ကို အလေးချိန်ချိန်ပြီးကိုယ်မှာနံပါတ်မှတ်ပေးလိုက်တယ်" ဟု အုပ်ချုပ်ရေးမှူးဦးမြင့်ရွှေက ဆိုသည်။

ကြယ်လိပ်များကို စခန်းအတွင်း ထိန်းသိမ်းစောင့်ရှောက်ပြီး အရွယ်ရောက်သောအခါ ဘေးမဲ့တောအတွင်း စေလွှတ်ပေးသည်။ "လိပ်တွေကို ဒီအတိုင်း လွှတ်လိုက်လို့မရဘူး။ (၁) လွှတ်သင့်လွှတ်ထိုက်တဲ့အရွယ် (တောထဲမှာ သူ့ဘာသာသူ Survival ဖြစ်အောင် နေနိုင်တဲ့အရွယ်) ရှိရမယ်။ (၂) ကျန်းမာရေးကောင်းရမယ်။ (၃) သူ့ကိုလွှတ်မယ့်တောက လုံခြုံစိတ်ချမှုရှိရမယ်။ (၄) အစာရေစာပေါတဲ့ ရာသီဖြစ်ရမယ်။ အစာရေစာရှားတဲ့ နွေရာသီမှာ သွားလွှတ်လို့ မရဘူး။ မလွှတ်ခင် အများကြီးစဉ်းစားရတယ်။ လွှတ်လိုက်တဲ့ အကောင်တွေအားလုံးလည်း ရာနှုန်းပြည့် Survival ဖြစ်မယ်ဆိုတာကို အာမခံလို့မရဘူး" ဟု တောတွင်းသို့စေလွှတ်ပုံနှင့် စပ်လျဉ်း၍ ဦးမြင့်ရွှေက ရှင်းပြသည်။

"တောထဲမှာလိပ်ကို ချက်ချင်းပြန်ရှာဖို့ခက်တယ်။ သူတို့ကိုယ်၌က အနေကျစ်တာကိုး။ လိပ်တွေကိုရှာတဲ့အခါ ဒေသခံမုဆိုးနဲ့ခွေးကိုသုံးပြီး ရှာခွင့်မပြုဘူး။ သူတို့ကို ကျွန်တော်တို့မိတ်ဆွေတွေလို့သတ်မှတ်လို့မရဘူး။ ဝန်ထမ်းတွေနဲ့ လူအားသုံးပြီးပဲ လိုက်ရှာကြတယ်"ဟု ၎င်းကဖြည့်စွက်ပြောပြသည်။

မြန်မာနိုင်ငံ၌ ကြယ်လိပ်ကောင်ရေလျော့ပါးစပြုလာရခြင်းအကြောင်းမှာ ယင်းတို့ကို နိုင်ငံတကာက အိမ်မွေး တိရစ္ဆာန်အဖြစ် အလှမွေးမြူလာကြခြင်းကြောင့်ဖြစ်သည်။ မသမာသူများက ဒေသခံမုဆိုးများနှင့်ပူးပေါင်း၍ ကြယ်လိပ်များကို ရှာဖွေဖမ်းဆီးကာ ပြည်ပသို့တရားမဝင်ခိုးထုတ်ပြီး ရောင်းဝယ်ဖောက်ကားလာကြသည်။ အများစုမှာ တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ နယ်စပ်မှတစ်ဆင့် တရားမဝင်ခိုးထုတ်တင်ပို့ကြခြင်းဖြစ်သည်။ ကြယ်လိပ်ကောင်ရေတဖြည်းဖြည်းကျဆင်းလာသဖြင့် သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပြီး သစ်တောဦးစီးဌာနကလည်း တရားမဝင် ခိုးထုတ်ရောင်းဝယ်သူများကို ဖမ်းဆီးအရေးယူခဲ့သည်။

"မျိုးတုံးဖို့ အန္တရာယ်ရှိနေတဲ့ တောရိုင်းတိရစ္ဆာန်ဖြစ်လို့ ဖမ်းမိရင် ထောင်ဒဏ် ၁၀နှစ်အထိ ချပိုင်ခွင့်ရှိတယ်။ ဥပဒေအရ ဒီကြယ်လိပ်မျိုးဟာ လုံးဝကာကွယ်ထားရမယ့်လိပ်မျိုး ဖြစ်တယ်။ အဲဒါကို ဖောက်ဖျက်ကျူးလွန်ရင် ဒဏ်ငွေငါးသောင်းဖြစ်စေ၊ ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ အပြစ်ကြီးရင် ထောင်ဒဏ်



www.foreverspace.com.mm

www.foreverspace.com.mm



၁၀ နှစ်အထိဖြစ်စေ ချမှတ်လို့ရတယ်။ မကြာသေးခင်က လိပ်ခိုးထုတ်တဲ့ လူတစ်ယောက်ကို မြင်းခြံခရိုင်တရားရုံးက ထောင်ဒဏ် ၁၀ နှစ်အထိ ချခဲ့ဖူးတယ်။ အဲဒီလို ထိထိရောက်ရောက်အရေးယူ လိုက်တော့ ပတ်ဝန်းကျင်ကလူတွေ ကြောက်လန့်သွားပြီး မလုပ်ဝံ့ကြတော့ဘူး”ဟု ဥပဒေအရ အရေးယူပုံနှင့် ပတ်သက်ပြီးဦးမြင့်ရွှေက ရှင်းပြသည်။

ဒေသခံအချို့အယူအဆလွဲမှားမှုက ကြယ်လိပ်များအတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တောတွင်းရောက်ရှိနေခိုက် ယင်းကြယ်လိပ်များကို ထိတွေ့ကိုင်တွယ်မိပါက တောအတွင်း လမ်းမှားတတ်သည်၊ လမ်းပျောက်တတ်သည် ယူဆနေကြကြောင်း၊ ယင်းလိပ်များကို သတ်စားမိက ဆိုင်ရာ (တောင်ကြီးရှင်)က မကြိုက်ဟု လည်းယူဆကြကြောင်း၊ယင်းအယူအဆ လွဲမှားနေမှုသည်ပင်လျှင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကံကောင်းနေသည်ဟု ဆိုရမည်ဖြစ်ကြောင်း အဆိုပါဘေးမဲ့တောမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။

မြန်မာ့ဒေသရင်း ကြယ်လိပ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် စနစ်တကျဖြစ်စေရန်အတွက် ပြည်ပအဖွဲ့အစည်းအချို့က နည်းပညာပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခဲ့ကြသည်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)အစီအစဉ်ဖြင့် လိပ်များထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်သည့်သင်တန်းကို ၂၀၀၁ခုနှစ်က ရွှေစက်တော်ဘေးမဲ့တောတွင်တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်က လောကနန္ဒာဘေးမဲ့တောတွင် တစ်ကြိမ် ပို့ချခဲ့ရာ ပြည်ပမှပညာရှင်များ လာရောက်ပို့ချဆွေးနွေးခဲ့ကြသည်။ “သင်တန်းပြီးသွားတော့ လိပ်နဲ့ပတ်သက်လို့ တန်ဖိုးထားတတ်တဲ့စိတ်ပေါ်လာပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရမယ့်နည်းတွေကို သိလာခဲ့တယ်။ Wildlife ဆို ကျားတွေ ဆင်တွေလောက်ပဲ Conservation လုပ်ရမယ်ထင်ထားခဲ့တာ။ အခု ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ Flora and Fauna Species မှန်သမျှ ထိန်းသိမ်းရမယ်ဆိုတာကိုသိလာရတယ်။ လိပ်နဲ့ပတ်သက်တဲ့ Knowledge တွေအများကြီးရလိုက်တယ်”ဟု သင်တန်းတက်ရောက်ခဲ့သူ ဦးမြင့်ရွှေက ၎င်း၏သင်တန်းအတွေ့အကြုံကို ပြောကြားသည်။ ထို့အပြင် လိပ်နှင့်ပတ်သက်သည့် နိုင်ငံတကာအဖွဲ့အစည်းများကလည်းလာရောက်လေ့လာမှုများနှင့် လာရောက်လေ့လာရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းမှုများရှိနေပြီဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

စာရေးသူ၏လက်တွင်တွေ့မြင်ရသော ကြယ်လိပ်သားပေါက်လေးများ



## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပညာပေးလုပ်ငန်းများ

“ကျွန်တော်တို့ မင်းစုံတောင်တစ်ဝိုက်မှာရှိတဲ့ ကျေးရွာ ၁၃ ရွာမှာ သုံးနှစ်ဆက်တိုက် ပညာပေးလုပ်ငန်း Environmental Education Programme တွေ ဆောင်ရွက်ခဲ့ပါတယ်။ မင်းစုံတောင်ဘေးမဲ့တောအကြောင်းကအစ သားငှက်တိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်တတ်ဖို့နဲ့ လိပ်နဲ့ပတ်သက်တဲ့ဥပဒေတွေကိုပါ ဆွေးနွေးပို့ချခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ လိပ်တွေ့လို့လာအပ်တဲ့သူတွေ ပေါ်လာကြတယ်။ အခြေခံပညာကျောင်းတွေဝင်ပြီး ဟောပြောတယ်။ ကလေးတွေကတစ်ဆင့် သူတို့မိဘနဲ့ဒေသခံတွေပါ လက်ခံသိရှိလာကြတယ်။ သူတို့လာအပ်ကြလို့ တောထဲမှာ လိပ်တွေ သဘာဝအတိုင်းရှိနေသေးတာကိုပါသိရတာပေါ့”ဟု ပညာပေးဆောင်ရွက်ပုံ

www.foreverspace.com.mm



နှင့်ပတ်သက်၍ ဦးမြင့်ရွှေက ရှင်းပြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရန် အဓိကလိုအပ်ကြောင်း၊ ၎င်းတို့မပါဝင်ဘဲ လုပ်ဆောင်၍မရနိုင်ကြောင်း၊ ဒေသခံပြည်သူများ တက်တက်ကြွကြွပူးပေါင်းပါဝင်လာပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ တာဝန်ယူဆောင်ရွက်ရသူများလည်း လွယ်ကူချောမွေ့စေနိုင်ကြောင်း၊ ဒေသခံတွေချည်း ပူးပေါင်းပါဝင်လာရုံနှင့် မလုံလောက်ဘဲ သက်ဆိုင်ရာ တာဝန်ရှိသူများကပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ် အပြည့်အဝရှိနေရန် လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး သုတေသီတစ်ဦးက ဆိုသည်။

မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုစိတ်နှင့် တောတိရစ္ဆာန်များအား ချစ်မြတ်နိုးစိတ်ရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲတစ်ရပ်ကို ဇူလိုင်လ ၂၀ ရက်နေ့က အဆိုပါဘေးမဲ့တောမှ ကိုးမိုင်ခန့်အကွာအဝေးရှိ ညောင်ပင်ကျေးရွာ၌ ပြုလုပ်ခဲ့ရာ မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တာဝန်ရှိသူများ၊ မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အသင်းဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းစိုက်ထူခဲ့ကြသည်။

“သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒေသခံတွေကို ပညာပေးစည်းရုံးတဲ့အခါမှာ အရေးယူမှု (Enforcement) ကို ကြောက်လို့ လိုက်နာကြရတာထက် ပူးပေါင်းပါဝင်လိုတဲ့စိတ် (ဆန္ဒ)ရှိလာအောင် စည်းရုံးဖို့လိုတယ်။ မင်းစုံတောင်ရဲ့ Eco-system ရေရှည်တည်တံ့ဖို့က Local Community Perticipation က သိပ်အရေးကြီးပါတယ်”ဟု အဆိုပါဘေးမဲ့တောသို့ ရောက်ရှိလေ့လာခဲ့သူ ခရီးသွားကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက သုံးသပ်ပြောကြားသည်။

## သဘာဝအခြေခံခရီးသွားလုပ်ငန်း အလားအလာ

“မင်းစုံတောင်ကိုလာမယ့်ဧည့်သည်က Bird Watcher တို့လို၊ လိပ်သုတေသနပြုမယ့်သူတို့လိုဆိုရင် အဆင်ပြေပါတယ်။ သူရှာချင်တဲ့ Endemic Species တွေ တစ်ကြိမ်ထဲ တစ်နေရာထဲမှာ တွေ့သွားနိုင်တာကိုး။ နောက်ပိုင်းမှာ Ecotourism Site တစ်ခုအနေနဲ့ တိုးတက်လာဖို့ အလားအလာတွေ ရှိပါတယ်။ လောလောဆယ်တော့ ဧည့်သည်တွေအတွက် အခြေခံ Infrastructure တွေ လိုအပ်နေသေးတယ်”ဟု အဆိုပါတော၌ ငှက်ကြည့် လေ့လာခဲ့သူ သဘာဝအခြေခံခရီးသွားဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးသောင်းမျိုးလတ်က ဆိုသည်။

မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဒေသရင်းငှက်သုံးမျိုး၊ ကြယ်လိပ်၊ ဂင်လိပ်နှင့်အခြားဇီဝမျိုးစုံ မျိုးကွဲများအား လေ့လာသုတေသနပြုနိုင်ရုံမျှမက လေးမိုင်ခန့်ကွာဝေးသော ဘုရားကြီးကျေးရွာမှ ပျူခေတ်လက်ရာ ချင်းပုတီးပြုလုပ်သည့် လုပ်ငန်းများကိုပါ သွားရောက်လေ့လာနိုင်သည်ကို တွေ့ရသည်။

မင်းစုံတောင် ဘေးမဲ့တောအား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် သီးသန့်လေ့လာလည်ပတ်သင့်သောနေရာ (Destination Stie) တစ်ခုအနေနှင့် သတ်မှတ်ဖို့ရာ လိုအပ်ချက်များရှိသေးကြောင်း၊ Ecotourism အတွက်မူ ခရီးစဉ်တစ်ခု တန်မတန်ကို ကျွေးမွေးသည့် အစားအသောက်၊ တည်းခိုရသည့်နေရာထိုင်ခင်းနှင့် ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးမှုများကို မကြည့်ဘဲ ယင်းဧည့်သည်၏ ရှာဖွေတွေ့ရှိလိုသည့် မျိုးစိတ်ရှာဖွေတွေ့ရှိသွားပါက ရရှိလိုက်သည့် စိတ်ကျေနပ်မှုအပေါ် မူတည်ကြောင်း၊ ခရီးစဉ်ရေးဆွဲပါက လောလောဆယ် မင်းစုံတောင်ချည်း သီးသန့်ရေးဆွဲရန် အဆင်မပြေသေးကြောင်း၊ ရန်ကုန်–ပုဂံ– မင်းစုံတောင်၊ ရန်ကုန်–မန္တလေး–မင်းစုံတောင် စသည်ဖြင့် Extension သဘော နေ့ချင်းပြန်တစ်ရက်ခရီးစီစဉ်၍ရကြောင်း၊ Special Interested Tour ခေါ် (ဥပမာ– ကြယ်လိပ်ကိုပဲသီးသန့်လေ့လာလိုသူ) ခရီးသည်များအတွက်မူ အဆင်ပြေနိုင်ကြောင်း အဆိုပါဧည့်လမ်းညွှန်က သုံးသပ်သည်။

“မင်းစုံတောင်က Ecotourism Site တစ်ခုအနေနဲ့ အများကြီး ဖြစ်နိုင်ခြေရှိတယ်။ ငှက်နဲ့လိပ်တွေ လေ့လာလို့ရသလိုတောထဲမှာ Tracking ပါ လုပ်လို့ရတယ်။ Culture Tour အနေနဲ့လည်း ဘုရားကြီးကျေးရွာက မြန်မာ့ရိုးရာပုတီးလုပ်ငန်းကို သွားလေ့လာလို့ရတယ်။ အခြား Eco-Tour Site တွေထက် အားသာချက်တစ်ခုက မြို့တွေနဲ့နီးပြီး သွားရေးလာရေး လွယ်ကူတာပဲ”ဟု သဘာဝအခြေခံခရီးသွားဧည့်လမ်းညွှန်တစ်ဦးလည်းဖြစ်သူ S.S.T Tourism မှ ဦးသက်ဇော်နိုင်က ဆိုသည်။

## နိဂုံး

မြန်မာ့ဒေသရင်း ရှားပါးတိရစ္ဆာန်များဖြစ်သည့် ငှက်မျိုးစိတ်များနှင့်ကြယ်လိပ်များအား လေ့လာသုတေသနပြုနိုင်သည့် မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့ပါးစေရန်နှင့် သဘာဝအခြေခံခရီးသွားဒေသတစ်ခုအဖြစ်ပါ ပေါ်ထွန်းလာနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် ဝန်ထမ်းများသာမကပဲ ဒေသခံပြည်သူများ၏ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်မှုနှင့် ခရီးသွားကုမ္ပဏီအဖွဲ့အစည်းများ၏ စီစဉ်ဆောင်ရွက်နိုင်မှုတို့အပေါ်တွင် အဓိကတည်မှီနေပါသည်။

**ကျော်နိုင်**

www.foreverspace.com.mm



# အာရှစွမ်းအင်အရင်းအမြစ်သို့ ဦးတည်လာသော သံလွင်နှင့် ရေအားလျှပ်စစ်စီမံကိန်းများအခြေအနေ

မင်းနိုင်စိုး

**လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက တောတောင်၊ လျှိုမြောင်များကြားတွင် တိတ်ဆိတ်စွာ စီးဆင်းခဲ့ပြီး တစ်ကိုယ်တည်း ဧကစာကျင့်ခဲ့သော သံလွင်မြစ်သည် ခရစ်နှစ် ၂၀၀၃ ခုနှစ်က တရုတ်၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ သံလွင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ဆည် ၁၃ နေရာခန့် တည်ဆောက်ရန်ရှိကြောင်း ထုတ်ပြန်ပြီးသည့်နောက် သံလွင်မြစ်သည် ပထဝီအနေအထားအရသာမဟုတ်တော့ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာအရေးနှင့် စွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ်သို့ အရှိန်အဟုန်ကြီးစွာ ပြောင်းလဲခြင်း (Dynamics Change)သို့ ဦးတည်သွားပြီ ဖြစ်ပေသည်။**



**သံလွင်မြစ် တစ်နေရာ**


သံလွင်မြစ်သည် အာရှတိုက်၏ အရှည်ဆုံးမြစ်ကြီးများစာရင်းတွင်ပါဝင်ပြီး နိုင်ငံတကာမြစ်ကြီးများအဆင့်ဝင် မြစ်ဖြစ်သည်။ သံလွင်မြစ်သည် တရုတ်နိုင်ငံ တိဘက်ဒေသ မီတာ ၄၀၀၀ ကျော်မြင့်သည့် ဟိမဝန္တာတောတောင်ကြောမှ မြစ်ဖျားခံခဲ့ပြီး ဖွားဖက်တော် မဲခေါင်မြစ်နှင့် အတူ တရုတ်နိုင်ငံအတွင်း၌ မိုင်ပေါင်းရာနှင့်ချီ၍ အတူတကွ (ကုန်းတန်းတစ်ခုသာခြားလျက်) ယှဉ်တွဲစီးဆင်းခဲ့ကြပြီး သံလွင်သည် မြန်မာနိုင်ငံတွင်း ဖြတ်သန်းစီးဆင်းပြီးနောက် ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်သွားကာ မဲခေါင်သည် အင်ဒိုချိုင်းနားကုန်းမကြီးကို ဖြတ်သန်းစီးဆင်းပြီးနောက် တောင်တရုတ်ပင်လယ်အတွင်းသို့ စီးဝင်သွားခြင်း ဖြစ်သည်။ သံလွင်မြစ်သည် ခန့်မှန်းခြေ ကီလိုမီတာ ၂၈၀၀ ရှည်လျားပြီး ရေဝေဒေသအနေနှင့် တရုတ်နိုင်ငံမှ ၅၃ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံမှ ၄၂ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံမှ ၅ ရာခိုင်နှုန်း ပါဝင်ကြသည်။ သံလွင်မြစ်ကို တရုတ်နိုင်ငံဘက်တွင် နုဂျန်း Nu Jiand (Nu River) ဟု ခေါ်ကြပြီး ရှမ်းပြည်နယ်၌ ခွန်မြစ် Nam Khong (Khong River) ဟု ခေါ်ဝေါ်ကြကာ မြန်မာဘာသာဖြင့် သံလွင်မြစ်ဟု ခေါ်ကြသည်။ သံလွင်မြစ်မှ စွမ်းအင်ထုတ်လုပ်ရေးအစီအမံများသည် ဒုတိယကမ္ဘာစစ်အပြီးကာလများကတည်းက စက်မှုနိုင်ငံကြီးများမှ စိတ်ဝင်စားခဲ့ကြပြီး သံလွင်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ဂျပန်နိုင်ငံမှ စစ်လျော်ကြေးအဖြစ် စတင်တည်ဆောက်ပေးခဲ့ဖူးသော အစဉ်အလာ ရှိခဲ့သည်။ ထို့နောက်ပိုင်း သံလွင်မြစ်ဝှမ်းနှင့် မဲခေါင်မြစ်ဝှမ်းဒေသတို့သည် နိုင်ငံရေးနှင့် အယူဝါဒရေးရာများဖြင့် တည်ငြိမ်မှု ကင်းဝေးခဲ့ပြီးသည့်နောက် အဆိုပါဒေသမြစ်ဝှမ်းနှစ်ခုစလုံးမှ အရင်းအမြစ်များကို ဖော်ထုတ်အသုံးချရန် ဒေသတွင်းနိုင်ငံများ၊ မြီရှင်နိုင်ငံများနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီများမှ စိတ်ဝင်တစား တွန်းအားပေးလုပ်ဆောင်လာကြခြင်း ဖြစ်သည်။

## ကျိန်စာပြယ်ပြီလော

သံလွင်မြစ်ကို ရှမ်းဘာသာဖြင့် Khong River(ခွန်မြစ်)ဟုခေါ်ကြသကဲ့သို့ မဲခေါင်မြစ်ကိုလည်း ခုန်မြစ် (Kong River) ဟု မဲခေါင်မြစ်ဝှမ်းဒေသများတွင် ခေါ်ဝေါ်

ကြသည်။ အဆိုပါဒေသ၏ ဒဏ္ဍာရီတစ်ခု အရ သံလွင်နှင့် မဲခေါင်မြစ်တို့သည် ယခင်က တိဘက်ကုန်းမြင့်တွင် နေထိုင်ကြသော အလွန်ရင်းနှီးသည့်မိတ်ဆွေများဖြစ်ကြပြီး တစ်နေ့၌ ၎င်းတို့နှစ်ဦးသည် ပင်လယ်ကို ဦးစွာ အရင်ရောက်အောင် ယှဉ်ပြိုင်ရန် သဘောတူကြပြီး စည်းကမ်းချက်များ အနေနှင့် တောင်ကြားများနှင့် လွင်ပြင်များကြားမှသာ စီးဆင်းရန်၊ တောင်ကြောများကိုဖြတ်၍ မစီးဆင်းရန် သဘောတူ ယှဉ်ပြိုင်ကြသည်။ ကနဦးတွင် အတူတကွ စီးဆင်းလာပြီးနောက် Kong ခေါ် မဲခေါင်မြစ်သည် ရှမ်းပြည်နယ်အရှေ့ဘက်မှ လမ်းခွဲပြီး တောင်ကြားများ၊ လွင်ပြင်များကြားမှ ကွေ့ပတ်စီးဆင်းကာ တရုတ်ပင်လယ်အတွင်းသို့ စီးဆင်းသွားကာ အရှေ့တောင်အာရှ၏ အရှည်ဆုံးမြစ် ဖြစ်သွားခဲ့သည်။ မဲခေါင်သည် တောင်များကို မဖြတ်တောက်ဘဲ သဘောတူထားသော စည်းမျဉ်းဖြင့်သာ စီးဆင်းခဲ့ခြင်းကြောင့် ဒေသများစွာ ဖြတ်သန်းရသောအခါ ရေမှာ နောက်ကျိလေသည်။ Khong ခေါ် သံလွင်မြစ်မှာမူ တောင်တန်းဒေသများမှ ဖြတ်သန်းပြီး တောင်များကို ချိုးဖြတ်ကာ ဥပဒေကို ဆန့်ကျင်ပြီး စီးဆင်းခဲ့ခြင်းကြောင့် ပင်လယ်သို့ ဦးစွာ ရောက်ရှိခဲ့ပြီး ရေမှာလည်း အထူးကြည်လင်ခဲ့လေသည်။ Kong ခေါ် မဲခေါင်မြစ်သည် Khong ခေါ် သံလွင်မြစ် စည်းကမ်းမလိုက်နာကြောင်း သိသည်နှင့် "အကယ်၍ ငါ့ဘယ်အချိန်ပဲ သံလွင် Khong နဲ့ တွေ့တွေ့၊ မီးကြီး လောင်စေရမယ်"ဟု ကျိန်ဆိုခဲ့သည်ဟု ဒေသခံများမှ နှစ်ပေါင်းများစွာ ဒဏ္ဍာရီ ပုံပြင်သဖွယ် ပြောဆိုခဲ့ကြသည်။ သို့သော် ယခုအခါ သံလွင်မြစ်မှ ရေအားလျှပ်စစ် စီမံကိန်းများအပြင် သံလွင်မြစ်မှရေကို ထိုင်းနိုင်ငံ ကျောက်ဖယားမြစ်နှင့် ဘူမိဘောဆည်များသို့ အဆင့်ဆင့်သွယ်ယူရန် အစီအစဉ်များရှိနေပြီး မဲခေါင်မြစ်ရေကို လည်း အလားတူ ကျောက်ဖယားနှင့် ဘူမိဘောဆည်သို့ သွယ်ယူရေးစီမံကိန်းများ လည်း အရှိန်ဖြင့် အကောင်အထည်ဖော်ရန် ရှိနေသည့်အတွက် မဲခေါင် Kong ၏ ကျိန်စာပျက်ပြီလောဟု ဆိုရတော့မည် ဖြစ်သည်။

Water Diversion Plans in Thailand




## အဆိုပြုထားသည့် သံလွင်ရေအားလျှပ်စစ် စီမံကိန်းအချို့

သံလွင်မြစ်မကြီးနှင့် ၎င်း၏ မြစ်လက်တက်များတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဆည်စီမံကိန်း (Hydro Power Dams) များ များစွာရှိသည့်အနက် နိုင်ငံတကာမှ ငွေကြေးထောက်ပံ့ပေးနိုင်မည့် မီရှင်များ စိတ်ဝင်စားသော ဖြစ်နိုင်ခြေ နီးစပ်သည့် စီမံကိန်းအချို့မှ ပဏာမလုပ်ငန်း အချို့ စတင်နေသည်ကို တွေ့ရသည်။ သံလွင်မြစ်တွင် ရေအားလျှပ်စစ်စီမံကိန်းများကို ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ ထိုင်း စသည့် နိုင်ငံများသည် ၁၉၆၀ ခုနှစ် ကတည်းက စိတ်ဝင်စားခဲ့ပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင် ရွက်ရေးဘဏ် (JBIC) စသည့် ငွေကြေးအဖွဲ့အစည်းများမှ ဘဏ္ဍာ



www.foreverspace.com.mm

www.foreverspace.com.mm



ရေးဆိုင်ရာ ထောက်ပံ့ပေးနိုင်ရန် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် နည်းလမ်းများ ရှာဖွေနေကြပြီ ဖြစ်သည်။ လတ်တလော အဆိုပြုထားကြသော ဖြစ်နိုင်ခြေ နီးစပ်သည့် ရေအားလျှပ်စစ်စီမံကိန်း အချို့မှာ (၁) Nippon Koei of Japan မှ တာဆန်းအထက်ဆည်နှင့် အောက်ဆည် စီမံကိန်းနှစ်ခုကို အဆိုပြုတင်ပြထားရာ ယင်းဆည်နှစ်ခုမှ စုစုပေါင်း မဂ္ဂါဝပ် ၃၆၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တာဆန်းဒေသ၏ မြောက်ဘက်သီးခြားဆည်မှ မဂ္ဂါဝပ် ၃၂၀၀ ထပ်မံ ထုတ်လုပ်နိုင်မည့် စီမံကိန်း ဖြစ်သည်။ (၂) World Impact Co., မှ အဆိုပြုထားသော ချင်းမိုင်ဒေသ၊ Haeng ခရိုင်နှင့် မျက်နှာချင်းဆိုင် မြန်မာနိုင်ငံဘက်တွင် တည်ဆောက်မည့်ဆည် ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ဆည်၏ ရေလှောင်ဧရိယာမှ ရေကို ထိုင်းနိုင်ငံ Mae Chaem မြစ်မှ တစ်ဆင့်လွှဲယူပြီး ထိုင်းနိုင်ငံ၏ အကြီးဆုံး ဘူမိဗောဆည်ကြီးသို့ ရေဖြည့်ပေးရေးစီမံချက် ဖြစ်သည်။ (၃) Electric Power Development Corporation (EPDC) ဂျပန်ကုမ္ပဏီမှ အဆိုပြုထားသည့် ဆည်နှစ်ခု ဖြစ်သည်။ တစ်ခုမှာ ဝဲကြီးဆည်ဖြစ်ပြီး မဂ္ဂါဝပ် ၄၅၄၀ ထုတ်လုပ်နိုင်မည် ဖြစ်ပြီး နောက်တစ်ခုမှာ ဒါဂွင်း (Dagwin) ဆည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၂ ထုတ်လုပ်ပေးမည့် စီမံချက် ဖြစ်သည်။ ထို့အတူ အဆိုပါ စီမံကိန်းတွင် ထိုင်းနိုင်ငံ၏ လျှပ်စစ်အာဏာပိုင်အဖွဲ့ EGAT မှလည်း သံလွင်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် Pai မြစ်တွင် ဆည်တည်ဆောက်ရန် ရှိနေသည်။ ဝဲကြီးရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားပါက ယင်းဆည်၏ ရေလှောင်ဧရိယာသည် Pai မြစ်မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့ကို ရေလွှမ်းမိုးသွားနိုင်သောကြောင့် Pai မြစ်တွင် ဆည်တည်ဆောက်ပြီး ပိုလျှံသော ရေကို သွယ်ယူ၍ ဘူမိဗော ရေလှောင်တမံကြီးဆီ ပို့လွှတ်မည့် စီမံချက် ဖြစ်သည်။ (၄) ထို့အပြင် Nippon Koei ၊ မြန်မာ့လျှပ်စစ်လုပ်ငန်း (MEPE) နှင့် မြန်မာ့လျှပ်စစ်အာဏာပိုင် (MEA) တို့မှ ပူးပေါင်းအဆိုပြုထားသည့် စီမံကိန်းများ ဖြစ်သည်။ ၎င်းစီမံကိန်းတွင် ကရင်ပြည်နယ် ဒါဂွင်း (Dagwin) ဆည် ၃၀၀ မဂ္ဂါဝပ်နှင့် မုတ္တမပင်လယ်ကွေ့အနီးထိ ရေအားလျှပ်စစ် ထုတ်ဆည်များ ထပ်ဆင့်တည်ဆောက်သွားရေးဖြစ်ပြီး ဆည်များ တည်ဆောက်ပြီးစီးသွားပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၈၅၀၊ ၆၀၀၀ နှင့် ၁၀၀၀၀ အထိ ရရှိနိုင်မည်ဖြစ်သည်။

## တာဆန်းနှင့် ဝဲကြီး စီမံကိန်း

တာဆန်းဆည်သည် ယခုလောလောဆယ် အကြိုလုပ်ငန်းများ စတင်လျက်ရှိသောဆည်ဖြစ်သည်။ အဆိုပါဆည်သည် တာ ဆန်းရွာ၊ တာဆန်းတံတား၏ မြောက်ဘက် ၈ ကီလိုမီတာခန့်တွင် တည်ရှိပြီး တောင်ကြီးမြို့အနီးတွင် ရှိသည်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ ၁၃၀ ကီလိုမီတာ အကွာအဝေးတွင် တည်ရှိသည်။ တာဆန်းဆည်သည် အဆင့်နှစ်ဆင့်ပါဝင်သော ဆည်နှစ်ခုဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အဓိကပင်မဆည်ကြီးမှာ အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်လာနိုင်ကာ ခန့်မှန်းခြေအားဖြင့် ၁၈၈ မီတာမြင့်သော ရေထိန်းဧရိယာမှာ ၁၀၀ စတုရန်း ကီလိုမီတာခန့် ကျယ်ဝန်းမည်ဟု သိရသည်။ အဆိုပါဆည်ကြီးအတွက် အနိမ့်ဆုံးကုန်ကျစရိတ် ဒေါ်လာ သုံးဘီလီယံ၊ (အမေရိကန်ဒေါ်လာ သန်း ၃၀၀၀) ခန့် ကုန်ကျမည့်စီမံကိန်း ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ဆည် တည်ဆောက်ရေးအတွက် လေ့လာမှုများကို ၁၉၈၁ ခုနှစ်ကတည်းကပင် ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် Nippon Koei မှ စတင်လေ့လာခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် Thiland's GMS Power Company နှင့် Myanmar Economic Coporation တို့ ပူးတွဲလေ့လာရန် သဘောတူညီခဲ့ကြသည်။ ၁၉၉၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ Lahmeyer International of Germany မှ ဖြစ်နိုင်ခြေရှိမရှိ လေ့လာခဲ့ပြီးနောက် အဆိုပါလုပ်ငန်းကို ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် EPDC မှ ဆက်လက်လေ့လာခဲ့သည်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံက MDX နှင့် မြန်မာနိုင်ငံအစိုးရတို့သည် အဆိုပါစီမံကိန်းကို အရှိန်အဟုန်မြှင့်တင်ရန် သဘောတူညီခဲ့ကြပြီး ထိုင်းဆောက်လုပ်ရေးကုမ္ပဏီအချို့နှင့် MDX တို့သည် တာဆန်းတံတားနှင့် ဆည်စီမံကိန်းဒေသသို့ ဆက်သွယ်မည့် လမ်းဖောက်လုပ်ရေး စာချုပ်ချုပ်ဆိုခဲ့ကြသည်။

နောက်ထပ်ဖြစ်နိုင်ခြေ အနီးစပ်ဆုံး စီမံကိန်းမှာ မြန်မာနိုင်ငံ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်တို့ကြားရှိ ဝဲကြီးရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။ ဝဲကြီးစီမံကိန်း၏ အောက်ဘက် ၃၅ ကီလိုမီတာအကွာရှိ ဒါဂွင်း (Dagwin) ဆည်ကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားမည့် စီမံချက်ဖြစ်သည်။ ဝဲကြီးဆည်သည် ပင်လယ်ရေပြင်အထက် ၂၂၀ မီတာခန့်တွင်ရှိပြီး ဆည်အမြင့်မှာ ၁၆၈ မီတာခန့် မြင့်မည်ဖြစ်၍ မဂ္ဂါဝပ် ၄၅၄၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ Dagwin ဆည်သည် ပင်လယ်ရေပြင်အထက် ၈၆ မီတာအမြင့်တွင်ရှိပြီး ဆည်အမြင့် ၄၉ မီတာနှင့် လျှပ်စစ်ဓာတ်အား ၇၉၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## ရွှေစွန်ညို ဘာကိုလိုလို့ဝဲ သံလွင်မြစ်ရေသွယ်ဖို့ဝဲ

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် ဆည်အများဆုံး ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပြီး ရှိသမျှ မြစ်ချောင်းများတွင် ဆည်နှစ်ထပ်၊ သုံးထပ်ဆင့် တည်ဆောက်ထားရာ နောက်ထပ် ဆည်တည်ဆောက်စရာမကျန်တော့သည့်နိုင်ငံ ဖြစ်သည်။


www.foreverspace.com.mm



ထိုင်းနိုင်ငံ၏ အကြီးဆုံး ရေလှောင်တမံကြီးမှာ ဘူမိဘောရေလှောင်တမံကြီးဖြစ်ပြီး အကြီးဆုံးမြစ်မှာ ကျောက်ဖယားမြစ် ဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံသည် ဘူမိဘောဆည်ကြီး၏ ရေလှောင်ပမာဏကို ထိန်းထားလိုခြင်းနှင့် ကျောက်ဖယားမြစ်သည် ဆည်အဆင့်ဆင့်တည် ထားပြီးဖြစ်၍ ရေပြတ်လပ်မှုအန္တရာယ်နှင့်လည်း ရင်ဆိုင်နေရလျက်ရှိရာ မဲခေါင်မြစ်နှင့် သံလွင်မြစ်မှ ရေတို့ကို အဆိုပါဒေသများသို့ သွယ်ယူရန် အာသီသ အထူးပြင်းပြလျက်ရှိသည်။ ထိုင်းနိုင်ငံသည် သံလွင်မြစ်နှင့် မဲခေါင်မြစ်ရေကို ကျောက်ဖယားမြစ်သို့ သွယ်ယူနိုင်ရေးအတွက် ၁၉၇၇ ခုနှစ်ဝန်းကျင်ကတည်းက စတင် လေ့လာမှုပြုလုပ်နေပြီဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် အစိတ်အပိုင်း ခုနစ်ခုပါဝင်သော မဲခေါင်မြစ်ရေ သွယ်ယူရေးစီမံချက်ကြီးတစ်ခုကို ရေးဆွဲခဲ့ပြီးဖြစ်၍ KOK- Ing-Yom- Nan ဆိုပြီး အမည်ပေးထားသည့် အဆိုပါစီမံချက်တွင် အဓိကကျသော Kaeng Sua Ten ဆည်တည်ဆောက်ရေးအတွက် JICA မှ ငွေကြေးထောက်ပံ့မည့် အစီအစဉ်ဖြစ်သည်။ သံလွင်မြစ်ရေကို သွယ်ယူရေးစီမံချက်အား ၁၉၉၂ ခုနှစ်တွင် ရေးဆွဲဆုံးဖြတ်ခဲ့ပြီး အဓိကအချက်မှာ ကျောက်ဖယားမြစ်ရေ အားနည်းသွားသည်ကို ကုစားရန်လည်းဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံချက်တွင် ထိုင်းနိုင်ငံဘက်ခြမ်း၌ရှိသော သံလွင်မြစ်၏ မြစ်လက်တက်မှန်သမျှတွင် ဆည်များ တည်ဆောက်ခြင်း၊ တူးမြောင်းများ၊ ရေသွယ်မြောင်းများ ဖောက်လုပ်ခြင်း (ဥပမာ Pai, Yuam, Mae Lamao စသည့်မြစ်များ) နှင့် အဆိုပါရေများကို ထိုင်းနိုင်ငံ၏ အကြီးဆုံးဆည်ဖြစ်သော ဘူမိဘောဆည်သို့ သွယ်ယူရန်ဖြစ်သည်။

ထို့အပြင် ၂၀၀၂ ခုနှစ်၌ ထိုင်းနိုင်ငံ၏ လျှပ်စစ်အာဏာပိုင်အဖွဲ့ EGAT မှ ထုတ်ပြန်ထားသည့် အဆိုပြုချက်တစ်ရပ်အရ ဝဲကြီးဆည်နှင့် ဒါဂွင်း (Dagwin)ဆည်များ တည်ဆောက်ပြီးစီးသွားပါက မြန်မာ–ထိုင်း နယ်စပ်တစ်လျှောက်မှ သံလွင်မြစ်ရေကို ကျောက်ဖယားမြစ်အတွင်းသို့ သွယ်ယူမည့် အစီအစဉ်လည်း ရှိနေသည်။ ထိုင်းအစိုးရသည် သံလွင်မြစ်ရေကို သွယ်ယူရန်လမ်းကြောင်း ခုနစ်ခု ရွေးချယ်ထားပြီးဖြစ်သည်။ (မြေပုံကိုရှု)၊ ၁၉၉၉ ခုနှစ်က ထိုင်းအစိုးရသည် ရေသွယ်ယူရေးစီမံကိန်းများ ဖြစ်နိုင်ခြေရှိမရှိ လေ့လာနိုင်ရေးအတွက် ဘတ်ငွေ ၁၈၆ သန်း (ဒေါ်လာ ၄.၆ သန်း) ခွင့်ပြုပေးခဲ့ပြီး ဖြစ်သည်။ ထိုင်းတို့အနေနှင့် ရေသွယ်ယူရေး ကြိုးပမ်းရာတွင် ကုန်ကျစရိတ် အထူးပင် ကြီးမားမည်ဖြစ်သည်။ ဥပမာ– King-Chc-Mun ဟု အမည်ရှိသည့် သံလွင်မြစ်ရေသွယ် လမ်းကြောင်းတစ်ခုတည်းအတွက်ပင် ဘတ် တစ်ဘီလီယံ (ဒေါ်လာ ၂၄ သန်း ကုန်ကျမည်ဖြစ်သည်။ EGAT ၏ လေ့လာချက်အရ ထိုင်းတို့က တည်ဆောက်ပေးရန် စိတ်ဝင်စားသည့် မြန်မာနိုင်ငံ ကရင်ပြည်နယ်ရှိ ဝဲကြီးနှင့် ဒါဂွင်း (Dagwin) ဆည်များအတွက် ဘတ် ၂၀၀ ဘီလီယံခန့် ကုန်ကျဖွယ်ရှိပြီး ရေသွယ်ယူရေးအပါအဝင် စုစုပေါင်း ဘတ် ၃၇၀ ဘီလီယံခန့် ကုန်ကျနိုင်ကြောင်း၊ ၂၀၀၂ ခုနှစ် ထိုင်းနိုင်ငံ၏ စုစုပေါင်း အစိုးရအသုံးစရိတ် (ဘတ်ဂျက်)သည် ၉၉၀ ဘီလီယံဘတ် ရှိသည့်အတွက် စီမံကိန်းကုန်ကျစရိတ်များ

**Potential Dam Sites on the Salween River**



www.foreverspace.com.mm



အတွက် နိုင်ငံတကာမြို့ရှင်များ၏ အကူအညီများကို ရယူရမည်ဖြစ်သည်။

## ဘဲအုပ်ကတစ်ရာ နှစ်ရာ သံလွင်က တစ်မြစ်တည်း

သံလွင်မြစ်သည် နိုင်ငံသုံးနိုင်ငံ ဖြတ်သန်းစီးဆင်းပြီး ယခင်က လုံးဝဖော်ထုတ်အသုံးချခြင်းမရှိသေးသော အရင်းအမြစ်တစ်ခုဖြစ်ခဲ့သည်။ ယခုအခါ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံအပါအဝင် မြို့ရှင်နိုင်ငံများ ဖြစ်ကြသည့် ဂျပန်၊ ဩစတြေးလျ စသည့်နိုင်ငံများမှလည်း စိတ်ဝင်တစား ဖြစ်နေကြသည်။ မြန်မာနိုင်ငံသည် အာဆီယံစွမ်းအင်ကော်မတီတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ အခြားနိုင်ငံများဖြင့် နှိုင်းယှဉ်လျှင် အနိမ့်ဆုံးဖြစ်သော်လည်း သဘာဝဓာတ်ငွေ့အပါအဝင် ရေအားလျှပ်စစ်ထုတ်ယူနိုင်သောနေရာ အမြောက်အမြား ကျန်ရှိနေသေးခြင်းပင် ဖြစ်သည်။ သံလွင်မြစ်၏ညီနောင်မြစ်ဖြစ်သော မဲခေါင်မြစ်တွင် ရေအားလျှပ်စစ် ထုတ်လုပ်ရေး စီမံကိန်းကြီးများ အကြီးအကျယ် ဆောင်ရွက်လျက်ရှိနေပြီး အချို့နိုင်ငံများသည် လျှပ်စစ်ပို့ကုန်အဖြစ် ရည်ရွယ်၍ ထူထောင်ကြခြင်း ဖြစ်သည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ဆိုလျှင် ယင်း၏ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ရေအားလျှပ်စစ်အကြီးအကျယ် ထုတ်လုပ်ကာ ထိုင်းနိုင်ငံအပါအဝင် ကမ်းရိုးတန်းပြည်နယ်များသို့ ရောင်းချရန် စိုင်းပြင်းလျက်ရှိသည်။ အိမ်နီးချင်းထိုင်းနိုင်ငံသည် လောလောဆယ်အားဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်ပိုလျှံမှု ရှိနေသောနိုင်ငံဖြစ်သော်လည်း ယူနန်၊ လာအို၊ မြန်မာနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အားကို ဝယ်ယူမည့်အဓိကဖောက်သည်နိုင်ငံဖြစ်ရာ အနာဂတ်၌ ၎င်း၏လျှပ်စစ်သုံးစွဲမှုနှင့် စီးပွားရေးအခင်းအကျင်း မည်သို့ပြောင်းလဲလာမည်ကိုလည်း ဂရုတစိုက် စောင့်ကြည့်ရမည်ပင် ဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံသည် သစ်အလွန်အကျွံ ခုတ်ထွင်ခဲ့မှုများကြောင့် ၎င်းတို့၏ရေဝေရေလဲ သစ်တောကြီးများ ပြုန်းတီးခြင်း၊ ရာသီဥတုဖောက်ပြန်၍ မိုးခေါင်ခြင်း၊ မြစ်ချောင်းများ ရေအားနည်းလာခြင်း၊ ဆည်မြောင်းများ ရေဝင်နည်းလာခြင်းစသည့် အကြောင်းပေါင်းစုံတို့အတွက် ထိုင်းနိုင်ငံသည် သံလွင်မြစ်ရေနှင့် မဲခေါင်မြစ်ရေတို့ကို သွယ်ယူနိုင်ရန် ၎င်းတို့ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ် လျက်ရှိသည်။ ထိုင်းနိုင်ငံသည် လယ်ယာထွက်ကုန်အကြီးအကျယ် တင်ပို့သောနိုင်ငံတစ်ခုပင်ဖြစ်ရာ ၎င်းတို့၏ စိုက်ပျိုးရေးကဏ္ဍအတွက် ရေသည်မရှိမဖြစ် အရေးပါသော သွင်းအားစုဖြစ်သည်။ လယ်ယာထွက်ကုန်တင်ပို့မှုနှင့် ထုတ်လုပ်မှုမှာ နှစ်စဉ် ဒေါ်လာ ၁၅ ဘီလီယံဖိုးမျှ တန်ဖိုးရှိသည့်အတွက် သံလွင်ဆည်မြောင်း စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် လက်တွန့်ကြမည်မဟုတ်ပေ။ ထို့အပြင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်ကုမ္ပဏီကြီးများသည်လည်း သံလွင်နှင့်မဲခေါင် စီမံကိန်းများတွင် ငွေကြေးဝန်ဆောင်မှု တည်ဆောက်ရေး စသည်ဖြင့် Developer အဖြစ် ဆောင်ရွက်လိုလျက်ရှိကြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများမှလည်း သံလွင်၏အရင်းအမြစ်များမှ နိုင်ငံ့ဝင်ငွေရှာဖွေရန် စိတ်ဝင်စားလျက်ရှိရာ သံလွင်မြစ်သည် မြစ်တစ်စင်းပင် ဖြစ်သော်လည်း အခြေအနေအကြောင်းပေါင်းစုံတို့သည် သူ၏ ကေသီကျင့်ကြံမှုကို စွန့်လွှတ်ရန် အကြောင်းဖန်လျက် ရှိနေပေသည်။

## နိဂုံးသုံးသပ်ချက်

သံလွင်မြစ်သည် တရုတ်၊ မြန်မာနှင့် ထိုင်းသုံးနိုင်ငံကို ဖြတ်သန်းစီးဆင်းပြီး အဓိကအားဖြင့် The Heart of Indochina Ploteau (အင်ဒိုချိုင်းနား၏ အသည်းနှလုံးကုန်းပြင်မြင့်) ဟု တင်စားခေါ်ဝေါ်ကြသော ရှမ်းကုန်းပြင်မြင့်ကို ဖြတ်၍ ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့ကို ဖြတ်သန်းကာ မွန်ပြည်နယ် မော်လမြိုင်မြို့အနီးတွင် မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်ခြင်းဖြစ်သည်။ အဆိုပါမြစ်ဝှမ်းသည် ၃၂၀,၀၀၀ စတုရန်းကီလိုမီတာရှိပြီး အဓိကအားဖြင့် ဆန်စပါးစိုက်ပျိုးသည့် ယဉ်ကျေးမှုရှိသည့် မြစ်ဝှမ်းဒေသအဖြစ် သတ်မှတ်ထားကြသည်။ အဆိုပါမြစ်ဝှမ်းတစ်လျှောက် လူဦးရေ ၁၀ သန်းခန့် မှီခိုလျက်ရှိသည်ဟု ခန့်မှန်းထားကြပြီး ရှမ်း၊ မြန်မာ၊ ကရင်၊ ကရင်နီ၊ ပလောင်၊ ပအို့ဝ်၊ လားဟူ၊ မွန်၊ တရုတ် စသည်ဖြင့် လူမျိုးနွယ်စုအမြောက်အမြား မှီတင်းနေထိုင်လျက်ရှိသည်။ သံလွင်မြစ်နှင့် ယင်းမြစ်လက်တက်ကြီးများသည် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးနှင့် စားဝတ်နေရေးကို ဖြည့်ဆည်းပေးလျက်ရှိနေသည်။ မည်သို့ပင်ဖြစ်စေ တစ်ကမ္ဘာလုံး၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအားလျှပ်စစ်ဆည်ကြီးများ တည်ဆောက်လျက်ရှိခြင်း၏ အရှိန်သည် သံလွင်မြစ်အား ရေအားလျှပ်စစ်အရင်းအမြစ်အဖြစ် ပြောင်းလဲအသုံးချခြင်းကို တွန်းအားပေးလျက်ရှိနေမည် ဖြစ်သည်။ မိမိ၏အရင်းအမြစ်များကို ဖော်ထုတ်အသုံးချရာတွင် မိမိ၏အကျိုးအမြတ်၊ အမျိုးသားလုံခြုံရေး၊ အပြိုင်နိုင်ငံများဘက်မှ အားသာချက်၊ အားနည်းချက်၊ ဒေသခံတို့၏ဘဝများ စသည်ဖြင့် များစွာထည့်သွင်းတွက်ချက်ရမည်ဖြစ်သဖြင့် သံလွင်မင်းသမီးသည် ပဏ္ဏာဆက်လက်ဆောင်တစ်ခုအဖြစ်သို့ ရောက်ရှိမသွားစေရေးနှင့် မြန်မာတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့်ဘုရင်မအဆင့် အတန်းရရှိရေးသာ ဖြစ်သင့်ပါသည်။

**မင်းနိုင်စိုး**

**ကိုးကား–**

(The Salween Under Threat, Damming the Longest Free River in Southeast Asia)

www.foreverspace.com.mm



# လူနေမှုအဆင့်နှင့်အတူ ဖွံ့ဖြိုးလာနေသည့် မြန်မာ့ Golf ဈေးကွက်နှင့် Golf Tourism အလားအလာ

စိုးမြသွေး

**မြန်မာ နိုင်ငံ၏ လက်ရှိစီးပွားရေးလောက၏အလားအလာနှင့် အခွင့်အလမ်းများနှင့် ဆက်စပ်ပတ်သက်နေသော ဂေါက်သီးအားကစား ဖွံ့ဖြိုးလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ကျော်လွန်လာခဲ့ပြီဖြစ်ရာ ပြည်ပပြိုင်ပွဲကြီးများသို့ သွားရောက်ယှဉ်ပြိုင်နိုင်မှု နည်းပါးနေသေးသော်ငြား ပြည်တွင်းတွင် ဂေါက်သီးကစားခြင်းနှင့် ဆက်နွှယ်သော ဝန်ဆောင်မှုလုပ်ငန်းများမှာ မြန်မာ့လူနေမှုအဆင့်၊ လတ်တလောစီးပွားရေးအခြေအနေတို့နှင့်လျော်ညီစွာ ပိုမိုအားကောင်းလာမည့် ဈေးကွက်တစ်ရပ်အဖြစ် အရိုင်အမာရှိနေပြီ ဖြစ်သည်။**



## Golf ပစ္စည်း၊ Golf Set

ဂေါက်သီးကစားခြင်းသည် အဆုံးမရှိဆိုသော စကားနှင့်အညီ ယင်းနှင့်ဆက်နွှယ်သောပစ္စည်းများ ဖြည့်ဆည်းရာတွင် မဆုံးနိုင်အောင် များပြားလှသည့်အပြင် မိမိဆန္ဒရှိသရွေ့ ကျင်းပတ်၊ ကွင်းပတ်ကစားနိုင်သည်ဟု Golfer များက ဆိုကြသည်။ အခြေခံ Golf Set တစ်ခုတွင် အိတ်တစ်အိတ်၌ Wood သုံးချောင်း၊ Iron ကိုးချောင်း၊ ကျင်းစိမ် Putter တစ်ချောင်း ပါဝင်သည်။

Golf Set အများစုကို စင်ကာပူမှ တစ်ဆင့်ကြားခံတင်သွင်းလာကြသကဲ့သို့ အချို့မှာ ထိုင်း၊ တရုတ်တို့မှ တင်သွင်းလာကြသည်။ ဈေးအချိုဆုံး Golf Set တစ်ခုမှာ ကျပ်နှစ်သိန်းခွဲရှိပြီး အမြင့်ဆုံးမှာ ပြည်တွင်းဈေးကွက်လိုအင်အရ ကျပ်သိန်း ၂၀ ကျော်အထိရှိကြောင်း Golf ပစ္စည်းအရောင်းဆိုင်တစ်ခုမှ အရောင်းမန်နေဂျာ ဦးဟန်ဇော်က ပြောကြားသည်။

ထို့အပြင် တစ်ပတ်ရစ် (Used)များနှင့် အတုများလည်း နယ်စပ်မှ ဝင်လာသည်များရှိကြောင်း၊ ယင်းတံဆိပ်အတုများကို ပြည်တွင်းဈေးကွက်၌ တစ်စုံလျှင် ကျပ်သုံးသိန်းဝန်းကျင်ဖြင့် ရနိုင်ကြောင်း၊ Used များမှာ မူလအသစ်ဈေး၏ ၃၀ ရာခိုင်နှုန်းအောက်လျော့၍ ဈေးကွက်ဖြစ်ပေါ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဈေးကွက်အတွင်းရှိ Golf Set အမျိုးအစားများမှာ အနိမ့်ပိုင်းတွင် Trident, အလယ်အလတ်တန်းတွင် ကိုရီးယားမှဝင်သောတံဆိပ်များ၊ MIZUNO, Bridgestone တို့ဖြစ်ပြီး အမြင့်ပိုင်းတွင် TaylorMade,

www.foreverspace.com.mm



Callaway, Ping, Maruman, Cleveland, Srixonတို့ ဖြစ်သည်။ အမြင့်ပိုင်း Golf Set များတွင် Driver တစ်ချောင်းတည်းပင်လျှင် ကျပ် ၁၀ သိန်းမှ သိန်း ၃၀ အထက်ရှိကြောင်း Golfပစ္စည်းဈေးကွက်မှ သိရသည်။

ပြည်တွင်းဈေးကွက်တွင် အရောင်းအသွက်ဆုံးမှာ ဈေးအနိမ့်ပိုင်းမှ Trident ဖြစ်ပြီး အမြင့်ပိုင်းတွင် TaylorMadeကို အကြိုက်တွေ့လျက်ရှိနေကြသည်။ Golf Setများကို ဝယ်ယူရာတွင် ကျွမ်းကျင်သူများ၊ ရောင်းချသူများနှင့် တိုင်ပင်ဝယ်ယူကြရပြီး Golf Setတံဆိပ်တစ်မျိုးတည်း တစ်စုံလုံး ဝယ်ယူခြင်းထက် မိမိနှင့် အံဝင်မည့် Driver၊ Putter တို့ကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူမှုက ပိုမိုများပြားကြောင်း ဦးဟန်ဇော်က ရှင်းပြသည်။

Golf Ball များမှာ ပြည်တွင်းဈေးကွက်တွင် တစ်ဒါဇင်လျှင် ကျပ် ၁၄၄၀၀ မှ ကျပ်သုံးသောင်းအထိ အမျိုးအစားပေါ်လိုက်၍ ဈေးနှုန်းခြားနားမှုရှိသည်။ ပြည်တွင်းဈေးကွက်သို့ Tour Special, Titleist, NIKE, Reygrande, Callaway, Wilson, SRIXONတံဆိပ်ဘောလုံးများ ဝင်လာပြီး အကြိုက်အများဆုံးမှာ Tour Special, Titleist, NIKE နှင့် Reygrande တံဆိပ်များဖြစ်ကြောင်း၊ ကမ္ဘာကျော် Titleist Prov-1အမျိုးအစားဘောလုံးသည် တစ်ဒါဇင်လျှင် ကျပ် ငါးသောင်း၊ ခြောက်သောင်းခန့်ရှိကြောင်း၊ ထိုင်းမှဝင်သည့် Top Point အမျိုးအစားမှာ တစ်လုံးလျှင် ၆၀၀ ကျပ်မှ ၁၀၀၀ကျပ်ကြား ဈေးပေါက်ပြီး Branded တစ်ပတ်ရစ်များလည်း ဈေးကွက်တစ်ခုဖြစ်ပေါ်နေရာ တစ်လုံးလျှင် ကျပ် ၈၀၀ မှ ၁၀၀၀ ကျပ်အတွင်းရှိပြီး အသက်သာဆုံး တစ်ပတ်ရစ်ဘောလုံးတစ်လုံးလျှင် ကျပ် ၁၅၀ ခန့်ဖြင့်ပင် ရနိုင်ကြောင်း Golf ပစ္စည်းအရောင်းဆိုင်မန်နေဂျာတစ်ဦးက ဆိုသည်။

Golf Setများအပြင် အင်္ကျီ၊ ဖိနပ်၊ ဦးထုပ်၊ လက်အိတ်၊ Golf လှည်းများပါ တင်သွင်းရောင်းချကြသည်။ နိုင်ငံတကာ



တွင် Golfနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီကြီးများ၏ တံဆိပ်များ အများအပြား ဝင်ရောက်လျက်ရှိသည်။ အင်္ကျီတွင် Ashworth Grand Slan, TaylorMade, Adidas, NIKEနှင့် Honma တို့ဖြစ်ပြီး Ashworthတံဆိပ်ကို ပြည်တွင်းကစားသမားများ အကြိုက်တွေ့လျက်ရှိသည်။ အနိမ့်ဆုံး အင်္ကျီတစ်ထည်၏ ဈေးမှာ ကျပ် ၄ သောင်းနှင့်အထက်ရှိသည်။ ဦးထုပ်များမှာ ကျပ်တစ်သောင်းခွဲနှင့် အထက်ရှိပြီး ဖိနပ်များမှာ ကျပ် ၄ သောင်းခွဲမှ အမြင့်ဆုံး ကျပ် ၂သိန်း အထက်ရှိသည်။ လက်အိတ်များတွင် Kascoတံဆိပ်အသုံးများပြီး SRIXON, Honma တို့လည်း ဈေးကွက်ဝင်လျက်ရှိရာ အနိမ့်ဆုံးမှာ ကျပ် ၇၅၀၀ ဖြစ်သည်။ တီများတွင် ပြည်တွင်းထုတ်တီများ အသုံးများပြီး တစ်ထုပ်လျှင် ကျပ် ၄၀၀ ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

## ဂေါက်သီးကစားကြသူများ

Golf is a game of lazy fellowဟု လွန်ခဲ့သောနှစ်များစွာက မြန်မာ့အားကစားပြိုင်ပွဲနယ်ပယ်တွင် ပြက်ရယ်ပြုခဲ့ကြသော်လည်း မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ ဂေါက်သီးကစား၍ သန်းကြွယ်သူဌေးများအဖြစ် ဝင်ငွေကောင်းလျက်ရှိသော အားကစားအဖြစ် ပြည်သူများ နားလည်အသိအမှတ်ပြုလာကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က လူနည်းစုကသာ ဂေါက်သီးကစားနိုင်စွမ်းရှိခဲ့သော်လည်း ယခုအခါ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များပါ ပိုမိုနှစ်သက်ကစားလာနေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံသားများထဲမှ ကမ္ဘာ့ဂေါက်သီးအားကစားလောကသို့ ခြေချနိုင်ခဲ့ကြသူများ ယခင်ကရော ယခုပါ တစ်စစ ပေါ်ထွက်လာခဲ့သည်ကို တွေ့ရသည်။ မြန်မာ့ဂေါက်သီးချန်ပီယံ ဦးမြအေးဆိုလျှင် အမေရိကန်လက်ရည်စစ်ပွဲအောင်မြင်သည့်အခြေအနေထိရောက်ခဲ့ကြောင်း၊ ထို့အတူ ဦးကြည်လှဟန်နှင့် မျိုးဆက်အနည်းငယ်တို့သည် အာရှ၊ ဥရောပပွဲစဉ်များသို့ပါ တက်ရောက်နိုင်ခဲ့ကြကြောင်း ဂေါက်သီးလောကမှ သိရသည်။

ဂေါက်သီးကစားခြင်းသည် အသက်အရွယ်နှင့် မဆိုင်ဘဲ မည်သည့်အသက်အရွယ်တွင်မဆို ကစားနိုင်ပြီး ကျားမမရွေး၊ အဆင့်အတန်းမရွေး၊ လူမျိုးခြားစေကာမူ ကစားနိုင်သည့် အမျိုးအစားဖြစ်သည်။ အခြားကစားနည်းများကဲ့သို့ ခြေရည်၊ လက်ရည်တူစရာမလို၊ အသက်အရွယ်ကွာခြားသော်လည်း အတူတကွ ကစားနိုင်ပြီး အဖွဲ့လိုက်မှသည် တစ်ယောက်တည်းလည်း ကစား၍ဖြစ်ကြောင်း Han Golf Master Pte Ltd. မှ Business Development Directorဖြစ်သူ ဦးဆန်းထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဂေါက်သီးကစားခြင်းကို ဝါသနာအရ အပျော်တမ်းကစားခြင်းက ပိုများကြောင်း၊ မိတ်သင်္ဂဟများ အချင်းချင်း၊ လူမှုရေး၊ စီးပွားရေးကိစ္စများကို ကစားရင်းဆွေးနွေးခြင်း၊ အပန်းဖြေခြင်း၊ လမ်းများများလျှောက်ရသည့်အတွက် ကျန်းမာရေးအတွက် အထောက်အပံ့ ဖြစ်စေခြင်း စသည့် အခြေခံအကျိုး

www.foreverspace.com.mm



တရားများလောက်သာ ရှိနေသေးကြောင်း၊ အဓိပ္ပာယ်ရှိသော အားကစားတစ်ရပ်ဖြစ်လာရန်၊ နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် နိုင်ငံခြားကစားသမားများ မြန်မာနိုင်ငံတွင် လာရောက်ကစားနိုင်ရန် လိုအပ်ကြောင်း ၎င်းက ဆိုသည်။

ယခုအခါ Han Golf Master မှ မျိုးဆက်သစ်လူငယ်ကစားသမားများကို နိုင်ငံ့လက်ရွေးစင်ကစားသမားများအဖြစ်ရော၊ Professional အားကစားသမားများ ဖြစ်လာရေးအတွက်ပါ ပံ့ပိုးပျိုးထောင်ပေးနိုင်ရန် Golf Acadamy တစ်ခုကို လာမည့်စက်တင်ဘာလတွင် ထူထောင်သွားတော့မည် ဖြစ်သည်။

## Golf ပစ္စည်းအရောင်းဆိုင်နှင့် Pro-shop

ဂေါက်သီးအားကစား ထွန်းကားလာသည်နှင့်အမျှ ယင်းနှင့် ဆက်နွယ်သော ပစ္စည်းအရောင်းဆိုင်များ၊ ကွင်းများတွင် ဂေါက်သီးအားကစားဆိုင်ရာ ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကစားသမားကိုယ်စားလှယ်အဖြစ် ဝန်ဆောင်မှုပေးသည့် Pro-shop များ ထူထောင်လုပ်ကိုင်လာကြသည်။ မြန်မာနိုင်ငံတွင်လည်း ယင်းကဲ့သို့ ဂေါက်ပစ္စည်းအရောင်းဆိုင်နှင့် ကွင်းတွင်း ဝန်ဆောင်မှုပေးသည့် Pro-shop များ ရှိနေပြီဖြစ်သော်လည်း ဈေးကွက်ကြီးမားမှုမရှိသေးကြောင်း Golf ဈေးကွက်မှ သိရသည်။

ဂေါက်သီးလောကဖွံ့ဖြိုးရေးသည် ပြည်တွင်းစီးပွားရေးအပေါ် တိုက်ရိုက်မူတည်ခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံအနေအထားအရ ကွင်းဝင်ကြေး၊ ဂေါက်ပစ္စည်းဈေးနှုန်းတို့သည် လူတိုင်းနီးပါးကစားနိုင်လောက်အောင် သင့်တင့်ကြောင်း Han Golf Master ၏ Business Development Director က ဆိုသည်။

ပြည်တွင်းရှိ အရောင်းဆိုင်များတွင် ပစ္စည်းများ ရောင်းချခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂေါက်ရိုက်တံများပြုပြင်ပေးခြင်း၊ သုံးပြီးဂေါက်ပစ္စည်းများအား ကော်မရှင်စား ပြန်လည်ရောင်းချပေးခြင်းတို့ကို ပြုလုပ်ပေးနေကြသည်။ အချို့နာမည်ကြီးကုမ္ပဏီအချို့က ပြည်တွင်းတွင် ဆိုင်ခွဲဖွင့်၍လည်းကောင်း၊ အရောင်းကိုယ်စားလှယ်ခန့်ထား၍လည်းကောင်း ဖြန့်ဖြူးရောင်းချလျက် ရှိသည်။

Pro-shop မှာ အရောင်းဆိုင်နှင့် သဘောသဘာဝချင်းခြားနားမှုရှိသည်။ Golf နှင့် ဆက်နွယ်သောပစ္စည်းရောင်းချခြင်းထက်ပိုသော ဝန်ဆောင်မှုများရှိသည်။ Han Golf Master သည် ၁၉၈၉ ခုနှစ်တွင် မြန်မာနာမည်ဖြင့် ဂေါက်သီးကစားသမား ဦးကြည်လှဟန်နှင့် ညီအစ်ကိုများ၊ Professional ကစားသမားများ ပေါင်းစပ်ဖွဲ့စည်းထားသည့် ကုမ္ပဏီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် Golf နှင့် ပတ်သက်၍ အဆင့်မြင့်ဝန်ဆောင်မှုများ ပေးလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါကုမ္ပဏီသည် ဂေါက်ကွင်းဒီဇိုင်းဆွဲခြင်း၊ တည်ဆောက်မှုအကြံပေးခြင်း၊ ပြည်တွင်းပတ်လည်ပွဲများ ဦးဆောင်ကျင်းပပေးခြင်းကဲ့သို့သော စီမံခန့်ခွဲမှုပြုလုပ်ခြင်း၊ Professional Golfer များအတွက် နိုင်ငံတကာ Sponsor များ ရှာပေးခြင်း၊ ကစားသမားကိုယ်စားလှယ်လုပ်ခြင်းနှင့် Pro-shop များ ဖွင့်လှစ်ထားခြင်းတို့ကို လုပ်ကိုင်လျက် ရှိသည်။

ထို့အပြင် Wilson နှင့် SRIXON တံဆိပ် ဂေါက်ပစ္စည်းများ၏ မြန်မာနိုင်ငံအရောင်းကိုယ်စားလှယ်ဖြစ်ပြီး SRIXON ၏ အထောက်အပံ့ဖြင့် Golfer Scholar များ ရွေးချယ်၍ လေ့ကျင့်ပျိုးထောင်ရန် စီစဉ်လျက်ရှိကြောင်း၊ Professional များစွာမွေးထုတ်နိုင်ခြင်းဖြင့် ဂေါက်သီးအားကစားလောက ဖွံ့ဖြိုးလာရေးအတွက် ဝါသနာအရ လုပ်ဆောင်နေကြောင်း အဆိုပါ ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဆန်းထွန်းက ပြောကြားသည်။

## Golf Tourism အလားအလာ

အိမ်နီးချင်း ထိုင်းနှင့် မလေးရှားတို့တွင် Golf Tourism ထွန်းကားနေပြီး နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂေါက်သီးကစားသမားများသည် ၎င်းတို့နိုင်ငံတွင် ကွင်းစရိတ်နှင့် အထွေထွေစရိတ်ကြီးမြင့်မှုကြောင့် ဈေးသက်သာပြီး အပန်းဖြေအနားယူ၍ရသော အရှေ့တောင်အာရှနိုင်ငံများသို့ ဂေါက်ရိုက်အပန်းဖြေခရီး လာရောက်လေ့ရှိကြောင်း၊ အထူးသဖြင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင် ဂေါက်သီးကစားသမားများသည် မလေးရှားနိုင်ငံသို့



www.foreverspace.com.mm



နေ့စဉ် ဦးရေ ၅၀ နှင့် ၁၀၀ ကြား လာရောက်အပန်းဖြေရင်း ဂေါက်ကစားကြကြောင်း နိုင်ငံတကာအတွေ့အကြုံရှိသော Professional Golfer တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် ယင်းသို့သော အခြေအနေမျိုးများ ဖန်တီးလုပ်ဆောင်နိုင်ပါက နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဂေါက်သီးကစားသမားများ ပြည်တွင်းတွင် လာရောက်ကစားခြင်းဖြင့် ဂေါက်သီးကစားခြင်း၏ အဓိပ္ပာယ်ရှိမှုကို ထင်ရှားစေမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် ကိုးကျင်းကွင်းများသာရှိခဲ့ရာမှ ၁၈ ကျင်းကွင်းများသို့ တိုးမြှင့်လာနိုင်ခဲ့သော်လည်း Golf Tourism ဖြစ်ထွန်းရေးမှာ များစွာလိုအပ်နေသေးပြီး ယင်းအခြေအနေသို့ရောက်ရန်မှာ လက်ရှိကွင်းချည်းသက်သက်ထက် နိုင်ငံတကာ ခရီးသွားများ တည်းခိုနေထိုင် စားသောက်အပန်းဖြေနိုင်မည့် Golf Resort ကြီးများအထိ တိုးမြှင့်ရန်လိုအပ်မည် ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ Golf Resort တစ်ခုဖြစ်ရန် ဟိုတယ်၊ စားသောက်ဆိုင်များကို ဧည့်သည်များ၏ လိုအင်များအတွက် အဆင်ပြေပြေ ဖြည့်ဆည်းနိုင်မည့် Lexus Center များအဖြစ် ဖန်တီးထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ခရီးသွားများ အပန်းဖြေလေ့ရှိသည့် Tourism Area များတွင် နိုင်ငံတကာအဆင့်မီဟိုတယ်၊ စားသောက်ဆိုင်နှင့် Golf ကွင်း အဆင့်အတန်းမြင့်မြင့်ပါသည့် Resort များဖြစ်ဖို့ လိုအပ်ကြောင်း Han Golf Master ၏ ပြောခွင့်ရပုဂ္ဂိုလ် ဦးဆန်းထွန်းက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိသည့် ဂေါက်ကွင်းအရေအတွက်နည်းပါးနေသေး၍ ဂေါက်ကွင်းကောင်းများ ပေါ်ထွက်ရန်လည်း လိုအပ်ကြောင်း၊ တိုင်းနှင့်ပြည်နယ် မြို့တော်များရှိ ကွင်းများကို အရည်အသွေးမြင့်တင်ပေးရန် လိုနေသေးကြောင်း ၎င်းက အကြံပြုသည်။

ပန်းလှိုင်ဂေါက်ကွင်းကို နိုင်ငံတကာအဆင့်မီ ဆောက်လုပ်ထားပြီး များမကြာမီ ပဲခူးမြစ်ဝတွင် ပန်းလှိုင်ဂေါက်ကွင်း (၂) ထပ်မံပေါ်ပေါက်လာတော့မည် ဖြစ်သည်။ ပြည်တွင်းတွင် ဂေါက်သီးအားကစား ဖွံ့ဖြိုးပြီး ဈေးကွက်အတန်အသင့်ရှိနေသော နယ်မြို့များမှာ တောင်ကြီး၊ မန္တလေး၊ ပခုက္ကူ၊ မော်လမြိုင်တို့ဖြစ်ကြောင်း Golf ဈေးကွက်မှ သိရသည်။

## နိဂုံး

ဂေါက်သီးကစားခြင်းသည် သာမန်ပုဂ္ဂိုလ်များအတွက် ငွေကုန်ကြေးကျများသည့် ကစားနည်းဖြစ်သော်လည်း Professional အဆင့်အထိ တက်လှမ်းနိုင်ပြီး ပြည်တွင်းပြိုင်ပွဲများတွင် အနိုင်ရဗိုလ်စွဲပါက လေ့ကျင့်စရိတ်နှင့် စားဝတ်နေရေးအတွက် အဆင်ပြေနိုင်ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများအထိ ဝင်ပြိုင်နိုင်ပြီး ဗိုလ်မစွဲသည့်တိုင် အဆင့်သတ်မှတ်ခံရခြင်း၊ အဆင့်တက်လာခြင်းမျိုးအထိရှိလာနိုင်လျှင်ပင် နိုင်ငံတကာ Golf အားကစားကုမ္ပဏီများမှ Sponsor ထိုက်တန်စွာရရှိနိုင်ကြောင်း ဦးဆန်းထွန်းက ရှင်းပြသည်။

ပြည်တွင်းပြိုင်ပွဲများမှာ အရေအတွက်နည်းသည့်အတွက် လေ့ကျင့်မှုတွင် အထောက်အကူပြုရုံသာဖြစ်နိုင်ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများမှာ Tour ပြိုင်ပွဲတစ်ခုလျှင် ပွဲပေါင်းများစွာ ယှဉ်ပြိုင်ရကြောင်း၊ ဥပမာအနေဖြင့် အာရှ Tour (APGA) တစ်ခုလျှင် ပွဲပေါင်း ၃၀၊ ၄၀ ခန့်အထိ ရှိသည့်အတွက် အကျိုးသက်ရောက်မှုကောင်းကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ ပြိုင်ပွဲတစ်ခုလျှင် ရှစ်ပွဲခန့်သာရှိပြီး ကစားနေရမှုမှာ အပျော်တမ်းပွဲများက များပြားကြောင်း၊ Professional ကစားသမားများများပေါ်ထွက်လာပြီး ကွင်းကောင်းများများ တည်ဆောက်ထားနိုင်ပါက ပြည်တွင်း Golf ပွဲနှင့် ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ၏ Image ရရှိပြီး Golf Tourism အဖြစ် တိုးမြှင့်လာနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာကာ အလုပ်အကိုင်နေရာများစွာတွင် နိုင်ငံသားများ အလုပ်အကိုင်ရရှိစေမည်ဖြစ်ကြောင်း ဆန်းစစ်သူတို့က ဆိုသည်။

မျက်မှောက်ကာလတွင် ဂေါက်သီးအားကစားနယ်ပယ်မှ နိုင်ငံခြားငွေရရှိရေးကို အထောက်အပံ့ပြုမည့် Golf Tourism ဖြစ်ထွန်းရေး မဆောင်ရွက်နိုင်သေးသော်လည်း ပြည်တွင်းတွင် ဂေါက်သီးကစားခြင်းကို စိတ်ပါဝင်စားမှု များပြားလာနေပြီဖြစ်သည်။ ဂေါက်သီးအားကစားလောကဖွံ့ဖြိုးရေးမှာမူ ကမကထပြုသည့်စီးပွားရေးလုပ်ငန်းကြီးများအပေါ်တွင် မှီတည်နေကြောင်း ဆန်းစစ်သူတို့က ဆိုသည်။

သို့ဖြစ်၍ မြန်မာ့ဂေါက်သီးအားကစားကဏ္ဍသည် ကမ္ဘာ့ Golf ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရလာမည့် Professional အားကစားသမားကောင်း များပြားစွာ ထွက်ပေါ်လာရေးနှင့် နိုင်ငံတကာက မြန်မာနိုင်ငံတွင် လာရောက်ကစားပြီး ပုံရိပ်ကောင်းများ ရရှိအောင် ဆောင်ရွက်ရေးတို့မှသည် Golf Tourism ဖြစ်ထွန်းရေးကို အားထုတ်ကြရန် ရှိပါသည်။

**စိုးမြသွေး**

■

www.foreverspace.com.mm



# Football Industry ပြင်ဆင်ဖော်ထုတ်ရေး (သို့မဟုတ်) မြန်မာကြေးစားဘောလုံးဈေးကွက်

လင်းသစ်

**မြန်မာ** လူငယ် ဘောလုံးကစားသမားများ၏ ဘဝရည်မှန်းချက်အတွက် ခိုင်လုံသော အနာဂတ်ဈေးကွက်သစ်အဖြစ် Myanmar Football Industry သည် မျက်မှောက်ကာလသို့ ပုံဖော်ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ဘောလုံးပရိသတ်များ၏ ဘောလုံးပွဲကြည့်ရှုအားပေးမှုသည် ဂုဏ်သိက္ခာအတွက်၊ အမျိုးသားရေးစိတ်ဓာတ်ပေါက်ကွဲမှုအတွက် အကြိတ်အနယ် ယှဉ်ပြိုင်အားပေးမှုဆီမှ စိတ်ခံစားမှုအတွက် ဖျော်ဖြေမှုသက်သက်ဆီသို့ ပြောင်းလဲစပြုနေပြီဖြစ်ရာ ပြည်တွင်း၌ Professional Competition တစ်ခုကို လိုလားနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ မြန်မာ့ဘောလုံးလောက၏ တိုးတက်ဖွံ့ဖြိုးမှုသည် မြန်မာ့ပရိသတ်အကြိုက် ဆုံမှတ်တစ်ခု၌ စိတ်ကျေနပ်ဖွယ်ရာ တွေ့ဆုံနေကြပြီဖြစ်သည်။



## Professional League အတွက် ဖန်တီးဖော်ဆောင်မှုအပိုင်း

မြန်မာ့ဘောလုံးအသင်း အဆင့်အတန်းမြင့်မားစေရန်အတွက် ဆုပေးရုံသက်သက်ဖြင့် လုံလောက်မည်မဟုတ်ကြောင်း၊ အဓိကအားဖြင့် စဉ်ဆက်မပြတ်ယှဉ်ပြိုင်နေသော ဘောလုံးသမားတို့၏ ဘဝရပ်တည်ချက် အာမခံချက်ရှိရာ အဆင့်အတန်းမြင့် ဘောလုံးပြိုင်ပွဲစနစ်တစ်ခု လိုအပ်နေပြီဖြစ်သဖြင့် အဆင့်မြင့်တန်းကို Professional ရောက်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ထုတ်ဖော်ပြောကြားသည်။

လက်ရှိ အဆင့်မြင့်တန်းပြိုင်ပွဲများကို မြန်မာလိဂ်အဖြစ် ပြောင်းလဲခေါ်ဝေါ်မည်ဖြစ်ရာ ထိုကဲ့သို့ ပြုလုပ်လိုက်ခြင်းသည် မြန်မာ့ဘောလုံးပြိုင်ပွဲကို Professional League အဖြစ်ရောက်နိုင်စေရေးအတွက် လုပ်ဆောင်လျက်ရှိသော ဘောလုံးအဖွဲ့ချုပ်၏ သဘောထားကို ထင်ထင်

www.foreverspace.com.mm





ရှားရှားပြသရာရောက်သည်ဟု ယူဆဖွယ် ရာရှိပါသည်။

လက်ရှိ မြန်မာကလပ်အသင်းကြီးများကို လူငယ်အသင်းများ ထပ်မံဖွဲ့စည်းရန် ညွှန်ကြားချက်ပေးထားကြောင်း အဆိုပါလူငယ်အသင်းများထဲမှ ထူးချွန်သူများ ပေါ်ထွက်လာပြီး အရောင်းအဝယ်ဖြစ်ခြင်းအားဖြင့် ကလပ်အသင်းအပေါ်မှာရော ဘောလုံးသမားအတွက်ပါ အကျိုးရလဒ်ကောင်းများ ရရှိစေလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း ဦးဇော်ဇော်က ရှင်းပြသည်။

မြန်မာ ပထမတန်း၊ ဒုတိယတန်း ကလပ်အသင်းများသည် အပျော်တမ်းအသင်းများသာများပြီး အဆိုပါ ဘောလုံးပြိုင်ပွဲဝင်အသင်းများကို Club အသင်းဖွဲ့စည်းသည့် အခြေခံမူများ ချမှတ်ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘောလုံးလူငယ်လေးများစွာ၏ အခြေခံအခွင့်အလမ်းများ တိုးတက်လာနိုင်ပြီး ၎င်းတို့၏ ဘောလုံးသမားဘဝရပ်တည်ချက်ကိုပါ ခိုင်မာစေမည်ဟု ဘောလုံးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဘန်နီတင်အောင်က ပြောကြားသည်။ ၎င်းကပင်ဆက်လက်၍ ကစားသမား လေ့ကျင့်ပျိုးထောင်ရောင်းချမှုနှင့် ပတ်သက်ပြီး အားကာသိပ္ပံမှ လေ့ကျင့်ပျိုးထောင်ပေးထားသော လူငယ်ကစားသမားများကို ကလပ်အသင်းများသို့ ရောင်းချခဲ့သည့် အစဉ်အလာများ ရှိခဲ့ကြောင်း၊ ထိုကဲ့သို့ ဘောလုံးဈေးကွက် ကျယ်ပြန့်လာခြင်းသည် ဖန်တီးသူများနှင့် ကာယကံရှင် ဘောလုံးသမားများပါ ဝင်ငွေရရှိစေနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

## ကစားသမား လေ့ကျင့်ပျိုးထောင်မှုနှင့် ကြေးစားဈေးကွက်

လက်ရှိကစားသမား လေ့ကျင့်ပျိုးထောင်ရာနေရာများသည် ကလပ်အသင်းများနှင့် ပထမတန်း၊ ဒုတိယတန်း ဘောလုံးပြိုင်ပွဲများသာဖြစ်နေပြီး အမှန်အားဖြင့်ဆိုရလျှင်မူ အစိုးရကျောင်းများ၊ ရပ်ကွက်ဘောလုံးပြိုင်ပွဲများသည်လည်း ကစားသမားလေ့ကျင့်ပျိုးထောင်သည့်နေရာ ဖြစ်လာစေရန်၊ ဘောလုံးအတတ်ပညာကို ကျောင်းများ၊ ရပ်ကွက်များ၌ ဘာသာရပ်တစ်ခုကဲ့သို့ သဘောထား သင်ကြားပြသရန် လိုအပ်လျက်ရှိသည်။ မြန်မာလူငယ်များသည် ဘောလုံးနှင့်ပတ်သက်လျှင် ပါရမီဗီဇစိတ်ဓာတ်ပါလာကြပြီး ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ငယ်စဉ်အခါကတည်းက ရေလောင်းပေါင်းသင်လိုက်လျှင် လူငယ်ကစားသမားလေးများသည် ဈေးကွက်တွင် အသင့်စားကုန်စည်လေးများ ဖြစ်လာမည်ဟု ထင်မြင်မိကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဥပမာပြုသုံးသပ်သည်။

အားကစားသမားများ၏ စိတ်ဓာတ်ရေးရာ မြင့်မားစေရန်၊ လက်တွေ့လုပ်ငန်းခွင်၌ ပြင်းပြင်းပြပြအားထုတ်နိုင်ရန်နှင့် လူငယ်ဘောလုံးသမားများ စိတ်ပါဝင်စားမှုရှိလာစေရန်မှာ မြန်မာ့ဘောလုံးဈေးကွက်၏ ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် သက်ဆိုင်နေသည်ဟု မြန်မာ့လက်ရွေးစင်

www.foreverspace.com.mm



ကစားသမားတစ်ဦးက သုံးသပ်သည်။ အားကစားသမားတစ်ဦး ဘောလုံးကန်ခြင်းသည် မိမိအလုပ်၊ မိမိဘဝရပ်တည်ချက်၊ မိမိ၏ နောက်ဆုံးပန်းတိုင်ဖြစ်ရန်မှာ လက်ရှိအနေအထားအားဖြင့် အနည်းငယ် ခက်ခဲနေသေးကြောင်း အဆိုပါကစားသမားက ထပ်ဆင့်ပြောကြားသည်။

## ကြေးစားကစားသမားဆိုသည်မှာ

ကြေးစားကစားသမားဆိုသည်မှာ မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုရမည်ကို အတိအကျပြောရန် ခက်ခဲကြောင်း၊ နာမည်ကျော် အင်္ဂလန်ဘောလုံးသမား Wanye Rooney ကို Pro ဘောလုံးသမားအဖြစ် သတ်မှတ်မည်ဆိုလျှင် လက်ရှိ မြန်မာ့ဘောလုံးသမားများသည် အရည်အချင်းအရရော၊ ငွေကြေးအရပါ ကွာဟမှုရှိကြောင်း၊ ယခုအခြေအနေမှာ ကလပ်အသင်းများ၌ ကစားလျက်ရှိသည့် မြန်မာဘောလုံးသမားများသည် လစာငွေရရှိသည့်အပြင် ဘောလုံးကန်သည့် အလုပ်သာ လုပ်စရာကိုင်စရာရှိသဖြင့် Semi-Professional ဟုသာ ခေါ်ဆိုရမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ် နည်းစနစ် ဒါရိုက်တာက ပြောသည်။

ကြေးစားကစားသမား ဆိုသည်မှာ ဆုကြေးစားလိဂ်တစ်ခုရှိမှ ကြေးစားကစားသမားဟု ခေါ်တွင်နိုင်မည်ဖြစ်သည်။ ပြည်တွင်းကြေးစားလိဂ်တစ်ခု ပေါ်ထွက်လာမှ ကြေးစားဘောလုံးလောက အောင်မြင်မည်ဟုရှု၍လည်း ယူဆ၍မရကြောင်း၊ မြန်မာ ဘောလုံးသမားများ နိုင်ငံခြားသို့ သွားရောက်ကစားနိုင်မှသာ မြန်မာကြေးစား ဘောလုံးလောက အောင်မြင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြောင်း ဘောလုံးအားကစားကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။ လက်ရှိအနေအထားအရ ဒေသတွင်း ကြေးစားလိဂ်များက စိုးမြတ်မင်းကို သဘောကျသည်ဟု သတင်းကြားနေရသော်လည်း ယခုထက်တိုင် တရားဝင် ဆက်သွယ်ခေါ်ယူမှု မရှိသေးပါဟု ဘောလုံးလောကအတွင်းမှ သိရသည်။




ကြေးစားကစားသမားဆိုသည်မှာ ပေးသည့်ကြေးနှင့် တကယ်တမ်းထိုက်တန်သည့် ကစားသမားကို ဆိုလိုသည်။ တစ်ချိန်က အာရှလက်ရွေးစင် ဗဟာဒူးသည် ရှမ်းပြည်နယ်အစွန်အဖျားမှ ထွက်ပေါ်လာသည့် ဘောလုံးကြယ်ပွင့်ဖြစ်ပြီး၊ ပီလီသည်လည်း ဘရာဇီးနိုင်ငံရှိ ဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ရာ ငွေကြေးတောင့်တင်းမှ ငွေအင်အားဖြင့် မွေးမြူနိုင်မှ ကြေးစားကစားသမားကောင်းများ ပေါ်ထွက်လာရမည်ဟု တစ်ထစ်ချ ယူဆ၍မရနိုင်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် ကြေးစားကစားသမားများ၏ အရည်အသွေးကို သိသာစေရန်မှာ နိုင်ငံတကာသို့ ထိုးဖောက်ပြသနိုင်သည့် မီဒီယာရှိရန်နှင့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများကို လေ့ကျင့်သားပြည့်ပြည့်ဝဝဖြင့် မကြာခဏယှဉ်ပြိုင်ရန်တို့ လိုအပ်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် Sea Games တွင် စိုးမြတ်မင်းအား နိုင်ငံတကာကလပ်အသင်းများက စိတ်ဝင်စားမှုရှိခဲ့ခြင်းကို ဥပမာပြု၍ မြန်မာဘောလုံးသမားများ နိုင်ငံတကာကြေးစားလိဂ်များ၌ ထိုးဖောက်ဝင်ရောက်ရေးကို ဘောလုံးလက်ရွေးစင်ဟောင်းတစ်ဦးက သုံးသပ်ပြသည်။

## ပရိသတ်အားပေးမှုပိုင်းနှင့် ကလပ်အသင်းများဝင်ငွေ

ဘောလုံးကလပ်အသင်းများ အဆင့်အတန်းရှိရန်မှာ အားပေးသည့်ပရိသတ် အဆင့်အတန်းပေါ်မှာ မူတည်ပါသည်။ ပရိသတ်အားပေးမှု မြင့်တက်လာပါမှ ကလပ်အသင်းများ၏ဝင်ငွေမှာ တိုးတက်လာနိုင်မည်ဖြစ်ပေသည်။ လက်ရှိအခြေ

www.foreverspace.com.mm



အနေအားဖြင့်လည်း မြန်မာဘောလုံး အဖွဲ့ချုပ်မှ ပွဲတစ်ပွဲ၏ ကွင်းဝင်ကြေးကို သက်ဆိုင်ရာ ကလပ်အသင်းများသို့ ခွဲဝေပေးလျက်ရှိရာ ပရိသတ်များများလာကြည့်လေ ကလပ်အသင်းများ၊ ဘောလုံးသမားများ အဆင်ပြေလေဖြစ်သည်။

ထိုသို့ ပွဲကြည့်ပရိသတ်များများ လာကြည့်ရန်အတွက်မှာ သွားရေးလာရေး အဆင်ပြေပြီး အားလုံးနှင့်သင့်လျော်သည့် နေရာများတွင် ပြိုင်ပွဲများကျင်းပရန် လိုမည်ဖြစ်သည်။ ဥပမာ–သုဝဏ္ဏကွင်းထက်စာလျှင် အောင်ဆန်းကွင်း၌ကျင်းပသည်က ပရိသတ်တစ်လုံးတစ်ခဲတည်း ရရှိနိုင်ကြောင်း ပုံမှန်ဘောလုံးပွဲကြည့်ပရိသတ်တစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။ နိုင်ငံတကာ၌လည်း Club အသင်းတစ်သင်းလျှင် ကိုယ်ပိုင်ကွင်းတစ်ကွင်းရှိရမည်ဟု သတ်မှတ်ချက်ထုတ်ပြန်ထားရာ မြန်မာဘောလုံး Club အသင်းများသည်လည်း ထိုကဲ့သို့ ကိုယ်ပိုင်ကွင်းများရှိခြင်းဖြင့် မိမိကိုယ်ပိုင်ဝင်ငွေများ ရရှိနိုင်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက တိုက်တွန်းပြောကြားသည်။

## Semi Pro စဦးကာလ မြန်မာဘောလုံးသမား ရောင်းဝယ်မှု

မြန်မာအဆင့်မြင့်တန်းပွဲများ စတင်ကျင်းပသည့် နှစ်များမှစတင်၍ မြန်မာဘောလုံးသမားအပြောင်းအရွှေ့ဈေးကွက်တည်ရှိနေခဲ့ပြီးဖြစ်သည်။ မကြာသေးမီကလည်း အား/ကာသိပ္ပံမှ ကစားသမားလူငယ်လေးများကို ကလပ်အသင်းများက ငါးသိန်းမှ ဆယ်သိန်းကြား ပေါက်ဈေးများဖြင့် ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။

ဘောလုံးသမားပျိုးထောင်၍ ဈေးကွက်တင်ခြင်းသည် ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်ကို ကလပ်အသင်းများ သဘောပေါက်နားလည်သင့်ပြီး ဘောလုံးသမား လေ့ကျင့်ပျိုးထောင်ခြင်း၊ လူငယ်အသင်းများဖွဲ့စည်းခြင်း စသည်တို့ကို ကြိုတင်ပြုလုပ်ထားသင့်ပြီဖြစ်သည်။ မြန်မာဘောလုံးသမားများကို နိုင်ငံခြားဈေးကွက်တင်နိုင်လျှင် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ပို့ကုန်အမယ်သစ် ဖြစ်လာနိုင်ပေသည်။ ထိုကဲ့သို့ ကလပ်အသင်းများသိရှိလုပ်ဆောင်ပါလျှင် ကြေးစားလိဂ် အောင်အောင်မြင်မြင်ဖြစ်လာနိုင်ကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ထောက်ခံပြောကြားသည်။

## လက်ရှိမြန်မာဘောလုံးသမားများ ရပိုင်ခွင့်

လက်ရှိမြန်မာဘောလုံးသမားများသည် သက်ဆိုင်ရာကလပ်အသင်းများမှ လခစား ဘောလုံးသမားအဖြစ် ရပ်တည်နေကြပြီး ၎င်းတို့၏လစာဖြင့် ဘောလုံးသမားဘဝတွင် ရပ်တည်နိုင်သော်လည်း ဘောလုံးသမားဘဝကုန်ဆုံးသွားပါက ဘုန်းကြီးလူထွက်လိုဖြစ်မည်ဟု မြန်မာ့လက်ရွေးစင် ဘောလုံးသမားတစ်ဦးက ၎င်းတို့၏လက်ရှိဘဝကို သုံးသပ်သွားသည်။

ဝန်ကြီးဌာန ကလပ်အသင်းများအဖို့ ဘောလုံးလောကမှ အနားယူသွားပါက ပြဿနာတစ်စုံတစ်ရာမရှိဘဲ ၎င်းတို့ကို ပေးအပ်ထားသော ရာထူးအဆင့်အတန်း၌ ဆက်လက်လုပ်ကိုင်သွားလျှင် ဖြစ်သော်လည်း ပုဂ္ဂလိက ကလပ်အသင်းများအဖို့မူ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေသည်။ ကြေးစားလိဂ်အဖြစ် အောင်အောင်မြင်မြင်ဖြစ်ရန်မှာ ကြေးစားကစားသမားတို့ ကြုံတွေ့ရသည့်ဘဝကို မေ့ထားပြီးမှ လုပ်ဆောင်ရန် မဖြစ်နိုင်ပေ။ ကြေးစားကစားသမားတို့၏ အဆင့်အတန်း မြင့်မားလာမှသာ ကြေးစားဘောလုံးလောက အဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။ ကြေးစားဘောလုံးသမားဘဝ ဖွံ့ဖြိုးရန်မှာ ကလပ်အသင်းများ၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံစီးပွားရေး အခြေအနေပေါ်တွင်မူတည်ကြောင်း၊ ထို့ကြောင့် လက်ရှိကစားသမားဘဝအခြေအနေအပေါ် မိမိအပြစ်မပြောလိုပါကြောင်း မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းတစ်ဦးက ရင်ဖွင့်ပြောကြားသည်။

## မြန်မာလိဂ်၏ အခြေခံအဆောက်အဦ

မြန်မာလိဂ် ပေါ်ထွက်လာပြီဆိုပါက ပါဝင်ကစားမည့် ကလပ်အသင်းများ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မည့် ဒါရိုက်တာများ၊ အုပ်ချုပ်သူများ လိုမည်ဖြစ်သည်။ ထို့အပြင် ပွဲတိုင်းလိုလို ကစားနိုင်ရန်အတွက် လုံလောက်၍ အရည်အချင်းပြည့်ဝသော ကစားသမားများ၊ ကလပ်အသင်းရန်ပုံငွေ၊ ကစားသမားနှင့် နည်းပြအတွက် အနည်းဆုံး လေ့ကျင့်ကွင်း၊ ဖြစ်နိုင်လျှင် ပြိုင်ပွဲကျင်းပရန် ကိုယ်ပိုင်ကွင်း စသည်ဖြင့် လိုမည်ဖြစ်သည်။ ပြီးလျှင် အဆိုပါကလပ်အသင်းကို အားပေးသော ပရိသတ်လိုမည်ဖြစ်သည်။ Club အသင်းတစ်သင်း၏ လိုအပ်ချက်များပြားမှုကြောင့် အခြေခံ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ များပြားလိမ့်မည်ဖြစ်သည်။ သို့သော် အင်္ဂလန်မှ နာမည်ကြီး ချဲလ်ဆီးအသင်းကို ရုရှားသူဌေးတစ်ဦးက ပိုင်ဆိုင်ပြီး စပိန်ချန်ပီယံ ဘာစီလိုနာအသင်းကိုမူ ၁၂၀၀၀ တိတိသော ရှယ်ယာရှင် ရင်းနှီးမြှုပ်နှံသူများက ပိုင်ဆိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက ထောက်ပြသည်။ ထို့ကြောင့် ကလပ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရန်မှာ မြန်မာ့စီးပွားရေး၏ သဘောသဘာဝအပေါ်တွင် မူတည်လျက်ရှိပေသည်။

မြို့ပြအင်ဂျင်နီယာတစ်ဦးကမူ ကလပ်အသင်းများသည် ရင်းနှီးနိုင်သော ငွေကြေးပမာဏအားဖြင့် အစပြု၍ ကွင်းတစ်ခုတည်ဆောက်သင့်ပြီး အဆိုပါကွင်းကို အနာဂတ်တွင် တိုးတက်များပြားလာမည့် ပရိသတ်အတွက်ရည်ရွယ်၍ ပွဲကြည့်စင်

www.foreverspace.com.mm



များ ထပ်မံတိုးချဲ့တည်ဆောက်နိုင်ရန် အစပထမကတည်းက ဒီဇိုင်းရေးဆွဲတည်ဆောက်သင့်ကြောင်း ၎င်း၏ တွေးခေါ်စဉ်းစားချက်ကို အကြံပြုသည်။

## ကြေးစားလိဂ်၊ ကြေးစားဘောလုံးသမား၊ ကြေးစားနည်းပြ၊ ကြေးစားပရိသတ်

ကြေးစားလိဂ်မှ ဘောလုံးသမားများသာ ကြေးစားပီသနေစေရန်မဟုတ်ဘဲ အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးများနှင့် ပရိသတ်ပါ ကြေးစားပီသရန် လိုအပ်မည်ဖြစ်သည်။ အုပ်ချုပ်သူများသည်လည်း ကြေးစားလိဂ်၏ သဘောသဘာဝကို နားလည်ရန်လိုအပ်ပြီး ဒိုင်လူကြီးများသည်လည်း ကြေးစားလိဂ်နှင့် အကျွမ်းတဝင် အရည်အချင်းရှိနေရပါမည်။ အဆိုပါကိစ္စအတွက် ဘောလုံးလောကနှင့်ပတ်သက်သူများကို MFF အစီအစဉ်ဖြင့် Pro ဆိုင်ရာ သင်တန်းများပေးမည်ဖြစ်ကြောင်း ဦးဘန်နီတင်အောင်က ပြောကြားသည်။ ပရိသတ်၏ ပရော်ဖက်ရှင်နယ်လိဂ်အပေါ် စိတ်ဝင်စားမှုနှင့် ပရော်ဖက်ရှင်နယ်လိဂ်က ပရိသတ်ကို ပြန်လည်ဆွဲဆောင်မှုတို့သည် တစ်ခုနှင့်တစ်ခု အချိုးမျှမျှ အပြန်အလှန် ချိတ်ဆက်နေပါသည်။ မြန်မာဘောလုံးလောကကို အမှန်တကယ် ကြေးစားလိဂ်တစ်ခု ဖြစ်စေလိုပါလျှင် မြန်မာဘောလုံးလောကနှင့် ပတ်သက်သူများသည် Professional ၏ သဘောသဘာဝကို အထူးနားလည်သဘောပေါက်သူများ ဖြစ်ရန်လိုသည့်အပြင် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ဘောလုံးအားကစားကို စီးပွားရေးဆန်ဆန် စီမံခန့်ခွဲသူများ၊ ဘဝရပ်တည်အောင်မြင်ရေးအတွက် တစ်ထပ်တည်းကစားနိုင်သူများ ဖြစ်ရပါမည်။

မြန်မာနိုင်ငံ၌ ကြေးစားလိဂ်ရှိမှသာ အမျိုးသားအသင်းနှင့် ဘောလုံးနည်းပညာ အဆင့်မြင့်မားရမည်ဆိုလျှင်မူ ယူဂိုဆလားဗီးယားနိုင်ငံ၏ အားနည်းသော လိဂ်တစ်ခုသည်လည်း ကြေးစားဘောလုံးသမားများကိုလည်းကောင်း၊ အဆင့်အတန်းရှိသော အမျိုးသားအသင်းကိုလည်းကောင်း ဖော်ဆောင်ပေးနိုင်ခဲ့သည့် အစဉ်အလာကို ဥပမာပြ၍ ငြင်းဆိုရမည်ဖြစ်သည်။ သို့သော် ကြေးစားလိဂ်တစ်ခုသည် ဆုကြေးနှင့် ထိုက်တန်သည့် ဘောလုံးသမားများ စဉ်ဆက်မပြတ်ထွက်ရှိမှုကြောင့် အမျိုးသားအသင်းကို အစဉ် အဆင့်အတန်းမြင့်မားနေစေရန် အထောက်အကူပြုနေပေမည်။

မြန်မာနိုင်ငံ ဘောလုံးလောကအတွင်းမှ ဘောလုံးအဖွဲ့ချုပ် လက်ရှိဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဘောလုံးအားကစား အတွေ့အကြုံများစွာရှိခဲ့သော အတွင်းရေးမှူး ဦးဘန်နီတင်အောင်၊ နည်းစနစ်ဒါရိုက်တာနှင့် အခြားတာဝန်ရှိသူများ၊ ဘောလုံးအားကစားသမားများနှင့် ပရိသတ်အချို့၏ အဆိုများကို ခြုံငုံကောက်ချက်ဆွဲကြည့်ပါက Football ကို Industry တစ်ခုအဖြစ်ရှုမြင်၍ အဆိုပါ Industry လည်ပတ်နိုင်ရန် သက်ဆိုင်ရာယန္တရားများသည် အချိုးညီအချိန်ကိုက် လည်ပတ်လှုပ်ရှားနေရမည်ဖြစ်ပြီး အဆိုပါယန္တရား (Mechanism) ၌ အဓိက ထောက်ပံ့သူပရိသတ်သည် လေးဆယ်ရာခိုင်နှုန်း အချိုးညီညီဖြင့် အင်တိုက်အားတိုက် ထောက်ပံ့နေရမည်ဖြစ်သည်။ ထို့အပြင် အစိုးရကဏ္ဍမှ နှစ်ဆယ်ရာခိုင်နှုန်းခန့် ထင်ထင်ရှားရှား ပါဝင်ရပါမည်။ ဘောလုံးအဖွဲ့ချုပ်သည် နှစ်ဆယ်ရာခိုင်နှုန်းခန့် ပါဝင်ရမည်ဖြစ်ပြီး ဘောလုံးသမားများသည် ၁၀ ရာခိုင်နှုန်းခန့်နှင့် နည်းပြများ၊ ဒိုင်များသည်လည်း ၁၀ ရာခိုင်နှုန်းခန့် ပါဝင်ရမည်ဖြစ်သည်ဟု သုံးသပ်ရသည်။

ကမ္ဘာကြီးတွင် အတွေးအမြင် (Ideology) များ ပြိုဆင်းလာမှုတို့ကြောင့် ဘောလုံးပွဲကို အမျိုးသားရေးစိတ်ဓာတ်အမြင်မှ တကယ့်စီးပွားရေးဆန်ဆန် ဖျော်ဖြေမှုတစ်ခုဆီ အရောက်ပို့ပေးနေချိန်တွင် ဘောလုံးပွဲကြည့်ပရိသတ်ဖြစ်သော သင်သည် နိုင်လိုမင်းထက်စိတ်ဓာတ်ဖြင့် အားပေးတတ်၊ နိုင်ငံတကာပွဲများ၌ အကြီးအကျယ် မျှော်လင့်တကြီး အားပေးတတ်ပြီး မနိုင်လျှင် စိတ်ဓာတ်ပြိုကွဲကျဆင်းသူ ဖြစ်နေပါလျှင်၊ မြန်မာဘောလုံးလောကကို အမှန်တကယ် မြေတောင်မြှောက် အားပေးသူ မဖြစ်နိုင်ပေ။

နိုင်ငံအစိုးရသည်လည်း ဝန်ကြီးဌာနဘောလုံးအသင်းများ၊ ကုမ္ပဏီအသင်းများမှ ခွဲထွက်၍ လူအများ ရင်းနှီးမြှုပ်နှံနိုင်သော Stock Share ဆန်ဆန် ဘောလုံးစီးပွားရေးကို လမ်းခင်းပေးသင့်သည့် အချိန်သို့ ရောက်လာပြီဖြစ်သည်။ ဘောလုံးအဖွဲ့ချုပ်သည် ကြေးစားလိဂ်၌ ကြေးစားပီပီသသဖြစ်စေရန် စနစ်တကျ ဦးဆောင်ပြသ လမ်းညွှန်နိုင်သော (Facilitator Roll) အဖြစ်ပါဝင်ပြီး နည်းပြများ၊ ဒိုင်များ၊ တာဝန်ရှိသူအားလုံးသည်လည်း Ideology ပြိုဆင်းခဲ့ပြီးနောက် Globalization ၏ သဘောသဘာဝများ လွှမ်းခြုံလာသည်ကို သဘောပေါက်ထားကာ ကမ္ဘာ့ဘောလုံးလောက အလှည့်အပြောင်းများနှင့် ထပ်ချပ်မိနိုင်စေရန် အရေးကြီးပါသည်။

လက်ရှိမြန်မာဘောလုံးဈေးကွက်ကို ဒေါ်လာမီးခိုး တအူအူတက်နေသည့် ၂၁ ရာစု စက်ရုံကြီးအဖြစ် မြင်ယောင်ကြည့်ပါသည်။ မြန်မာလူမျိုးတို့၏ ရွက်ပုံးသီးဘောလုံး ပါရမီဗီဇတို့သည် ပေါ်ပေါ်လွင်လွင်ထင်ထင်ရှားရှားမဟုတ်ဘဲ ရှိသည့်အခြေအနေနှင့်ပင် ပတ်ဝန်းကျင်ရှိ ဘောလုံး Professional နိုင်ငံများကို ရံဖန်ရံခါ ခြိမ်းခြောက်နိုင်စွမ်းရှိနေပါလျှင် စနစ်တကျ၊ ပီပီပြင်ပြင်၊ အစီအစဉ်ရှိရှိဖြင့် မွမ်းမံထားသောအသင်းဖြင့်ဆိုလျှင် ကမ္ဘာကို ဟိန်းဟောက်နိုင်သည့် ဘောလုံးခြေသံ့နိုင်ငံဖြစ်လာနိုင်ပါသည်။

**လင်းသစ်**

www.foreverspace.com.mm





# ရန်ကုန် ကုန်စည်ဈေးကွက်

ဆန်းဦး (စီးပွားပညာ)

**မြန်မာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ အရေးပါလျက်ရှိသည့် ရန်ကုန်မြို့၏ ပင်မကုန်စည် ဖြန့်ဖြူးရာနေရာများဖြစ်သည့် ညောင်ပင်လေးဈေးနှင့် ဘုရင့်နောင်ပွဲရုံများ၏ ဇူလိုင်လအခြေအနေများကို ခြုံငုံလေ့လာရမည်ဆိုလျှင် ညောင်ပင်လေးဈေးမှ စားသုံးကုန်စည်များသည် မျှော်လင့်မထားသောဈေးနှုန်း များသို့ ရုတ်တရက် ပြောင်းလဲခဲ့ကြောင်း ကုန်စည်ဖြန့်ဖြူးသူတို့က ဆိုသည်။ ဘုရင့်နောင်ပွဲရုံများမှာမူ ပြည်ပဝယ်လိုအား အထိုက်အလျောက်ရှိသည့်ကုန်စည် များ၊ ဒေသတွင်းစားသုံးအားများပြားသည့် ကုန်စည်များသာ ဈေးကွက်တွင် လှုပ် ရှားသက်ဝင်မှုရှိပြီး ကျန်ကုန်စည်အချို့မှာ ဈေးကွက်ပျက်သည့်အနေအထားဖြင့် တန့်နေကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဇူလိုင်လကုန်ပိုင်းတွင် ပြောကြား သည်။**

## အချိုရည်

မြန်မာတို့၏ ဝါတွင်းကာလတွင် အလှူအတန်းများ ပြုလုပ်မှုများပြားသည့်အတွက် အချိုရည်များ အရောင်းသွက် ဈေးမော့လာနိုင်ကြောင်း၊ ယခင်လက သုံးသပ်ခဲ့သည်ထက် အဆများစွာဈေးမြင့်သွားခဲ့ကြောင်း အချိုရည်ဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ဝါတွင်းကာလအလှူများအတွက် အသုံးပြုမှုများ၍ ဈေးတက်ပါက ယခုကဲ့သို့ အဆများစွာ မြင့်တက်ခြင်းမျိုး မဖြစ်ကြောင်း၊ ပြည်ပကုန်ကြမ်းအပေါ် အခြေပြုထုတ်လုပ်ထားသည့် ကုန်စည်များဖြစ်သည့်အတွက် ပြည်ပငွေကြေးဖလှယ်နှုန်း အပြောင်းအလဲများကြောင့် သကြားဈေးများ မြင့်တက်ခဲ့ရာမှ အချိုရည်ဈေးကွက်ကို သက်ရောက်မှုရှိစေခဲ့ပြီး ဈေးနှုန်း တစ်ဟုန်ထိုးဦးမော့လာခဲ့ရကြောင်း ၎င်းက ဆိုသည်။

၂၉-၇-၂၀၀၅ နေ့ ပြည်တွင်းအချိုရည်ပေါက်ဈေးမှာ C-plus ၆၄၀၀ကျပ်၊ Ve Ve Super C ကော်ခွက် ၉၅၀ကျပ်၊ Ve Ve ပင်မှည့် စတော်ဘယ်ရီ ၁၆၀၀ ကျပ်၊ Ve Ve ကမ္ဘလာ၊ သရက်၊ လိမ္မော်၊ နာနတ် ၁၆၅၀ ကျပ်၊ Ve Ve နို့စုံ ၂၄၈၀ ကျပ်၊ မောင့်မျိုးစုံ ကော်ခွက် ၉၅၀ကျပ်၊ Shark သံဘူး ၈၀၀၀ကျပ် အသီးသီးရှိပြီး ပြည်ပအချိုရည်မှာ စင်ကာပူ Coke သံဘူး ၉၅၀၀ ကျပ်၊ ထိုင်း Coke ၉၀၀၀ကျပ်၊ ဆန်းကစ် ၈၆၀၀ ကျပ်၊ 100 Plus၊ ပက်စီ၊ 7up၊ မရင်ဒါ(စင်ကာပူ) ၈၂၀၀ကျပ်၊ Poker၊ လိမ္မော်၊ လိုင်ချီး ၁၁၉၀၀ ကျပ် အသီးသီးရှိသည်။

ရန်ကုန်ဈေးကွက်၏သဘောမှာ ဈေးတက်ချိန်များတွင် အပြိုင်အဆိုင် ဝယ်ယူမှုများပြားနေပြီး ဈေးကွက်မငြိမ်ဖြစ်နေကြောင်း၊ အရောင်းသွက်သော်လည်း ထုတ်လုပ်မှုကို ရပ်ဆိုင်းထားကြသည်များရှိကြောင်း၊ အချို့ကုန်စည်များမှာ ဈေးလုံးဝမဖွင့်တော့ဘဲ ဖြန့်ဖြူးမှုကို ရပ်တန့်၍ အခြေအနေကို စောင့်ကြည့်နေသည်အထိ ဖြစ်နေကြောင်း အချိုရည်ကုန်သည်တစ်ဦးက ထပ်လောင်းပြောကြားသည်။

## သကြား၊ နို့ဆီ

သကြားမှာ အချိုရည်ဈေးမော့ခြင်း၏ လက်သည်အဖြစ် ဈေးကွက်က ရှုမြင်ထားကြသည်။ ယခင် ဇွန်လက တစ်ပိဿာ ၇၀၀ကျပ်၊ မန္တလေး ပေါင်းသကြား ၆၅၀ ကျပ်များသို့ ရောက်ရှိခဲ့ကြောင်း သကြားဖြန့်ဖြူးသူတို့က ဆိုသည်။ ပြည်ပမှတင်သွင်းသည့် နို့ဆီများလည်း ငွေလဲလှယ်နှုန်းပေါ်လိုက်၍ ပြောင်းလဲခဲ့သည်။

၂၉-၇-၂၀၀၅ရက်နေ့ နို့ဆီဈေးနှုန်း

www.foreverspace.com.mm



မှာ Dawn နို့ဆီတစ်ဘူး ၅၀၀ ကျပ်၊ Dawn နို့စိမ်း ၄၈၅ ကျပ်၊ Diary Queen ဈေးမဖွင့်၊ Orchid နို့ဆီ ၄၅၂ ကျပ်၊ Crown ၄၅၅ ကျပ် Blue Cow ၄၄၀ ကျပ်တို့ ဖြစ်သည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့်

အများသုံးရွှေဝါဆပ်ပြာမှာ ယခင် ဇွန်လကုန်ပိုင်းက တစ်ဖာလျှင် ၇၁၀၀ကျပ် သာရှိခဲ့ရာမှ ၇၅၀၀ ကျပ်သို့ မြင့်တက်ခဲ့ပြီး ကာဘော်လစ်ဆပ်ပြာမှာ တစ်တောင့်လျှင် စက်ရုံထုတ်ဈေး ၁၅၂ ကျပ်၊ ဆိုင်ဖြန့်ဈေး ၁၆၀ ကျပ်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံမှ ဖြန့်ချိခွင့်ရ ကုမ္ပဏီများကမူ ဈေးမဖွင့်သေးဘဲ အရောင်းရပ်တန့်ထားကြောင်း ဆပ်ပြာအရောင်းဆိုင်များမှ သိရသည်။

ဆပ်ပြာမှုန့်များမှာ ဇူလိုင်လ ၂၉ ရက်ပေါက်ဈေးအရ Rose ဆပ်ပြာမှုန့် အထုပ် ၅၀ ပါ တစ်ပါကင်လျှင် ၅၇၀၀ ကျပ်၊ E-lan ၆၉၀၀ ကျပ်၊ E-co ၅၃၀၀ ကျပ်၊ သက်သာ ၇၆၀၀ ကျပ်တို့ ဖြစ်သည်။ ငွေလဲလှယ်မှုနှုန်း ပြောင်းလဲခဲ့ပြီးနောက် မြန်မာကျပ်ငွေတန်ဖိုး ၃ ရက်ခန့် ပြန်တက်လာနေသော်လည်း ဈေးနှုန်းများ မပြောင်းလဲသေးကြောင်း၊ ဈေးငြိမ်အောင် စောင့်ကြည့်နေကြသည့် သဘောဖြစ်ကြောင်း ကုန်သည်တို့က ဆိုသည်။ ညောင်ပင်လေးဈေးတွင် ဖြန့်ချိနေသော ကုန်စည်အများစုမှာ ပြည်ပကုန်ကြမ်းများပေါ် အခြေတည်ထုတ်လုပ်သော ကုန်များနှင့် ပြည်ပမှ တိုက်ရိုက်တင်သွင်းလာသော ကုန်စည်က အများစုဖြစ်သဖြင့် ငွေကြေးဆိုင်ရာ ကောလာဟလများ ယခုလအတွင်း ပေါ်ပေါက်ခဲ့ရာမှ ယခုကဲ့သို့ ကုန်စည်ဈေးနှုန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိစေခဲ့ကြောင်း၊ ဖြန့်ချိရောင်းချသူများအနေဖြင့် အမြတ်အစွန်းများခြင်းကို လိုလားသော်လည်း ယခုကဲ့သို့ ပုံမှန်မဟုတ်သည့် ဈေးနှုန်းပြောင်းလဲမြင့်တက်ခြင်းမျိုးကို မလိုလားကြောင်း၊ ပုံမှန်ဝယ်၊ ပုံမှန်ရောင်း ပုံစံမျိုးကိုသာဖြစ်စေချင်ပြီး ဝယ်ယူသူဖောက်သည်များကို ဈေးနှုန်းနှင့်ပတ်သက်၍ ရှင်းလင်းနေရခြင်းမျိုးကို မနှစ်သက်ကြောင်း ညောင်ပင်လေးဈေးမှ ကုန်သည်တစ်ဦးက ပြောကြားသည်။

## ဆန်၊ ဆီ

ဘုရင့်နောင်ကုန်စည်ဒိုင်များတွင် အရောင်းအဝယ်အပါးဆုံး စားသုံးကုန်တစ်ခုဖြစ်နေသည့် ကုန်စည်မှာ ဆန်ပင်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ အကူးအပြောင်းကာလတွင် မော်လမြိုင်၊ မြိတ်ဘက်ရှိ ဝယ်လက်များ ပြည်ပတင်ပို့နိုင်ရေး ကိစ္စများကို မလုပ်နိုင်သေးသည့်အပြင် အညာဒေသအချို့တွင် ရန်ကုန်ဆန်ကို ဝယ်ယူရန်မလိုလောက်အောင် ဈေးသက်သာသည့် နယ်ဆန်များ ရှိနေသေးသည့်အတွက် ဖြစ်ကြောင်း ဘုရင့်နောင် ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ဆန်ဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ်တက်ခဲ့သော်လည်း ဝယ်ယူသူမရှိသည့် အနေအထားတွင် ရှိနေသည်။ ဇူလိုင်လကုန်ပေါက်ဈေးများမှာ ဖျာပုံပေါ်ဆန်မွှေး (ရှယ်၊ ကော်ချက်) တစ်အိတ် ၁၃၀၀၀ ကျပ်၊ အလယ်အလတ် ၁၀၀၀၀ ကျပ်နှင့် ၁၂၁၀၀ ကျပ်အတွင်း ကျိုက်လတ်၊ မော်ကျွန်း၊ ဘိုကလေးပေါ်ဆန်းမွှေး တစ်အိတ် ၉၀၀၀/၉၅၀၀ ကျပ်၊ ရွှေဝါထွန်း ၆၅၀၀/၆၇၀၀ ကျပ်၊ ဧယာရှယ် ၇၀၀၀ ကျပ်၊ လတ်စ ၆၃၀၀/၆၄၀၀ ကျပ်၊ ပေါ်ကွဲ ၇၈၀၀/၈၀၀၀ ကျပ်၊ ကောက်ညှင်း (မုန့်လုပ်) တစ်အိတ် ၇၀၀၀ ကျပ်၊ ပေါင်းကောက်ညှင်း(ရှယ်) ၁၁၀၀၀/၁၀၅၀၀ ကျပ် အသီးသီးရှိသည်။ ဈေးကွက်အတွင်း၌ ဆန်ချောအကောင်းစားများ အရောင်းအဝယ်မရှိဘဲအေးနေပြီး ဆန်ကြမ်းများ လောက်သာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်အတွင်း၌ ဆန်များ အနုတ်အသိမ်းမရှိဖြစ်နေသည့်အတွက် ဈေးတက်ဖွယ်မရှိသကဲ့သို့ ဈေးကျဆင်းဖွယ်လည်း မရှိကြောင်း၊ နယ်ထွက်ခွင့်ရလာပါက ဆန်ဈေးကွက် ပြန်သွက်လာဖွယ်ရှိကြောင်း အဆိုပါပွဲရုံပိုင်ရှင်က ထပ်လောင်းပြောကြားသည်။ စားသုံးဆီများတွင် ခွဲတမ်းဖြင့် ရောင်းချနေသော စားအုန်းဆီများမှာ ပုံမှန်သတ်မှတ်ဈေးအတိုင်း တစ်ပိဿာ ၁၀၃၀ ကျပ်ဖြစ်ပြီး ယခင်ကကဲ့သို့ ထိုင်းနိုင်ငံဘက်မှ သံပုံးဆီများ ဝင်မလာတော့သည့်အတွက် ပြင်ပဈေးကွက်တွင်



www.foreverspace.com.mm

စားအုန်းဆီ တစ်ပိဿာလျှင် ၁၆၀၀ ကျပ် အထက် ဈေးပေါက်လျက်ရှိကြောင်း ဆီကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

မြေပဲဆီတွင် (ပြည်) ပဲဆီတစ်ပိဿာ ၁၇၀၀ ကျပ်၊ ရေနံချောင်းဆီ ၁၇၅၀ ကျပ်၊ ရန်ကုန်ပဲဆီ ၁၈၅၀ ကျပ် အသီးသီးဈေးပေါက်လျက်ရှိပြီး ယခင်လကုန်ပေါက်ဈေးထက် အနည်းငယ်မြင့်တက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

## ပဲမျိုးစုံ

ယခုလအတွင်း အခြေအနေကောင်းလျက်ရှိသော ကုန်စည်မှာ ပဲမျိုးစုံပင်ဖြစ်သည်။ ပဲထွက်ရာသီမဟုတ်တော့သည့်အတွက် သိုလှောင်ပဲများကိုသာ ရောင်းဝယ်နေကြခြင်းဖြစ်ကြောင်း၊ ဈေးကွက်လိုအင်ပေါ်မူတည်၍ ဈေးကွက်သက်ဝင်နေတတ်ရာ ယခုလည်း ဒေသအတွင်း စားသုံးမှုနှင့် ပြည်ပအဝယ်အချို့ကြောင့် ပဲမျိုးစုံ ဈေးကောင်းလျက်ရှိကြောင်း ပဲမျိုးစုံ ပွဲရုံတာဝန်ခံတစ်ဦးက ပြောကြားသည်။

မတ်ပဲများမှာ ယခင်လက တစ်အိတ် ၃၂၀၀၀ ကျပ် ရှိခဲ့ရာမှ ၃၆၀၀၀ ကျပ်သို့ တက်လာသကဲ့သို့ အခြားပဲများလည်း ဈေးမြင့်လျက်ရှိသည်။ ပဲထောပတ် ထိပ်စ တစ်အိတ် ၃၀၀၀၀ ကျပ်၊ ပဲစင်းငုံ တစ်တန် ၃၆၀၀၀၀ ကျပ်(လက်ငင်း)၊ နှစ်ပတ်ဆိုင်း တစ်တန် ၃၉၀၀၀၀ ကျပ်၊ ပဲနီပြားထိပ်စ ၃၃၀၀၀ ကျပ် ပဲလွန်းဖြူထိပ်စမှာ ပစ္စည်းရှား ပြတ်လတ်နေ၍ ၃၃၀၀၀ ကျပ် ဈေးဖြစ်နေပြီး မြစ်ဝကျွန်းပေါ်လွန်းဖြူမှာ တစ်အိတ် ၃၀၀၀၀ ကျပ်၊ လွန်းနီထိပ်စ ၃၀၀၀၀ ကျော်၊ လွန်းနီနောက်သီး ၂၈၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ(အခြမ်းကြီး) ၁၀၀၀ ကျပ်၊ အခြမ်းသေး ၉၀၀ ကျပ်၊ မြေပဲဖြူ တစ်ပိဿာ ၉၅၀ ကျပ်အထက်၊ မြေပဲနီ တစ်ပိဿာ ၁၀၅၀ ကျပ် စသည်ဖြင့် ဖူလိုင်လကုန်ပိုင်းတွင် ဈေးပေါက်လျက်ရှိသည်။



ထို့အပြင် ဘိုကိတ်ပဲ တစ်အိတ် ကျပ် ၃၀၀၀၀၊ ပဲတီစိမ်း (ရွှေဝါ) ၅၅၀၀၀ ကျပ်၊ ပဲကြီး(ရွေးသန့်) တစ်အိတ် ကျပ် ၄၅၀၀၀၊ ရိုးရိုး ၄၀၀၀၀ ကျပ်၊ ပြောင်းဆန်စီပီတစ်အိတ် ၁၃၀၀၀ ကျပ်၊ ရှမ်းပြောင်း မပေါ်သေး၊ ပဲပုပ်တွင် မန်းပဲပုပ်တစ်အိတ် ၃၅၀၀၀ ကျပ်၊ ပေါက်ခေါင်း ပဲပုပ် ၃၁၀၀၀ ကျပ်၊ ရှမ်းပဲပုပ်(သစ်၊ ကြီး) ၃၅၀၀၀ ကျပ်၊ ရှမ်းအလတ် ၃၀၀၀၀ ကျပ်၊ သိပ္ပံပဲပုပ် ၂၈၀၀၀ ကျပ်၊ အထွက်တိုးပဲပုပ်၊ ၃၀၀၀၀ကျပ်ဖြစ်ပြီး လွိုင်ကော်ပဲပုပ်လုံးသေးများ မပေါ်သေး၊ စားတော်ပဲတွင် မြန်မာစားတော်ပဲထိပ်စ တစ်အိတ် ၇၀၀၀၀ ကျပ်၊ အိန္ဒိယလုံးကြီး (ကနေဒါမျိုး) တစ်အိတ် ၅၅၀၀၀ ကျပ်၊ တရုတ်စားတော်ပဲ (လုံးဖြူသေး) (လုံးနီသေး) (လုံးကြီး) အားလုံးတစ်အိတ် ၅၀၀၀၀ ကျပ်၊ ပဲနီလေး တစ်ပိဿာ ၁၅၀၀ ကျပ်၊ ပဲဝါလေး တစ်ပိဿာ ၁၀၀၀ ကျပ် ရှိသည်။

လက်ရှိကာလတွင် အရောင်းဈေးကွက်ဖြစ်နေပြီး ဈေးကောင်းနေဦးမည့် အခြေအနေမှာ စက်တင်ဘာလအထိသာ ဖြစ်ကြောင်း၊ နယ်တောင်သူကြီးများနှင့် နယ်ကုန်သည်ပွဲရုံတို့တွင် လှောင်ထားသည်များ အောက်တိုဘာလဝန်းကျင်တွင် အဟောင်း ကုန်ထုတ်ဖွယ်ရှိ၍ ဈေးကျလာနိုင်ကြောင်း၊ ယင်းသို့ထုတ်ခြင်းမှာ ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး လာမည့် ပဲရာသီစတင်မည့် ဒီဇင်ဘာ၊ ဇန်နဝါရီလများအတွက် ကြိုတင်ပြင်ဆင်ရန်ဖြစ်ကြောင်း ပဲပွဲရုံတာဝန်ခံတစ်ဦးက ပြောကြားသည်။

## ကြက်သွန်၊ ငရုတ်၊ အာလူး

ပြည်တွင်းကြက်သွန်များ ပြည်ပအထွက်မရှိသဖြင့် ဈေးကွက်အတွင်း စုပုံလျက်ရှိနေကြောင်း နိုဝင်ဘာလတွင် ကြက်သွန်ရာသီ စတင်တော့မည်ဖြစ်သော်လည်း ယခုနှစ်အတွင်း ထွက်ခဲ့သည့် ကြက်သွန်များမှာ သုံးပုံတစ်ပုံခန့်သာ ကုန်သေးပြီး ကျန်သုံးပုံနှစ်ပုံမှာ လှောင်ကုန်များအဖြစ် ရှိနေသေးသည့်အတွက် ဈေးနှုန်းဆက်လက်ကျဆင်းသွားဖွယ်ရှိကြောင်း ဘုရင့်နောင်အခြေစိုက် ကြက်သွန်ကုန်သည်ကြီးတစ်ဦးက ဆိုသည်။

ကမ္ဘာ့ကြက်သွန်ဈေးကွက်သို့ တရုတ်နှင့် အိန္ဒိယတို့မှ ကြက်သွန်များ အရည်အသွေးကောင်းကောင်း၊ ဈေးသက်သက်သာသာဖြင့် ဝင်ရောက်လာသည့်အတွက် မြန်မာ့ကြက်သွန် တင်ပို့သူများ အခြေအနေမလှဖြစ်ခဲ့၍ တင်ပို့မှု ရပ်ဆိုင်း

www.foreverspace.com.mm





ထားခဲ့ရသလို နယ်စပ်လမ်းကြောင်းမှ တစ်စီးစ နှစ်စီးစ တင်ပို့နေရမှုမှာလည်း ရပ်တန့်သွားပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြက်သွန်ဈေးကွက်ပျက်လျက်ရှိပြီး ဒေသတွင်း စားသုံးနိုင်စွမ်းထက် များစွာပိုလျှံနေသေးသည့်အတွက် ဈေးကွက်အနုတ်အသိမ်းရှိရေးမှာ အထူးလိုအပ်နေကြောင်း ၎င်းက ပြောကြားသည်။

ပြည်တွင်း ကြက်သွန်ဈေးကွက် မကောင်းသည့်အတွက် ကြက်သွန်စိုက်ပျိုးသည့် တောင်သူများ အဆင်မပြေမှုနှင့်ကြုံနေရပြီး ယခုနှစ်မိုးနောက်ကျသည့်အတွက် ပျိုးထောင်နောက်ကျမှုများ၊ စိုက်ပျိုးပြီး ရေမရသည့်အခက်အခဲများကြောင့် လာမည့်နှစ်တွင် ကြက်သွန်အထွက် လျော့ကျဖွယ်ရှိကြောင်း အဆိုပါကုန်သည်ကြီးက သုံးသပ်သည်။

ရှုလိုင်လကုန်ပိုင်းတွင် ကြက်သွန်နီ တစ်ပိဿာ အနိမ့်စ ၁၇၀ ကျပ်၊ အမြင့်စ ၃၁၀ ကျပ်၊ ရှိနေပြီး စက်တင်ဘာတွင် အဟောင်းများ ပြန်ထုတ်ကြတော့မည်ဖြစ်ကြောင်း၊ အချို့နယ်လှောင်လက်များက အမြတ်အစွန်း အနည်းငယ်မျှဖြင့်ပြန်ထုတ်နေကြပြီး ဈေးမြင့်မြင့်မှန်းထားသူများက မထုတ်သေးကြောင်း၊ ဈေးကောင်းလိုချင်ကြသူ တောင်သူကြီးများ လက်ဝယ်၌လည်းများစွာ ကျန်ရှိနေသေးကြောင်း ကြက်သွန်ပွဲရုံ အသိုင်းအဝိုင်းက ဆိုသည်။ ကြက်သွန်စိုက်ပျိုးသော ကုမ္ပဏီများကိုသာ ပြည်ပတင်ပို့ခွင့်ပြုထားရာ ကမ္ဘာ့ဈေးကွက်ကြီးတွင် အရည်အသွေး၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်ရန် လိုအပ်နေသည့်အတွက် အမှန်တကယ် စိုက်ပျိုးသော တောင်သူများကို နည်းပညာ၊ ငွေကြေး၊ အထောက်အပံ့များပေး၍ ထုတ်လုပ်မှုနှင့် အရည်အသွေးကို မြှင့်တင်ပေးသင့်ကြောင်းလည်း ဈေးကွက်ဆန်းစစ်သူတို့က ဆိုသည်။

ကြက်သွန်ဖြူဈေးနှုန်းမှာ ယခုလကုန်ထိ အပြောင်းအလဲမရှိဘဲ ရှယ် တစ်ပိဿာ ၅၄၀ ကျပ်၊ ထူးရှယ် တစ်ပိဿာ ၅၇၀ ကျပ် အကြီး ၆၂၀ ကျပ်တို့ ဖြစ်သည်။ ကြူကုတ်ကြက်သွန်ဖြူ အဝင်နည်းနေပြီး တစ်ပိဿာ ၁၀၀၀ ကျပ် ဈေးပေါက်ကြောင်း နောင်အဝင်များလာပါက ဈေးကျဆင်းဖွယ်ရှိကြောင်း ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ငရုတ်ဈေးကွက်မှာလည်း နယ်စပ်ကုန်သွယ်ရေးဈေးကွက်အပေါ်တွင် မူတည်နေပြီး ယခင် ထိုင်းဈေးကွက်မှ အဝယ်များသော်လည်း ယခုအခါ အိန္ဒိယနှင့် ဗီယက်နမ်မှ ငရုတ်များ ထိုင်းဈေးကွက်အတွင်း ဝင်ရောက်လာမှုကြောင့် မြန်မာငရုတ်ကို အဓိက မထားတော့ကြောင်း ငရုတ်ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ယခုနှစ်မိုးခေါင်၍ ငရုတ်အထွက်နည်းသော်လည်း ဈေးကောင်းလာဖွယ်မရှိကြောင်း၊ မိုးထောင်ငရုတ်မှာ တစ်ပိဿာ ၈၀၀ ကျပ်မှ ၇၀၀ ကျပ်သို့ ဈေးကျဆင်းခဲ့ပြီး လက်ရှိဈေးထက် တက်လာရန်မမြင်ကြောင်း၊ ငရုတ်ရှည်မှာအကောင်းစား တစ်ပိဿာ ၈၀၀/၈၅၀ ကျပ်၊ ငရုတ်ပွ တစ်ပိဿာ ၁၅၀၀ ကျပ်မှ ၁၇၀၀ ကျပ်အထိ အစားစားရှိကြောင်း၊ ငရုတ်ပွမှာ ပြည်တွင်းစားသုံးမှုများပြားပြီး ယခုနှစ်မိုးခေါင်၍ အထွက်လျော့သည့်အတွက် ဈေးကောင်းလာဖွယ်ရှိကြောင်း အဆိုပါပွဲရုံပိုင်ရှင်က သုံးသပ်ပြောကြားသည်။

အာလူးဈေးများကျင်းလျက်ရှိပြီး ဟဲဟိုးအာလူးနှင့် အောင်ပန်းအာလူးထွက်ချိန် စပ်ကူးမပ်ကူးကာလဖြစ်ကြောင်း၊ ဟဲဟိုးအာလူးမှာ အထားခံသော်လည်း ဈေးကွက်တွင် ပြတ်နေကြောင်း အောင်ပန်း မြေနီသီးမှာ စိုပြီး ပုပ်လွယ်သည့်အတွက် ဈေးလျှော့ရောင်းချရကြောင်း အာလူးပွဲရုံများမှ သိရသည်။

မြန်မာကျေးလက်ဆောင်သူများသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရာနှုန်းများစွာ အားထားမှီတည်နေရသည့် အားလျော်စွာ အမှန်တကယ်စိုက်ပျိုး ထုတ်လုပ်နေကြသော တောင်သူယာလုပ်များ၏ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်မှု အကျိုးကျေးဇူး ထိုက်တန်စွာ ခံစားခွင့်ရရှိရေးတို့မှာ လွန်စွာအရေးကြီးကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကောင်းမရ၊ ဈေးကွက်ပျက်နေပါက နောက်ရာသီတိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် အခက်အခဲရှိစေမည်ဖြစ်ကြောင်း ဈေးကွက်လေ့လာသူတို့က ဆိုသည်။

ဒေသတွင်း၌ပင်စားသုံးမှုပိုလျှံနေသော ကုန်စည်များ၊ မရှိမဖြစ်မဟုတ်သော ကုန်စည်များအား ပြည်ပသို့ တင်ပို့ပေးနိုင်ရန်လိုအပ်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်နေရာများ ရှာကြံဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ အရည်အသွေးမီထုတ်လုပ်နိုင်ရေး၊ ကမ္ဘာ့ဈေးကွက်ဝင်ကုန်စည်များ တိုးတက်ထုတ်လုပ်နိုင်ရေးနည်းပညာ အပါအဝင် လိုအပ်သော ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းတို့ကသုံးသပ်သည်။


**ဆန်းဦး (စီးပွားပညာ)**

www.foreverspace.com.mm



ဤကဏ္ဍတွင်.......

၈၀ မြန်မာ့စီးပွားရေးနယ်ပယ်မှ အမျိုးသမီးစီမံခန့်ခွဲသူများ
၈၂ လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲရေး
၈၄ ပုဂ္ဂလိကသတင်းစာစောင်များ၏ အခန်းကဏ္ဍဖွံ့ဖြိုးလာမှုနှင့် အနာဂတ်အလားအလာ
၈၈ ဗဟုဝါဒ၊ ဂလိုဘယ်ပလက်ဖောင်းနှင့် အီးပလပ်ထိုးထားသော မြန်မာ



# မြန်မာ့စီးပွားရေးနယ်ပယ်မှ အမျိုးသမီးစီမံခန့်ခွဲသူများ

**အယ်ဒီတာတစ်ဦး**

**မြန်မာ နိုင်ငံသည် နှစ်ပေါင်းများစွာကပင် အမျိုးသမီးများအပေါ် ခွဲခြားသည့် သဘောထားမရှိသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ယနေ့မြန်မာ့စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးအုပ်ချုပ်မှုဒါရိုက်တာ/အမှုဆောင်အရာရှိချုပ်များကို အတွေ့ရနည်းလျက်ပင် ရှိနေပါသေးသည်။**

ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများအရ အမျိုးသမီးများအပေါ် ခွဲခြားမှုမရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးနယ်ပယ်တွင် အမျိုးသမီးများကို အမှုဆောင်အရာရှိချုပ်၊ အုပ်ချုပ်မှုဒါရိုက်တာ စသည်များကို အဘယ်ကြောင့် များများစားစား မတွေ့ရသနည်းဆိုသောအချက်မှာ စိတ်ဝင်စားစရာကောင်းလှပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ နာမည်ကျော်စာရေးဆရာမဂျူးက ခွဲခြားမှုမရှိဆိုသည့်အချက်မှာ ယေဘုယျအားဖြင့် မှန်ကန်သော်လည်း Glass Cealing ခေါ် မမြင်ရသော အကန့်အသတ်များ ရှိနေပါသည်ဟု ဆိုသည်။

အမျိုးသမီးအုပ်ချုပ်မှုဒါရိုက်တာ/အမှုဆောင်အရာရှိချုပ်များကို အတွေ့ရနည်းသည်မှာ အမှန်ပင်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် အမျိုးသမီး Senior Managements များနှင့် Midlevel Management များသည် အမျိုးသားများထက် ရာခိုင်နှုန်းအားဖြင့် ပိုများသည်ဟု NGO တစ်ခုမှ လူသားအရင်းအမြစ် မန်နေဂျာ အမျိုးသမီးတစ်ဦးက ထောက်ပြသည်။ မြန်မာနိုင်ငံတွင် အခြေစိုက်သည့် နိုင်ငံခြားကုမ္ပဏီများ၊ ဟိုတယ်ကြီးများ၊ NGO များ၏ Senior Management များနှင့် Midlevel Management များမှာ အမှန်တကယ်ပင် အမျိုးသမီးများ ဖြစ်နေသည်ကို တွေ့ရပါသည်။

ထိုသို့ဆိုလျှင် မြန်မာနိုင်ငံတွင် အမျိုးသမီး Management ခေါ် စီမံခန့်ခွဲသူ များစွာရှိနေသည်မှာ အသေအချာပင်ဖြစ်ပါသည်။ အမျိုးသမီးများ လုပ်ငန်းခွင်သို့ ဝင်ရောက်သည့်အရေအတွက် များပြားတိုးပွားလာသည်မှာလည်း အသေအချာပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ တစ်ခုစဉ်းစားစရာရှိသည်မှာ အမျိုးသမီးများသည် စွန့်စားမှုများသော မြန်မာ့စီးပွားရေးနယ်ပယ်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်ရန် မဝံ့မရဲသဘောထား ရှိနေသလားဆိုသောအချက် ဖြစ်ပါသည်။

www.foreverspace.com.mm



ယနေ့ မြန်မာနိုင်ငံရှိ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအမျိုးအစား အမျိုးမျိုးတွင် တက်ရောက်သင်ကြားနေသူများ၏ ရာခိုင်နှုန်းအများစုမှာ အမျိုးသမီးများပင်ဖြစ်သော်လည်း အမျိုးသမီးအများစုမှာ Senior Management အဆင့်ထက် ပို၍မြင့်တက်မလာခြင်း၏ အကြောင်းရင်းကို စနစ်တကျ သုတေသနပြုသင့်သည်ဟု သတင်းစာဆရာတစ်ဦးက ရေးသားခဲ့ဖူးပါသည်။

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းကြီးနှစ်ခုတွင် အကြံပေးပညာရှင်အဖြစ် လူတွေ့စစ်ဆေးမှုများစွာ အတွေ့အကြုံရှိခဲ့သူ ပညာရှင်တစ်ဦးကမူ မြန်မာအမျိုးသမီးပညာရှင်များတွင် All Round Development ခေါ် ဘက်စုံတိုးတက်မှုနည်းသည်ကို သတိထားမိကြောင်း၊ ၎င်းတို့သည် သက်ဆိုင်ရာနယ်ပယ်ကို နှံ့စပ်သလောက် အခြားဘက်စုံနှံ့စပ်မှုတွင် အားနည်းသည်မှာ သိသာလှကြောင်း ထောက်ပြပါသည်။

MBA ဘွဲ့ရပြီး အင်္ဂလိပ်ဘာသာစကားလည်း များစွာ ကျွမ်းကျင်သော အမျိုးသမီးတစ်ဦးကို ၎င်းတို့၏ စီးပွားရေးလုပ်ငန်းတစ်ခု၏ စီမံရေးရာဌာနတွင် ဒုတိယအကြီးအကဲအဖြစ် ခန့်ထားခဲ့ဖူးကြောင်း၊ ကုမ္ပဏီ၏ Promotion ပွဲတစ်ပွဲတွင် ဧည့်သည်များကို ဧည့်ခံရာ နာမည်ကျော်စီးပွားရေးလုပ်ငန်းရှင် ဦးဌေးမြင့်ကို "အန်ကယ့်လ် နာမည်လေး သိပါရစေ" ဟု မေးမြန်းခဲ့ရာ အတော်လေး စိတ်ဓာတ်ကျမိကြောင်း အဆိုပါပညာရှင်က ထုတ်ဖော်ပြောကြားပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခုကို ခေါင်းဆောင်မှုပေးရသည့် တာဝန်မျိုးကို ယူရမည့် Management များသည် Something of Everything သိရှိနားလည်သူများဖြစ်ရန်လိုကြောင်း၊ သို့မှသာ တံခါးအမှန်ခေါက်တတ်သည့် Knowing how to knock the correct door ခေါင်းဆောင်တစ်ဦးဖြစ်နိုင်မည်ဟု အဆိုပါ ပညာရှင်က ပြောကြားပါသည်။

မြန်မာအမျိုးသမီး အများစုသည် ဝတ္ထုကလွဲ၍ ပြင်ပစာကို ဖတ်ရှုသည့် အလေ့အထနည်းပါးကြောင်း၊ အကြောင်းအရာ တော်တော်များများကို မိမိတို့နှင့် မသက်ဆိုင်ဟု ကန့်လိုက်သော သဘောဖြစ်သွားကြောင်း Offset ပုံနှိပ်စက်များ ကြီးကြပ်လုပ်ကိုင်နေသော အသက် ၃၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးက မှတ်ချက်ပေးပါသည်။ အဆိုပါအမျိုးသမီးက ၎င်း၏ ခင်ပွန်းသည်မှ သမီးရည်းစားဘဝတွင် ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းအပါအဝင် စာအုပ်များစွာကို မိတ်ဆက်ပေးခဲ့ကြောင်း၊ အခု Offset ပုံနှိပ်စက်လုပ်ငန်းကိုလည်း မှားရင်မှားပါစေ ကိုယ်တိုင် အစစဆုံးဖြတ်ရန် အကြံပေးခဲ့ကြောင်း၊ အမှားများကြားမှ Good Management ဖြစ်လာသည်ဟု ထင်ကြောင်း အဆိုပါအမျိုးသမီးက ၎င်း၏ အမြင်ကို ရှင်းပြသည်။

စာမဖတ်သော Management များအကြားတွင်လည်း အမျိုးသမီး Management များက အမျိုးသား Management များထက် ဘက်စုံဖွံ့ဖြိုးမှုနည်းသည်ကို တွေ့ရကြောင်း MBA ဘွဲ့ရ ပညာရှင်တစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။ ၎င်းက လက်ဖက်ရည်ဆိုင်များသည် အမျိုးသားများအတွက် ဘက်စုံဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်သည်ဟု ထင်ကြောင်း မှတ်ချက်ပြုပါသည်။

ဤအကြောင်းအရာမှာ ခေါင်းဆောင်မှုအနုပညာ သို့မဟုတ် ခေါင်းဆောင်မှုအတတ်ပညာနှင့် မြန်မာအမျိုးသမီးများ၏ လက်ရှိအနေအထား အဆက်အစပ်ပင် ဖြစ်ပါသည်။ ခေါင်းဆောင်မှုအတတ်ပညာတွင် သင်ကြားပြသ၍မရသော အစိတ်အပိုင်းများနှင့် နှစ်ပေါင်းများစွာ ဖြည့်ဆည်းရသော All round development များ ပါဝင်ရာ မြန်မာအမျိုးသမီးများတွင် မည်သည့်အစိတ်အပိုင်းတွင် အားနည်းချက်ရှိနေသည်ကို စနစ်တကျ လေ့လာသင့်ပါသည်။

မည်သို့ပင်ဖြစ်စေ အမျိုးသမီး Management များ၏အနေအထားနှင့် ပတ်သက်၍ အမျိုးသား၊ အမျိုးသမီးပညာရှင်များကို မေးမြန်းကြည့်ရာတွင် အောက်ပါအချက်များ ပေါ်ထွက်လာသည်ကို တွေ့ရသည်။

၁။ မြန်မာတို့တွင် အမျိုးသမီးများအပေါ် ခွဲခြားမှုမရှိသော်လည်း အမျိုးသားများ၏ မသိစိတ်တွင် တစ်ဆင့်နိမ့်ဟု ယူဆမှု ရှိသည်။

၂။ အမျိုးသမီးများအတွက် မမြင်ရသော Glass Cealing ခေါ် အကန့်အသတ်တစ်ခု ရှိသည်။

၃။ မြန်မာအမျိုးသမီး Management များတွင် ဘက်စုံစူးစမ်းလေ့လာမှု အားနည်းသည်။ သက်ဆိုင်ရာပညာရပ်နယ်ပယ်တွင် ထူးချွန်သလောက် ဘက်စုံလေ့လာမှု အားနည်းသည်။

၄။ မြန်မာအမျိုးသမီး Management များ စာမဖတ်။

၅။ မြန်မာအမျိုးသမီး Management များ လက်ရှိ ထူးခြားသော စီးပွားရေးပုံသဏ္ဌာန်တွင် ပါဝင်လုပ်ဆောင်ရန် အသင့်မဖြစ်။

၆။ မြန်မာအမျိုးသမီး Management များအနေဖြင့် စွန့်စားရသော လုပ်ငန်းများကို ဦးဆောင်ရန် အသင့်မဖြစ်သေး။

အထက်ပါအချက်အလက်များကို စုစည်း၍ စစ်တမ်းတစ်စောင် ကောက်ယူသုတေသနပြုရန် အယ်ဒီတာအဖွဲ့မှ စီစဉ်လျက်ရှိပြီး ရလဒ်များကို စုစည်း၍ စာဖတ်သူများထံ ပြန်လည်တင်ပြရန် စီစဉ်ထားပါသည်။

**အယ်ဒီတာတစ်ဦး**

■

www.foreverspace.com.mm





# လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲရေး

အဂ္ဂ

**မြန်မာ နိုင်ငံ၏ လူသားအရင်းအနှီးဆိုင်ရာ အခြေခံအဆောက်အဦ (Human Capital Infrastructure) များ တည်ဆောက် အကောင်အထည် ဖော်ဆောင်နေမှုသည် အနာဂတ်စီးပွားရေးဘဝအပေါ် ကောင်းစွာ အကျိုးသက် ရောက်စေမည် ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ တတိယကမ္ဘာ့နိုင်ငံများတွင် အခြေခံအဆောက်အဦဆိုင်ရာ ဖွံ့ဖြိုးမှုအတိုင်းအတာ အားနည်းတတ်သည့်သဘောရှိရာ နိုင်ငံ၏ ဖွံ့ဖြိုးမှုကို လူ့စွမ်းအားအရင်းအမြစ်နှင့် ဆက်စပ်ပုံဖော်ရာ၌ လူသားအရင်းအနှီးဆိုင်ရာ အခြေခံအဆောက်အဦ အနေအထားများသည် ဈေးကွက်စီးပွားရေးစနစ်အတွက် ပြည့်စုံကောင်းမွန်နေရန် လိုအပ်ပေသည်။

ထို့ကြောင့် ယနေ့အချိန်တွင် မြန်မာနိုင်ငံ၏ ပညာလူ့အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအဖြစ် အကြားအလပ် မရှိစေရဟူသော ရည်ရွယ်ချက်များဖြင့် နိုင်ငံအဝန်း ပညာရေးဆိုင်ရာတက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးပညာသင်ကျောင်းများကို တိုးချဲ့တည်ဆောက်ခြင်း၊ အခြေခံပညာသင်ကျောင်းများမှအစ ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် ခေတ်မီသင်ကြားရေးစနစ်များ ပြဋ္ဌာန်းခြင်း စသည့် လူ့စွမ်းအားအရင်းအမြစ်များကို လူမှုရေးဦးတည်ချက်တစ်ခုအဖြစ် ပုံဖော်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရပေသည်။

သို့ရာတွင် သတိပြုဖွယ်ရာတစ်ခုအနေဖြင့် ပညာရေးဆိုင်ရာ အခန်းကဏ္ဍများ အလျင်အမြန် တိုးချဲ့ခြင်း၏ နောက်ဆက်တွဲအဖြစ် ပညာရေးဆိုင်ရာ အဆိုးကြော့သံသရာ (Vicious Circle) တစ်ခုကို ဖြစ်ပေါ်စေနိုင်သည်ဟူ၍ အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ဤသို့ဖြင့် လူဦးရေတိုးပွားလာမှုနှင့်အတူ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းထက်ပိုသော ပညာတတ်အရေအတွက် များပြားလာသည့် အခြေအနေတစ်ခုကို ဖြစ်ပေါ်စေပြီး နောက်ဆက်တွဲအနေဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်စေသည်ဟု အဆိုပါစစ်တမ်းက ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ တိုင်းပြည်၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန် ဖန်တီးရာတွင် လူ့စွမ်းရည် တိုးတက်လာစေသော ရင်းနှီးမြှုပ်နှံမှုဟူသမျှသည် တည့်မတ်မှန်ကန်မှုရှိစေရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်လျောညီထွေသော ပညာရေးစနစ်တစ်ခု ချမှတ်အကောင်အထည်ဖော်ရန် လွန်စွာ အရေးကြီးပေသည်။

**တိုင်းပြည်၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန် ဖန်တီးရာတွင် လူ့စွမ်းရည် တိုးတက်လာစေသော ရင်းနှီးမြှုပ်နှံမှု ဟူသမျှသည် တည့်မတ်မှန်ကန်မှုရှိစေရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်လျောညီထွေသော ပညာရေးစနစ်တစ်ခု ချမှတ်အကောင်အထည်ဖော်ရန် လွန်စွာ အရေးကြီးပေသည်။**

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေအရွယ်အစားနှင့် ပညာရေးအခန်းကဏ္ဍ ဆက်စပ်လျက်ရှိပုံကိုလေ့လာရာတွင် ယေဘုယျအားဖြင့် အောက်ဖော်ပြပါ ချဉ်းကပ်မှုနစ်ရပ်ကို အသုံးပြုနိုင်သည်ဟု အရှေ့တောင်အာရှ စီးပွားရေးဆိုင်ရာစစ်တမ်းက ဆိုသည်။

(၁) နိုင်ငံ၏ ထုတ်လုပ်မှုအင်အားစု (Resources) ကို ဦးစွာ လေ့လာ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဆိုပါအင်အားစုကို ထိရောက်စွာ ခွဲဝေခြင်း၊

(၂) နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ဦးစွာသတ်မှတ်၍ အဆိုပါနှုန်းအတိုင်း တိုးတက်လာစေရန် ထုတ်လုပ်မှုအင်အားစု (Resources) မည်မျှလိုအပ် သည်ကို တွက်ယူသောနည်းဟူ၍ ဖြစ် သည်။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းရာတွင် ရှိနေသည့် ရုပ်ဝတ္ထုပစ္စည်းနှင့် လူအင်အားကို ထိရောက်စွာ ခွဲဝေရန် ကြိုးစားမှုမရှိဘဲ လိုအပ်သော ကျွမ်းကျင်မှုကို ပညာရေးက မွေးထုတ်မည်ဟူသော အယူအဆတစ်ခုသည် စဉ်းစားဖွယ်ရာဖြစ်ကြောင်း အဆိုပါစစ်တမ်းက ဆိုသည်။

ထို့ကြောင့် အထူးကျွမ်းကျင်သော ပညာရှင်မွေးထုတ်ရေးထက် လက်ရှိဘွဲ့ရပညာတတ်များကို လိုက်လျောညီထွေအောင် လေ့ကျင့်ရာတွင် အထွေထွေပညာရေး အဆင့်အတန်းနှင့် အခြေခံအတတ်ပညာဆိုင်ရာ ဗဟုသုတများကို တိုးမြှင့်သွားရန် လိုအပ်ပေသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပညာရပ်ဆိုင်ရာကျွမ်းကျင်သူမွေးထုတ်ရာတွင် အောက်ပါအချက်များကို သတိထား ဆောင်ရွက်သင့်ပေသည်။

(၁) အတတ်ပညာပိုင်းဆိုင်ရာတွင် ကျွမ်းကျင်မှုများ ထည့်သွင်း၍ ပုံသေတွက်ချက်ပါက အရည်အသွေး အဆင့်အတန်း အမျိုးအစား များပြားလွန်း၍ စီမံကိန်းချလုပ်ဆောင်ရန် လုံလောက်မှုမရှိခြင်း၊

(၂) ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဘဝများနှင့် တွက်ချက်၍ မွေးထုတ်သော ပညာရေးစနစ်မျိုး အားနည်းခြင်း၊

(၃) လိုအပ်သောပညာရှင်များ မွေးထုတ်နိုင်ရန် အချိန်ကာလအလိုက် စီမံခန့်ခွဲခြင်းဟူ၍ ဖြစ်သည်။

ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဟူသည်မှာ ရေရှည်အကျိုးစီးပွားအတွက် မျှော်မှန်း၍ လုပ်ဆောင်ရသော သဘောရှိပြီး လက်ရှိမြန်မာနိုင်ငံ၏ ထုတ်လုပ်မှုပုံသဏ္ဌာန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးအခန်းကဏ္ဍများအတွင်း ကွာဟချက်များ ကြီးမားမလာစေရေးအတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ထားရန် လိုအပ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် ပြောင်းလဲမှုများစွာနှင့် တိုးတက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးသည့် နိုင်ငံများ၏ စီးပွားရေးပုံသဏ္ဌာန်များတွင် အလုပ်သမားအခြေပြု (Labour Intensive)မှ အဆင့်မြင့်နည်းပညာအခြေပြု (High Technology) စီးပွားရေးပုံစံသို့ ပညာကို ဗဟိုပြု၍ ပြောင်းလဲလာသည်ကို ကြည့်လျှင် ကမ္ဘာပေါ်တွင် ပညာ၏အခန်းကဏ္ဍ ရှေ့တန်းသို့ ရောက်ရှိလာနေသည်ကို တွေ့မြင်နိုင်ပေသည်။ ထို့အတူ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ကူးလူးဆက်နွယ်မှုများတွင် သမားရိုးကျကုန်သွယ်မှုမှ နည်းပညာအခြေပြု ကုန်သွယ်မှုသို့ ပြောင်းလဲရာတွင်လည်း ပညာရပ်ဆိုင်ရာသဘောများ ပါဝင်လာသည်။

အထူးသဖြင့် အနောက်အခြေပြု ကမ္ဘာ့စီးပွားရေးစနစ်မှ အာရှအခြေပြု ကမ္ဘာ့စီးပွားရေးသို့ အပြောင်းအလဲတွင် ပညာရေး ရေချိန်သည်လည်း အရေးပါသော အခန်းကဏ္ဍအဖြစ် ပါဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးဖွံ့ဖြိုးလာသော အာရှနိုင်ငံများရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အခန်းကဏ္ဍများ၏ ဦးဆောင်မှုနေရာတွင် ပညာဗဟုသုတ ပြည့်စုံသူများနှင့် အစားထိုးဖြည့်ဆည်းလာနိုင်ခြင်းသည် မြင်သာထင်သာအရှိဆုံး အာရှအောင်မြင်မှုဟု မှတ်ယူနိုင်ကြောင်း အာရှမဟာတိမ်းညွတ်မှု (Mega Trends Asia) ရေးသားသူ John Naisbitt က ဆိုသည်။

အချုပ်ဆိုရလျှင် ပညာရေးဟူသည်မှာ ရေရှည်ရင်းနှီးမြှုပ်နှံရလေ့ရှိပြီး နိုင်ငံစီးပွားတိုးတက်ရေးအတွက် သော့ချက်ကျသောအကြောင်းအရာတစ်ခုဖြစ်သည့်အားလျော်စွာ ပညာရေးစနစ်တစ်ခုမှ မွေးထုတ်လိုက်သော လူသားအရင်းအမြစ်သည် နိုင်ငံ၏ စီးပွားရေးဘဝတွင် အမှန်တကယ်အသုံးပြုနိုင်ရန် လိုအပ်ပေသည်။ အသိပညာ (Knowledge) ကို ပါဝါတစ်ခုအဖြစ် သတ်မှတ်ယူဆလျှင် ပညာရေး (Education) ဟူသည်မှာ ပါဝါကို ထိန်းညှိပေးနိုင်သော စွမ်းဆောင်ရည်တစ်ခုပင် ဖြစ်ပေမည်။

**အဂ္ဂ**

■



www.foreverspace.com.mm

www.foreverspace.com.mm



# ပုဂ္ဂလိကသတင်းစာစောင်များ၏ အခန်းကဏ္ဍဖွံ့ဖြိုးလာမှုနှင့် အနာဂတ်အလားအလာ

ဇော်ထွဋ်မောင်

**မြန်မာ နိုင်ငံအတွင်း တရားဝင် ပုံနှိပ်ထုတ်ဝေလျက်ရှိသော အပတ်စဉ်ထုတ် ပုဂ္ဂလိကသတင်းစာစောင်များ၏ အခန်းကဏ္ဍသည် နိုင်ငံတော်အဆင့် သတင်းစာရှင်းလင်းပွဲများသို့ နိုင်ငံခြားသတင်းထောက်များနှင့်တန်းတူ တက်ရောက်ခွင့်ရရှိလာခြင်း၊ အမှန်တကယ်ထုတ်ဝေသူများအတွက် မဂ္ဂဇင်း၊ ဂျာနယ်ထုတ်ဝေခွင့်ရရှိစေရန် မူဝါဒများချ မှတ်ဆောင်ရွက်ပေးသွားမည်ဟု ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကိုယ်တိုင် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းများကို ထောက်ရှု၍ အပြုသဘောဆောင်သော အပြောင်းအလဲများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်လာရသည်ဟု ယေဘုယျ သုံးသပ်နိုင်မည် ဖြစ်သည်။**



ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

စီးပွားရေးအကျိုးအမြတ် ရရှိမှုကို ပဓာနမထားဘဲ ဝါသနာနှင့် အမျိုးသားအကျိုးစီးပွားအတွက်ကို ရှေ့တန်းတင်၍ လုပ်ကိုင်လာခဲ့သော မြန်မာနိုင်ငံ၏ သတင်းစာစောင်လောကသည် ၁၉၉၅–၁၉၉၆ ဝန်းကျင်ခန့်တွင် တစ်ကျော့ပြန်အသက်ဝင်လာခဲ့သော အပတ်စဉ်ထုတ် သတင်းစာစောင်များမှစ၍ ဝါသနာအပြင် စီးပွားရေးအကျိုးအမြတ်ကိုပါ ထည့်သွင်းစဉ်းစားလာကြသည်။ စီးပွားရေးအကျိုးအမြတ်ကိုပါ ထည့်သွင်းစဉ်းစားလာကြသည့်အတွက် သတင်းစာစောင်လောကအတွင်း အားနည်းချက်အမြောက်အမြားကို တွေ့မြင်လာရသလို၊ အားသာချက်များစွာကိုလည်း ပေါ်ထွက်လာစေခဲ့သည်။

ယနေ့ကမ္ဘာပေါ်တွင် တစ်နေရာမှ တစ်နေရာသို့ အင်မတန်မြန်ဆန်လှသည့် အဟုန်ဖြင့် စီးဆင်းလျက်ရှိသော သတင်းအမြန်လမ်းမကြီးပေါ်တွင် လိုက်ပါနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ ပုဂ္ဂလိက သတင်းစာစောင်များ၏ လိုအပ်ချက်၊ အားနည်းချက်များကို အမြန်ဆုံးဖြည့်ဆည်းပြုပြင်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း အလေးထားဖော်ပြလိုပါသည်။

## သတင်းစာစောင်များ၏အားနည်းချက်များ

၁၉၉၅–၁၉၉၆ ဝန်းကျင်တွင် တစ်ကျော့ပြန် အသက်ဝင်လာခဲ့သော အပတ်စဉ်ထုတ် သတင်းစာစောင်များသည် ထိုအချိန်ထိုကာလက စာဖတ်ပရိသတ် လိုလားတောင့်တနေသော သတင်းချင်ခြင်းကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် သတင်းစာစောင်များ၏ အောင်မြင်မှုသာမက စီးပွားရေးအကျိုးအမြတ်လည်း များစွာရရှိလာခဲ့သည်။ ထိုအချိန်မှစ၍ သတင်းစာစောင်ထုတ်ဝေခြင်းလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ပီပြင်လာခဲ့ပြီး သတင်းစာစောင်များလည်း အမြောက်အမြားထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် ယင်းသတင်းစာစောင်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် အယ်ဒီတာများ၊ သတင်းထောက်များလည်း အလျှိုလျှိုပေါ်ထွက်လာခဲ့သည်။

အမှန်စင်စစ် အဆိုပါအယ်ဒီတာနှင့် သတင်းထောက်များမှာ အချိန်ကာလတစ်ခုအတွင်း လုပ်ငန်းလိုအပ်ချက်အရ ပေါ်ထွက်လာခဲ့ကြသော သတင်းစာသမားများဖြစ်သည့်အားလျော်စွာ Journalism ဟူသည့် သတင်းစာပညာနှင့်ပတ်သက်သော အတွေ့အကြုံ အသိအမြင်မှာ လွန်စွာအားနည်းလျက်ရှိနေသည်။ သို့ရာတွင် အဆိုပါ သတင်းစာသမားအများစုမှာ လူငယ်များဖြစ်နေပေရာ သေချာစွာ ပြုစုပျိုးထောင်ပေးနိုင်မည်ဆိုလျှင် အရည်အချင်းရှိသော မြန်မာလူငယ် သတင်းစာ

www.foreverspace.com.mm



သမားများ အမြောက်အမြား ပေါ်ထွက်လာနိုင်ပေသည်။

မြန်မာလူငယ်သတင်းစာသမားများအနေဖြင့် အခြေခံသတင်းစာပညာအပြင် အဓိကအလေးထား၍ လေ့လာဆည်းပူးရန် လိုအပ်သည်မှာ ခေတ်သစ် 'အ'သုံးလုံးဟုခေါ်သည့် အင်္ဂလိပ်စာ၊ အိုင်တီနှင့် အင်တာနက်ပင် ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၏ သတင်းအမြန်လမ်းမကြီးပေါ်သို့ မြန်မာလူငယ် သတင်းစာသမားများ တက်ရောက်ကြရာတွင် မဖြစ်မနေအသုံးပြုရမည့် ပညာရပ်များပင်ဖြစ်သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ Royal University တွင် ဖွင့်လှစ်ပို့ချသော International Workshop in Advanced Journalism သို့ ပြည်ပနိုင်ငံအချို့မှ သတင်းစာသမားများနှင့်အတူ သုံးလကြာမျှ တက်ရောက်ခဲ့သော မြန်မာလူငယ်သတင်းစာဆရာတစ်ဦးက အင်္ဂလိပ်စာ၊ အိုင်တီနှင့် အင်တာနက်မှာ မြန်မာလူငယ်အများစုအတွက် အဓိကအားနည်းချက် ဖြစ်နေကြောင်း၊ ယင်းသို့အားနည်းသည်ဆိုရာ၌ လူငယ်များထံတွင် သင်ယူနိုင်စွမ်းအားမရှိခြင်းကြောင့်မဟုတ်ဘဲ လူမှုရေး၊ စီးပွားရေး အစရှိသည့် အကြောင်းကိစ္စအရပ်ရပ်ကြောင့်သာဖြစ်ကြောင်း၊ သို့ရာတွင် မည်သို့သောအကြောင်းကိစ္စများ ရှိသည်ဖြစ်စေ မြန်မာလူငယ်များအနေဖြင့် ခေတ်သစ် 'အ'သုံးလုံးကို ကျွမ်းကျင်စွာ သင်ယူတတ်မြောက်ထားရန်လိုအပ်ကြောင်း ပြောကြားသည်။

'လူငယ်လေးတွေဗျာ--၊ သူတို့တွေမှာ လုပ်ချင်ကိုင်ချင်တဲ့စိတ်ဓာတ် ရှိတယ်။ ခက်တာက သူတို့တွေကို ဦးဆောင်နေတဲ့သူတချို့က ဒီလူငယ်လေးတွေရဲ့ အရည်အချင်းကို မဖြည့်ဆည်းပေးနိုင်ကြဘူး ဖြစ်နေတယ်။ တချို့ ဖြည့်ဆည်းပေးရကောင်းမှန်းမသိကြဘူး။ တချို့ကလည်း ဖြည့်ဆည်းပေးရကောင်းမှန်း သိတယ်။ ဒါပေမဲ့ ငွေကြေးကုန်ကျမှာစိုးလို့၊ နောက်ပြီး သူတို့ကို ဒီကလေးတွေက ကျော်ဖြတ်တက်သွားမှာစိုးလို့ ကလေးတွေရဲ့အရည်အသွေးကို မဖြည့်ဆည်းပေးကြဘူး"ဟု ဝါရင့်သတင်းစာဆရာကြီးတစ်ဦးက အလွတ်သဘော သုံးသပ်ပြောကြားသည်။

စီးပွားရေးလုပ်ငန်းတစ်ရပ်၏ အသွင်သဏ္ဍာန်ဖြစ်တည်လာသော သတင်းစာစောင်ထုတ်ဝေရေးသည် ယခင်က သတင်းစာပညာကိုလွန်စွာဝါသနာထုံသူအချို့က စုပေါင်းစပ်ပေါင်းထုတ်ဝေခဲ့ကြသော်လည်း နောက်ပိုင်းတွင် သတင်းစာပညာရပ်ကိုလည်း နားမလည်၊ သတင်းစာသမားများကိုလည်း အလေးထားခြင်းမရှိသော ကိုယ်ကျိုးရှာ စီးပွားရေးသမားအချို့ ဝင်ရောက်လာခဲ့သည်။ ထို့အတူ သတင်းစာပညာရပ်ကို နားလည်သော်လည်း သတင်းစာပညာကို ခုတုံးလုပ်ကာ လုပ်ဖော်ကိုင်ဖက်သတင်းစာသမားများကို မလေးစား၊ သတင်းစာနှင့် သတင်းစာသမားတို့၏ ကျင့်ဝတ်ဂုဏ်သိက္ခာများကို မစောင့်စည်းမထောက်ရှုဘဲ မိမိ၏ ကိုယ်ကျိုးစီးပွားအတွက်သာ အလေးထားလုပ်ကိုင်သော သတင်းစာသမားအရေခြုံ စီးပွားရေးသမားများလည်း ပေါ်ထွက်လာခဲ့သည်။

မျိုးဆက်သစ်လူငယ် သတင်းစာသမားများအနေဖြင့် အခြေခံသတင်းစာပညာ၊ အင်္ဂလိပ်စာ၊ အိုင်တီ၊ အင်တာနက်တို့ကို သင်ယူဆည်းပူးရန်လိုအပ်သကဲ့သို့ သတင်းစာပညာနှင့်ပတ်သက်သော အကြားအမြင်ဗဟုသုတ၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုလည်း နားလည်သဘောပေါက်ထားရန် လိုအပ်မည်ဖြစ်သည်။ သတင်းစာပညာရပ်သည် ကျယ်ပြန့်လှပေရာ အချိန်ကာလတိုတစ်ခုအတွင်း လေ့လာဆည်းပူးရုံဖြင့် အလုံးစုံသိရှိနားလည်မည် မဟုတ်သည့်အတွက် မျိုးဆက်သစ်လူငယ်သတင်းစာသမားများက လုပ်ရင်းကိုင်ရင်းနှင့်ပင် လေ့လာဆည်းပူး သင်ယူသွားကြရမည်ဖြစ်သည်။

"ဒီနေ့ထွက်နေကြတဲ့ သတင်းစာစောင်အများစုမှာ Editorial ကို တွေ့ရတယ်။ အဲဒီ Editorial ဆိုတာ သတင်းစာစောင်ရဲ့ ဦးတည်ချက်တွေ ရပ်တည်ချက်တွေကို ပြနေတယ်။ ပြီးလွယ် စီးလွယ် ရေးလို့မရဘူး၊ တို့ခေတ်တုန်းကဆို အခု မင်းတို့ ပြောနေကြတဲ့ Editorial ပေါ့ကွာ.... ခေါင်းကြီးပိုင်းရေးဖို့အတွက် အယ်ဒီတာတစ်ယောက် သီးသန့်ထားရတယ်။ Editorial ဆိုတာ အဲဒီလောက် အရေးကြီးတာ။ ဒီတော့

ပြည်တွင်းပြည်ပသတင်းစာဆရာများ



www.foreverspace.com.mm



ကိုယ့်သတင်းစာစောင်မှာ Editorial ထည့်မယ်ဆိုရင် ရေးတတ်တဲ့လူကို ရေးခိုင်းရမယ်၊ အဲဒီလိုမှ မဟုတ်ရင်တော့ ဖြစ်သလိုရေးပြီး မထည့်သင့်ဘူးကွ။ သတင်းစာနဲ့ သတင်းစာသမားတွေရဲ့ ဂုဏ်သိက္ခာ ထိခိုက်တယ်" ဟု ဝါရင့်သတင်းစာဆရာကြီးက ဆိုသည်။

ထို့ပြင် အဆိုပါသတင်းစာဆရာကြီးက သတင်းစာစောင်အချို့တွင် သရော်စာများ ဖော်ပြကြသည်ကို တွေ့ရကြောင်း၊ ထိုသရော်စာသည်လည်း ထင်သလိုရေး၍ မရကြောင်း၊ အများပြည်သူအကျိုးအတွက် အလို့ငှာ သတင်းစာဆရာက စောင့်ကြည့်သရော်ပေးရခြင်းဖြစ်ကြောင်း၊ ယခု သတင်းစာစောင်များတွင် ဖော်ပြနေကြသော သရော်စာများမှာ မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် တစ်ပါးသူ၏ အကျိုးစီးပွားကို သရော်နေကြသည်ဖြစ်ရာ ယင်းသရော်စာ ရေးသူမှာ သတင်းစာပညာ အခြေခံမရှိ၍သော်လည်း ဖြစ်နိုင်ပြီး၊ သတင်းစာသမားစစ်စစ် မဟုတ်နိုင်သည့်အတွက်လည်း ဖြစ်နိုင်ကြောင်းလည်း အကျယ်တဝင့် ဆွေးနွေးသွားသည်။

မျက်မှောက်ခေတ် သတင်းစာလောကအတွင်း၌ အလွယ်တကူပင် မှားယွင်းနေကြသော အားနည်းချက်ကြီးတစ်ခု ရှိနေသေးသည်။ ယင်းမှာ စာကျ၊ စာကျန်၊ စာဖြည့်၊ စာလုံးပေါင်းသတ်ပုံများ မှားယွင်းကြခြင်းဖြစ်သည်။ ထိုသို့ မှားယွင်းရခြင်းမှာ ကျွမ်းကျင်သော ပရုဖ်အယ်ဒီတာ မထားရှိခြင်းကြောင့်ဖြစ်ပြီး ယင်းအမှားအယွင်းမှာ စာစီစာရိုက်ပြုသူများနှင့်လည်း များစွာသက်ဆိုင်လှပေသည်။ ခွင့်မလွှတ်နိုင်သော အမှားအယွင်းမျိုးမဟုတ်သော်လည်း အားနည်းချက်တစ်ခုဖြစ်နေပေရာ ပြုပြင်သွားကြရန် လိုအပ်ပါသည်။

မြန်မာသတင်းစာစောင်လောကအတွင်း နောက်ထပ် အမှားအယွင်းတစ်ခုမှာ သတင်းဓာတ်ပုံများကို လွဲမှားစွာ အသုံးပြုကြခြင်း ဖြစ်သည်။ သတင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော သတင်းဓာတ်ပုံကို သုံးစွဲမိခြင်း၊ သတင်းနှင့်သက်ဆိုင်သော်လည်း အမှန်တကယ်ထည့်သွင်းဖော်ပြရမည့် သတင်းဓာတ်ပုံ မဟုတ်ခြင်း၊ ပြုပြင်ရန်လိုအပ်သည့် သတင်းဓာတ်ပုံများကို ပြုပြင်ခြင်းမရှိဘဲ နဂိုမူလအတိုင်း ထည့်သွင်းအသုံးပြုခြင်း (ဥပမာ– အချို့သတင်းဓာတ်ပုံများတွင် ပါဝင်သူများမျက်နှာ (သို့) မျက်လုံးကို ဖုံးအုပ်ပေးပြီးမှ ဖော်ပြရခြင်း စသည်...)၊ ဓာတ်ပုံဆရာတစ်ဦးဦးက ရိုက်ကူး၍ အင်တာနက်ပေါ်တွင်တင်ထားသောပုံများကို ကာယကံရှင်၏ ခွင့်ပြုချက်မရယူဘဲ အလွယ်တကူဆွဲယူအသုံးပြုခြင်းတို့ဖြစ်ပြီး ယင်းအမှားအယွင်းများမှာ သက်ဆိုင်ရာ သတင်းစာသမားများ၏ သတင်းစာပညာအရည်အသွေး မပြည့်ဝမှုကြောင့်ပင် ဖြစ်သည်။ ယင်းလိုအပ်ချက်၊ အားနည်းချက်များကို ပြုပြင်၍ မြန်မာသတင်းစာစောင်များ နိုင်ငံတကာအဆင့် တက်လှမ်းနိုင်အောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။



## သတင်းစာစောင်များ၏ အားသာချက်များ

စီးပွားရေးလုပ်ငန်း အသွင်သဏ္ဌာန်အဖြစ် ရပ်တည်လာသော မြန်မာသတင်းစာစောင်လောကသည် အထက်ကဆိုခဲ့သော အားနည်းချက်များစွာရှိနေသကဲ့သို့ အားသာချက်များစွာလည်း ရှိနေပေသည်။ ယင်းအားသာချက်များ ရေရှည်တည်တံ့စေရန်နှင့် ထပ်မံတိုးတက်လာစေရန် မျိုးဆက်သစ်လူငယ်သတင်းစာသမားများက အားစိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း အလေးထားဖော်ပြလိုပါသည်။

မြန်မာသတင်းစာစောင်လောကသည် စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာပြီး စီးပွားရေးအသွင်သဏ္ဌာန် ဖြစ်တည်လာသောကြောင့် ပေါ်ပေါက်လာသော အားသာချက်မှာ အင်အားကြီး မီဒီယာကုမ္ပဏီများပေါ်ပေါက်လာခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုခိုင်မာခြင်းကြောင့် အယ်ဒီတာများ၊ သတင်းထောက်များအပါအဝင် ဝန်ထမ်းများ၏ အကျိုးခံစားခွင့်များ ပိုမိုရရှိလာသည်။ အချို့မီဒီယာကုမ္ပဏီများမှာ အယ်ဒီတာနှင့် သတင်းထောက်များကို သတင်းစာစောင်မထုတ်ဝေမီကပင် လစာပေး၍ အခြေခံသတင်းစာပညာသင်တန်းပေးခြင်း၊ ခေတ်သစ် 'အ'သုံးလုံးဟုခေါ်သည့်အင်္ဂလိပ်စာ၊ အိုင်တီနှင့် အင်တာနက် အခြေခံသင်တန်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် HRD ကို ရင်းနှီးမြှုပ်နှံလာကြသည်။

သတင်းစာစောင်များ အပတ်စဉ်

www.foreverspace.com.mm

ထုတ်ဝေရန် တစ်ကျော့ပြန်အသက်ဝင်လာသည့် ၁၉၉၅–၉၆ ခုနှစ်အချိန်ကာလမှစ၍ ယနေ့အချိန်ကာလအထိ အထက်မြန်မာနိုင်ငံရုံးခွဲဟူ၍ ဖွင့်လှစ်နိုင်ခဲ့ခြင်း မရှိသေးသော ပုဂ္ဂလိကသတင်းစာစောင်များ (မြန်မာတိုင်းမ်မှလွဲ၍)သည် ယခုအခါ အထက်မြန်မာရုံးခွဲဟူ၍ ဖွင့်လှစ်နိုင်ရန် အားထုတ်ကြိုးပမ်းလာကြသည်ကိုလည်း တွေ့မြင်လာရသည်။

အထူးဝမ်းမြောက်ကျေနပ်ဖွယ်ရာကောင်းသောအချက်မှာ သတင်းစာစောင်တိုက်ကြီးအချို့သည် ၎င်းတို့၏မျိုးဆက်သစ် အယ်ဒီတာနှင့် သတင်းထောက်များကို အင်တာနက်နှင့် အီးမေးလ် အချိန်မရွေး လွတ်လပ်စွာ သုံးစွဲခွင့်ပေးလာခြင်းပင်ဖြစ်သည်။ ယင်းသို့ အသုံးပြုခွင့်ရလာသည့်အတွက် လူငယ်သတင်းစာသမားများ၏ အတွေ့အကြုံ အကြားအမြင်နှင့် ဗဟုသုတများမှာ ပို၍ကျယ်ပြန့်လာသည်။ နိုင်ငံတကာအရေးကိစ္စများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိလာရသည်။

ယင်းနှင့်ပတ်သက်၍ နာမည်ရသတင်းစာစောင်တစ်ခုမှ မျိုးဆက်သစ်လူငယ် အယ်ဒီတာတစ်ဦးက "ကျွန်တော် အရင်လုပ်ခဲ့တဲ့တိုက်မှာတုန်းက အင်တာနက်နဲ့ အီးမေးလ် မသုံးခဲ့ရဘူး။ အခုမှ လွတ်လွတ်လပ်လပ်သုံးခွင့်ရတာ၊ အကျိုးကျေးဇူးကတော့ဗျာ အများကြီးရှိတာပေါ့။ အခုဟာက ဂလိုဘယ်ခေတ်ဆိုတော့ အားလုံးဆက်စပ်နေတယ်လေ။ အင်တာနက်မှာ ကမ္ဘာ့ပဲဈေးကွက်မှာ ပဲတွေ ဈေးတက်နေတယ်ဆိုတဲ့ သတင်းပါလာရင် ဒီကပဲဈေးကွက်အခြေအနေလည်း လှုပ်ရှားမှာပဲလေ၊ ဒီတော့ လိုက်ကြည့်ရင် သတင်းတစ်ပုဒ်ရပြီပေါ့။ ဆန္ဒရှိရင် အိန္ဒိယပဲဈေးကွက်က ပေါက်ဈေးတွေကို အင်တာနက်မှာကြည့်ပြီး ကိုယ့်သတင်းမှာ ထပ်ဖြည့်လိုက်လို့ရသေးတယ်" ဟု အင်တာနက်၏ အသုံးဝင်ပုံကို ရှင်းပြသည်။

မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးအချို့ကလည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအချို့ကလည်းကောင်း၊ အခြေခံသတင်းစာပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မျိုးဆက်သစ်လူငယ်သတင်းစာသမားများအတွက် အလားအလာအခွင့်အလမ်းကောင်းများပင်ဖြစ်သည်။



## သတင်းစာစောင်များ၏ ရှေ့အလားအလာ

လာမည့်လအနည်းငယ်အတွင်းသတင်းစာစောင်အသစ်များ ထပ်မံထွက်ပေါ်လာရန်ရှိနေသည်ဖြစ်ရာ သတင်းစာစောင်ဖတ်ပရိသတ်သည် နှစ်သက်ရာ သတင်းစာစောင်ကို ရွေးချယ်ဖတ်ရှုလာနိုင်တော့မည်ဖြစ်သည်။ ယနေ့အချိန်ကာလသည် မြန်မာသတင်းစာစောင်လောကအတွင်း အပြုသဘောဆောင်သော အပြောင်းအလဲများနှင့် ဖွံ့ဖြိုးမှုများကို တွေ့မြင်ကြုံတွေ့နေရသော အချိန်ကာလဖြစ်သည့်အပြင် သတင်းစာစောင်များ၏ အရည်အသွေးကို သတင်းစာစောင်ဖတ်ပရိတ်သတ်က အကဲဖြတ်အမှတ်ပေးစစ်ဆေးပေးမည့် အချိန်ဟုလည်း ဆိုရမည်ဖြစ်သည်။


မြန်မာနိုင်ငံ၏ လူဦးရေနှင့် နှိုင်းယှဉ်လျှင် လက်ရှိထုတ်ဝေနေသော၊ ထုတ်ဝေရန်ရှိနေသော သတင်းစာစောင်များ၏ အရေအတွက်မှာ မပြောပလောက်သော်လည်း သတင်းစာစောင်ဖတ် ပရိသတ်သည် အစဉ်အမြဲဖတ်ရှုရမည့် ယုံကြည်စိတ်ချရသော သတင်းစာစောင်များကို စိစစ်ရွေးချယ်ပေလိမ့်မည်။ ယင်းသို့ စိစစ်ရွေးချယ်ရာတွင် အရည်အချင်းနှင့် အရည်အသွေးအပြည့်အဝရှိသော သတင်းစာစောင်များသည်သာလျှင် သတင်းစာစောင်ဖတ်ပရိတ်သတ်များ၏ မှတ်ကျောက်တင်ခံရဖွယ်ရှိနေသည်။ သို့ဖြစ်ရာ သတင်းစာစောင်များအနေဖြင့် အရည်အသွေးနှင့် အရည်အချင်းရှိရန်လိုအပ်လာမည်ဖြစ်ပြီး အရည်အသွေးနှင့် အရည်အချင်းမရှိသော သတင်းစာစောင်များမှာ သတင်းစာဖတ်ပရိသတ်နှင့် ကင်းကွာသွားမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ဇော်ထွဋ်မောင်**

**(မှတ်ချက် ။ ။ အကူအညီပေး ဆွေးနွေးဖြေကြားပေးသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။)**

www.foreverspace.com.mm





# ဗဟုဝါဒ၊ ဂလိုဘယ်ပလက်ဖောင်းနှင့် အီးပလပ်ထိုးထားသော မြန်မာ

စိုင်းယဉ်ကျေး

**မျက်မှောက် ကာလတွင် ကမ္ဘာကြီးသည် ဆက်သွယ်ရေးနည်းပညာ၊ သတင်းအချက်အလက်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၏ အံ့ဘနန်း တိုးတက်မြန်ဆန်လာမှုကြောင့် တစ်ဆက်တစ်စပ်တည်း ဖြစ်လာနေပြီဖြစ်သည်။ ယင်းအခြေအနေများအား အနုလုံပဋိလုံဆက်စပ်သုံးသပ်ရန် လိုအပ်သည်ဟု ယူဆပါသည်။ ကောင်းကျိုးဆိုးပြစ်များထက် အတိတ်၊ မျက်မှောက်ပစ္စုပ္ပန်ကာလ သုံးပါးအပေါ် နိုင်ငံတကာပညာရှင်များ၏ ဟောကိန်းများနှင့် မြန်မာတို့ လျှောက်လာသောလမ်းကို ဆန်းစစ်ကြည့်ရန် ဖြစ်သည်။**

## ဗဟုဝါဒ

ဆိုဗီယက်နိုင်ငံပိုင်းတွင် ဆိုဗီယက်သမ္မတ မိခေးလ်ဂေါ်ဘာချော့ဖ် ရေးသားခဲ့သည့် ပယ်ရယ်စထရိုအီကာ၊ ဂလပ်စနော့ဖ် စာအုပ်များနှင့်အတူ လွတ်လပ်ပွင့်လင်းရေး အယူအဆသည် တစ်ခေတ်ဆန်းခဲ့ပါသည်။ ၁၉၉၀ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံတွင် ဗဟုဝါဒဆိုသော အယူအဆသည်လည်း ရိုက်ခတ်ခဲ့ဖူးပေသည်။ ယင်းကာလသည် ISM ဝါဒများ နိဂုံးချုပ်၍ 'ရှင်း' ခေတ် (ပြုခြင်း၊ ဖြစ်ခြင်း၊ ဥပမာ–Globalization) ရောက်ပြီဟု ဥဒါန်းကျူးကြသော မျက်မှောက်ခေတ်၏ နိဒါန်းပိုင်းပင် ဖြစ်သည်။

အမှန်တကယ်တွင် ဗဟုဝါဒဆိုသည်မှာ လက်တွေ့အလုပ်ဖြစ်ရေးအတွက် တစ်ချိန်က လက်ဝဲလက်ယာ ပင်မဝါဒများကို ပေါင်းစပ်ဖော်ဆောင်လာသည့် အယူအဆပင် ဖြစ်သည်။ ၂၀ ရာစုနှောင်းပိုင်းကာလသည် ကမ္ဘာတစ်လွှား အပြောင်းအလဲများပြားစွာ ဖြစ်ပေါ်ခဲ့ရာ အနာဂတ္တိဝါဒီတို့အတွက် ခန့်မှန်းတွက်ချက် သုံးသပ်အဆုံးအဖြတ်ပြုရန် အကျပ်အတည်း ဆိုက်လာခဲ့သည့်အခြေအနေ ဖြစ်ပေါ်လာသဖြင့် ဗဟုဝါဒအဖြစ် အစားထိုး ကုစားလာကြခြင်း ဖြစ်ကြောင်း ယူဆနိုင်သည်။

မျက်မှောက်ကာလ၌ အီလက်ထရွန်နစ်နည်းပညာများ၏ အကူအညီဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကမ္ဘာ့လူသားတို့၏ အရေးအရာများကို အချိန်တိုအတွင်း မြန်ဆန်ဆက်သွယ်ဆောင်ရွက်လာနိုင်ကြရာ အဘိဓမ္မာ အယူဝါဒအပေါ်

www.foreverspace.com.mm



ထိုင်ပြီး နေးဖင့်စွာ လုပ်ဆောင်၍ မဖြစ်နိုင်တော့။ သို့ဖြစ်၍ မြန်နှုန်းမြင့်သော ဆက်သွယ်ရေးစနစ်၏ ပံ့ပိုးမှုဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာသူကမ္ဘာသားအားလုံး၏ အရေးအရာများ တစ်သားတည်းဖြစ်စေခြင်း (ဝါ) ကမ္ဘာမှုပြုခြင်းဖြစ်စဉ်အဖြစ် အသံကျယ်လောင်လာခဲ့သည်။

အယူဝါဒတစ်ခုတည်းအပေါ် ရပ်တည်၍ မရနိုင်တော့ကြောင်း သိလာသောကမ္ဘာ့အနာဂတ္တိဝါဒီ ပညာရှင်တို့သည် စပ်ကူးမပ်ကူးကာလ စစ်အေးကာလ နိဂုံးပိုင်းနှင့် မျက်မှောက်ကာလကြားတွင် ဝါဒပေါင်းစုံ ပေါင်းစပ်ကာ ဗဟုဝါဒအဖြစ်အသက်သွင်းရန် အားထုတ်ခဲ့ကြသည်။ သို့ပင်လျက် မြန်ဆန်သောအပြောင်းအလဲများသည် ကမ္ဘာကို ဇက်ကြိုးတပ်၍မရတော့မှန်း သိလာရချိန်တွင် မျက်မှောက်ကမ္ဘာ၏ အခင်းအကျင်းသစ်အဖြစ် ဂလိုဘယ်လိုက်ဇေးရှင်းသို့ ပုံသွင်းလာကြသည်ကို တွေ့ရမည် ဖြစ်သည်။

## ဂလိုဘယ်ပလက်ဖောင်း

လက်ရှိကမ္ဘာ၏ မြန်နှုန်းမြင့်အသေ့ာနှင်နေသော ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကို အချို့က ဗဟုဝါဒအဖြစ်ရှုမြင်ထားကြသည်။ အကြောင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ရုပ်ဝတ္ထုပစ္စနပြုမှု ပိုမိုဖြစ်ထွန်းလာနေသော်လည်း များစွာသော အယူဝါဒများကို ပေါင်းစပ်ကာ ခရီးဆက်နေရမှုကြောင့်ဖြစ်သည်ဟု အကြောင်းပြသည်။ ဝါဒတစ်ရပ်အဖြစ် အမည်ပညတ်မတပ်ကြသော်လည်း၊ အရင်းရှင်စနစ်ချည်းသက်သက်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒချည်းသက်သက် ခရီးဆက်နှင်၍ မရနိုင်တော့။ မျက်မှောက်ကမ္ဘာတွင် နိုင်ငံအသီးသီး၏ ပြုမှုဆောင်ရွက်ပုံဟန်တို့မှာ ယင်းဝါဒများထဲမှ ကောင်းနိုးရာရာနည်းလမ်းများကို ထုတ်နုတ်ပေါင်းစပ်အကောင်အထည်ဖော်နေကြသောကြောင့်ဖြစ်သည်ဟု ဆိုပါသည်။

ယခုအခါ နိုင်ငံအသီးသီးသည် ခေတ်သစ်ကမ္ဘာ၏ အခင်းအကျင်းသစ်ဖြစ်သည့် ဂလိုဘယ်ပလက်ဖောင်းပေါ်၌ ရပ်တည်နေနိုင်ရန် အားထုတ်လျက်ရှိသည်။ တသီးတခြား ရပ်တည်၍မရတော့သောကြောင့် ရန်သူအဟောင်းများအပေါ် အကြည့်အမြင် ပြောင်းလဲဆက်ဆံလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ (ဥပမာ–အမေရိကန်–ဗီယက်နမ်ဆက်ဆံရေး။)

ဂလိုဘယ် ပလက်ဖောင်းပေါ်၌ အခိုင်အမာနေရာရပြီးဖြစ်သော ရှေ့တန်းရောက်အီလိ (Elite)နိုင်ငံကြီးများမှာ မိမိတို့၏ ပုံသဏ္ဌာန်မူစံများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ တင်ပို့ရန် အားထုတ်လျက် ရှိနေသည်။ အထူးသဖြင့် အာရှနိုင်ငံအများစုမှာ ဂလိုဘယ်ပလက်ဖောင်းပေါ်တွင် ရပ်တည်နိုင်ရန် ကိုယ်ခံအားနည်းနေသေးသည့်အတွက် ကောင်းကျိုးထက် ဆိုးကျိုးခံစားရမည်ကို မုန့်ဝေချိန်ထက် တုတ်ဝေချိန်မျိုး ကြုံမှာစိုးရွံ့နေကြဟန် ရှိပါသည်။

Thomas. L. Friedman ၏ လက်ဇပ်ကားနှင့် သံလွင်ပင်အမည်ရှိ ဂလိုဘယ်လိုက်ဇေးရှင်းဆိုင်ရာ ဖွင့်ဆိုရှင်းစာအုပ်အလိုအရ ခေတ်မီဆန်းသစ်သောလူ့အဖွဲ့အစည်း၊ ကိုယ်ကျိုးစီးပွားတို့အတွက် တိုးတက်ပြောင်းလဲရေး လုပ်ဆောင်မှုတို့သည် ဂလိုဘယ်ပလက်ဖောင်း၏ အထင်ကရလမ်းကြောင်းဖြစ်ပြီး မိမိတို့၏ မူလကိုယ်ပိုင်ဟန်၊ လူနေမှုဘဝဟန်ပန်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတို့ကို ဖက်တွယ်ထိန်းသိမ်းထားလိုမှုသည် ဂလိုဘယ်ပလက်ဖောင်းပေါ် ရပ်တည်ရေးအတွက် ငြင်းဆန်နေမှုများဟု ဆိုသည်။ ယင်းအခြေအနေများကြောင့် ဝိရောဓိတရားများ ဖြစ်ထွန်းလာနေကြောင်း တွေ့ရမည်ဖြစ်သည်။ မြန်နှုန်းမြင့် ဆက်သွယ်ရေးနည်းပညာ၊ တိုးတက်ဆန်းသစ်သော အီလက်ထရွန်နစ်စွမ်းပကားများကြောင့် ကိုယ်ပျောက်နိုင်ငံတော်တစ်ခု ပေါ်ပေါက်လာနေပြီး အကြမ်းဖက်မှုဟု အမည်တပ်ထားသော ပဋိပက္ခများ ရှေ့တန်းရောက်နေပြီ ဖြစ်သည်။

ထို့အတူ ဖွံ့ဖြိုးဆဲကမ္ဘာတွင် နိုင်ငံအချို့၌ ဂလိုဘယ်ပလက်ဖောင်းပေါ် ရပ်တည်နိုင်ရေးအတွက် ရှေ့တစ်လှမ်းတိုး၊ နောက်တစ်လှမ်းဆုတ်ဖြင့် တုံ့နှေးတုံ့နှေး လျှောက်လှမ်းနေကြရဆဲ ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်း၏ ပင်မကျောရိုးမှာ စီးပွားရေးနယ်ပယ်ကို အီလက်ထရွန်နစ်ပလပ်ထိုး၍ မြန်နှုန်းမြင့် မောင်းနှင်ပြိုင်ဆိုင်နေကြခြင်း ဖြစ်သည်။

လွတ်လပ်သော ဈေးကွက်တွင် လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ‘အဖွင့်ဈေးကွက်’ကို ဖွံ့ဖြိုးဆဲနိုင်ငံအချို့က အကြောက်အလန့်မရှိ ဖွင့်လှစ်လိုက်ကြသလို အချို့က သွေးတိုးစမ်းရင်း ဖက်တွယ်ထိန်းချုပ်ထားကြဆဲ ဖြစ်သည်။ အာရှနိုင်ငံအချို့တွင် အကြောက်အလန့်ကင်းစွာ ဝုန်းဒိုင်းကြဲဈေးကွက်ကို ဖွင့်၍ ပြိုင်ဆိုင်မှုပြုကြစေရာ ခနအင်အားနည်းသူနှင့် ခိုင်မာသူတို့ကြား ယုန်နှင့် လိပ်သို့မဟုတ် အလေ့အကျင့်မရှိသူနှင့် ကြေးစားတို့ကို အပြေးပြိုင်ခိုင်းသည်နှင့် တူနေပေသည်။

ဖိလစ်ပိုင်နိုင်ငံဖွား တရုတ်လူမျိုး ပါမောက္ခအေမီချွား၏ သုံးသပ်တင်ပြချက်ကို သဘောပေါက်နားလည်သလို ပြန်လည်ဆွေးနွေးရမည်ဆိုလျှင် အာရှနိုင်ငံများတွင် ခနဉစ္စာပိုင်ဆိုင်မှုနည်းသော ဒေသခံတိုင်းရင်းသားများနှင့် အစုအဆောင်းကောင်းသော ရောင်းဝယ်ဖောက်ကားမှု အတွေ့အကြုံရှိပြီး အသိုင်းအဝိုင်းနှင့် စုစည်း၍ ခနဉစ္စာအခိုင်အမာ စုဆောင်းထားသည့် နိုင်ငံခြားသွေးပါသူ ဒေသဖွားလုပ်ငန်းရှင်များကို စည်းလွတ်ယှဉ်ပြိုင်စေသဖြင့် လူမျိုးရေးပဋိပက္ခအသွင်များ ပေါ်ပေါက်စေကြောင်း ၎င်းကဆိုသည်။ ထင်သာမြင်သာ ပဋိပက္ခများကို အရှေ့တောင်အာရှနိုင်ငံအချို့တွင် တွေ့ရမည်ဖြစ်သည်။

ဤသို့ဆိုလျှင် ဂလိုဘယ်လိုက်ဇေး

www.foreverspace.com.mm



ရှင်းဖြစ်စဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဖျက်သတ္တဝါဆိုးလောဟု မေးမြန်းကြဖွယ် ရှိပါသည်။ မဟုတ်ပေ။ ကမ္ဘာ့နိုင်ငံအသီးသီးသည် တစ်နိုင်ငံချင်းစီအဖို့ သီးခြားရပ်တည်၍ မနေနိုင်၊ အချင်းချင်း အပြန်အလှန်ပေါင်းစည်း၍ တစ်နိုင်ငံချင်းစီ၏ မျက်မှောက်ပစ္စက္ခ အခြေအနေမှန်ကို မှန်မှန်ကန်ကန် ချိန်ဆသုံးသပ်ကာ အချင်းချင်း၏ အကျိုးစီးပွားကို ထိန်းကျောင်းလုပ်ဆောင်သွားရမည် ဖြစ်သည်။ (ဥပမာ–မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီယာ၏ ဘူမိပုတြ ခေါ် အမိမြေကုံလုံကြွယ်ဝရေးလမ်းစဉ်)

အကြောက်လွန်၍မရသလို အရဲကိုးလွန်း၍လည်း မဖြစ်ပေ။ အကြောက်လွန်၍ ထိန်းချုပ်ထားပါက သဲဖြင့်လုပ်သော ကလေးကစားသည့် ဆည်ပမာ ပရမ်းပတာ ဖြစ်ပေါ်ပေါက်ကွဲနိုင်သည်။ ထို့အပြင် မြန်နှုန်းမြင့်ကမ္ဘာတွင် များစွာ အောက်ကျနောက်ကျ မျက်နှာငယ်စွာ ရှင်သန်ရပ်တည်နေရမည် ဖြစ်သည်။

အရဲကိုးလွန်းပါက မလိုလားအပ်သော ယှဉ်ပြိုင်မှုပဋိပက္ခသည် အမိုက်ကအစ ပြာသာဒ်မီးလောင်ဆိုသော စကားအတိုင်း နိုင်ငံတွင်း ထိန်းကျောင်းရန် အခက်အခဲပြဿနာများမှသည် ဒေသတွင်း၊ ယင်းမှ ကမ္ဘာတစ်ဝန်းအထိ ကသောင်းကနင်းဖြစ်လာဖွယ် ရှိသည်။ (ဥပမာ–ထိုင်းစီးပွားရေးလုပ်ငန်းများ၊ ဘဏ်များ အထိနာခဲ့မှု) ဂလိုဘယ်ပလက်ဖောင်းပေါ် အဆင်ပြေချောမွေ့စွာ ရပ်တည်နိုင်ရေး အတွက် အခြေခံအဆောက်အဦများကို စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု နယ်ပယ် အသီးသီးအတွက် အလျင်အမြန် အခိုင်အမာတည်ဆောက်ပေးရန်သာ ရှိပါသည်။

## အီးပလပ်ထိုးထားသော မြန်မာ


မြန်မာနိုင်ငံသည်လည်း ဂလိုဘယ် လိုက်ဖေးရှင်းဖြစ်စဉ်နှင့်အတူ အီးပလပ်ကို ထိုးထားပြီဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ အစိုးရ တာဝန်ယူလာချိန်မှစ၍ ကမ္ဘာ့နိုင်ငံများနည်းတူ ဈေးကွက်စီးပွားရေး စနစ်ကို စတင် ခင်းကျင်းလာခဲ့သလို အချိန်နှင့်အမျှ အရှိန်အဟုန်မြင့်ပြောင်းလဲလာသော ဆက်သွယ်ရေးနည်းပညာများ အပေါ် အခြေခံ၍ ဆက်သွယ်ရေးစနစ်၊ အင်တာနက် စသည်တို့ကို တဖြည်းဖြည်းချင်း တိုးမြှင့်ဆောင်ရွက်ပေးလာနေပြီ ဖြစ်သည်။

ယင်းမှာလည်း လက်ရှိအနေအထားအရ နိုင်ငံသားတိုင်းသုံးစွဲနိုင်စွမ်း နည်းပါးနေသေးရာ တစ်နိုင်ငံလုံးအတိုင်းအတာ အထိ တစ်ပြေးညီ သုံးစွဲနိုင်ရေးအတွက် အချိန်ယူရဖွယ် ရှိသည်။ ကွန်ပျူတာ သုံးစွဲနိုင်မှုတွင်လည်း အချိုးနည်းလျက် ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။

ဤနေရာတွင် အတွေ့အကြုံတစ်ခုကို ဆွေးနွေးလိုပါသည်။ လွန်ခဲ့သော ၁၉၉၉ ခုနှစ်နှောင်းပိုင်းတွင် ရန်ကုန်မြို့နှင့် နေ့ချင်းပြန်ရောက်နိုင်သော ပြည်လမ်းခရီး၌ ရှိသည့် လက်ပံတန်းမြို့၌ ရောက်ရှိနေခဲ့ပါသည်။ ယင်းကာလများက Y2K ပြဿနာဆိုသော တစ္ဆေသည် ကမ္ဘာတစ်ဝန်း ခြောက်လှန့်လျက်ရှိသော အချိန်သမယပင် ဖြစ်သည်။ လက်ပံတန်းမြို့တွင်ရှိစဉ် အတွင်း ယင်းမြို့မှ တောင်ဘက်ရှိ ယာကိုင်းများသို့ သွားရောက်လည်ပတ်စဉ် ယာကိုင်းသမား လူငယ်တစ်ဦး၏ လှည်းကြုံကိုစီးရင်း လိုက်ပါခဲ့သည်။ ယာကိုင်းသမားလူငယ်မှာ စာဖတ်ဝါသနာထုံပြီး စူးစမ်းတတ်ပုံရသည်။ အဆိုပါလူငယ်က Y2K ဆိုတာ ဘာကြီးလဲ၊ ဘာဖြစ်မှာလဲ၊ ကြောက်စရာကြီးလား၊ အဏုမြူဗုံးကြိတာမျိုးလားဟု မေးပါသည်။ သူ့ကို နားလည်အောင်တော့ တတ်သမျှ မှတ်သမျှ ရှင်းပြရသည်။ ကြောက်စရာမဟုတ် ကွန်ပျူတာလို့ခေါ်တဲ့ စက်တစ်မျိုးမှာ ဖြစ်လာနိုင်တဲ့ပြဿနာကို မှန်းဆပြောဆိုခြင်းဖြစ်ကြောင်း၊ ဒီလို ကျေးလက်တောရွာတွေနဲ့ မပတ်သက်ကြောင်း ပြောပြခဲ့သည်။

ထိုနည်းနှင်နှင်ပင် မျက်မှောက်ခေတ်ကမ္ဘာ့အခင်းအကျင်းသစ်ဖြစ်သည့် ဂလိုဘယ်လိုက်ဖေးရှင်းဟူသော Brand Image မှာ နိုင်ငံတစ်ဝန်းတွင် သိက္ခမ်းဝင်ပြီး ဖြစ်နေသော်ငြား ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို ဖြစ်နေကြဦးမည်ဟု မှန်းဆရသည်။ ယင်းသည် Digital Divide ခေါ် ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ ကွာဟချက်ပင် ဖြစ်သည်။

ယင်းကွာဟချက်ကြီးမားလေလေ ပြိုင်ဆိုင်ယှဉ်ပြိုင်ရမှုနယ်ပယ်တွင် ခြားနားချက်များလေလေ ဖြစ်စေသည်။ ဂလိုဘယ်လိုက်ဖေးရှင်း၏ အဓိကတိမ်းညွှတ်မှုမှာ



www.foreverspace.com.mm



စီးပွားရေးနယ်ပယ်တွင် ဖြစ်သည်။ စီးပွားရေးကဏ္ဍတွင် အီးပလပ်ထိုး မောင်းနှင်မှုမှ အရှိန်အဟုန်မြန်မြန် ကုန်စည်စီးဆင်းမှုကို ဖြစ်စေသည်။

ထို့အတူ အုပ်ချုပ်မှုနယ်ပယ်၊ စီမံခန့်ခွဲမှုနယ်ပယ်တို့တွင်ပါ အီးပလပ်ထိုးလိုက်သောအခါ မြန်နှုန်းမြင့် စီမံခန့်ခွဲမှုကြီးများ ပေါ်ပေါက်လာသည်။ မြန်နှုန်းမြင့် စီမံခန့်ခွဲမှုများကြောင့် စီမံခန့်ခွဲသူတို့အဖို့ ဒိုးဒိုးဒေါက်ဒေါက် အဆုံးအဖြတ်ပေးလာကြရသည်။ ယင်းအတွက် ဂလိုဘယ်စီးကြောင်းဆိုင်ရာ စီမံခန့်ခွဲဆုံးဖြတ်မှုအတွက် ဂလိုဘယ်ပညာ (ဝါ) ခေတ်သစ် 'အ' သုံးလုံးထက် အဆများစွာလွန်သော အသိ၊ အတတ်တို့ကို သိမ်းထားရမည် ဖြစ်သည်။

အခြေခံသဘောအရ လျှပ်စစ်မီး မကြာခဏ ပြတ်တောက်ခြင်း၊ စွမ်းအင်မလုံမလောက်ခြင်းတို့ကြောင့် အီလက်ထရွန်နစ်ပစ္စည်းများ ချို့ယွင်းပျက်စီးတတ်သကဲ့သို့ အခြေခံအဆောက်အဦ လုံလောက်မှုမရှိဘဲ အီးပလပ်ထိုးလိုက်သောအခါ ကသောင်းကနင်း မရေမရာဖြစ်မှုတို့နှင့် ရင်ဆိုင်ရမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း လက်ရှိကာလတွင် ဂလိုဘယ်ပလက်ဖောင်းပေါ် ရပ်တည်နေနိုင်ရေး၊ အီးပလပ်ထိုး မောင်းနှင်ထိန်းကျောင်းနိုင်ရေး အားထုတ်ဆဲဖြစ်သည်။ ယင်းအတွက် လိုအပ်သော အခြေခံအဆောက်အဦများကို အလျင်အမြန် အကောင်အထည်ဖော်တည်ဆောက်၍ ထိန်းကျောင်းမှုမှန်မှန်ဖြင့် ခရီးဆက်ရန် လိုပေမည်။

မျက်မှောက်ကာလတွင် မျိုးဆက်သစ် လူငယ်အတော်များများသည် အိုင်တီနယ်ပယ်တွင် ယှဉ်ပါးရုံမျှမက ဖော်ဂျီဖိုလ်ဝင်သားစားနေသူများအဆင့် သို့ ရောက်ရှိနေပြီဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်သည်။ ၎င်းတို့သည် အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးစည်ပင်ရေးအတွက် အားတစ်ပါးဖြစ်နိုင်သော်ငြား

**အခြေခံသဘောအရ လျှပ်စစ်မီး မကြာခဏ ပြတ်တောက်ခြင်း၊ စွမ်းအင်မလုံမလောက်ခြင်းတို့ကြောင့် အီလက်ထရွန်နစ်ပစ္စည်းများ ချို့ယွင်းပျက်စီးတတ်သကဲ့သို့ အခြေခံအဆောက်အဦ လုံလောက်မှုမရှိဘဲ အီးပလပ်ထိုးလိုက်သောအခါ ကသောင်းကနင်း မရေမရာဖြစ်မှုတို့နှင့် ရင်ဆိုင်ရမည်မှာ အမှန်ပင်ဖြစ်သည်။**

အိုင်တီနှင့် ယှဉ်ပါးမှုကင်းဝေးနေဆဲဖြစ်ပြီး ဂလိုဘယ်တစ္ဆေ အခြောက်ခံနေရသော ကျေးလက်နေလူထုအဖို့မူ အိုင်တီဖိုလ်ဝင်သားစားသူများနှင့် ပြိုင်ဆိုင်ရမည့်အခါ မည်သို့ရှိချေမည်နည်း။ ခြေရည်တူမကန်ရ၊ လက်ရည်တူမထိုးရပါမူ ပေါ်ထွက်လာမည့် အကျိုးဆက်ကို မှန်းဆတွေးထင်နိုင်ပါသည်။

## နိဂုံး

အယူဝါဒ (ISM)၊ အဘိဓမ္မာတစ်ရပ်ရပ်အပေါ် အခြေတည်၍ လုပ်ကိုင်စီမံဆောင်ရွက်နိုင်ရန် မျက်မှောက်ကမ္ဘာ့အခင်းအကျင်းသစ်က အချိန်မပေးနိုင်တော့။ ဝါဒပေါင်းစုထားသော ဗဟုဝါဒအဖြစ်ဖြင့် နာမပညတ်၍ ကမ္ဘာ့အင်ဂျင်ကို မောင်းနှင်ရန် အားထုတ်ခဲ့သော်လည်း အရာမရောက်သလို ဖြစ်ခဲ့ရသည်။

ဂလိုဘယ်လိုက်ဇေးရှင်းဆိုသော ဝေါဟာရနာမပညတ်နှင့်မှ ယခုမျက်မှောက်ကမ္ဘာ၏ မြန်နှုန်းမြင့် အသော့နှင်မှု၊ အကျိုးတရားတို့က ခြုံငုံမိသွားဟန် ရှိပါသည်။ ကမ္ဘာ့ရှေ့တန်းရောက်နိုင်ငံများတွင် ဂလိုဘယ်ခရီးနှင်နေမှုမှာ အရှိန်ရနေပြီဖြစ်သည်။ များမကြာသေးမီကာလကပင် အမ်အိုင်ဒီအက်စ် ခေါ် မိုက်ခရိုချစ်(ပ်) အားကျဆင်းမှုရောဂါနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း အီးမီဒီယာများမှတစ်ဆင့် သိရသည်။

မြန်မာနိုင်ငံအဖို့မှာမူ သွေးပူလေ့ကျင့်ခန်းဆင်းနေရချိန်မျိုး ဖြစ်နေဆဲ ဖြစ်သည်။ ခတ်ကွင်းပြင်ရင်း မိုးမလင်းရန်ထိုးထားသော အီးပလပ်အတွက် လိုအပ်သော စွမ်းအင်လောင်စာနှင့် အခြေခံအဆောက်အဦကို မြန်ဆန်စွာ လုပ်ဆောင်ရန် မလွှဲမသွေလိုအပ်လျက် ရှိပါသည်။

ကမ္ဘာ့ပညာရှင်တို့က မြန်နှုန်းမြင့်ကမ္ဘာအတွက် လိုအပ်သလို နာမကင်ပွန်းတပ်၍ ဇက်ကြိုးတပ်မောင်းနှင်နိုင်ရေး အားထုတ်နေကြမည် ဖြစ်သည်။ ကြိုတင်ဟောကိန်းထုတ်ရေး လုံးပန်းနေကြမည် ဖြစ်သည်။ မောင်းနှင်အား မြန်ဆန်လာမှုနှင့်အတူ အကျိုးဆက်တို့သည် မြန်ဆန်စွာ ဖြစ်ပျက်လာနေကြသည်။ ပစ္စုပ္ပန်တည့်တည့်ကြည့်၍ စူးစိုက်လုပ်ဆောင်ကြရန်သာ ရှိသည်။ အနာဂတ်ကမ္ဘာသည် မကွဲမပြားဝိုးတဝါးပင်။ အမှောင်ကမ္ဘာဟုဆိုသော်ရနိုင်ကောင်းသည်။ မြန်မာနိုင်ငံအဖို့မှာမူကား ပစ္စုပ္ပန်ကာလကို တည့်တည့်ရှု၍ (ဝါ) မျက်မှောက်ကာလတွင် စွမ်းနိုင်သမျှ မြန်မြန်ဆောင်ရွက် အားထုတ်ကြရန်သာ ရှိသည်။ သို့မဟုတ်ပါက ဂလိုဘယ်ပလက်ဖောင်းပေါ်မရောက်ဘဲ နောက်ကျကျန်နေခဲ့ဖို့သာ ရှိချေမည်။

ကမ္ဘာ့ရှေ့တန်းရောက်နိုင်ငံများနှင့် တန်းတူရည်တူ ယှဉ်ပြိုင်ရန် မဖြစ်နိုင်သေးသော်ငြား အဆိုအမိန့်တစ်ခုကို ကိုးကား၍ဆိုရလျှင် "ဦးဆောင်သူကောင်း မဖြစ်နိုင်သေးလျှင် နောက်လိုက်ကောင်းတစ်ယောက်အဖြစ် ရပ်တည်ပြုမူပါ" ဆိုသည့်အတိုင်း ပြိုင်ဆိုင်ဖို့ထက် ဖြည့်တင်းခရီးနှင်ဖို့သာ ရှိသည်ဟု ဆိုရပေမည်။

**စိုင်းယဉ်ကျေး**

**ကိုးကား**

**ပြည်တွင်းပြည်ပထုတ် စာအုပ်၊ စာစောင်များမှ ဆောင်းပါးများ**

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၂၂ | ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

## သရပါဂိတ်ဟိုတယ်၏ ပုဂံ နှစ်ညအိပ် အထူးအစီအစဉ်



ပုဂံမြို့သို့ သက်သောင့်သက်တာနဲ့ သွားရောက်လေ့လာလိုကြတဲ့ မြန်မာနိုင်ငံသား ဘုရားဖူး ခရီးသည်များအတွက် သရပါဂိတ်ဟိုတယ်က မိုးရာသီ အထူးအစီအစဉ်အဖြစ် နှစ်ညအိပ် ခရီးစဉ်ကို ဈေးနှုန်းချိုသာစွာနဲ့ စီစဉ်ပေးလျက်ရှိတယ်လို့ ဆိုပါတယ်။ ပုဂံမြို့က သရပါဂိတ်ဟိုတယ် နှစ်ယောက်ခန်းမှာ နှစ်ညတာတည်းခိုခွင့် အပါအဝင် ရန်ကုန်–ပုဂံ အသွားအပြန် လေယာဉ်လက်မှတ်၊ ညောင်ဦးလေဆိပ်မှ ဟိုတယ်အသွားအပြန် အကြို/အပို့၊ နံနက်စာနဲ့ ညစာတို့ပါဝင်မှာဖြစ်ပြီး တစ်ဦးလျှင် ၉၉၀၀၀ ကျပ် ကျသင့်မှာဖြစ်ပါတယ်။ အထက်ပါခရီးစဉ်မှာ မေလ ၁ ရက်မှ စက်တင်ဘာလကုန်အထိသာဖြစ်ပြီး မိမိအစီအစဉ်နဲ့ သွားရောက်လိုသူတွေအတွက်ကတော့ Superior တစ်ခန်းကို ၂၈၀၀၀ ကျပ်နဲ့ ဩဂုတ်လမှ စက်တင်ဘာလကုန်အထိ စီစဉ်ပေးတယ်လို့ သိရပါတယ်။

အဆိုပါ ဟိုတယ်မှာ နိုင်ငံတကာအဆင့်အတန်းမီ Superior ၅၆ ခန်း၊ Deluxe ၂၆ ခန်း။ Suite လေးခန်းတို့ပါရှိပြီး သဘာဝလေကို ရှုရှိုက်ရင်းအပန်းဖြေစေနိုင်မယ့် Open Air Lobby, Swimming pool နဲ့ Restaurant တို့ပါ ပါရှိပါတယ်။

ဆက်သွယ်ရန်လိပ်စာ –

Sales & Reservation Office
အခန်း ၂၀၁/၂၀၂၊ ဒုတိယထပ်၊
Summit Parkview Hotel
အမှတ်–၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၂၁၁၈၈၈၊ ၂၁၁၉၆၆၊ လိုင်းခွဲ – ၂၀၁၊ ၂၀၂၊ ၁၉၂၊ ဖက်စ် – ၂၂၇၉၈၀
E-mail: sales@hoteltharabarbagan.com.mm
reservation@hoteltharabarbagan.com.mm

## အမျိုးသမီးဝတ် Fancy အထည်သီးသန့် ရောင်းတဲ့ဆိုင်

အမျိုးသမီးအကြီးအငယ်မရွေး ဝတ်လို့ရတဲ့ အဝတ်အထည်များနဲ့ Fancy ထည်ရောင်းတဲ့ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ အမျိုးသမီးဝတ်ချည်းသီးသန့်ရောင်းချတာဖြစ်ပြီး အင်္ကျီမျိုးစုံ၊ ဂျင်းစကတ်၊ ဂျင်းဘောင်းဘီ စတာတွေ အစုံရနိုင်တာ တွေ့ရပါတယ်။ အမျိုးသမီးဝတ်အင်္ကျီမှာ ကျပ် ၁၅၀၀ တန်ကနေ ၁၅၀၀၀ ကျပ်အထိ အမျိုးအစားကိုလိုက်လို့ ဈေးနှုန်းအမျိုးမျိုး ရှိပါတယ်။ အမျိုးသမီးဝတ် ဂျင်းစကတ်ကတော့ အနည်းဆုံး ကျပ်တစ်သောင်းရဲ့ အထက်မှာရှိပြီး ဂျင်းဘောင်းဘီကတော့ တံဆိပ်၊ အသား၊ အမျိုးအစားပေါ်မူတည်ပြီး ကျပ် ၄၅၀၀ ကနေ ကျပ် ၁၁၀၀၀ အထိ ရှိပါတယ်။ အဝတ်အထည်အားလုံးကို ထိုင်း၊ စင်ကာပူ၊ ထိုင်ဝမ်၊ တရုတ်နိုင်ငံများက မှာယူတင်သွင်းလာတာ ဖြစ်တယ်လို့ ဆိုပါတယ်။

လိပ်စာ–

မခင်စန်းအေး (ခ) အားမိန်
INFINITY Ladies Fashion
C-9-ဒုတိယထပ်၊ ယုဇနပလာဇာ၊
ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများ

၂၀၀၄ ခုနှစ်အတွက် ထုတ်ပြန်လိုက်တဲ့ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီး ၅၀၀ စာရင်းအနက်မှ အမှတ်စဉ် ၅၀ အထိကို ယခင်လများက ဖော်ပြပေးပြီးတဲ့အတွက် ယခုတစ်ခါတော့ (၇၆) မှ (၉၉) အထိ စာရင်းဝင်တက္ကသိုလ်များကို လမ်းညွှန်လိုက်ပါတယ်။ နိုင်ငံရပ်ခြားမှာ ပညာဆည်းပူးလိုတဲ့ ကျောင်းသားကျောင်းသူများအတွက် ငွေကုန်၊ အချိန်ကုန်ခံရကျိုးနပ်အောင် ရည်ရွယ်ပြီး ဂုဏ်သိက္ခာရှိ၊ အစဉ်အလာကြီးတဲ့ ထိပ်တန်းတက္ကသိုလ်များကို Living Color က ရည်ရွယ် ဖော်ပြတာဖြစ်ပါတယ်။

| World Rank | Institution | Country | Total Score |
|---|---|---|---|
| 76 | University Arizona | USA | 28.1 |
| 77 | King's Coll London | UK | 28.0 |
| 78 | University Manchester | UK | 27.9 |
| 79 | University Goettingen | Germany | 27.4 |
| 80 | Michigan State University | USA | 27.0 |
| 80 | University Nottingham | UK | 27.0 |
| 82 | Brown University | USA | 26.8 |
| 82 | University Melbourne | Australia | 26.8 |
| 82 | University Strasbourg 1 | France | 26.8 |
| 85 | Ecole Normal Super Paris | France | 26.5 |
| 86 | Boston University | USA | 26.3 |
| 86 | University Vienna | Austria | 26.3 |
| 88 | McMaster University | Canada | 26.0 |
| 88 | University Freiburg | Gremany | 26.0 |
| 90 | Hebrew University Jerusalem | Israel | 25.9 |
| 91 | University Basel | Switzerland | 25.8 |
| 92 | Lund University | Sweden | 25.6 |
| 93 | University Birmingham | UK | 25.5 |
| 93 | University Roma-La Sapienza | Italy | 25.5 |
| 95 | Humboldt University Berlin | Germany | 25.4 |
| 97 | Nagoya University | Japan | 25.2 |
| 97 | Stockholm University | Sweden | 25.2 |
| 99 | Tufts University | USA | 25.1 |
| 99 | University Bonn | Germany | 25.1 |

Source: http://edu.sjtu.edu.cn/rank/2004/too 2500[1-100.htm]

# ပညာရပ်ဆိုင်ရာစာအုပ်များ တစ်စုတစ်စည်းတည်း ဝယ်ယူနိုင်မယ့် နေရာ

ကွန်ပျူတာ၊ အင်ဂျင်နီယာ၊ ဆေးပညာစတဲ့ ပညာရပ်ဆိုင်ရာ စာအုပ်များကို ကဏ္ဍများအတိုင်း သီးသန့်စုံလင်စွာ ရရှိနိုင်ပါတယ်။ ဘာသာစကားလေ့လာလိုသူများအတွက် အင်္ဂလိပ်စာ၊ တရုတ်၊ ထိုင်း၊ ဂျပန် စသည်ဖြင့် ဘာသာတစ်မျိုးစီအတွက် အပိုင်းများခွဲပြီး ရွေးချယ်ရလွယ်ကူအောင် စီစဉ်ပေးထားပါတယ်။ အထူးသဖြင့် နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့် ဖြေဆိုမယ့် ကျောင်းသားတွေအတွက် IELTS နဲ့ TOEFL တို့ကို သီးသန့်အပိုင်း နှစ်ပိုင်းခွဲထားပြီး တစ်ခုချင်းစီအတွက် နောက်ဆုံးထွက်ရှိတဲ့ စာအုပ်များအထိ CD များ၊ Tape များနဲ့တကွ စုစည်းရောင်းချပေးနေတဲ့ဆိုင်ပါ။

လိပ်စာ – အာရဏ်သစ်စာပေ
၃၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၁၂၆၃၊ ၃၈၁၃၉၂ ■

## အမျိုးသမီးဝတ်ပိတ်စ စုံတဲ့နေရာ

ပွဲနေပွဲထိုင်မှအစ ထသွားထလာ အဆုံး အမျိုးသမီးတွေရဲ့ ဝတ်စုံတွေ ချုပ်လုပ်ဖို့ ပိတ်စ ရှာနေတယ်ဆိုရင်ဖြင့် ပိတ်စ အမျိုးစုံလင်တဲ့ဆိုင်တစ်ခုကို လမ်းညွှန်လိုပါတယ်။ ဂျပန်၊ ကိုရီးယား၊ ထိုင်းပိတ်စများ၊ ပိုး၊ ဖဲနဲ့ ခေတ်ပေါ် ပိတ်စအမျိုးမျိုးကို ဒီနေရာတွေမှာ ရနိုင်ပါတယ်။

လိပ်စာ–

ကုန္ဒော့ကြွယ်အထည်အလိပ်အရောင်းခန်းမ

ဆိုင်အမှတ် (၁)

အမှတ်–၁၆၂၊ အနော်ရထာလမ်းနှင့် ၄၆ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၄၄၇၈

ဆိုင်အမှတ် (၂)

အမှတ် (SP-7)၊ ဝင်ပေါက်အမှတ် (၅)

ယုဇနပလာဇာ

ဗညားဒလလမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၀၀၇၄၇–၁၃၂၃

## ကလေးတို့အတွက် Montessori Style မူကြို

အသက် သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးငယ်တွေကို သူငယ်တန်းတက်ဖို့ အဆင်သင့်ဖြစ်အောင် ပြုစုပျိုးထောင်ပေးမယ့်နေရာ ဖြစ်ပါတယ်။ ကလေးတွေကို ကာယ၊ ဉာဏ၊ စိတ်ဓာတ်ဘက်စုံဖွံ့ဖြိုးထူးချွန်ထက်မြက်ပြီး ကိုယ်ရည်ကိုယ်သွေး တောက်ပလာအောင် နည်းစနစ်ကျကျ စနစ်တကျ ပြုစုပျိုးထောင်ပေးမယ်လို့ ဆိုပါတယ်။ ကျန်းမာသန့်ရှင်းပျော်ရွှင်ရေး၊ ဉာဏ်ရည်မြင့်မားရေးတို့ကို ဦးစားပေးပြီး Montessori Style နဲ့ သင်ကြားပေးမယ်လို့ ဆိုပါတယ်။ Multimedia, Computer အပါအဝင် သင်ကြားမှုအထောက်အကူပြုပစ္စည်းတွေ အသုံးပြုပြီး သင်ကြားပေးမယ်လို့လည်း ဆိုပါတယ်။ ကျောင်းအကြိုအပိုအတွက် ဖယ်ရီကားစီစဉ်ထားရှိပြီး ဝင်ကြေးကတော့ ၃၀၀၀ ကျပ်ပါ။ ကျောင်းလခကတော့ နံနက် ၉ နာရီခွဲကနေ ညနေ ၃ နာရီခွဲအထိ ထားမယ်ဆိုရင် ၈၀၀၀ ကျပ်ဖြစ်ပြီး နံနက် ၉ နာရီခွဲကနေ ၁၂ နာရီခွဲအထိပဲ ထားမယ်ဆိုရင် ၆၀၀၀ ကျပ် ဖြစ်ပါတယ်။

လိပ်စာ– Brilliant Pre School

(Childcare & Language Centre)

တိုက်–၃၊ အခန်း–၂၀၃၊

သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊

အလုံမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၂၁၈၈၉၊ ၂၂၆၈၅၅၊ လိုင်းခွဲ–၂၆၃

## ယုဇနပလာဇာအနီးက ချစ်တီးထမင်းဆိုင်

ချစ်တီးထမင်းကြိုက်သူများအတွက် အသစ်ဖွင့်လှစ်လိုက်တဲ့ တာမွေမြို့နယ်အတွင်းက ချစ်တီးထမင်းဆိုင်သစ်တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဟင်းအမယ်စုံကို အိန္ဒိယစတိုင်နဲ့ စားနိုင်မှာ ဖြစ်ပါတယ်။

အောင်မင်္ဂလာချစ်တီးထမင်းဆိုင်၊ အမှတ်–၂၇၅၊ ဗညားဒလလမ်း၊

အောင်မင်္ဂလာမှတ်တိုင်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၅၅၁၆



## ကော်ဖီကောင်းကောင်း သောက်ချင်ရင်

သဘာဝကော်ဖီကြိုက်နှစ်သက်သူတွေအတွက် Premier ကော်ဖီကို လမ်းညွှန်လိုက်ပါတယ်။ ၁၀၀ ရာခိုင်နှုန်း Pure Coffee၊ 2 Plus 1 Coffee တို့အပြင် 3 in 1 instant Coffeemix ကိုပါ အသစ်ထုတ်လုပ်ဖြန့်ချိလိုက်တာ တွေ့ရပါတယ်။ အထုပ် ၃၀ ဝင် တစ်ပါကင်ကို 2 Plus 1 အမျိုးအစား ၁၅၅၀ ကျပ်နဲ့ 3 in 1 အမျိုးအစားက ၁၅၅၀ ကျပ် ဖြစ်ပါတယ်။ ဖြန့်ဖြူးရောင်းချပေးနေတဲ့ လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

ဆက်သွယ်ရန်လိပ်စာ–

Pac Link Trading Ltd.

– အမှတ်–၂၇၇/၂၈၅၊ ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၇၁၄၊ ၃၈၁၀၇၅

– လမ်း ၈၀၊ ၃၂ × ၃၃ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၆၆၄၂၂၊ ဖက်စ်–၀၂–၆၆၄၂၂

## Computer နဲ့ ပတ်သက်လို့ အားလုံးစိတ်တိုင်းကျမယ့်နေရာ

Computer ဘာသာရပ် လေ့လာလိုသူတွေအတွက် Book Shelf ထားရှိပေးထားပြီး IT ဘာသာရပ်ဆိုင်ရာ Original စာအုပ်များ၊ ဂျာနယ်များ၊ Dictionary များကို Up to date စုစည်းထားရှိပေးထားတာမို့လို့ မည်သူမဆို 'အခမဲ့' သွားရောက် ဖတ်ရှုနိုင်ပါတယ်။ မိမိ Computer အတွက်လိုအပ်တဲ့ Computer Accessories များ ရရှိနိုင်ခြင်းနဲ့ နောက်ဆုံးပေါ် Software များနဲ့ Game CD များ၊ Learning CD စသည်တို့ကို ဝယ်ယူနိုင်တဲ့အပြင် Installer, Language Teaching, TOEFL နဲ့ Education CD များ၊ Games CD များ၊ MP3 နဲ့ မြန်မာသီချင်းခွေများလည်း စုံလင်ပါတယ်။ ဝန်ဆောင်မှုအနေနဲ့ Challenger Data Access Centre ထားရှိပေးပြီး Multimedia Computer များကို မိမိနှစ်သက်ရာ CD များနဲ့ ရွေးချယ်အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် Internet အသုံးပြုခြင်းနဲ့ E-mail ပေးပို့လက်ခံခြင်း၊ Laser Printer များနဲ့ Print Out ထုတ်ပေးခြင်း၊ Photo Scanning / CD Recording တို့ကို ဈေးနှုန်းချိုသာစွာနဲ့ ဆောင်ရွက်ပေးပါတယ်။ Member ဝင်များအတွက် ဝန်ဆောင်မှုများကို အထူးသီးသန့်ဈေးနှုန်းများနဲ့ ဆောင်ရွက်ပေးတဲ့အပြင် Training Centre လည်းရှိပြီး Application Course များ တက်ရောက်သင်ယူနိုင်ကြပါတယ်။ မိမိ Computer ပြဿနာတွေဖြစ်လာရင် ဖြေရှင်းပေးမယ့် Service အဖွဲ့ကိုလည်း ဆက်သွယ်နိုင်မှာမို့ Computer နဲ့ ပတ်သက်ရင် တစ်နေရာတည်းနဲ့ အားလုံးကို စိတ်တိုင်းကျမယ့်နေရာလေးတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။

လိပ်စာ–Challenger Computer & CD Shop

အမှတ်–၆၈၊ လှည်းတန်းလမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၂၄၅၃၊ ၀၉–၅၁၁၀၃၅၃



## မန္တလေးမြို့မှာ အသင့်ချုပ်ပြီး အဝတ်အထည်ဝယ်ချင်ရင်

အမျိုးသမီးဝတ်အင်္ကျီနဲ့ အဝတ်အထည်သီးသန့်ဆိုင် ဖြစ်ပါတယ်။ ကလေးဝတ်၊ သက်လတ်၊ သက်ကြီးဝတ် အသင့်ချုပ်ပြီးသား အဝတ်အထည်တွေကို သီးသန့်ရောင်းချတာကို တွေ့ရပါတယ်။ ချုပ်လုပ်တဲ့လက်ရာကတော့ ရန်ကုန်လက်ရာဖြစ်ပြီး ရန်ကုန်ကနေ မှာယူတာဖြစ်တယ်လို့ ဆိုပါတယ်။ အင်္ကျီများအပြင် ဂါဝန်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်များ ရနိုင်တဲ့နေရာ ဖြစ်ပါတယ်။ စပန့်သားနဲ့ချုပ်တဲ့ အဝတ်အထည်များနဲ့ ချည်ထည်၊ ချည်သားနဲ့ချုပ်တဲ့ အထည်မျိုးစုံ ရနိုင်ပါတယ်။ ဈေးနှုန်းသင့်တင့်ပြီး ဆက်ဆံရေး အထိုက်အလျောက် ဖော်ရွေကောင်းမွန်တဲ့အတွက် လမ်းညွှန်လိုက်ပါတယ်။

လိပ်စာ–

ယမင်းရွှေရည် အထည်ဆိုင်

ရုံ(က)၊ မြေညီထပ်၊ ရတနာပုံဈေး၊

မန္တလေး။

## UPS ဝယ်မယ်ဆိုလျှင်

UPS နှင့် အင်ဗာတာအမျိုးမျိုး သာမက CDMA ခြင်းဖုန်းဓာတ်ခဲများ၊ CDMA ခြင်းဖုန်း Outdoor အင်တင်နာများ၊ Backup Unit (အောက်ခြမ်း)၊ မီးအားမြှင့်စက်၊ Safe Guard၊ ဖုန်းအိတ်နဲ့ အပိုပစ္စည်းများကိုပါ ဝယ်ယူရရှိနိုင်ပါတယ်။ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပါတယ်။

FEATURE Technologies

UPS Inverters, Voltage Stabilizers

အမှတ်–၁၉၃၊ ဗိုလ်ရွှေလမ်း (ယခင် မောင်ခိုင်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၅၁၅၁၅၊ ၀၉–၈၀၃၀၄၉၃

## အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ဝယ်ချင်လျှင်

SONY, Panasonic, SANYO, PHILIPS, KELON, Media စတဲ့ နာမည်ကျော်တံဆိပ်များရဲ့ အိမ်အသုံးအဆောင် လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်တဲ့ နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ စုံစုံလင်လင် ခင်းကျင်းပြသထားတဲ့ အိမ်အသုံးအဆောင် လျှပ်စစ်ပစ္စည်းတွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သလို ဈေးနှုန်းတွေကလည်း သင့်လျော်ပါတယ်။

အခါအားလျော်စွာ Discount တွေ ချပေးထားသလို သတ်မှတ်ထားတဲ့တန်ဖိုးထက် ပိုမိုဝယ်ယူမယ်ဆိုရင် Excel စင်တာရဲ့ ပုံမှန်ပြုလုပ်ပေးနေတဲ့ ကံစမ်းမဲပွဲတော်အတွက် ပါဝင်ကံစမ်းနိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

လိပ်စာ–

Excel Electronic & Home Appliance Centre

အမှတ်–၂၅၀၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၉၅၁–၅၅၉၃၇၇၊ လိုင်းခွဲ–၆၁၀၂



## သန်လျင်ရောက်နေပြီး မြန်မာထမင်း ကောင်းကောင်းစားလိုလျှင်

အကြောင်းအမျိုးမျိုးကြောင့် သန်လျင်မြို့ဘက်ကိုရောက်ပြီး မြန်မာထမင်းကောင်းကောင်းစားမယ်ဆိုရင် လူသိများ နာမည်ကြီးတဲ့ ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ကျိုက်ခေါက်ဘုရားလမ်းပေါ်မှာရှိတဲ့ 'ပွင့်' အဆင့်မြင့် မြန်မာထမင်းဆိုင်ပဲ ဖြစ်ပါတယ်။ အဆိုပါဆိုင်ဟာ သန့်ရှင်းသပ်ရပ်တဲ့ အခင်းအကျင်းနဲ့ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ဆိုင် ဖြစ်ပါတယ်။ မြန်မာထမင်းဟင်းမျိုးစုံအပြင် တစ်ခါတစ်ရံမှာ အထူးတောဟင်းလျာများလည်း ရနိုင်ပါသေးတယ်။ ဆိုင်က ကြီးတာမို့ လူ ၂၀၀ ဦးလောက်ကို တစ်ပြိုင်နက် ဧည့်ခံကျွေးမွေးနိုင်ပါတယ်။ ဟင်းရန်အကြော်အလှော်များနဲ့ အထူးသဖြင့် အတို့အမြုပ် စုံလင်တာ တွေ့ရပါတယ်။ ရေအိမ်က အဆင့်မြင့်ရေအိမ်မဟုတ်ပေမယ့် သပ်သပ်ရပ်ရပ်ရှိပြီး ကမ္ဘာလှည့်ခရီးသည်များ ပါရင် မျက်နှာသိပ်မပျက်ရပါဘူး။ ရှေ့မှာတော့ ကားရပ်ရန်နေရာ ကျယ်ဝန်းပါတယ်။ သန်လျင် ကျိုက်ခေါက်ဘုရားဘက်ရောက်လို့ မိတ်ဆွေနိုင်ငံခြားသားတွေကို မြန်မာလက်ရာစစ်စစ် ကျွေးချင်ရင် ကျွေးလို့ရပါတယ်။

လိပ်စာကတော့ 'ပွင့်' အဆင့်မြင့်မြန်မာထမင်းဆိုင်၊ အမှတ်-၂၈၊ ကျိုက်ခေါက်ဘုရားလမ်း၊ မြို့ဟောင်းအရှေ့၊ သန်လျင်မြို့၊ ဖုန်း-၀၅၆-၂၁၄၀၀ ဖြစ်ပါတယ်။

## အမျိုးသားသီးသန့် Hair Dressing နဲ့ အကြောပြင်မယ်ဆိုရင်

အမျိုးသားများအတွက် သီးသန့်ဝန်ဆောင်မှုပေးနေတဲ့ဆိုင်ဖြစ်ပါတယ်။ ဝန်ဆောင်မှုပေးသူတွေကိုယ်တိုင်လည်း အမျိုးသား (အစစ်) များဖြစ်ပြီး ဝန်ဆောင်မှုကောင်းမွန်တာကို တွေ့ရပါတယ်။ ဆံပင်ညှပ်ခက တစ်ဦးကို ၁၀၀၀ ကျပ်ဖြစ်တာမို့ ဝန်ဆောင်ပေးမှုနဲ့ သင့်တင့်ပါတယ်။ အကြောပြင်လိုသူတို့အတွက်လည်း ဥက္ကလာဂေါက်ကွင်းက ဝါရင့်အကြောပြင်ဆရာကြီးကိုယ်တိုင်က အကြောပြင်ပေးနေတာဖြစ်ပြီး ဝန်ဆောင်ခကတော့ ကျပ် ၁၅၀၀ ဖြစ်ပါတယ်။ အခြား Hair Dressing တွေလိုပဲ သင့်တင့်တဲ့နှုန်းထားများနဲ့ ကျန်အမျိုးအစားဖြစ်တဲ့ မျက်နှာပြင်ဆိုင်ရာ ပြုပြင်ဝန်ဆောင်မှုကို ခံယူနိုင်ပါတယ်။ အမျိုးသား သီးသန့်ဆိုင်မှာမှ ဝန်ဆောင်မှုရယူလိုသူတွေအတွက် လမ်းညွှန်ပေးလိုက်ပါတယ်။

လိပ်စာ - EXCELLENT CHOICE ၊ အမှတ်-၁၅၀၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၄၂၅၁



# Times မဂ္ဂဇင်းက စီစဉ်ရွေးချယ်သော အကြိုက်ဆုံး Website ၅၀

(Search Engine ထဲတွင် ရိုက်ထည့်၍ Website တွင်းသို့ ချိတ်ဆက်ဝင်ရောက်နိုင်ပါသည်။)

| | Arts and Entertainment |
|---|---|
| 1 | Aardman Animations |
| 2 | The Complete Review |
| 3 | Opus 1 Classical |
| 4 | New York Public Library's Digital Gallary |
| 5 | The Museum of Online Museums |
| 6 | Orisinal |
| 7 | Mc Sweeney's Internet Tendency |
| 8 | Ze's Page |
| 9 | Podcast Bunker |
| 10 | Mercora |
| 11 | TV.Com |

| | Blogs |
|---|---|
| 12 | Overheard in New York |
| 13 | Jalopnik, Auto Blogs |
| 14 | Go Fuz Yourself |
| 15 | Post Secret |
| 16 | Moco Loco |
| 17 | Bayraider |
| 18 | Allen's Blog |
| 19 | Chocolate and Zucchini |
| 20 | Boing Boing |
| 21 | Anonymous Lawyer |
| 22 | Dooce |
| 23 | Chromasia |
| 24 | Sports Blogs Nation |
| 25 | Lifehacker |
| 26 | Gridskipper |

| | Lifestyle, Health and Hobbies |
|---|---|
| 27 | Flavorpill |
| 28 | Cancer Nutrition Info |
| 29 | Flicker |
| 30 | Zoo Zoom |
| 31 | Food 411 |
| 32 | CNET Digital Home DIY |
| 33 | The Living to 100 Life Expectancy Calculator |
| 34 | Dozster |
| 35 | I.Neizhbors |

| | News and Information |
|---|---|
| 36 | Blinkx.tv |
| 37 | Identity Theft Resource Center |
| 38 | Answers.Com |
| 39 | Oh My News International |
| 40 | Indeed, Simply Hired, Work 200 |
| 41 | Findlaw |
| 42 | Public Agenda |
| 43 | Clusty |

| | Shopping |
|---|---|
| 44 | Sidestep.com |
| 45 | Craizslist |
| 46 | Shopzilla |
| 47 | Woot! |
| 48 | Archie Mc Phee |
| 49 | Zappos.com |
| 50 | Complaints.com |

Source:Times.com

# မြောက်ဒဂုံမှာ ဆေးဝါးကုသမှု ခံယူမယ်ဆိုရင်

ရန်ကုန်မြို့တွင်းမှာ ဖွင့်လှစ်ထားတဲ့ အထူးကုဆေးခန်းတွေလိုပဲ ၂၄ နာရီ ဝန်ဆောင်မှုနဲ့အတူ ဆေးဝါးအရောင်းဆိုင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်းနဲ့ ရောဂါရှာဖွေရေးတို့ပါ တွဲဖက်ပါဝင်ဖွဲ့စည်းထားတဲ့ အထူးကုဆေးခန်း ဖြစ်ပါတယ်။ ကဏ္ဍအလိုက် ဆိုင်ရာအထူးကုဆရာဝန်ကြီးများဖြင့် ကုသဝန်ဆောင်မှုပေးနေပြီး အထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုများ၊ သားဖွား၊ မီးယပ်ဆိုင်ရာများ၊ ကလေးရောဂါများ၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားရောဂါများကို ကုသမှုခံယူနိုင်တာ တွေ့ရပါတယ်။ ဓာတ်မှန်ရိုက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ဆေးဝါးမျိုးစုံဝယ်ယူခြင်း၊ မျက်စိကုသခြင်းတို့အတွက်ပါ အဆင်ပြေအောင် ဆောင်ရွက်ထားတယ်လို့ ဆိုပါတယ်။ ပိတ်ရက်မရှိ ဖွင့်လှစ်ထားတာဖြစ်လို့ အချိန်ကန့်သတ်ချက်မရှိ သွားရောက်ကုသဝန်ဆောင်မှုခံယူနိုင်ပါတယ်။ ဖွင့်လှစ်တာ မကြာသေးဘဲ ဝန်ဆောင်မှုလည်း အခြားအထူးကုဆေးခန်းများအတိုင်း ဖြစ်ပါတယ်။

လိပ်စာ–

ဒဂုံအထူးကုဆေးခန်း

အမှတ်–(၁၀–ဘီ) ဦးဝိစာရလမ်း၊

၄၁ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၈၄၅၃၄

# ဘူးသီးကြော်ကောင်းကောင်း စားလိုလျှင်

ဘူးသီးကြော်ကောင်းကောင်း စားလိုသူတွေအတွက်ပါ။ အဲဒီဆိုင်က မဟာဗန္ဓုလလမ်းနဲ့ သိမ်ဖြူလမ်းထောင့် ပလက်ဖောင်းပေါ်မှာ ညနေ ၃ နာရီလောက်ဆို စပြီး ရောင်းပါပြီ။ အကြော်နဲ့တို့စားတဲ့ အချဉ်ရည်ဟာ မန္တလေး ဦးပိန်တံတားထိပ် အကြော်ဆိုင်တွေမှာသုံးတဲ့ အချဉ်ရည်အရသာမျိုး ဖြစ်ပါတယ်။ အကြော်နဲ့ တွဲဖက်ရာသီပေါ်ဟင်းသီးဟင်းရွက်လည်း မတွန့်တိုပါဘူး။ လမ်းဘေးဆိုင်ဖြစ်ပေမယ့် ရန်ကုန်မြို့လယ်က လူတွေကတော့ ဘူးသီးကြော်စားချင်ရင် တသီတတန်း သွားစားတဲ့နေရာတစ်ခုပါ။

■



www.foreverspace.com.mm

www.foreverspace.com.mm

## လက်ဖက်ရည်ကောင်းကောင်း သောက်လိုသူများ

လက်ဖက်ရည်ကောင်းကောင်းသောက်လိုသူများအတွက် နေရာထိုင်ခင်း ဇီဇာမကြောင်ဘူးဆိုရင် ရန်ကုန်မြို့လယ် ၃၅ လမ်းအထက်ဘလောက် အလယ်လောက်မှာရှိတဲ့ ၃၅ လမ်း လက်ဖက်ရည်ဆိုင်လေးမှာ မြည်းစမ်းကြည့်စေချင်ပါတယ်။ ဆိုင်လေးက လမ်းဘေးမှာ စားပွဲခုံပုလေးငါးလုံးလောက်နဲ့ ခင်းကျင်းထားတဲ့ လမ်းဘေးဆိုင်သက်သက် ဖြစ်ပါတယ်။ ဗီဒီယိုထုတ်လုပ်ရေးနဲ့ စာပေတိုက်များအသိုင်းအဝိုင်းကတော့ ဆိုင်ရဲ့ လက်ဖက်ရည်အရသာကို အသိအမှတ်ပြုထားကြပြီး၊ ဗီဒီယိုကန်တော့ပွဲများ၊ ပန်းချီပြပွဲများ၊ စာပေတိုက်များရဲ့ ပွဲများအတွက် အော်ဒါလိုက်လံဖျော်ပေးနေကျဆိုင်လေးပါ။ လက်ဖက်ရည်နှပ်သားကောင်းကောင်း ကြိုတင်ရောစပ်ထားပြီး နှပ်ထားတဲ့ လက်ဖက်ရည်ထဲမှာ အကျရည်ကို လိုသလောက် စပ်ယူတာဖြစ်တဲ့အတွက် ကျဆိမ့်သမားများ အကြိုက်တွေ့နိုင်ပါတယ်။ ကြိုတင်ရောစပ်နှပ်ထားတဲ့အတွက် အကျရည်နဲ့ နို့ဆီ၊ နို့စိမ်း၊ သကြားအချိုတို့ဟာ သီးခြားစီကွဲပြားမနေဘဲ တစ်သားတည်းဖြစ်သွားစေတဲ့ အရသာပါ။ စမ်းကြည့်ချင်ရင်တော့ ၃၅ လမ်းအထက်ဘလောက် ဓမ္မာရုံအနီးလမ်းဘေးဆိုင်ပါ။

---

## လုပ်ငန်းသစ် / ဆိုင်သစ်

- **လပြည့်ဝန်းအနုပညာထုတ်လုပ်မှုအင်အားစုနှင့် ဖြိုးနဲ့မင်း ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး**
  အမှတ်–၂၄၅၊ ၃၅ လမ်း(အထက်)၊ ဓမ္မာရုံရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Fancy House II**
  အမှတ်–၂၁၄၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **GENIUS (Monitor Service, System Repair & Training Center)**
  အမှတ်–၁၉၃၊ လမ်း ၄၀(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၀၆၄၇
- **Brilliant Pre School**
  **Childcare & Language Centre**
  တိုက်–၃၊ အခန်း–၂၀၃၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊
  အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၈၈၉၊ ၂၂၆၈၅၅၊ လိုင်းခွဲ–၂၆၃
- **သိဒ္ဓိဝင်ဆေးဆိုင်**
  အမှတ်–၁၅၆၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊
  (၂) ရပ်ကွက်(ဆင်ရေတွင်းမှတ်တိုင်)၊ ကမာရွတ်မြို့နယ်။
  ရန်ကုန်။ ဖုန်း–၇၂၅၉၃၃၊ ၅၂၅၇၄၃၊ ဖက်စ်–၅၁၃၉၅၈
- **မြသုခတည်းခိုခန်း**
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရာပြည့်ခန်းမရှေ့၊ ရုံးကြီးရပ်၊ မုံရွာမြို့။
- **Jade Flower ကျောက်စိမ်းလက်ဝတ်ရတနာအရောင်းဆိုင်**
  ၇၈ လမ်း၊ ၃၆ × ၃၇ လမ်းကြား၊ မန္တလေး။

## မြေနီကုန်းရောက်လို့ ဈေးနှုန်းသက်သာတဲ့ ထမင်းပေါင်းစားလိုလျှင်

ရန်ကုန်မြို့ထဲမှာ ဆိုင်အများအပြားရှိတဲ့ ထမင်းပေါင်းနဲ့ ဝက်သားဟင်းမျိုးစုံရောင်းချတဲ့၊ ဈေးနှုန်းသက်သာတဲ့ဆိုင်မျိုး မြေနီကုန်းလမ်းဆုံမှာ တစ်ဆိုင်ရှိပါတယ်။ အဲဒီဆိုင်မှာ ထမင်းပေါင်း၊ ဝက်ခေါက်ကင်/သုပ်၊ ဝက်သားသုပ်၊ စွတ်ပြုတ်၊ ဆီချက် စတာတွေ ရနိုင်ပါတယ်။ ဈေးနှုန်းသင့်တင့်တာကြောင့်ရော၊ မြေနီကုန်းလမ်းဆုံမှာ အလားတူဆိုင်မရှိတာကြောင့်ရော၊ သင့်တင့်တဲ့အရသာကြောင့်ပါ ကုမ္ပဏီဝန်ထမ်းများအပါအဝင် လူတန်းစားမရွေး စားသုံးကြတာ တွေ့ရပါတယ်။ မြေနီကုန်းလမ်းဆုံအနီး ပဒုမ္မာပန်းခြံထောင့်စွန်း၊ ရွှေမန်းရုပ်ရှင်ရုံနဲ့ မျက်နှာချင်းဆိုင်၊ ဗားကရာလမ်းမှာ ရှိပါတယ်။

---

## ရှားပါးစာအုပ်များ ဝယ်လိုပါက

ရှေးဟောင်းစာအုပ်များ၊ ရှားပါးစာအုပ်များကို မိတ္တူကူးယူ၍လည်းကောင်း၊ CD ဖြင့်လည်းကောင်း ကူးယူ၍ ဝယ်ယူနိုင်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၅၀ ခန့်က ထုတ်ဝေခဲ့တဲ့ မြန်မာသတင်းစာ၊ ဂျာနယ်များကိုလည်း ဖတ်ရှုလေ့လာနိုင်ပါတယ်။ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေခဲ့သောစာအုပ်တချို့နဲ့ ယင်းနှင့် ခေတ်ပြိုင်စာအုပ်တိုက်တို့မှ ထုတ်ဝေခဲ့သော မြန်မာနိုင်ငံကို ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ထားသည့်စာအုပ်များ ရနိုင်ပါတယ်။

MBC (Myanmar Book Center)

အမှတ်–၅၅၊ ဗဟိုလမ်း(အလုံလမ်းထောင့်)၊ ရန်ကုန်။ ဖုန်း–၂၂၁၂၇၁၊ ၂၁၂၄၀၉

www.foreverspace.com.mm



## နေရာပြောင်း / လိပ်စာသစ်

❑ **STAR & MODELS INT'L CO., LTD.**
အခန်း-၅၀/၅၁/၅၂၊ ဒုတိယထပ်၊ တာမွေပလာဇာ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၅၂၄၂၊ ၀၉-၅၀၁၀၄၃၂-၀၉၉၉-၇၀၄၀၂၊ ၇၂၂၃၇၄

❑ **CINDERELLA Travel & Tour Co., Ltd.**
တိုက်-၃၊ အခန်း-၀၀၂၊ ဝေဇယန္တာအိမ်ရာ၊ ဓ၊ တောင်ရပ်၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၆၁၉၆၄၊ ၀၉-၅၁၁၅၃၂၂

❑ **Genious Monitor Service**
အမှတ်-၁၉၃၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၀၅၄၇

❑ **ကမ္ဘာကျော် (လက်ဖက်အကြော်စုံနှင့် မြန်မာ့ရိုးရာ အစားအစာများ)**
အမှတ်-၄၁၊ အနော်ရထာလမ်း၊ သိမ်ကြီးဈေး D ရုံ၊ ၂၄ လမ်းနှင့် ရွှေတိဂုံဘုရားလမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၀၆၀၀(လိုင်းခွဲ-၂၈၉)၊ ၀၉-၉၈၇၂၆၂၅၊ ၂၅၄၂၁၃

❑ **မြန်မာ မာမီးဒါဘယ်ဒက်ကားလီမိတက် (အရောင်းဌာနနှင့် ဈေးကွက်ဌာန)**
ဂိုဒေါင်အမှတ်-၁၉-၂၀၊ ခရေပင်လမ်း၊ မြန်မာ့လယ်ယာ ထွက်ကုန်လုပ်ငန်း၊ တိုက်ရိုက်ကုန်တင်ကုန်ချဌာနစု၊ စိန်ဂွန်းအုပ်စု၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

❑ **Super Mega Engineers Groups & Trading Co., Ltd.**
အမှတ်-၁၉၃/၁၉၇၊ စက်မှုဇုန်၊ ရွှေခင်းသာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၉၀၂၉၇၊ ၆၆၁၆၆၃၊ ၇၀၀၁၁၄၊ ၀၉-၅၀၀၄၅၂၅၊ ၀၉-၈၀၃၁၆၃၂၊ ၀၉-၅၁၁၁၄၀၃၊ ၀၉-၉၀၃၂၃၅၁
E-mail: supermega@mptmail.net.mm
http://www.supermega_engg.com
http;//www.super_mega.com
Fax: ၅၄၅၂၀၇၊ ၆၆၁၆၆၃

❑ **Progressive Engineering & Language Training Centre**
- အမှတ်-၃၁၇၊ မဟာဗန္ဓုလလမ်း၊ အခန်းအမှတ်(3A)၊ ဒုတိယထပ်၊ Sea Green Tower (ဗိုလ်အောင်ကျော်လမ်းနှင့် ၄၁ လမ်းကြား)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၅၈၈၆၊ ၃၈၇၈၉၇၊ ၀၉-၅၀၀၈၇၇၅

❑ **TENRI (တင်းလီ) Restaurant (JAPANESE & CHINESE)**
အမှတ်-၆၂(A-2)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၄၈၆၇

❑ **မလေးရှားဒံပေါက်(ပင်ရင်း)**
အမှတ်-၆၉၊ လှည်းကလေးဒိန်ချဉ်နှင့် မျက်နှာချင်းဆိုင်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၉၉၂၆၃၅၈

❑ **Amazing Holidays Co., Ltd. (ရန်ကုန်ရုံးချုပ်)**
အမှတ်-၂၇၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၆၀၉၅၊ ၀၉-၉၉၂၃၀၆၀၊ ၀၉-၉၀၆၁၇၃၉၊ ၀၉-၈၀၂၂၇၀၇၊ ဖက်စ်-၅၃၆၀၉၅

❑ **Success Language Academy**
Y.W.C.A ခန်းမ၊ အမှတ်-၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၂၀၄၆

❑ **ဖြူနီပြာဝါ FASHION SHOP**
အမှတ်-၅၈(A)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုံ။ ဖုန်း-၀၉-၅၀၁၅၉၅၇

❑ **မြန်မာယူနီဗာဆယ်ဘဏ်(ဆူးလေဘဏ်ခွဲ)**
အမှတ်-၁၀၂/၁၀၄၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❑ **Joy House**
- ဗဟိုလမ်း၊ သခင်မြပန်းခြံနှင့် ဗဟိုအမျိုးသမီးဆေးရုံကြား၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၃၄၁၂

❑ **Device Business Management Agency**
တိုက် (A-3-2)၊ အခန်း-(3B)၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၁၃၉၁၅၀၊ ၀၉-၅၁၁၁၇၅၈
ဖက်စ်-၃၉၁၂၇၄
E-mail: m.c.lynnn@mptmail.net.mm

## ဆေးပညာစာအုပ်များ မိတ္တူကူးလိုလျှင်

ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆေးပညာ ဆက်လက်လေ့လာနေကြတဲ့ ဆရာဝန်များအတွက် ဆေးပညာဆိုင်ရာ စာအုပ်အမျိုးမျိုးကို မိတ္တူကူးယူရရှိနိုင်မယ့်ဆိုင် ဖြစ်ပါတယ်။ ထို့အပြင် ဆရာဝန်သုံး ပစ္စည်းကိရိယာများကိုပါ ဝယ်ယူရရှိနိုင်တာကို တွေ့ရပါတယ်။

လိပ်စာ- ATLAS Medical Books & Accessories
အမှတ်-၃၄ (D)၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# စားသောက်ဆိုင်သစ်

- ❑ **ကောင်ခမ်း ရှမ်းရိုးရာစားသောက်ဆိုင်**
  အမှတ်–၇၂၊ စမ်းချောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- ❑ **အောင်မင်္ဂလာ ချစ်တီးထမင်းဆိုင်**
  အမှတ်–၂၇၅၊ ဗညားဒလလမ်း၊ အောင်မင်္ဂလာမှတ်တိုင်၊
  တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၅၅၁၆
- ❑ **ဝမ်းဝမ်း စားရိပ်မြုံနှင့် မြန်မာစည်ဘီယာ**
  အမှတ်–၃၇၀/၃၇၂၊ ဗညားဒလလမ်း၊ ကျောက်မြောင်း
  အထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၃၂၆
- ❑ **Pioneer Food Centre**
  ရန်ကုန်–မန္တလေးလမ်း၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း။
  ဖုန်း–၀၅၄–၂၇၀၀၇၊ ၀၅၄–၂၇၀၀၉
- ❑ **ရေခဲတောင် ရှမ်းထမင်းနှင့် အအေး**
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရာပြည့်ခန်းမရှေ့၊ ရုံးကြီးရပ်၊ မုံရွာမြို့။

---

# မုံရွာက တရားစာအုပ်နှင့် ကက်ဆက်ခွေ ဓမ္မဒါနအငှားဆိုင်

တရားစာအုပ်အမျိုးမျိုး၊ တရားခွေအမျိုးမျိုးနဲ့ CD နဲ့ MP3 တွေကို ဖတ်ရှုကြည်ညိုလေ့လာနားဆင်လိုသူများအတွက် ဓမ္မဒါန အခမဲ့ငှားရမ်းပေးတယ်လို့ ဆိုပါတယ်။ မိုးကုတ်ဆရာတော်၊ ရှင်ဆန္ဒာဓိက၊ ဦးဇောတိက၊ မဟာဗောဓိမြိုင်ဆရာတော်၊ ယောဆရာတော်၊ မြသန်းစံ၊ ဦးရွှေအောင်၊ ရှင်ဇနကာဘိဝံသ၊ ဦးသုခ၊ ပါရဂူ၊ သာမဏေကျော်၊ ရွှေဥဒေါင်း၊ ဦးဆန်းလင်း၊ ကုံလုံဆရာတော်၊ ဒေါက်တာမင်းတင်မွန်၊ ဦးကံညွန့် စတဲ့ ရဟန်းနဲ့ လူပုဂ္ဂိုလ်ပညာရှင်များ ရေးသားပြုစုတဲ့ တရားစာအုပ်များ၊ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရေးသားပြုစုခဲ့တဲ့ မဟာဗုဒ္ဓဝင်စာအုပ်များ၊ သာသနာရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ တရားစာအုပ်များ၊ လစဉ်ထုတ် အပ္ပမာဓနဲ့ ဓမ္မဗျူဟာမဂ္ဂဇင်းများ၊ သီတဂူဆရာတော်၊ ဦးဇောတိက၊ မိုးကုတ်ဆရာတော်၊ ယောဆရာတော်၊ ရှင်ဇနကာဘိဝံသ၊ ဦးဥတ္တမသာရ၊ သဲအင်းဂူဆရာတော်၊ ပတ္တမြားဆရာတော်တို့၏ တရားခွေများ၊ CD များ MP3 ခွေများကိုပါ ဓမ္မဒါန ငှားရမ်းနိုင်ပါတယ်။ ဓမ္မဒါန ငှားရမ်းဖတ်ရှုလိုသူများအတွက် တရားစာအုပ်၊ ကက်ဆက်ခွေနဲ့ CD များ ပေးပို့လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ကြပါတယ်။

တရားစာအုပ်နဲ့ အခွေတွေကို မိမိဖတ်ရှုနာယူသလို ဗုဒ္ဓဘာသာဝင်လူအများ ဖတ်ရှုနာယူနိုင်ကြဖို့ ရည်ရွယ်တယ်လို့ စီစဉ်သူက ဆိုပါတယ်။

ဆက်သွယ်ရန်လိပ်စာ–

ဖြူစင်

တရားစာအုပ်နှင့် ကက်ဆက်ခွေ ဓမ္မဒါန အငှားဆိုင်

လယ်တီလမ်း၊ ဒေါနခြံရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ ဖုန်း–၀၇၁–၂၂၀၅၅

# အချိန်ညှိသင်ကြားပေးတဲ့ မူကြို

အသက် သုံးနှစ်မှ ငါးနှစ်ရွယ်အထိ ကလေးတွေကို ကျောင်းမနေရသေးခင်မှာ ပညာရေး၊ လူမှုရေး ကြိုတင်လေ့ကျင့်သင်ကြားမယ့် မူကြိုကျောင်းပဲ ဖြစ်ပါတယ်။ ကျယ်ဝန်းတဲ့အခန်းထဲမှာ ကလေးတွေ လွတ်လပ်စွာ နေထိုင်သင်ကြားနိုင်အောင် စီစဉ်ပေးထားပြီး လေ့ကျင့်ခန်းစာအုပ်တွေနဲ့ ခံတဲ၊ ခဲဖျက်၊ ပေတံ စတာတွေကို အိမ်ကနေယူလာစရာမလိုဘဲ တာဝန်ယူပေးတယ်လို့ ဆိုပါတယ်။ စာသင်ကြားခြင်းအပြင် လူမှုရေး၊ ဘာသာရေးနဲ့ဆိုင်တဲ့ သွန်သင်မှုတွေ၊ ဉာဏ်ရည်ဖွံ့ဖြိုးစကလေးတွေ သိလွယ်၊ တတ်လွယ်မယ့်သီချင်း၊ ကဗျာသင်ကြားမှု၊ ကစားချိန်မှာ ကစားစရာမျိုးစုံနဲ့ ကစားစေတာ၊ ကိုယ်ကာယကြံ့ခိုင်ရေးအတွက် အခါအားလျော်စွာ ကျန်းမာရေးလေ့ကျင့်ခန်း၊ အေရိုးဗစ်လေ့ကျင့်ခန်း ကစားစေတာမျိုးတွေကိုလည်း လုပ်ဆောင်ပေးတယ်လို့ ဆိုပါတယ်။ မူကြိုဆရာအတတ်ပညာရေး သင်တန်းဆင်းဆရာမတွေက သင်ကြားပေးမှာ ဖြစ်ပါတယ်။

ပုံမှန်ကျောင်းချိန်ဖြစ်တဲ့ နံနက် ၉ နာရီထက် စောလိုသူတွေ၊ ညနေ ၃ နာရီထက် နောက်ကျကြိုလိုသူတွေနဲ့ သူငယ်တန်းစာများကို ညနေ ၃ နာရီနောက်ပိုင်း သင်ကြားလိုသူတွေအတွက် သီးသန့်စီစဉ်ပေးတယ်လို့ ဆိုပါတယ်။ မိဘတွေ ကရိကထနည်းစေမယ့် ဝန်ဆောင်မှုကတော့ ကျောင်းကားထားရှိခြင်းပဲ ဖြစ်ပါတယ်။

လိပ်စာ– ငွေစင်ရော်မူကြို
အမှတ်–B2၊ အခန်း (၃၀၁)၊
မေတ္တာရိပ်မွန်အိမ်ရာ (မဟာသိဒ္ဓိသုခ
ကျောင်းနှင့် ဂီတအစည်းအရုံးအနီး)၊
ဓမ္မဒါနလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၄၂၈၁

www.foreverspace.com.mm



# ရုပ်သံကြော်ငြာနှုန်းထားများ

စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ မိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်းကို စားသုံးသူတွေရဲ့ လက်ထဲကို အမြန်ရောက်စေဖို့အတွက် ကြော်ငြာနည်းအမျိုးမျိုး အသုံးပြုကြပါတယ်။ ဒီနည်းလမ်းတွေထဲမှာ ရုပ်သံတွေမှာ ကြော်ငြာတဲ့နည်းလမ်းက ထိရောက်မှုအရှိဆုံးလို့ ဆိုရမှာပါ။ မြို့ကြီးတွေအပြင် နယ်မြို့လေးတွေကိုပါ အချိန်တိုတိုနဲ့ ပျံ့နှံ့ရောက်ရှိနိုင်တာကြောင့်ပါ။ ဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်အတွက် ရည်ရွယ်ပြီး ရုပ်သံကြော်ငြာဈေးနှုန်းတွေကို ဖော်ပြပေးလိုက်ပါတယ်။ အချိန်ကာလကိုလိုက်ပြီး ဈေးနှုန်းအပြောင်းအလဲအနည်းငယ်တော့ ရှိနိုင်ပါတယ်။

### မြန်မာ့ရုပ်မြင်သံကြား (၁၀ စက္ကန့်အတွက်) ကြော်ငြာခဈေးနှုန်းများ

| အကြောင်းအရာ / ပြသချိန် | အနိမ့်ဈေး(ကျပ်) | | အမြင့်ဈေး(ကျပ်) | | အမေရိကန်ဒေါ်လာ/ FEC | |
|---|---|---|---|---|---|---|
| | ဖွင့်ရက် | ပိတ်ရက် | ဖွင့်ရက် | ပိတ်ရက် | ဖွင့်ရက် | ပိတ်ရက် |
| 8:00 သတင်းမတိုင်မီ | ၉,၀၀၀ | ၁၀,၅၀၀ | ၁၈,၀၀၀ | ၂၁,၀၀၀ | ၂၀၀ | ၂၂၀ |
| 9:00 -Up သတင်းအပြီး | ၁၃,၅၀၀ | ၁၅,၇၅၀ | ၂၇,၀၀၀ | ၃၁,၅၀၀ | ၂၇၅ | ၃၀၅ |
| Discovery | ၁၃,၅၀၀ | ၁၅,၇၅၀ | ၂၇,၀၀၀ | ၃၁,၅၀၀ | ၂၇၅ | ၃၀၅ |
| ဆို/ ပျော် | ၁၃,၅၀၀ | ၁၅,၇၅၀ | ၂၇,၀၀၀ | ၃,၅၀၀ | ၂၇၅ | ၃၀၅ |
| နေ့ရုပ်ရှင် | ၁၃,၅၀၀ | ၁၅,၇၅၀ | ၂၇,၀၀၀ | ၃၁,၅၀၀ | ၂၇၅ | ၃၀၅ |
| 9:30 PM ရုပ်ရှင်ကြား | ၃၆,၀၀၀ | ၃၉,၀၀၀ | ၅၄,၀၀၀ | ၆၀,၀၀၀ | ၃၅၀ | ၃၉၀ |

### မြဝတီရုပ်မြင်သံကြားကြော်ငြာခဈေးနှုန်းများ(ကျပ်)

| အချိန် | ၁၀ စက္ကန့် | ၂၀ စက္ကန့် | ၃၀ စက္ကန့် | ၄၀ စက္ကန့် | ၅၀ စက္ကန့် | ၆၀ စက္ကန့် |
|---|---|---|---|---|---|---|
| 6:7 & 9:00 Up (တနင်္လာမှ ကြာသပတေး) | ၂၆,၄၀၀ | ၅၂,၈၀၀ | ၇၉,၂၀၀ | ၁၀၅,၆၀၀ | ၁၃၂,၀၀၀ | ၁၅၈,၄၀၀ |
| 6:7 & 9:00 Up (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၃၉,၆၀၀ | ၇၉,၂၀၀ | ၁၁၈,၈၀၀ | ၁၅၈,၄၀၀ | ၁၉၈,၀၀၀ | ၂၃၇,၆၀၀ |
| 7:8 ရုပ်ရှင်ကြား (တနင်္လာမှ ကြာသပတေး) | ၅၂,၈၀၀ | ၁၀၅,၆၀၀ | ၁၅၈,၄၀၀ | ၂၀၀,၂၀၀ | ၂၆၄,၀၀၀ | ၃၁၆,၈၀၀ |
| 7:8 ရုပ်ရှင်ကြား (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၅၇,၈၀၀ | ၁၀၅,၆၀၀ | ၁၇၃,၄၀၀ | ၂၃၁,၂၀၀ | ၂၈၉,၀၀၀ | ၃၄၆,၈၀၀ |
| 9:30 ရုပ်ရှင် (တနင်္လာမှ ကြာသပတေး) | ၅၂,၈၀၀၀ | ၁၀၅,၆၀၀ | ၁၅၈,၄၀၀ | ၂၀၀,၂၀၀ | ၂၆၄,၀၀၀ | ၃၁၆,၈၀၀ |
| 9:30 ရုပ်ရှင် (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၅၇,၈၀၀ | ၁၀၅,၆၀၀ | ၁၇၃,၄၀၀ | ၂၃၀,၂၀၀ | ၂၈၉,၀၀၀ | ၃၄၆,၈၀၀ |

### အမြင့်ဈေးနှုန်း (ကျပ်)

| အချိန် | ၁၀ စက္ကန့် | ၂၀ စက္ကန့် | ၃၀ စက္ကန့် | ၄၀ စက္ကန့် | ၅၀ စက္ကန့် | ၆၀ စက္ကန့် |
|---|---|---|---|---|---|---|
| 6:7 & 9:00 Up (တနင်္လာမှ ကြာသပတေး) | ၃၇,၅၀၀ | ၇၅,၀၀၀ | ၁၁၂,၅၀၀ | ၁၅၀,၀၀၀ | ၁၈၇,၅၀၀ | ၂၂၅,၀၀၀ |
| 6:7 & 9:00 Up (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၅၆,၂၅၀ | ၁၀၂,၅၀၀ | ၁၆၈,၇၅၀ | ၂၂၅,၀၀၀ | ၂၈၀,၂၅၀ | ၃၃၇,၅၀၀ |
| 7:8 ရုပ်ရှင်ကြား (တနင်္လာမှ ကြာသပတေး) | ၇၅,၀၀၀ | ၁၅၀,၀၀၀ | ၂၂၅,၀၀၀ | ၃၀၀,၀၀၀ | ၃၇၅,၀၀၀ | ၄၅၀,၈၀၀ |
| 7:8 ရုပ်ရှင်ကြား (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၈၀,၀၀၀ | ၁၆၀,၀၀၀ | ၂၄၀,၀၀၀ | ၃၂၀,၀၀၀ | ၄၀၀,၀၀၀ | ၄၈၀,၀၀၀ |
| 9:30 ရုပ်ရှင် (တနင်္လာမှ ကြာသပတေး) | ၇၅,၀၀၀ | ၁၅၀,၀၀၀ | ၂၂၅,၀၀၀ | ၃၀၀,၀၀၀ | ၃၇၅,၀၀၀ | ၄၅၀,၀၀၀ |
| 9:30 ရုပ်ရှင် (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၈၀,၀၀၀ | ၁၆၀,၀၀၀ | ၂၄၀,၀၀၀ | ၃၂၀,၀၀၀ | ၄၀၀,၀၀၀ | ၄၈၀,၀၀၀ |

www.foreverspace.com.mm



**အမေရိကန်ဒေါ်လာ/ FEC**

| အချိန် | ၁၀ စက္ကန့် | ၂၀ စက္ကန့် | ၃၀ စက္ကန့် | ၄၀ စက္ကန့် | ၅၀ စက္ကန့် | ၆၀ စက္ကန့် |
|---|---|---|---|---|---|---|
| 6:7 (တနင်္လာမှ ကြာသပတေး) | ၂၆၄ | ၅၂၈ | ၇၉၂ | ၁၀၅၆ | ၁၃၂၀ | ၁၅၈၄ |
| 6:7 (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၂၆၄ | ၅၂၈ | ၇၉၂ | ၁၀၅၆ | ၁၃၂၀ | ၁၅၈၄ |
| 9:00 Up (တနင်္လာမှ ကြာသပတေး) | ၃၀၀ | ၆၀၀ | ၉၀၀ | ၁၂၀၀ | ၁၅၀၀ | ၁၈၀၀ |
| 9:00 Up (သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၃၀၀ | ၆၀၀ | ၉၀၀ | ၁၂၀၀ | ၁၅၀၀ | ၁၈၀၀ |
| 7:8 ရုပ်ရှင်ကြား (တနင်္လာမှ ကြာသပတေး) | ၃၆၀ | ၇၂၀ | ၁၀၈၀ | ၁၄၄၀ | ၁၈၀၀ | ၂၁၆၀ |
| 7:8 ရုပ်ရှင်ကြား(သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၃၆၀ | ၇၂၀ | ၁၀၈၀ | ၁၄၄၀ | ၁၈၀၀ | ၂၁၆၀ |
| 9:30 ရုပ်ရှင်ကြား(တနင်္လာမှ ကြာသပတေး) | ၃၆၀ | ၇၂၀ | ၁၀၈၀ | ၁၄၄၀ | ၁၈၀၀ | ၂၁၆၀ |
| 9:30 ရုပ်ရှင်ကြား(သောကြာ၊ စနေ၊ တနင်္ဂနွေ) | ၃၆၀ | ၇၂၀ | ၁၀၈၀ | ၁၄၄၀ | ၁၈၀၀ | ၂၁၆၀ |

## အမျိုးသမီးဝတ် အပ်ချုပ်သင်တန်း တက်လိုလျှင်

အမျိုးသမီးဝတ်စုံအမျိုးမျိုးကို ချုပ်တတ်လိုသူများအတွက် သင်တန်းတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ အမျိုးသမီးဝတ်ဘာသာစုံသင်ကြားပေးပြီး သင်တန်းသူတစ်ဦးကို အပ်ချုပ်စက်တစ်လုံးကျစီ အသုံးပြုခွင့်ပေးတယ်လို့ ဆိုပါတယ်။ ပိတ်စနှင့် ကတ်ကြေး၊ ပေကြိုး စတဲ့ စက်ချုပ်သင်ရာမှာ လိုအပ်တဲ့ပစ္စည်းများကို သင်တန်းက ထုတ်ပေးတယ်လို့ ဆိုပါတယ်။ အမျိုးသမီးဝတ် ဘာသာစုံအတတ်သင်ကြားမယ်ဆိုရင် သင်တန်းကြေး တစ်သိန်းခွဲကျသင့်မှာ ဖြစ်ပါတယ်။ နယ်မှလာ၍ တက်ရောက်လိုသူများနဲ့ မအားလပ်သူများအတွက် သင်တန်းချိန်ကို အဆင်ပြေအောင် ညှိနှိုင်းပေးတယ်လို့ ဆိုပါတယ်။ လိပ်စာကတော့–

ခင်သီတာအုန်း အဆင့်မြင့်ဖက်ရှင်နှင့် အပ်ချုပ်သင်တန်း

– အမှတ်–၁၄၈၊ အနော်ရထာလမ်း၊ ၄၇ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

– အမှတ်–၁၅၆၊ မြေညီထပ်၊

ဒီ–၁၊ အနော်ရထာလမ်း၊ ရန်ကုန်။

ဖုန်း–၂၉၉၆၇၇၊ ၂၉၇၀၇၄

## သမိုင်းက ဖက်ရှင်အင်္ကျီဆိုင်

အမျိုးသမီးဝတ် ခေတ်မီ ဘလောက်စ်၊ တီရှပ်၊ စပို့ရှပ် စတဲ့ ဖက်ရှင်အင်္ကျီအမျိုးမျိုးကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ရွေးချယ်ဝယ်ယူလို့ရမယ့်ဆိုင်ပါ။ ဈေးနှုန်းလည်း ချိုသာပြီး တစ်ထည်ကို ပျမ်းမျှ ၁၂၀၀ ကျပ်မှ ၃၀၀၀ ဝန်းကျင်သာ ကျသင့်ပါတယ်။

လိပ်စာ–ရွှေပုစွန်စတိုး

တိုက် B (1) မြေညီထပ်၊ အင်းစိန်လမ်း၊

အောင်ဓမ္မရိပ်သာလမ်းထိပ်၊

သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်။

## လည်ကတုံးအင်္ကျီ ဝယ်လိုလျှင်

ချုပ်ရိုးချုပ်သား သေသပ်ပြီး ဈေးနှုန်းချိုသာတဲ့ အသင့်ချုပ်ပြီး လည်ကတုံးရုပ်အင်္ကျီတစ်မျိုးကို ညွှန်ပြလိုက်ပါတယ်။ တံဆိပ်က Green Ice ဖြစ်ပါတယ်။ အင်္ကျီမှာ အလွယ်တကူ ထင်သာမြင်သာရှိတဲ့ မည်သည့်နေရာတွင်မှ အသားတံဆိပ် မပါရှိတာကို တွေ့ရပါတယ်။ အရောင်မှာ ပြာလဲ့လဲ့ အရောင်သန်းနေတဲ့အတွက် မဲနယ်အနည်းငယ်သုံးပြီး လျှော်ဖွပ်ရုံမျှ

## ဆန်းဆန်းပြားပြား လုလုပပ ခေတ်ပေါ်ပစ္စည်းကလေးတွေ သုံးချင်ရင်

မိမိကိုယ်တိုင်သုံးဖို့ပဲဖြစ်ဖြစ် သူငယ်ချင်းအပေါင်းအသင်းတွေကို လက်ဆောင်ပေးချင်လို့ပဲဖြစ်ဖြစ် ထူးခြားဆန်းပြားတဲ့ နောက်ဆုံးပေါ် စာရေးကိရိယာမျိုးစုံကို တစ်နေရာတည်းမှာ စုံလင်စွာ ရရှိနိုင်ပါတယ်။ စာရေးကိရိယာအပြင် လက်ဆောင်ပေးရာမှာ ထူးဆန်းလှပပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ အရုပ်ကလေးများအပြင် အခြားထူးထူးဆန်းဆန်း ပစ္စည်းမျိုးစုံကိုလည်း ရရှိနိုင်ပါတယ်။

လိပ်စာ–

D-mate Stationery, Book & Gift Shop

အခန်း(၄)၊ တိုက် (၁)၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၁၉၆၇

ဖြင့် ဖြူစင်တာတွေ့ရပါတယ်။ ဆိုက်အမျိုးမျိုးရှိပြီး လက်တို၊ လက်ရှည် နှစ်မျိုးရှိပါတယ်။ ဈေးနှုန်းများမှာ ကျပ် ၁၅၀၀ မှ ၁၈၀၀ ကျပ်ကြား ဖြစ်ပါတယ်။ ရန်ကုန်မြို့ရှိ ယုဇနပလာဇာနှင့် မင်္ဂလာဈေးတို့မှာ လက်လီလက်ကား မှာယူရရှိနိုင်ပါတယ်။

www.foreverspace.com.mm



## ကျိုက္ခမီရေလယ်ဘုရားနားက အဆင့်မြင့်ဂေဟာ

အောက်မြန်မာပြည်ဘုရားဖူးထွက်သူများနဲ့ ကျိုက္ခမီသို့ အလည်အပတ်သွားရောက်လိုသူတွေအတွက် အဆင့်မြင့်တည်းခိုခန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။

ကျိုက္ခမီရေလယ်ဘုရားနဲ့ မနီးမဝေး ဗိုလ်ချုပ်လမ်းပေါ်မှာရှိတဲ့ အေးချမ်းတဲ့ ခြံဝင်းကျယ်တစ်ခုမှာ ရှိပါတယ်။

လိပ်စာကတော့– ကုဋေကြွယ် အဆင့်မြင့်ဧည့်ဂေဟာ

ဗိုလ်ချုပ်လမ်း၊ ကျိုက္ခမီမြို့၊ မွန်ပြည်နယ်၊ ဖုန်း–၀၅၈–၇၁၁၄၇

## ဟိုတယ်တွေ၊ သဘော်တွေမှာ တာဝန်ထမ်းဆောင်လိုသူတွေအတွက်

ဟိုတယ်ခန်းဆောင် ထိန်းသိမ်းနည်း၊ အဆင့်မီအစားအသောက် ဧည့်ခံကျွေးမွေးနည်း၊ ကိုရီးယားအစားအစာ၊ တရုတ်အစားအစာ စတဲ့ အစားအစာချက်ပြုတ်နည်း စတဲ့ နည်းပညာတွေကို သင်ယူနိုင်မှာ ဖြစ်ပါတယ်။ လုပ်သက်ရင့်ပညာရှင်များက သင်ကြားပေးမှာဖြစ်ပါတယ်။ အဲဒီနေရာမှာပဲ ဒင်ဆန်းသီးသန့်လည်း မှာယူသုံးဆောင်နိုင်မှာပါ။ စိတ်ဝင်စားမယ်ဆိုရင်–

လိပ်စာ– WOM

တိုက်–၁၂၊ အမှတ်–၄၃၆၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၉–၅၁၀၁၆၁၉

## Air Con အမျိုးမျိုးဝယ်ယူလိုလျှင်

Air Con ဝယ်ယူတဲ့သူအားလုံးကို ရန်ကုန်မြို့တွင်းဆိုရင် အိမ်တိုင်ရာရောက် လိုက်လံတပ်ဆင်ပေးတယ်လို့ ဆိုပါတယ်။ Air Con အမျိုးမျိုးရနိုင်ပြီး ဈေးနှုန်းသင့်တင့်တာ တွေ့ရပါတယ်။

လိပ်စာ – EURO - 171

Air Con ဖြန့်ချိရောင်းဝယ်ရေး၊ အမှတ်–၁၇၁၊ ဗိုလ်အောင်ကျော်လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

## သဘာဝသွားကို တန်ဖိုးထားတဲ့ဆေးခန်း

သွားပိုးစား၊ သွားကျိုး၊ သွားကျောက်တည် စတဲ့ သွားနဲ့သွားဖုံးမှာ ဖြစ်တတ်တဲ့ ချို့ယွင်းမှုတွေကို ဂရုပြုကုသပေးတဲ့ဆေးခန်း ဖြစ်ပါတယ်။ သွားရဲ့ ဘယ်လိုချို့ယွင်းမှုမျိုးကိုမဆို သဘာဝသွားရဲ့ တည်ရှိမှုကို အလေးထားပြီး ဖြစ်နိုင်သမျှ နုတ်မပစ်ဘဲ ထိန်းသိမ်းပြုပြင်ကုသပေးပါတယ်။ ခေတ်မီစက်ပစ္စည်း အစုံအလင်ရှိတဲ့ဆေးခန်းဖြစ်တာ တွေ့ရပါတယ်။

လိပ်စာ – SMART Dental Clinic

အမှတ်–၄၁၈(ပထမထပ်)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၉–၈၀၃၀၈၁၄

## ဖုန်းနံပါတ်ပြောင်း

- ❑ **မြန်မာတိုင်း(မ်)ရုံးခန်း**

ဖုန်း–၃၉၂၆၇၆၊ ၂၅၃၆၄၂၊ ၃၉၂၉၂၈ ၊ ဖက်စ်–၃၉၂၇၀၆

## ဘုရင့်နောင်လမ်းက လက်ဖက်ရည်ဆိုင် ကောင်းကောင်း

လှိုင်မြို့နယ် ကန်လမ်းနဲ့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် ပွဲရုံတန်းတို့မှာ နာမည်ရနေတဲ့ IT Food & Drink ရဲ့ ဆိုင်ခွဲသစ်ဖြစ်ပြီး ဖွင့်လှစ်ထားတာ မကြာသေးဘူးလို့ သိရပါတယ်။ ဆိုင်အခင်းအကျင်း သပ်ရပ် ကျယ်ဝန်း သန့်ရှင်းပြီး လက်ဖက်ရည်အရသာ ထူးခြားကောင်းမွန်ပါတယ်။ မနက်ပိုင်း လက်ဖက်ရည်၊ ကော်ဖီနဲ့ တွဲဖက်စားလို့ရတဲ့ ထောပတ်ဘိန်းမုန့်၊ ကောက်ညှင်းပေါင်း (ငါးရံ့ခြောက်)၊ သီးစုံဘိန်းမုန့်၊ နံပြား၊ ပလာတာ၊ ပူရီ အမျိုးမျိုး စတာတွေ ပူပူနွေးနွေး ရနိုင်ပါတယ်။ Dim Sum၊ မြန်မာထမင်းကြော်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ခေါက်ဆွဲသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ ဂျုံဆီချက်၊ ကော်ရည်၊ ကြက်ပေါင်းကော်ရည်၊ ကြက်ပေါင်းဆီချက် စတဲ့အစားအစာတွေနဲ့ အအေး(ပုလင်း)မျိုးစုံနဲ့ သစ်သီးဖျော်ရည်တွေပါ သောက်သုံးရရှိနိုင်ပါတယ်။ ကားရပ်နားရန် နေရာပါ အဆင်ပြေပါတယ်။

လိပ်စာ –

IT Food & Drink

အမှတ် – ၅၆၊ ဘုရင့်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# ၂၀၀၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ပုဂံခေတ်နိုင်ငံရေးသမိုင်း<br>စာမူခွင့်ပြုချက်အမှတ်–၁၂၉/၂၀၀၄(၁၂) | သန်းထွန်း | ၅၀၀ | ၁၀၅၀ | ကွန်သာယာ | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | သမိုင်း |
| ၂။ | သိပ္ပံမှသည် သစ္စာဆီသို့<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၂၆၀၅၀၅ | ချစ်ငယ်(ဒဿန) | ၁၀၀၀ | ၅၀၀ | သီလ၀ | ၂၀၀၅၊ဇွန် (ပ–ကြိမ်) | ဒဿန |
| ၃။ | နိဗ္ဗာန်<br>စာမူခွင့်ပြုချက်အမှတ်–၄၂၈/၂၀၀၃(၇) | ချစ်ငယ်(ဒဿန) | ၁၀၀၀ | ၇၀၀ | ဇမ္ဗူတလူ | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာရေး |
| ၄။ | နေရီရီ<br>စာမူခွင့်ပြုချက်အမှတ်–၁၄၁၇/၂၀၀၄(၁၂) | ပီမိုးနင်း | ၅၀၀ | ၉၀၀ | တော်ဝင်မြို့မ | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထုရှည် |
| ၅။ | ကျားကုတ်ကျားခဲ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၇၇၀၅၀၄ | မောင်မိုးသူ | ၁၀၀၀ | ၂၀၀၀ | သီဟရတနာ | ၂၀၀၅၊ ဇွန် (တ–ကြိမ်) | ဘာသာပြန် ဝတ္ထု |
| ၆။ | အမှားဗေဒ<br>[စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၆၃၀၅၀၆] | ခင်မောင်ဇော် | ၁၀၀၀ | ၈၀၀ | ပုဂံ | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာပြန် ဒဿန |
| ၇။ | ခရီးကြမ်းမှ မညှိုးပန်း<br>[စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၃၂၀၅၀၃] | မောင်ပေါ်ထွန်း | ၅၀၀ | ၇၀၀ | ဇွန်ပွင့် | ၂၀၀၅၊ ဇွန် (ပ–ကြိမ်) | ဘာသာပြန် ဝတ္ထုရှည် |
| ၈။ | ငွေပူ<br>[စာမူခွင့်ပြုချက်အမှတ်–၈၀၃/၂၀၀၄(၈)] | မောင်မြင့်ကြွယ် | ၅၀၀ | ၁၈၀၀ | ကံ့ကော်ဝတ်ရည် | ၂၀၀၅၊ ဇွန် (ဒု–ကြိမ်) | ဘာသာပြန် ဝတ္ထု |
| ၉။ | နှင်းမှုန်ကြားမှ ခြေရာများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၅၆၀၅၀၃ | မင်းရဲကျော် | ၅၀၀ | ၇၀၀ | ရွှေမင်းသမီး | ၂၀၀၅၊ ဇွန် (ပ–ကြိမ်) | မုဆိုး ဝတ္ထုတိုစု |
| ၁၀။ | ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း<br>[စာမူခွင့်ပြုချက်အမှတ်–၅၀၀၅၆၈၀၅၀၅] | ဝေမှုံးသွင် | ၁၀၀၀ | ၈၀၀ | ရွှေအိမ်မှုံး | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထုရှည် |
| ၁၁။ | နဝရတ်ကိုးသွယ်<br>စာမူခွင့်ပြုချက်အမှတ်–၈၄၉/၂၀၀၄(၁၂) | ချစ်ဦးညို | ၅၀၀ | ၄၀၀ | သီရိဆွေ | ၂၀၀၅၊ ဇူလိုင် (ဒု–ကြိမ်) | ဘာသာရေး နောက်ခံဝတ္ထု |
| ၁၂။ | ရမ္မက်၏နိဂုံး၊ ငရဲ၏နိဒါန်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၅၀၀၅၀၅ | စုံထောက် အယ်ဒီတာတစ်ဦး | ၁၀၀၀ | ၁၀၀၀ | ဥဒါန်းသစ် | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | မှုခင်းဝတ္ထု |
| ၁၃။ | နားလည်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၆၁၀၅၀၄ | ကိုပိုက် | ၅၀၀ | ၇၀၀ | ပုဂံသား | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | မုဆိုးဝတ္ထု |
| ၁၄။ | ရဲရင့်မော်ကင်း၊ အဒင်းနှင့်...<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၇၁၀၅၀၅ | ကိုပိုက် | ၅၀၀ | ၇၀၀ | သုခုမ | ၂၀၀၅၊ ဇူလိုင် (ပ–ကြိမ်) | မုဆိုးဝတ္ထု |
| ၁၅။ | လောက ငရဲပြန်<br>[စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၅၃၀၅၀၃] | ကိုပိုက် | ၅၀၀ | ၇၀၀ | ပုဂံသား | ၂၀၀၅၊ ဇူလိုင် (ဒု–ကြိမ်) | မုဆိုးဝတ္ထု |

www.foreverspace.com.mm



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၆။ | လောဘသားကောင်<br>[စာမူခွင့်ပြုချက်အမှတ်-၆၉၉/၂၀၀၄(၇)] | ကိုပိုက် | ၅၀၀ | ၇၀၀ | တွတ်ပီ | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | မုဆိုးဝတ္ထု |
| ၁၇။ | ပန်းရွှေပြည်အိန္ဒိယကျေးလက်ပုံပြင်များ [စာမူခွင့်ပြုချက်အမှတ်-၆၅/၂၀၀၄(၈)] | တင်တင်လတ် | ၅၀၀ | ၂၀၀ | ပန်းရွှေပြည် | ၂၀၀၅၊ ဇွန်<br>(ပ-ကြိမ်) | ကလေးပုံပြင်စု |
| ၁၈။ | လိုတရလက်ရွေးစင်ဂါထာမန္တန် ၁၀၀<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀၃၀၆၀၅၀၅ | သုတေသီမြင့်သန်း | ၁၀၀၀ | ၈၀၀ | ရှင်းရှင်း | ၂၀၀၅၊ ဇွန်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၁၉။ | နတ်ပူဇော်ပသနည်း<br>စာမူခွင့်ပြုချက်အမှတ်-၃၂၀-၃၅၈၀၅၀၆ | သုတေသီမြင့်သန်း | ၁၀၀၀ | ၄၀၀ | ဥယျာဥ်မှူး | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၂၀။ | မဟာစိန့်တိုင်းခရီး<br>[စာမူခွင့်ပြုချက်အမှတ်-၃၂၀၂၈၁ ၀၅၀၅] | မောင်သာနိုး | ၁၀၀၀ | ၇၀၀ | The Couple | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ဘာသာပြန်<br>ခရီးသွား |
| ၂၁။ | ကဗျာဟူသည်<br>[စာမူခွင့်ပြုချက်အမှတ်-၄၂၀၀၁၇၀၅၀၄] | ဘုတလင်ချစ်လေး | ၅၀၀ | ၉၀၀ | စံပယ်ပွင့် | ၂၀၀၅၊ ဇွန်<br>(ပ-ကြိမ်) | စာပေ<br>သဘောတရား |
| ၂၂။ | ပစိဖိတ်နှုတ်ခမ်းပေါ်က ပျားရည်စက်...<br>[စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၃၈၀၅၀၄] (ဇောတိက) | မြသန်းတင့် | ၅၀၀ | ၁၂၀၀ | နေရီရီ | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | စီးပွားရေး<br>ဆောင်းပါးစု |
| ၂၃။ | အက်ဖ်ဘီအိုင် အတွင်းရေး<br>[စာမူခွင့်ပြုချက်အမှတ်-၁၀၇/၂၀၀၃(၁၁)] | လင်းယုန်မောင်မောင် | ၅၀၀ | ၁၀၀၀ | သုခုမ | ၂၀၀၅၊ ဇူလိုင်<br>(၃-ကြိမ်) | ဘာသာပြန်<br>နိုင်ငံရေးစာပေ |
| ၂၄။ | လူပင့်ကူနှင့် အနောက်အာဖရိကရိုးရာပုံပြင်များ [စာမူခွင့်ပြုချက်အမှတ်-၅၁၀၀၂၁၀၅၀၄] | ကောင်းမြတ်မင်း | ၅၀၀ | ၂၀၀ | ပန်းရွှေပြည် | ၂၀၀၅၊ ဇွန်<br>(ပ-ကြိမ်) | ကလေး<br>ပုံပြင် |
| ၂၅။ | မသိတာတွေ သိစရာတွေ<br>[စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၇၆၀၅၀၁] | ကောင်းမြတ်မင်း | ၅၀၀ | ၃၀၀ | ပန်းရွှေပြည် | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ကလေး<br>ဉာဏ်စမ်း |
| ၂၆။ | ပန်းရွှေပြည်ဉာဏ်စမ်းပဟေဠိ<br>[စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၂၀၀၅၀၁] | မြတ်ငွေးမောင် | ၅၀၀ | ၃၀၀ | ပန်းရွှေပြည် | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ကလေး<br>ဉာဏ်စမ်း |
| ၂၇။ | နှလုံးသားရှုမျှော်ခင်းများ<br>[စာမူခွင့်ပြုချက်အမှတ်-၄၀၀၁၆၂၀၅၀၂] | မောင်သာချို | ၅၀၀ | ၁၅၀၀ | မုံရွေး | ၂၀၀၅၊ ဇွန်<br>(ပ-ကြိမ်) | အက်ဆေးစု |
| ၂၈။ | ကာလယန္တရားနှင့် အခြား...<br>[စာမူခွင့်ပြုချက်အမှတ်-၅၀၀၄၆၄၀၅၀၄] (ဆေးသိပ္ပံ) | သက်ထွန်း | ၁၀၀၀ | ၈၀၀ | သီဟနာဒ | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ဝတ္ထုတိုစု |
| ၂၉။ | နှလုံးသားထဲမှာ တည်ခဲ့တဲ့ပုစ္ဆာ [စာမူခွင့်ပြုချက်အမှတ်-၅၇၆/၂၀၀၄(၆)] | ကျော်စွာထက် | ၇၀၀ | ၇၀၀ | ချမ်းမြေ့ရတနာ | ၂၀၀၅၊ ဇွန်<br>(ပ-ကြိမ်) | ဝတ္ထုလတ်စု |
| ၃၀။ | အချိန်လေးတော့ ပေးလိုက်ပါ၊<br>[စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၃၇၀၅၀၃] | ခင်စောတင့် | ၅၀၀ | ၇၀၀ | အောင်ပင်လယ် | ၂၀၀၅၊ ဩဂုတ်<br>(ပ-ကြိမ်) | အတွေးအမြင် |
| ၃၁။ | အချစ်ဘောထုပ်<br>[စာမူခွင့်ပြုချက်အမှတ်-၁၂၈၄/၂၀၀၄(၁၁)] | မောင်ဉာဏ်ကျယ် | ၅၀၀ | ၈၀၀ | ဖေယျာမြေ | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ဟာသဝတ္ထု |
| ၃၂။ | ပေါ်ပြူလာဟာသစာစုများ<br>[စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၄၂၀၅၀၁] | အဏ္ဏဝါစိုးမိုး | ၁၀၀၀ | ၉၀၀ | ထွန်းထွန်းတောက် | ၂၀၀၅၊ ဇူလိုင်<br>(ပ-ကြိမ်) | ဟာသစာစု |

# စာအုပ်လမ်းညွှန်

Editor's Choice

## စိန္တာနယ

### ပါရဂူ

ကွယ်လွန်သူ အိန္ဒိယခေတ်သစ် တွေးခေါ်ပညာရှင် ရဂျနိရှ်ခေါ် အိုရှိုး၏ ဓမ္မပဒအဖွင့် "ဒေသဓမ္မေ့ာသနုန္တနော" စာအုပ်အတွဲ ၁၂ တွဲမှ ကောက်နုတ်၍ အတွေးနှမ်းဖြူးထားခြင်းဖြစ်ကြောင်း စာအုပ်ရေးသားသူက အချီးနိဒါန်း 'စကားလက်ဆောင်' တွင် ဝန်ခံထားသည်။ အနီ၊ အဖြူ၊ အနက် သုံးရောင်သာ သုံးထားသော အဖုံးဒီဇိုင်းက ဆွဲဆောင်မှုရှိသည်။ စာအုပ်၏အမည် 'စိန္တာနယ' ၏ အနက်အဓိပ္ပာယ်ကိုမူ မည်သည့်နေရာတွင်မှ ဖော်ပြထားခြင်းမရှိပေ။

ပိဋကတ်သုံးပုံဝင် ဓမ္မပဒကျမ်းလာ ဂါထာများထဲမှ စကားစုအချို့ကို ထုတ်နုတ်၍ အတွေးဆန့်ထားသော ဆောင်းပါးများ ဖြစ်သည်။ အဓိပ္ပာယ်လွဲမှားစွာဖြင့် သုံးနေကြသော ပါဠိစကားလုံးများ၏ မူရင်းအဓိပ္ပာယ်ကိုလည်း ဆောင်းပါးအချို့တွင် ထောက်ပြထားသည်။ 'ရွှေအိုးဘယ်မှာလဲ'၊ 'ဆူးနှင့် ငါးမျှားချိတ်'၊ 'သစ္စာတရား' ဆောင်းပါးများပါ ပုံပြင်ဇာတ်လမ်းလေးများက တွေးတောစဉ်းစားစရာကို ပေးသည်။ အချို့ဆောင်းပါးများ၏ ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ကိုမူ နားမလည်ကြောင်း ဝန်ခံလိုပါသည်။ ဥပမာ– 'တိတ်ဆိတ်ငြိမ်သက်ပြီး တစ်ကိုယ်တည်းရှိနေတဲ့နေရာမှာ အဲဒီအလင်းရောင်ကို နိုးကြားလာအောင် လုပ်ရလိမ့်မယ်' 'အိမ်ရာတည်ထောင်ခြင်း မပြုဘဲ အဲဒီအလင်းရောင်ကို နိုးကြားလာအောင် ပြုရလိမ့်မယ်၊' 'လုံခြုံခြင်းကိုရွေးရင် 'မရဏ' ကို ရွေးတာဖြစ်ပြီး 'ဘဝ' ကို ရွေးတယ်ဆိုရင်တော့ မလုံခြုံခြင်းကို ရွေးတာဖြစ်လိမ့်မယ်' စသော စာသားများကို နားလည်နိုင်ရန် ထပ်ဆင့်ရှင်းလင်းချက်လိုမည်ဟု ယူဆရသည်။

"ဩကာ အနောကံ အာဂမ္မ၊ ဝိဝေကော ယတ္ထဒူရမံ" (အိမ်ရာတည်ထောင်မှု မပြုလုပ်ဘဲ ဆိတ်ငြိမ်ရာမှာ တစ်ကိုယ်တည်း နေရမယ်)လို့ဆိုထားတဲ့ အဓိပ္ပာယ်ကလည်း အိမ်ရာကို စွန့်ခွာပြီး ထွက်ပြေးသွားရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ဘယ်မှာနေနေ ကိုယ်နေတဲ့နေရာမှာ အိမ်ရာတည်ထောင်မှု မပြုပါနဲ့လို့ဆိုတဲ့အဓိပ္ပာယ် ဖြစ်တယ်။






www.foreverspace.com.mm


www.foreverspace.com.mm

အမိုးအောက်မှာမနေရဘူး။ အရိပ်အောက်မှာ မထိုင်ရဘူးလို့ ဆိုလိုတဲ့အဓိပ္ပာယ် မဟုတ်ဘူး။ ကိုယ်နေတဲ့အိမ်ကို ကိုယ့်အိမ်လို့ မမှတ်ရဘူး။ ဧည့်ဂေဟာအဖြစ်လောက်သာမှတ်ရမယ်လို့ ဆိုလိုတာဖြစ်တယ်”ဟု ‘အဖော်မမှီး တစ်ကိုယ်တည်း’ဆောင်းပါးတွင် ဖော်ပြထားသည်။ အိန္ဒိယပညာရှင်၏ စာအုပ်များမှယူ၍ ရေးသားခြင်းဖြစ်သောကြောင့် အိန္ဒိယအငွေ့အသက်ရှိသော ဇာတ်လမ်းများစွာကိုတွေ့ရသည်။ အချို့သော အဓိပ္ပာယ်ဝေဝါးသည့်စာသားများမှာ ဗုဒ္ဓဝါဒ၏ အယူအဆတိမ်းသွားခြင်း ရှိမရှိမှာမူ ပညာရှင်များ ဆန်းစစ်ရမည့်ကိစ္စ ဖြစ်ပါသည်။

“မိခင်တစ်ယောက် ဖြစ်မလာသေးသရွေ့ မိန်းမဟာ မိန်းမပဲ။ မိခင်ဘဝ ရောက်မလာသေးသရွေ့ မိန်းမဟာ သာမန်မိန်းမမျှသာ ဖြစ်နေလိမ့်မယ်။ မိခင်ဖြစ်လာတာနဲ့ တစ်ပြိုင်နက် စောင်းကြိုးကို တီးခတ်ပြီးသားဖြစ်သွားလိမ့်မယ်။ မိခင်တစ်ယောက်ဖြစ်မလာသေးဘဲနှင့် ဘယ်မိန်းမမှ အဓိပ္ပာယ်ရှိရှိ မိန်းမလုအဖြစ်မျိုး ရောက်လာမှာမဟုတ်ဘူး”ဟူ၍ ‘မှည့်လို့ကြွေတဲ့အသီး’ ဆောင်းပါးတွင် မိန်းမ၏အလှကို ဆန်းစစ်ထားသည်။

မူရင်းအင်္ဂလိပ်စကားလုံး ယှဉ်တွဲဖော်ပြမထားသော ‘လီမစ်’၊ ‘ပါတီစီပိတ်’၊ ‘အက်တစ်’၊ ‘ပက်စစ်’၊ ‘ရှီးရမ်း’၊ ‘ကောမိဒစ်တီ’၊ ‘ဆက်ကဇုအယ်လတီ’စသော အသုံးအနှုန်းများမှာမူ ရုတ်တရက် အဓိပ္ပာယ်ကောက်ရန် လွယ်ကူမည်မဟုတ်ပေ။ စုစုပေါင်း ဆောင်းပါး ၃၁ ပုဒ်ပါဝင်ပြီး ဂျာနယ်၊ မဂ္ဂဇင်းများတွင် အပတ်စဉ်၊ လစဉ်ရေးခဲ့သော ဆောင်းပါးများ စုစည်းမှု ဖြစ်သည်။

ထုတ်ဝေတိုက်– မုံရွေး
ထုတ်ဝေနှစ်– ၂၀၀၅ ခုနှစ်၊ ဇူလိုင်
မျက်နှာဖုံးဒီဇိုင်း – မျိုးဇော်
အကြိမ်– ပထမအကြိမ်
တန်ဖိုး– ၁၂၀၀ ကျပ်
အုပ်ရေ– ၅၀၀
စာမူခွင့်ပြုချက်အမှတ်–၃၂၀၁၁၈၀၅၀၃




## ပုဂံခေတ် နိုင်ငံရေးသမိုင်း

**သန်းထွန်း**

**M.A, B.L., Ph.D.,**

**D.Lit (London)**

ပုဂံခေတ်က တရားစီရင်ဆုံးဖြတ်ရာဌာန ‘ကွန်သာယာ’ ဟု အမည်ပေးထားသည့် ဒေါက်တာသန်းထွန်း၏ စာအုပ်တိုက်မှ သမိုင်းအုပ်ဆောင်းစာစဉ်အဖြစ် ထုတ်ဝေလိုက်သောစာအုပ် ဖြစ်သည်။

သမိုင်းအစဉ်အလာကြီးမားခဲ့သော မြန်မာနိုင်ငံ၏ မူလအစသမိုင်းကို ခေတ်အဆက်ဆက် တွေ့ရှိခဲ့ကြသည့် သမိုင်းအထောက်အထားများကို မှီတည်၍ သမိုင်းဆိုင်ရာအချက်အလက်များ ပိုမိုတိကျခိုင်မာမှုရှိရေးအတွက် ပညာရှင်အသီးသီးက ပြုစုတည်းဖြတ်လာခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းတို့အနက်မှ မြန်မာသမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ ‘ပုဂံ

www.foreverspace.com.mm

ခေတ် နိုင်ငံရေးသမိုင်း' အမည်ရှိ ယခု စာအုပ်သည် အတိတ်က ပြုစုခဲ့ကြသော သမိုင်းပညာရှင်သုတေသီတို့ ပြုစုသုံးသပ်ခဲ့သည်များမှ လွဲမှားမှုများ၊ အားနည်းချက်များကို ပြန်လည်လေ့လာသုံးသပ်ဆန်းစစ်ထားသည်များ ပါဝင်သည်။

စာရေးသူ၏မူလအာသီသဖြစ်သည့် "အမှားကြီး၊ အမှားငယ်၊ ဘယ်အရွယ်ဖြစ်ဖြစ် ပြင်ရမယ်၊ ဒီလို ပြင်နိုင်တာဟာ မြန်မာသမိုင်းလေ့လာရေးမှာ အောင်မြင်တဲ့မှတ်တိုင်တစ်ခုပဲ ဖြစ်တယ်" ဟု ၎င်း၏မှုကို တွေ့ရမည် ဖြစ်သည်။

'ပုဂံခေတ်နိုင်ငံရေးသမိုင်း' စာအုပ်တွင် ပုဂံခေတ်ဦးကာလမတိုင်မီအပိုင်းအခြားများအား ရှုမြင်ဆန်းစစ်ချက်၊ ပုဂံခေတ်မင်းဆက်များအကြောင်းမှသည် ပုဂံခေတ်လွန်နှစ်တစ်ရာအထိ အထောက်အထားစုံစုံလင်လင်ဖြင့် သုတေသနပြုထားသည်။ နိုင်ငံရေးသမိုင်းဟုဆိုထားသည့်အလျောက် ယင်းခေတ်၏ နိုင်ငံတော်အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံခြားနှင့် ဆက်ဆံရေး၊ စစ်မက်ရေးရာအခြေအနေ စသည်များကို မင်းဆက်များ၏ အုပ်ချုပ်မှုကာလအပိုင်းအခြားများအလိုက် ဖော်ပြထားသည်။

ပုဂံသည်အခြားမြို့ရွာများကဲ့သို့ ရွာမှမြို့၊ မြို့မှ မင်းနေပြည် ဆင့်ကဲပြောင်းလဲခြင်းဖြစ်နိုင်ပြီး မူလက ပျူတို့ တည်ထောင်သည့် ရွာအဖြစ်ဖြင့် ပျူနာမည်ဖြစ်နိုင်ကြောင်း၊ ပုဂံခေတ်စေတီ၊ ဂူကျောင်းအဆောက်အအုံများ ခရစ်နှစ် ၁၁ ရာစုထက်စော၍ မတွေ့ရကြောင်း၊ ပုဂံမြို့ရိုးကို မင်းနေပြည်အဖြစ် ထူထောင်ချိန်မှသာ ဆောက်လုပ်ခဲ့ဖွယ်ရှိကြောင်း ရေးသားထားသည်။

ပုဂံခေတ်ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ "ခရစ်နှစ် ဆယ်ရာစုနှစ်ရောက်တော့ မြန်မာတွေဟာ ပုဂံမှာ အခြေခိုင်ပြီး ဗုဒ္ဓသာသနာဝင်တွေ ဖြစ်လာပြီလို့ ယူဆနိုင်ပါတယ်။ ဗုဒ္ဓသာသနာဆိုရာမှာလည်း မဟာယာန ဟိနယာနနှစ်မျိုးစလုံးကို ဆိုတယ်။ ဒီလိုပဲ အရင်းအခံနတ်ကိုးတာရယ်၊ မဟာယာန၊ ဟိနယာနရယ် သမအောင် ပြေပြေလည်လည် နေသွားကြတယ်။ အယူအဆတစ်ခုကို လက်ခံပြီး တခြားအယူတွေကို နှိပ်ကွပ်တာမျိုး မတွေ့ခဲ့ရပါဘူး။ တစ်မျိုးပြောရရင် အယူဝါဒအားလုံးကိုပဲ မင်းနှင့်တကွ ပြည်သူတွေဟာ အသင့်အတင့်မျှတပြီး မြှောက်စားချီးမြှင့်သွားတာမျိုးပဲ အထောက်အထားတွေ တွေ့ရပါတယ်" ဟူ၍ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိခဲ့ကြောင်း သုံးသပ်ထားပါတယ်။

စာပေရေးသားမှုနှင့် ပတ်သက်၍လည်း မွန်ဘာသာနှင့် ပါဠိဘာသာအသုံးများခဲ့ပြီး မြန်မာဘာသာအသုံးနည်းခဲ့သေးကြောင်း၊ ယခုချိန်ထိ အနော်ရထာ (အနိရုဒ္ဓ)ရဲ့ လက်ထက်ကို အတိအကျ ပြောနိုင်ခြင်းမရှိသေးဘဲ နောက်ဆက်ခံသော မင်းများလက်ထက် ရေးထိုးခဲ့သော ကျောက်စာအထောက်အထားများကို မှီတည်၍ (၁၀၄၄–၁၀၇၇) ခုနှစ်အဖြစ် မှန်းဆပြောနေရသေးကြောင်း တွေ့ရပါသည်။

'အနိရုဒ္ဓ' ဆောင်းပါးတွင် မြန်မာနိုင်ငံသမိုင်းနှင့် ပတ်သက်သော မှတ်တမ်းများအား ခရစ်တစ်ဆယ့်တစ်ရာစုနှစ် ပထမထက်ဝက်အထိ ခေတ်ပြိုင်မြန်မာဘာသာ အက္ခရာတင်မှတ်တမ်းမရှိသေးသည့်အတွက် အကြိုသမိုင်းဝင်ကာလဆိုရမည် ဖြစ်ကြောင်း၊ အက္ခရာတင်ပြီးရှိသော ပျူ၊ မွန်ကျောက်စာနှင့် ခရစ်နှစ် ကိုးရာစု လောက်စောသည့် တရုတ်မှတ်တမ်းများ ရှိနေပြီးဖြစ်သော်လည်း မြန်မာမှတ်တမ်းမှာ ခရစ်နှစ် တစ်ဆယ်ရာစုအထိ မရှိခဲ့ကြောင်း ရေးသားထားသည်။

နိုင်ငံတကာဆက်ဆံရေးအဖြစ် ထီးလှိုင်မင်း(ကျန်စစ်သား)လက်ထက် ခရစ်နှစ် ၁၁၀၆ တွင် တရုတ်သံ ခိုင်ဖဲန် (Kai-Peng) လာရောက်ခဲ့ကြောင်း တရုတ်မှတ်တမ်းများမှ ထုတ်နုတ်ဖော်ပြထားပြီး ပုဂံသံတမန်များကို ၁၁၀၆ ခုနှစ်တွင် စေလွှတ်ခဲ့ကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံက နိုင်ငံကြီးအဆင့်အတန်းဖြင့် ဆက်ဆံခဲ့ကြောင်း ရေးသားထားသည်။

ထီးလှိုင်မင်းလက်ထက်၌ အိန္ဒိယ ဗုဒ္ဓဂယာတွင် စေတီပျက်များ ပြုပြင်ရေး ဆောင်ရွက်ခဲ့သလို အိန္ဒိယတောင်ပိုင်းက စောဠမင်းထံသို့ "ရတနာသုံးပါးကို သက်ဝင်ယုံကြည်ပါ၊ ဗုဒ္ဓရဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားသာ လောကမှာ အမြတ်ဆုံးဖြစ်တယ်" ဟု ရေးပို့ဖူးကြောင်း၊ အနိရုဒ္ဓ (အနော်ရထာ) လက်ထက် သီရိလင်္ကာနှင့် ရင်းနှီးကျွမ်းဝင်ဆက်ဆံခဲ့သကဲ့သို့ တမင်သီရိလင်္ကာ၏ ရန်သူတွေနှင့် ဆက်ဆံခြင်းမျိုးဖြစ်နိုင်ကြောင်း၊ ထိုခေတ်က အိန္ဒိယစောဠအပါအဝင် တမေလ်တို့ကို ကျည်ကုလားဟု ခေါ်ဝေါ်ခဲ့ကြကြောင်း တွေ့ရပါတယ်။

ပုဂံခေတ်၏ ၁၃ ရာစုနှစ်၏ ကုန်ဈေးနှုန်းသတင်းအဖြစ် နားတောင်းများမင်း လက်ထက်အမတ် အသဥတ္တရားထိုးခဲ့သော ကျောက်စာမှ ကောက်နုတ်ဖော်ပြထားသည်ကို ဖတ်ရှုနိုင်သည်။ ထိုခေတ်က ရွှေ၊ ငွေတို့ကို ငွေကြေးဖလှယ်ရာတွင် သုံးစွဲခဲ့ကြောင်း တွေ့ရသည်။

ထိုခေတ်က စပါးတစ်တင်းလျှင် ငွေ ၅ မူး (ပြားငါးဆယ်) ရွှေတစ်ကျပ်ကို ငွေ ၁၂ ကျပ် စသည်ဖြင့် ပေါက်ဈေးရှိခဲ့ပြီး ပန်းရန်သမား၊ ပန်းချီဆရာ၊ လက်သမား စသူတို့အား ၎င်းတို့အဆင့်အလိုက် ခါးစည်းပုဆိုးဖျင် အင်္ကျီ၊ ပိုးချည်ထည်ဖျင်အင်္ကျီ စသဖြင့် ပေးရကြောင်း တွေ့ရသည်။

စစ်မက်ရေးရာနှင့် ပတ်သက်၍ ခရစ်နှစ် ၈၃၂ ပုဂံခေတ်ကြိုကာလတွင် ပျူနိုင်ငံအား နန်ကျောင်တို့ ဖျက်ဆီးခဲ့ကြောင်း၊ ထို့အတူ အနော်ရထာ (အနိရုဒ္ဓ) ၏ နိုင်ငံတော်ချဲ့ထွင်မှုကို ၎င်းတို့က မလို

www.foreverspace.com.mm



လားမှုများရှိခဲ့ပြီး နရသီဟပတိ (စည်သူ ၃) လက်ထက်တွင် တရုတ်နိုင်ငံနှင့် ဆက်ဆံရေး မပြေလည်မှုများ ရှိခဲ့ကာ ၁၂၇၇ ခုနှစ် ဧပြီတွင် တာပိန်မြစ်ပေါ်ရှိ ကန်ငယ်စားကို တိုက်ခိုက်ရာမှာ တရုတ်နှင့် စစ်ဖြစ်ခဲ့ကြောင်း၊ ယင်းစစ်ပွဲကို မာကိုပိုလိုက ငဆောင်ချမ်းတိုက်ပွဲဟု အမည်တပ်ခဲ့ကြောင်း ရေးသားထားသည်။

၁၂၇၇ ခုနှစ်ကုန်တွင် မွန်ဂိုတပ်များ နောက်တစ်ကြိမ်ရောက်ခဲ့ပြီး အမတ် ဣန္ဒပစ္စရာကို စေလွှတ်ခုခံစေကြောင်း၊ ငြိမ်းချမ်းရေးသံအဖြစ် ရှင်ဒိသာပါမောက္ခကို စေလွှတ်ခဲ့ရာ ၁၂၈၇ မှာ ပီကင်းကို သွားရောက်ခဲ့ကြောင်း ဖော်ပြထားသည်။

'ပုဂံလွန်နှစ်တစ်ရာ' ဆောင်းပါးတွင် ပုဂံခေတ်ပျက်သုဉ်းရခြင်းအကြောင်းကို အထောက်အထားစုံစုံလင်လင် ရေးသားတင်ပြထားသည်။ ပုဂံခေတ်နိုင်ငံရေးသမိုင်းစာအုပ်သည် မြန်မာစာလေ့လာလိုသူများ၊ ကျောက်စာလေ့လာသူများ၊ သမိုင်းသုတေသီများ၊ သမိုင်းအကိုးအကားရယူလိုသော စာပေပညာရှင်များအတွက် မလွဲမသွေ လိုအပ်သော စာအုပ်တစ်အုပ်ဖြစ်ပေသည်။

သမိုင်းဟူသည် လိမ်ညာ၍မရစကောင်းပါ။ အတိတ်သမိုင်း၏ အားသာချက်များ၊ အားနည်းချက်များကို ဆန်းစစ်လေ့လာသုံးသပ်၍ အနာဂတ်မြန်မာ့သမိုင်းအတွက် အထောက်အထားဖြစ်စေရန် ဆန်းစစ်လေ့လာ စံနမူယူကြရန် လိုအပ်ပါသည်။

ယခင်ခေတ်အဆက်ဆက်က မပြည့်စုံသော သမိုင်းအထောက်အထားများဖြင့် ပြုစုခဲ့ကြသော သမိုင်းကျမ်းများ၊ မိမိတို့လိုရာဆွဲယူရေးသားထားကြသော သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများသည် ယနေ့ခေတ်နှင့် မလျော်သည်များ ရှိနေနိုင်ပါသည်။ သို့ဖြစ်၍ သမိုင်းကျမ်းသစ်တစ်စောင် (Latest Edition) အဖြစ် ပေါ်ထွက်ရန် လိုအပ်မည် ဖြစ်သည်။

ဤသို့ ခေတ်မီမြန်မာနိုင်ငံသမိုင်းသစ်ပေါ်ထွက်ရေးအတွက် သုတေသီများ၊ ပညာရှင်များ စုစည်း၍ သမိုင်းဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပပြုလုပ်ကာ တိုက်ဆိုင်ညှိနှိုင်းဆွေးနွေးအဖြေရှာကြသင့်ပေသည်။ အထူးသဖြင့် သမိုင်းဆိုင်ရာစာအုပ်များကို အစဉ်တစိုက် ရေးသားလျက်ရှိသော ဒေါက်တာသန်းထွန်းတို့ကဲ့သို့သော ပညာရှင်များ အသက်ရှင်ရှိနေသေးခိုက် လုံ့လဥဿဟပြုသင့်လှပေသည်။ သို့မဟုတ်ပါက မူကွဲအမျိုးမျိုးဖြင့် မရေရာမတိကျသော အကိုးအကားမှတ်တမ်းများ ပုဂ္ဂိုလ်ရေးစွဲယူမှုအပေါ် မူတည်သော မှတ်တမ်းများ ကျမ်းများသာ ကျန်ရှိနေစေမည်ဖြစ်ရာ ပညာရှင်သုတေသီအားလုံး အတည်ပြုထားသော မူသစ်တစ်စောင်ပေါ်ထွက်လာရန် တိုက်တွန်းလိုပါသည်။

ထုတ်ဝေတိုက်– ကွန်သာယာ

ထုတ်ဝေနှစ်– ၂၀၀၅ ခုနှစ်၊ ဇူလိုင်

မျက်နှာဖုံးဒီဇိုင်း – သီဟမောင်မောင်

အကြိမ်– ပထမအကြိမ်

တန်ဖိုး– ၁၀၅၀ ကျပ်

အုပ်ရေ– ၅၀၀

စာမူခွင့်ပြုချက်အမှတ်–၁၂၉/ ၂၀၀၄ (၁၂)

---

## တွိုင်ဘီ-အီကေဒါ ဆွေးနွေးခန်း

**မြသန်းတင့်၊ မောင်သာမည**


မြန်မာစာပေလောကအတွင်း အလွန်ရှားပါးပြီး တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သည့် လူမှုရေးသိပ္ပံ (Social Science) အမျိုးအစား ဖြစ်သည်။ အရှေ့တိုင်းမှ လူမှုရေးသိပ္ပံပညာရှင် အီကေဒါနှင့် အနောက်တိုင်းပညာရှင် တွိုင်ဘီတို့၏ ဆွေးနွေးခန်းကို ဆရာမြသန်းတင့် မကွယ်လွန်မီက တစ်စိတ်တစ်ပိုင်း ဘာသာပြန်ခဲ့ပြီးနောက် မောင်သာမညက ဆက်လက်အပြီးသတ်ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။

မြန်မာစာပေလောက၌ သီးခြားဘာသာရပ်တစ်ခုကို ဦးတည်ထားသော စာအုပ်များရှိနိုင်သော်လည်း လူတစ်ဦးချင်းစီ၏ အခြေခံအစိတ်အပိုင်း၊ ထိုမှ လူ့အဖွဲ့အစည်း၊ ထိုမှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်စသည်ဖြင့် အကြောင်းအရာပေါင်းစုံကို စုစည်းဆက်စပ်တွေးခေါ်ပေးထားသော စာအုပ်သည် လွန်စွာရှားပါးနေသည့်အချိန်တွင် ယခုထွက်ပေါ်လာသော တွိုင်ဘီနှင့် အီကေဒါ ဆွေးနွေးခန်းများသည် လူမှုရေးသိပ္ပံအခြေခံကို ရရှိစေမည်ဖြစ်သည်။ စာအုပ်တွင် အခန်းငါးခန်း ပါဝင်သည်။ အဆိုပါအခန်းများတွင် ဖိုမပြဿနာများ ထိုမှ ဇီဝနှင့် ဝန်းကျင်၊ စိတ်နှင့် ရုပ်ဆက်စပ်ပုံ၊ စကြဝဠာအယူအဆ၊ လူ၏အသိဉာဏ်များအလုပ်လုပ်ပုံ၊ ဆင်ခြင်ဉာဏ်နှင့် ထိုးထွင်းဉာဏ်တို့အကြောင်းကို အသေးစိတ်ဆွေးနွေးထားသည်။

ဥပမာအားဖြင့် "ဘာသာတရားရှေ့ဆောင်ပုဂ္ဂိုလ်များဟာ အခြေခံကျတဲ့ ပြဿနာကြီးတွေမှာ တရားသေကျတဲ့ အဖြေတွေကို ပေးတတ်ကြပြီး၊ ထိုးထွင်းဉာဏ်အပေါ်မှာ ပိုပြီးမှီခိုလွန်းတယ်လို့ ထင်ပါတယ်။ ဒါနဲ့ပြောင်းပြန် သိပ္ပံပညာရှင်တွေကတော့ သူတို့ကိုယ်သူတို့ ဆင်ခြင်သိပေါ်မှာပဲ ဘောင်ခတ်သတ်မှတ်ထားပြီး စမ်းသပ်တွေ့ရှိချက်တွေပေါ်ကိုသာ သိပ်အားထားနေကြပါတယ်" ဟူသော အရေးအသားမျိုးဖြစ်သည်။

လူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အနာဂတ်အလားအလာတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားသည်။ စက်မှုလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးမှုများ၊ ကျေးလက်ဘဝများ စသည်ဖြင့် စီးပွားရေးရှုထောင့်သက်သက်မှ ဆွေးနွေးကြခြင်းမဟုတ်ဘဲ အကြောင်းအရာပေါင်းစုံ ဘာသာတရား၏ အဆုံးအမများမှအစ ထည့်သွင်းဆွေးနွေးထားကြသည်မှာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်ပြီး ယနေ့လက်ရှိပညာသင်ကြား

ရေးကို ကြီးပွားချမ်းသာရေး ရည်မှန်းချက်ဖြင့်သာ သင်ကြားနေကြခြင်းကို ဝေဖန်ဆွေးနွေးခဲ့ကြပြီး ပညာအပေါ်ထားရှိရမည့် သဘောထားအစစ်ကို အတတ်နိုင်ဆုံး ဆွေးနွေးခဲ့ကြသည်။ စာပေ၏ဩဇာကို လည်း ဆွေးနွေးခဲ့ကြသည်။ စာပေသည် လွတ်လပ်စွာနေသင့်သလော၊ လူအများနှင့် နီးစပ်သင့်သလောကိုအကြောင်းပြချက်မျိုးစုံဖြင့် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ စာအုပ်တွင် အဖတ်သင့်ဆုံးအခန်းမှာ 'ပညာတတ်များ အနုပညာရှင်များနဲ့ နိုင်ငံရေး၊ လူမှုရေး' ဆိုသည့် အခန်းပင်ဖြစ်သည်။ အဆိုပါ အခန်း၌ တွိုင်ဘီ၏ ဆွေးနွေးချက်တစ်ခုတွင် "ပညာတတ်တစ်ယောက် ဒါမှမဟုတ် အနုပညာရှင်တစ်ယောက်မဖြစ်ခင် ပထမဦးဆုံးအနေနဲ့ လူသားတစ်ယောက်ဖြစ်ရပါမယ်။ လူမဟုတ်ဘဲ ပညာတတ်ဖြစ်လို့ မရပါဘူး။ လူဆိုတာ အချင်းချင်း အပြန်အလှန် ဆက်ဆံမှုပြုတဲ့ လူမှုရေးသတ္တဝါတစ်မျိုးပါ။ လူဟာ လူ့ဘဝရဲ့ ပြဿနာတွေထဲမှာ ပါဝင်ပတ်သက်နေရသလို ကိုယ့်ခေတ်ကာလ ကိုယ့်နေရာဒေသနဲ့သာ သီးခြားသက်ဆိုင်တဲ့ ပြဿနာတွေထဲမှာလည်း ပါဝင်ပတ်သက်နေရပါတယ်။ လူသားအားလုံးနဲ့ သက်ဆိုင်တဲ့ ရေရှည်ပြဿနာတွေကို မသိကျိုးကျွန်ပြုတဲ့ ပညာတတ်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ရှင်လျက်နဲ့ သေစေမှာပဲ" ဟူသော ဆွေးနွေးချက်မျိုးမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ပညာတတ်များ ဖတ်ရှု၍ အတွေးပွားကြနိုင်ပေသည်။




ထို့နောက် ကျန်းမာရေးနှင့် လူမှုဖူလုံရေးပြဿနာများ၊ မိသားစုစီမံကိန်းပြဿနာများ၊ မိခင်၏ တာဝန်နှင့် ပြဿနာများ စသည်ဖြင့် လူမှုရေးသိပ္ပံ၏ အခြေခံချဉ်းကပ်မှုများကို ဆွေးနွေးထားသည်။ အဖွဲ့အစည်းအကြောင်း၊ လူပ်ရှားလည်ပတ်မှုများအကြောင်းနှင့် လူနှင့် လူ့အဖွဲ့အစည်း၊ လူထုဆက်သွယ်ရေးစနစ်များအကြောင်း စသည်ဖြင့် အသေးစိတ် ဆွေးနွေးထားကြသည်။

လူမှုရေး၊ သိပ္ပံပညာရပ်သည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတစ်ခု၏ လည်ပတ်မှုစနစ်ထဲတွင် မဖြစ်မနေပါဝင်ရမည့်ဘာသာရပ်ပင် ဖြစ်သည်။ ဘာသာရပ်၏ကိုယ်၌က လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်အရာမှန်သမျှတို့နှင့် တည်ဆောက်ထားခြင်းဖြစ်ရာ လူ့အဖွဲ့အစည်းကို စောင့်ကြည့်ထိန်းကျောင်း ပဲ့ကိုင်သွားရာတွင် အရေးကြီးလှသည့် ဘာသာရပ်ပင် ဖြစ်သည်။ လူမှုရေးသိပ္ပံဘာသာရပ် အခြေခံသင်ရိုးညွှန်းတမ်းသဖွယ် ယူဆနိုင်သည့် တွိုင်ဘီနှင့်အီကေဒါ ဆွေးနွေးခန်းသည် ဒဿန၊ စိတ်ပညာ၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အကြောင်းအရာပေါင်းစုံကို လွှမ်းခြုံဆွေးနွေးထားရာ အဆိုပါ ဘာသာရပ် မည်မျှကျယ်ဝန်းကြောင်း သိသာနိုင်ပါသည်။ ထို့ကြောင့် ပညာရပ်တစ်ခုသည် မည်မျှမာန်မာနကင်းစင်ပြီး မည်မျှရိုးသားကြောင်း၊ မည်မျှရင့်ကျက်ပြီး မည်မျှ လူ့အဖွဲ့အစည်းပေါ်တွင် တာဝန်ခံကြောင်း၊ ပညာရပ်၊ ပညာရှင်တစ်ဦး၏ ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်၊ တွေးခေါ်မြော်မြင်ပုံကို လေ့လာသိရှိနိုင်ရန် ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ထုတ်ဝေတိုက်– Quality Publishing House
ထုတ်ဝေနှစ်– ၂၀၀၅ ခုနှစ်၊ ဇူလိုင်
မျက်နှာဖုံးဒီဇိုင်း – ညီတော်မောင်
အကြိမ်– ပထမအကြိမ်
တန်ဖိုး– ၁၀၀၀ ကျပ်
အုပ်ရေ– ၅၀၀
စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၀၃၀၅၀၁

■



www.foreverspace.com.mm

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၃၀-၆-၂၀၀၅** ✱ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Co., Ltd. (YMEC) တို့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ နှစ်ဖက်သဘောတူစာချုပ်လွှာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

**၁-၇-၂၀၀၅** ✱ မြန်မာနိုင်ငံသားပိုင် ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်သော Air Bagan Limited မှ ဝယ်ယူထားသည့် FOKKER 100 JET လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိ။

**၂-၇-၂၀၀၅** ✱ ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် Relaxtion Zone ဖွင့်လှစ်။

✱ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ ဆွေးနွေးရန်အတွက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ။

**၃-၇-၂၀၀၅** ✱ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး (2nd Greater Mekong Subregion Summit) သို့ တက်ရောက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကူမင်းမြို့သို့ ထွက်ခွာ။

**၄-၇-၂၀၀၅** ✱ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို တရုတ်နိုင်ငံ ကူမင်းမြို့ရှိ Zhen Zhuang Guest House ၌ နှစ်နိုင်ငံတာဝန်ရှိသူအသီးသီးမှ လက်မှတ်ရေးထိုး။

**၅-၇-၂၀၀၅** ✱ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ် ရန်ကုန်မြို့သို့ ရောက်ရှိ။

✱ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရတို့ကိုယ်စား မဲခေါင်ဒေသအတွင်း လူနှင့် ကုန်စည်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး၊ မူဘောင်သဘောတူစာချုပ်၏ နောက်ဆက်တွဲနှင့် အခြေပြုစာချုပ်ငယ် လေးခု၊ မဟာမဲခေါင်ဒေသအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာလွှာ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ လျှပ်စစ်ဓာတ်အား ကုန်သွယ်မှုသဘောတူစာချုပ်၊ ပူးပေါင်းဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များဆိုင်ရာ နားလည်မှုစာလွှာ၊ မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေး စူပါဟိုင်းဝေးကွန်ရက် စီမံဆောင်ရွက်မှုနှင့် တည်ဆောက်မှုဆိုင်ရာ နားလည်မှုစာလွှာတို့ကို တရုတ်နိုင်ငံ ကူမင်းမြို့ International Convention and Exhibition Centre ရှိ 6th Exhibition Area ၌ နှစ်နိုင်ငံ တာဝန်ရှိသူများ အသီးသီး လက်မှတ်ရေးထိုး။

**၁၀-၇-၂၀၀၅** ✱ စန္ဒရားချစ်ဆွေ (အသက် ၇၁ နှစ်) ကွယ်လွန်။

**၁၁-၇-၂၀၀၅** ✱ မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင်(၃၄/၅)၌ ယောချောင်းကိုဖြတ်၍ တည်ဆောက်ထားသော စုစုပေါင်း အလျားပေ ၁၆၀၀ ရှည်လျားသည့် အမှတ်(၂) ပေါက်တံတား(ရေပြာ) ဖွင့်လှစ်။

✱ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်။

**၁၃-၇-၂၀၀၅** ✱ မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင် (၄၂/၆) ၌ ယောချောင်းကိုဖြတ်၍ တည်ဆောက်ထားသော စုစုပေါင်း အလျား ၁၈၄၀ ပေရှိ အမှတ်(၁) ပေါက်တံတား (အုန်းတော) ဖွင့်လှစ်။

**၁၄-၇-၂၀၀၅** ✱ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် စက်ရုံရှစ်ရုံအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

**၁၅-၇-၂၀၀၅** ✱ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Hyundai Merchant Marine Co., Ltd. တို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်စာချုပ်ကို သန်လျင်မြို့နယ် သီလဝါရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုး။

✱ ရန်ကုန်မြို့ အလုံမြို့နယ် အလုံကမ်းနားလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၁၃) ဖွင့်လှစ်။

www.foreverspace.com.mm



* မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ(မြစ်ငယ်) မြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ရေအားလျှပ်စစ် ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Joint Venture Consortium of CITIC Technology Co., Ltd. and Sinohydro Corporation Limited တို့ ကန်ထရိုက်စာချုပ်များကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဟိုတယ် နီကိုးလ်ခန်းမ၌ လက်မှတ်ရေးထိုး။

**၁၇-၇-၂၀၀၅** * မြန်မာစံတော်ချိန် ၇ နာရီ ၃၅ မိနစ် ၄၈ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ မြောက်ဘက်မိုင် ၂၇၀ ခန့် ကွာဝေးသော ညောင်ဦးမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

**၁၈-၇-၂၀၀၅** * ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ (၁၁) ကြိမ်မြောက်ကျောက်ကပ်အစားထိုး ခွဲစိတ်မှုပြုလုပ်။

* ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် တတိယအကြိမ် ဒေသတွင်းနိုင်ငံများတွင် ပြုလုပ်သည့် မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုခံယူပြီး အိပ်ချ်အိုင်ဗီပိုးရှိ/မရှိ သွေးစစ်ဆေးခြင်းဆိုင်ရာသင်တန်း (Opening Ceremony of Thid Intercountry Training of Trainers or HIV/AIDS Voluntary Counselling & Testing) ဖွင့်ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

**၁၉-၇-၂၀၀၅** * (၅၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးနန်းနွယ်ကလည်းကောင်း၊ အခြားအာဇာနည်ကြီးများ၏ ဂူဗိမာန်၌ မိသားစုများကလည်းကောင်း အသီးသီးလွမ်းသူ့ပန်းခွေချ အလေးပြု။

**၂၁-၇-၂၀၀၅** * တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာ ဟိုဆေးရာမို့ဟော်တာ ရန်ကုန်မြို့သို့ ရောက်ရှိ။

**၂၄-၇-၂၀၀၅** * စွမ်းအင်ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရန် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

* ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်ပြည်နယ် ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန်ချောင်းပေါ်၌ တည်ရှိသော ကောင်းခါးရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ်။

* ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ (၆) နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့များ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးတို့ဆုံရာ ရထားလမ်းကူးနေရာ၌ တည်ဆောက်ထားသော အလျား ၂၂၅၃ ပေ၊ အကျယ် ၃၆ ပေ ရှိသည့် ကျောက်ရေတွင်း ခုံးကျော်တံတား ဖွင့်လှစ်။

**၂၅-၇-၂၀၀၅** * မန္တလေးတိုင်း တပ်ကုန်းမြို့နယ်တွင် တည်ဆောက်ထားသည့် အလျား ၂၁၀၀ ပေ၊ အမြင့် ၈၀ ပေ ရှိသော မြို့လှ (တပ်ကုန်း) ရေလှောင်တမံဖွင့်လှစ်။

* ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ။

* လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇူလိုင်လ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၃၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ (ARF)၊ အာဆီယံ + ၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း လာအိုနိုင်ငံသို့ ထွက်ခွာ။

**၂၆-၇-၂၀၀၅** * လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပ။

* မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၉) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားအဖွဲ့သည် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခုနစ်ခုနှင့် ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမရရှိကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

* မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျ

ဥက္ကဋ္ဌတာဝန်ယူရမည့် အခွင့်အရေးကို မိမိတို့အလျောက် ရယူခြင်းမပြုဘဲ နေသွားမည်ဖြစ်ကြောင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဇူလိုင်လ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းက ပြောကြား။

**၂၇-၇-၂၀၀၅** ✳ စင်ကာပူနိုင်ငံတွင် ဇူလိုင်လ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော တတိယအကြိမ်မြောက် အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။


**၂၈-၇-၂၀၀၅** ✳ အမေရိကန်နိုင်ငံအခြေစိုက် Alexander Abraham Foundation မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုဆု မြန်မာနိုင်ငံမှရရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

**၃၁-၇-၂၀၀၅** ✳ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လီကွန်ဖန်း ရန်ကုန်မြို့သို့ ရောက်ရှိ။

**၁-၈-၂၀၀၅** ✳ မန္တလေးတိုင်းအတွင်းရှိ ဒုဋ္ဌဝတီ (မြစ်ငယ်)မြစ်ပေါ်တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Geazhouba Water & Power (Group) Co., Ltd. တို့က ကန်ထရိုက်စာချုပ်ကို ရန်ကုန်မြို့ ဟိုတယ်နီကိုးလ်၌ လက်မှတ်ရေးထိုး။

✳ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အာရှနှင့် ပစိဖိတ်ဒေသအတွင်း ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များဆိုင်ရာ ဝန်ကြီးအဆင့် ဒေသတွင်း အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရန်ကုန်မြို့မှ ထွက်ခွာ။

**၂-၈-၂၀၀၅** ✳ ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ ဩဂုတ်လ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် ဧရာဝတီ ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း ရန်ကုန်မြို့မှ ထွက်ခွာ။ ■





www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၄-၇-၂၀၀၅

* နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကျားပေါင်နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဥက္ကဋ္ဌ မစ္စတာ လျူဘင်နှင့်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် အသီးသီး တွေ့ဆုံဆွေးနွေး။
* လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sichuan Machinery and Equipment Import and Export Co., Ltd. ဥက္ကဋ္ဌ Mr. Yao Yuning နှင့်လည်းကောင်း၊ Central China Power Grid (CCPG) မှ အထွေထွေမန်နေဂျာ Miss Xiong Hengxi နှင့်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် အသီးသီး တွေ့ဆုံဆွေးနွေး။

## ၅-၇-၂၀၀၅

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗက်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၆-၇-၂၀၀၅

* လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗက်သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၈-၇-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လား(စ်)၊ ဘက်စထရောင်း(မ်)သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီဟော၊ ဟူမန်နီသည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Ju-Heum သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၇-၂၀၀၅

* အီတလီနိုင်ငံ Digital Multimedia Technologies မှ Area Manager Mr.Fabio Papa နှင့် စင်ကာပူသမ္မတနိုင်ငံ MPL Pte. Ltd. မှ Regional Marketing Manager Mr.Asher Loy Chee Koon တို့သည်လည်းကောင်း၊ မလေးရှားနိုင်ငံ Measat Satellite Systems Sdn Bhd မှ Senior Advisor Dato' Hj Ainuddin Noordin သည်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။

## ၁၅-၇-၂၀၀၅

* စင်ကာပူသမ္မတနိုင်ငံ New Skies Satellites မှ Asia Pacific, Sales Director, Mr. Matthew Oh သည်လည်းကောင်း၊ ထိုင်းနိုင်ငံ Shin Satellite Public Company Limited မှ Asia Pacific Regional Manager, Mr. Nuthapong Temsiripong သည်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၁-၇-၂၀၀၅

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Pharmaceutical Foreign Trade Corporation မှ ဥက္ကဋ္ဌ Mr. Li Zhixin နှင့် အဖွဲ့ဝင်များသည် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၇-၂၀၀၅

* တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နာဆီယာ၊ ဘိုချီရစ်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ ဒေါက်တာဖရီးဒရစ်ချ်၊ ဟမ်ဘာဂါသည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thambynathan Jasudasen သည် တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တွေ့ဆုံဆွေးနွေး။



www.foreverspace.com.mm

## ၂၃-၇-၂၀၀၅

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဒေါက်တာ ဟိုဆေးရာမို့ ဟော်တာနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၅-၇-၂၀၀၅


* ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai နှင့် အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်လည်းကောင်း၊ မန္တလေးမြို့တော်ဝန်နှင့် မန္တလေးမြို့တွင်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၀-၇-၂၀၀၅

* ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီကျောက်ရှင်းနှင့် အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၈-၇-၂၀၀၅

* မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ သွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကိုသည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဆန်ပေါ့(ခ်) အိန်းသည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။



# Lucky Bird Co., Ltd.

**မြန်မာနိုင်ငံတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး တင်သွင်းရောင်းချခြင်း၊ ကွန်ပျူတာသင်တန်းအမျိုးမျိုး ဖွင့်လှစ်ပို့ချခြင်းနှင့် ဌာနဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် Network ချိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသောကုမ္ပဏီ ဖြစ်သည်။**

- ကုမ္ပဏီကို ၁၉၉၇ ခုနှစ် ဩဂုတ်လတွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ပြည်ပမှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အစိုးရဌာနဆိုင်ရာများသို့ တင်သွင်းရောင်းချခဲ့သည်။
- ၂၀၀၁ ခုနှစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်း၌ ကုမ္ပဏီပိုင်အရောင်းပြခန်းဖွင့်လှစ်ပြီး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး တင်သွင်းရောင်းချခြင်းနှင့် ပြုပြင်ခြင်း (Sales & Service) ကိုဆောင်ရွက်ခဲ့သည်။
- ၂၀၀၂ ခုနှစ်တွင် မန္တလေးမြို့ ရတနာပုံဈေးရှိ ICT Park တွင် ကွန်ပျူတာအရောင်းပြခန်းကိုတိုးချဲ့ဖွင့်လှစ်ခဲ့သည်။
- အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးထင်အောင်ခိုင်ဖြစ်ပြီး ဒါရိုက်တာနှစ်ဦး၊ Sales, Service, Admin, Store, R&D ဌာနအလိုက် မန်နေဂျာများအပါအဝင် ရန်ကုန်နှင့်မန္တလေး ဝန်ထမ်းအင်အား ၄၀ ဦးကျော်ရှိသည်။
- အသုံးပြုသူ Customer များ၏ လိုအပ်ချက်အလိုက် တပ်ဆင်ရောင်းချသော Colone ကွန်ပျူတာအမျိုးမျိုး၊ Branded ကွန်ပျူတာအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းအမယ်ပေါင်း ၆၀၀ ကျော် တင်သွင်းရောင်းချလျက်ရှိသည်။
- ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တစ်နှစ်အာမခံထားပြီး Service Centre ကိုပါ ပူးတွဲဖွင့်လှစ်ထားကာ သုံးနှစ် လက်ခမဲ့ ပြုပြင်ပေးသည်ဟု ဆိုသည်။
- ဂျပန်နိုင်ငံမှ TOSHIBA အမှတ်တံဆိပ် Notebook, Pocket PC, Projector နှင့်ကျောက်သင်ပုန်းကွန်ပျူတာခေါ် Tablet PC များ၊ အမေရိကန်ပြည်ထောင်စုမှ Gigabyte









www.foreverspace.com.mm

www.foreverspace.com.mm





အမှတ်တံဆိပ် Motherboard များ၊ ဩစတြေးလျနိုင်ငံမှ အိမ်သုံး၊ လုပ်ငန်းသုံးနှင့် Online စနစ်သုံး Powerware အမှတ်တံဆိပ်UPS အမျိုးမျိုးတို့ကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက် ရှိသည်။

- ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ကုမ္ပဏီရုံးခန်းနှင့် အရောင်းပြခန်းကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ကုမ္ပဏီ၏ ညီနောင်လုပ်ငန်းခွဲအဖြစ် Ocean Gate Training Centre ကို တိုးချဲ့တည်ထောင်ကာ ကွန်ပျူတာသင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ပို့ချခဲ့သည်။
- Basic Computer Course ခြောက်မျိုး၊ Professional Computer Course ခုနစ်မျိုး၊ Applied Engineering Course သုံးမျိုး၊ Language Course သုံးမျိုး၊ Exam Preparation Course များ၊ နွေရာသီကျောင်းပိတ်ရက် ကလေးငယ်များအတွက် Summer Special Progam သင်တန်းများကို လက်ခံဖွင့်လှစ် ပို့ချလျက်ရှိသည်။
- Windows XP Operation System, Microsoft Office 2003, Introduction to Internet, Hypertext Markup Language (HTML) ဘာသာရပ်များပါဝင်သည့် ICT Carrier Course (Level 1) ကို ဖွင့်လှစ်ပို့ချလျက်ရှိပြီး Foundation of Computer Technology, Microsoft Access, Micromedia Dreamweaver နှင့် Potoshop & Image Ready ဘာသာရပ်များပါဝင်သည့် ICT Carrier Course (Level 2) ကို စက်တင်ဘာလတွင် ဖွင့်လှစ်ပို့ချသွားမည်ဟု ဆိုသည်။
- ကွန်ပျူတာတစ်စုံ ဝယ်ယူသူများနှင့် ကွန်ပျူတာအခြေခံကို နာရီ ၃၀ အတွင်း ဈေးနှုန်းသက်သာစွာဖြင့် တက်ရောက်လိုသူများအတွက် Budget Course ကို တစ်ဦးလျှင် ၆၀၀၀ ကျပ်နှုန်းဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။
- Training Centre တာဝန်ခံနှင့် CEO မှာ ဦးသိန်းစိုးဖြစ်ပြီး ဝန်ထမ်းအင်အား ၁၅ ဦးရှိသည်။
- အစိုးရဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် Fibre Optic Cable ကို အသုံးပြု၍ Network ချိတ်ဆက်ပေးခြင်းနှင့် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ တင်သွင်းတပ်ဆင်ပေးခြင်းတို့ကို ကုမ္ပဏီက ၂၀၀၅ ခုနှစ်အတွင်း တိုးချဲ့ဆောင်ရွက်ခဲ့သည်။
- **ဆက်သွယ်ရန်လိပ်စာ**

Lucky Bird Co., Ltd.

ရန်ကုန် – အမှတ်–၃၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖုန်း – ၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၀၉–၉၈၂၇၇၂၉၊

၀၉–၉၈၂၄၅၄၄၊ ၀၉–၈၀၂၂၀၂၅၊ ဖက်စ် –၂၄၈၁၆၇၊

E-mail:lb.hak@mptmail.net.mm

luckybd@myanmar.com.mm

မန္တလေး – အခန်းအမှတ် ၃၈၊ တတိယထပ်၊ ရတနာပုံဈေး၊ MICT Park၊ မန္တလေး။

ဖုန်း –၀၂–၈၉၄၁၀၊ ၀၂–၈၉၅၅၃၊ ၀၂–၈၉၅၅၄၊ ဖက်စ်–၀၂–၈၉၅၅၄၊

E-mail:luckybird@myanmar.com.mm

■

www.foreverspace.com.mm



# 1 တစ်ဦးတည်းကိုယ်စားလှယ်

## SOLE DISTRIBUTORS

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Passport Metal Detector<br>လုံခြုံရေးလုပ်ငန်းသုံးသတ္တုရှာဖွေရေးကိရိယာ<br>(တရုတ်) | FISCA ENTERPRISES<br>အမှတ်(၁)(B)၊ မြေညီထပ်၊ မြန်မာမေဖလားဝါးအဆောက်အအုံ၊ ၉ မိုင်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၆၅၃၄၅၆၊ ဖက်စ်–၆၅၃၄၅၇ | ဒေါ်ယုယုဇော်<br>(Marketing Manager) | FISCA ENTERPRISES<br>အမှတ်–၄၀၂၊ ၈၂ လမ်း၊ ၃၂× ၈၂ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၅၃၅၀<br>ဖက်စ်–၀၂–၃၀၂၃၄ |
| ၂။ | GE Water Technologies<br>ရေသန့်လုပ်ငန်းသုံး စက်ပစ္စည်းများ<br>(USA) | SUPREME GROUP OF COMPANIES<br>အမှတ်–၈၇/ ၈၈၊ ဗဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၉၇၉၁၊ ၂၂၉၇၉၂၊ ၂၂၉၇၉၄–၇၊ ဖက်စ်–၂၂၉၇၅၃<br>E-mail:waterdr@supreme.com.mm | ဦးကျော်နိုင်<br>(Marketing Manager) | SUPREME GROUP OF COMPANIES<br>အမှတ်–(C-1/9)၊ ၇၇ လမ်း၊ ၃၂ × ၃၃ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ |
| ၃။ | PHAROLID<br>လိမ္မော်အရသာဓာတ်ဆား<br>(အင်ဒိုနီးရှား) | MEGA PRODUCTS LTD.<br>အမှတ်–၃၅(B)၊ကွန်ဒို(B)၊ မြေညီထပ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၃၈၄၊ ၅၅၉၄၇၀၊<br>ဖက်စ်–၅၄၁၇၇၄ | ဒေါက်တာ ကျော့ကျော့ရှင်းတင့်<br>(Product Manager) | MEGA PRODUCTS LTD.<br>အမှတ်–၁၄၄၊ နဝရတ်ရိပ်သာ၊ ၃၅ × ၆၉ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၈၂၁၅၊ ၃၈၁၁၈၊ ၃၈၀၇၅ |
| ၄။ | Premier Coffeemix<br>(မြန်မာ) | PAC LINK TRADING LTD.<br>အမှတ်–၂၇၇/ ၂၈၅၊ ဗိုလ်အောင်ကျော်လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၅၆၇၁၄၊ ၃၈၁၀၇၅ | ဦးအေးကျော်<br>(Sales Manager) | PAC LINK TRADING LTD.<br>လမ်း ၈၀၊ ၃၂ × ၃၃ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၆၆၄၂၂၊ ၆၆၄၂၆ |
| ၅။ | Fujiko<br>ဖိနပ်များ<br>(ထိုင်း) | YHL CO., LTD.<br>အမှတ်–၇၈၊ မျက်နှာစာကျောဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၂၈၅၀၊<br>၀၉ ၅၀၀၀၆၄၈၊ ၀၉ ၅၁၀၈၃၂၀၊ ၀၉ ၅၁၀၈၃၂၅ | ဒေါ်ကေခိုင်စိုး<br>(Assistant Marketing Manager) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# MA MA ကြက်သားဆီချက်ခေါက်ဆွဲနှင့် သက်သတ်လွတ်ဆီချက်ခေါက်ဆွဲ

**မြန်မာနိုင်ငံ အသင့်စားခေါက်ဆွဲခြောက် ဈေးကွက်အတွင်း ကြော်ငြာအားကောင်းကောင်းဖြင့် ဝင်ရောက်လာခြင်းကြောင့် လူသိများထင်ရှားသည့် MA MA အမှတ်တံဆိပ်ဖြင့် အသစ်ထပ်မံထုတ်လုပ်လိုက်သော စားသောက်ကုန်ဖြစ်သည်။**




☆ Thai President Food Public Co., Ltd. ၏ ကြီးကြပ်မှုဖြင့် Ayeyarwaddy Food Industries မှ ၂၀၀၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကြက်သားအရသာခေါက်ဆွဲနှင့် တုန်ယန်းဟင်းချိုအရသာ ပုစွန်ချဥ်စပ်တို့ကို ထုတ်လုပ်လျက်ရှိရာမှ ကြက်သား ဆီချက်ခေါက်ဆွဲနှင့် သက်သတ်လွတ်ဆီချက်ခေါက်ဆွဲတို့ကို ထပ်မံထုတ်လုပ်လိုက်ခြင်းဖြစ်။

☆ မန်နေဂျင်းဒါရိုက်တာမှာ ဦးမြင့်ဦးဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၂၀၀ ဦးခန့်ရှိ။

☆ ထိုင်းနည်းပညာဖြင့် ထုတ်လုပ်ထားပြီး စက်ပစ္စည်းများကို ဂျပန်နိုင်ငံမှ တင်သွင်းထားဟုဆို။

☆ စက်စွမ်းအားပြည့် တစ်ရက်လျှင် အထုပ်ရေ တစ်သိန်းခွဲကျော်ခန့် ထုတ်လုပ်နိုင်ဟုဆို။

☆ အထုပ် ၃၀ တစ်ပါကင်လျှင် ကြက်သားဆီချက် ၂၃၅၀ ကျပ်နှင့် သက်သတ်လွတ်ဆီချက် ၂၁၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိ။

☆ ဖြန့်ချိရောင်းချရေးအတွက် Myanmar S.E.A Marketing Co., Ltd. မှ တာဝန်ယူဖြန့်ချိလျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးကောင်းနိုင်စိုး (Marketing Manager)
Ayeyarwaddy Food Industries Co., Ltd.
အမှတ်-၁၁၉၊ ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာစက်မှုဇုန်(၃)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၈၅၂၃၃၊ ၇၂၆၆၆၆၊ ၅၂၄၉၂၆၊ ၅၂၅၄၇၉

☆ **ဖြန့်ချိသည့်ကုမ္ပဏီလိပ်စာ**

Mr.Swrabath (General Manager)
အမှတ်-၄၅(ဘီ)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၇၄၄၀၊ ၇၀၄၈၅၇

www.foreverspace.com.mm



# Smax Snack

**မြန်မာနိုင်ငံရှိ အသင့်စားခေါက်ဆွဲခြောက် ဈေးကွက်အတွင်းသို့ ကြော်ငြာအားကောင်းကောင်းဖြင့် ထိုးဖောက်ဝင်ရောက်လာပြီး ကလေးများအတွက် ရည်ရွယ်ထုတ်လုပ်ထားသော Snacks တစ်မျိုးဖြစ်သည်။**




☆ Myanmar Mamee Double Decker Ltd. က ထုတ်လုပ်။

☆ မင်္ဂလာဒုံစက်မှုဇုန်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ မြေနေရာကို နှစ် ၃၀ BOT စနစ်ဖြင့် ငှားရမ်း၍ လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပြီး ၁၉၉၈ ခုနှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့။

☆ General Manager မှာ Mr. Ngkimseok (မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်) ဖြစ်ပြီး ဝန်ထမ်းအင်အား ၁၆၀ ခန့်ရှိ။

☆ Smax Snacks များကို ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ဈေးကွက်အတွင်း စတင်ဖြန့်ချိ။

☆ ကုန်ကြမ်းပစ္စည်းများကို မလေးရှားနိုင်ငံမှ တင်သွင်းခြင်းဖြစ်။

☆ အာမခံသက်တမ်း ၂ နှစ် သတ်မှတ်ထား။

☆ Roasted Corn၊ Green Peas၊ BBQ Curry နှင့် Vegetable Stick ဟူ၍ Smax Snack အမျိုးအစား လေးမျိုး ထုတ်လုပ်။

☆ လောလောဆယ် မင်္ဂလာဈေး၊ ယုဇနပလာဇာ၊ ညောင်ပင်လေးဈေး၊ သိမ်ကြီးဈေး စသည့် ဈေးများတွင် အရောင်းကိုယ်စားလှယ်များ ထားရှိပြီး နောင်တွင် အရောင်းကားများဖြင့် ကုမ္ပဏီမှ ကိုယ်တိုင်ဖြန့်ချိရန် လျာထားဟုဆို။

☆ ကုမ္ပဏီမှ ခေါက်ဆွဲခြောက် ၁၀ မျိုး၊ Snack နှစ်မျိုး၊ Mamee Moonstar နှစ်မျိုးနှင့် ယခု Smax လေးမျိုး ထုတ်လုပ်လျက်ရှိ။

☆ ၁၁–၇–၂၀၀၅ ရက်နေ့မှစ၍ အရောင်းဌာန (Sales Department) နှင့် ဈေးကွက်ဌာန (Market Department) ကို လမ်းမတော်မြို့နယ်တွင် ပြောင်းရွှေ့ဖွင့်လှစ်။

☆ **ဆက်သွယ်ရန်လိပ်စာ**

အရောင်းဌာနနှင့် ဈေးကွက်ဌာန
ဂိုဒေါင်အမှတ် (၁၉၊ ၂၀)၊ ခရေပင်လမ်း၊ မြန်မာ့လယ်ယာထွက်ကုန်လုပ်ငန်း၊ တိုက်ရိုက်ကုန်တင်ကုန်ချဌာန၊ စိန့်ဂျွန်းအုပ်စု၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၀၂၁၈၊ ၇၂၆၇၅၁

www.foreverspace.com.mm



# Calsome Kid Nurtitious Cereal

**ကလေးများအတွက် ရည်ရွယ်ပြီး ထုတ်လုပ်ထားသော Nurtitious Cereal တစ်မျိုး ဖြစ်သည်။**




- ☆ Wyn & Sons Co., Ltd. မှ ၂၀၀၅ ခုနှစ် ဖွန်လတွင် စတင်ထုတ်လုပ်။
- ☆ မန်နေဂျင်းဒါရိုက်တာမှာ ဒေါ်ရီရီဝင်း ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သုံးဦး အပါအဝင် ဝန်ထမ်းအင်အား ၁၈၀ ဦးခန့်ရှိ။
- ☆ ဂျပန်နိုင်ငံမှ စက်ပစ္စည်းများ တင်သွင်း၍ စင်ကာပူနိုင်ငံမှ နည်းပညာကို အသုံးပြုထုတ်လုပ်ဟုဆို။
- ☆ ကုန်ကြမ်းပစ္စည်းများအတွက် ပြည်ပမှ နို့မှုန့်၊ ကွေကာနှင့် ထုပ်ပိုးပစ္စည်းများ တင်သွင်းပြီး ပြည်တွင်းမှ သကြားနှင့် စက္ကူပုံးများ ရယူထုတ်လုပ်။
- ☆ အာမခံသက်တမ်း ၂ နှစ် ပေးထား။
- ☆ စက်စွမ်းအားပြည့် ထုတ်လုပ်မှုပမာဏမှာ တစ်နေ့လျှင် အထုပ်သေး ၄၈၀၀ ထုပ် ဖြစ်။
- ☆ ဈေးနှုန်း အထုပ်သေး ၃၀ ထုပ်ပါ အထုပ်ကြီး တစ်ထုပ်ကို ၁၄၄၅ ကျပ် ဖြင့် ဖြန့်ချိ။
- ☆ Myanmar Distribution Group Co., Ltd. ၏ ရန်ကုန်ရုံးချုပ်နှင့် နယ်ရုံးများမှ လက်လီလက်ကားဆိုင်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချ။
- ☆ စံချိန်စံညွှန်းကိုက်ညီပြီး အရည်အသွေးပြည့်ဝသော စားသောက်ကုန်ပစ္စည်းများ ဆက်လက်ထုတ်လုပ်သွားရန်ရှိ။
- ☆ ကုမ္ပဏီမှ လက်ရှိ ထုတ်လုပ်လျက်ရှိသော အခြားကုန်ပစ္စည်းများမှာ Gold Roast Coffeemix၊ Ben Cafe Coffeemix၊ Calsome ကွေကာ၊ Royal Myanmar Tea Mix၊ Gold Roast Gold Coffeemix များ ဖြစ်ကြောင်းသိရ။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးအောင်ဇော်ဦး (Advertising Manager)
Myanmar Distribution Group Co., Ltd.
အမှတ်–၁၆၄၊ ကျန်စစ်သားလမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၉၉၁၁၂၊ ၆၉၉၆၂၅၊ ဖက်စ်–၆၉၀၂၅၃၊ ၆၉၉၆၇၁

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

## ၂၀၀၅၊ ဩဂုတ်လ ပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

### ကားဈေးနှုန်း (၁-၈-၂၀၀၅)

| ကားအမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၂၈၅ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၂၇၀ |
| Suzuki Wagon | R+ | (၅ခ)(ဓိးရောင်) | ၃၀၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၂၉၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၂၄၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၂၆၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၃၅၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၀၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၃၅၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၄၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၂၅၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၃၁၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၂၉၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၃၃၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၄၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၄၅ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 88/89 | (၁က) | ၂၇၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 88/89 | (၁ခ) | ၃၃၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၂၇၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁ခ) | ၃၁၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 92/93 | (၁ခ) | ၄၀၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၅၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၄၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 88/89 | (၁ခ) | ၃၄၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၂၅၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 90/91 | (၁ခ) | ၃၀၅ |
| Toyota Corona 2.0 Van (ဒီဇယ်) | 88/89 | (၁ခ) | ၃၂၀ |
| Toyota Corona 2.0 Van (ဒီဇယ်) | 90/91 | (၁ခ) | ၃၃၀ |
| Toyota Publica | 86/87 | (၁က) | ၁၅၀ |
| Toyota Publica | 86/87 | (၁ခ) | ၁၆၈ |
| Toyota Publica | 88 | (၁က) | ၁၅၀ |
| Toyota Publica | 88 | (၁ခ) | ၁၈၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၃၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၇၅ |
| Sunny Super Salloon (1.5) | 86/87 | (၁က) | ၂၁၀ |
| Sunny Super Salloon (1.5) | 86/87 | (၁ခ) | ၂၈၀ |
| Sunny Super Salloon (1.5) | 88/89 | (၁က) | ၁၉၅ |
| Sunny Super Salloon (1.5) | 88/89 | (၁ခ) | ၂၅၀ |
| Sunny Super Salloon (1.5) | 90/91 | (၁က) | ၂၄၀ |
| Sunny Super Salloon (1.5) | 90/91 | (၁ခ) | ၂၉၀ |
| Marlk II Groire(ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၂ခ) | ၅၅၀ |
| Marlk ll Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၆၀၀ |
| Marlk ll Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၆၅၀ |
| Marlk ll Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၆၃၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၃၈၀ |
| CROWN MAJESTA (4.0) | 96/97 | (၁ခ) | ၆၃၀ |
| PAJERO V46 (2.8) | 96 | (၂ခ) | ၈၂၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၁၃၅၀ |
| TOYOTA LANDCRUISER (4.7) | 98 | (၃ခ) | ၁၃၀၀ |
| TOYOTA PRADO (3.0) | 96TZ | (၃ခ) | ၁၂၅၀ |
| TOYOTA PRADO (2.4D) | 92 | (၃ခ) | ၁၂၀၀ |
| HILUX (DOUBLE CAB) (3.0) | 98 | (၃ခ) | ၇၀၀ |
| HILUX (DOUBLE CAB) (2.4) | 98 | (၃ခ) | ၆၅၀ |
| HILUX (DOUBLE CAB) (2.8) | 95 | (၃ခ) | ၆၅၀ |
| HILUX SURF (3.0) | 97 | (၃ခ) | ၇၀၀ |
| HILUX SURF (3.0) | 94 | (၃ခ) | ၆၅၀ |

* အထက်ပါကားများသည် အကွာရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm



## တီဗီရောင်စုံများ

(၁-၈-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၁၆၅,၀၀၀ |
| DISTAR | 2130 (STEREO) | 21" | ၁၃၅,၀၀၀ |
| DISTAR | 2947 | 29" | ၂၄၅,၀၀၀ |
| DISTAR | 2545 | 25" | ၁၉၅,၀၀၀ |
| Toshiba | 21 S3 | 21" | ၁၇၀,၀၀၀ |
| Toshiba | 29 A3 | 29" | ၂၉၀,၀၀၀ |
| SANYO | 21KX8 | 21" | ၁၆၀,၀၀၀ |
| SANYO | 21 AF8VA | 21" | ၁၉၆,၀၀၀ |
| SANYO | 29 KX5 | 29" | ၂၉၄,၀၀၀ |
| SANYO | 14KX8 | 14" | ၁၁၀,၀၀၀ |
| Samsung | 21M16 | 21" | ၁၇၀,၀၀၀ |
| SANYO | 14G81A | 14" | ၁၁၀,၀၀၀ |

## ရေခဲသေတ္တာများ

(၁-၈-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ (CANCOOLER) | 405 | ၄၄၅,၀၀၀ |
| DISTAR | 960A | ၁၅၅,၀၀၀ |
| SANYO | SR521 | ၁၂၀,၀၀၀ |
| Panasonic | 184 H | ၁၆၅,၀၀၀ |
| Panasonic | 184 W | ၁၇၅,၀၀၀ |
| SANYO | 152C | ၁၄၅,၀၀၀ |
| SANYO | 159C | ၁၅၅,၀၀၀ |
| SANYO | 563C | ၁၇၀,၀၀၀ |
| SANYO | 163CQ | ၁၇၅,၀၀၀ |
| SANYO | 570 | ၁၈၅,၀၀၀ |
| TOSHIBA | 22SPT | ၃၀၅,၀၀၀ |
| TOSHIBA | 37ST | ၃၇၀,၀၀၀ |
| TOSHIBA | 46ST | ၄၄၀,၀၀၀ |
| TOSHIBA | 17ZD | ၁၇၀,၀၀၀ |
| SAUMSUNG | 18FH | ၁၆၈,၀၀၀ |
| SANYO | SR408D | ၃၁၅,၀၀၀ |
| SANYO | SR409D | ၃၅၅,၀၀၀ |

## VCD ပြစက်

(၁-၈-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၄၉,၅၀၀ |
| Samsung | Z10 MM | ၃၈,၀၀၀ |
| Samsung | 30 Me | ၅၂,၅၀၀ |
| DISTAR | 2217K | ၃၂,၀၀၀ |

## DVD ပြစက်

(၁-၈-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၉,၅၀၀ |
| SAMSUNG | 338 K | ၇၂,၅၀၀ |
| SAMSUNG | 248 | ၇၂,၀၀၀ |
| SAMSUNG | 339 | ၅၆,၅၀၀ |
| SANYO | 9501 | ၈၅,၀၀၀ |

## လေအေးစက်များ

(၁-၈-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၂၈၉,၀၀၀ |
| SANYO | 122G | ၃၉၀,၀၀၀ |
| SANYO | 94 G | ၂၈၉,၀၀၀ |
| SANYO | 124G | ၃၉၀,၀၀၀ |
| SANYO | 182G/1846 | ၅၉၅,၀၀၀ |
| SANYO | 99G | ၂၀၅,၀၀၀ |
| SANYO | 123S | ၂၅၈,၀၀၀ |
| SANYO | 183S | ၄၃၀,၀၀၀ |
| SANYO | 131S | ၄၃၀,၀၀၀ |
| SANYO | 181 G | ၅၆၀,၀၀၀ |
| Ichiban | 094EK | ၁၈၅,၀၀၀ |
| Ichiban | 124EK | ၂၄၀,၀၀၀ |
| SANYO | 94H | ၂၀၅,၀၀၀ |
| SANYO | 124H | ၂၅၈,၀၀၀ |
| PANASONIC | XC 9CKH | ၃၆၅,၀၀၀ |
| PANASONIC | XC 12CKH | ၄၄၅,၀၀၀ |
| PANASONIC | 91JH | ၂၁၀,၀၀၀ |
| PANASONIC | 121 VH | ၂၆၅,၀၀၀ |

## အဝတ်လျှော်စက်များ

(၁-၈-၂၀၀၅)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၀၅,၀၀၀ |
| SANYO | 450 FT | ၁၄၅,၀၀၀ |
| SANYO | 91 AT | ၂၂၅,၀၀၀ |
| SANYO | Ws 92 AT | ၂၄၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၁-၈-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅၁၀၀ |

www.foreverspace.com.mm



| | |
|---|---|
| Horlick (200g) (အိန္ဒိယ) | ၁၅၀၀ |
| Horlick(ကော်ဘူးကြီး) 1.80kg | ၈၇၀၀ |
| Junior Horlick (400 g) | ၂၆၅၀ |
| Milo (400g) ခဲထုပ် | ၁၈၅၀ |
| Milo (400 g) (ပုလင်း) | ၂၆၀၀ |
| Maltova (400 g) (နီ) | ၂၃၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၁၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၂၃၀၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၁၅၀၀ |
| OWL (Tea mix ) (၃၀ ထုပ်ဝင်) | ၁၈၀၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁၃၀၀ |
| NESCAFE (Red Cup)(200g) | ၃၁၅၀ |
| NESCAFE (Red Cup)(200g) (ခဲထုပ်) | ၂၄၀၀ |
| NESCAFE (Red Cup) (50g) | ၁၀၀၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၁၇၀၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၁၇၀၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၁၆၀၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၁၅၅၀ |
| Royal Myanmar (Tea Mix)(၁၀ ထုပ်ဝင်) | ၅၅၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၂၄၅၀ |
| Special Cereal (၂၀ ထုပ်ဝင်) | ၁၃၀၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၅၂၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၂၅၅၀ |
| Goldroast (၁၀ ထုပ်ဝင်) | ၄၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၁၀၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၁၅၀၀ |
| Ovaltine (400g) နီ | ၂၅၀၀ |
| Complan (500g) (ဖြူ) | ၃၃၀၀ |
| Ovaltine (200g) နီ | ၁၄၅၀ |
| Ovaltine (450g) (စက္ကူဘူး) | ၂၀၅၀ |
| Maltova (450g) (ချော့ကလက်) | ၂၃၀၀ |
| Calsome(Nutrious Cereal) (၃၀ထုပ်ဝင်) | ၁၅၀၀ |
| BLUE Coffemix (၂၄ ထုပ်ဝင်) | ၁၀၀၀ |
| PREMIER COFFEE (၃၀ထုပ်ဝင်) | ၁၇၀၀ |
| Coffee King (၅၀ထုပ်ဝင်) | ၁၈၅၀ |
| Tang လိမ္မော်မှုန့် 750g | ၂၄၅၀ |
| Mother Horlicks 500g | ၃၄၀၀ |
| Complan 500g (ချော့) | ၃၃၀၀ |
| Ovaltine 400g (ဖြူ) | ၂၆၀၀ |
| Ovaltine 200g (ဖြူ) | ၁၅၅၀ |
| Ovaltine 400g (စက္ကူဘူး) | ၂၂၅၀ |
| Gold Hill Mashed Potatoes (၁၀ ထုပ် ၁ ပါကင်) | ၂၃၀၀ |

## နို့မှုန့်ဘူးများ

(၁-၈-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၇၄၅၀/၇၂၀၀ |
| Dumex (700g)(Segara)(နီ)ခဲထုပ် | ၅၁၀၀ |
| Promex (900g) | ၃၃၀၀ |
| Promex (400g) | ၁၈၀၀ |
| Dumex (3plus)(700g) | ၅၆၅၀ |
| Dumex (Step-1)(450g) | ၃၈၅၀ |
| SMA (1kg) | ၉၇၀၀ |
| Dumex Step 1,2 800g | ၆၀၀၀/၅၈၀၀ |
| Dumex 1Plus 700g | ၅၇၀၀ |
| Dumex 1Plus (Honey) 700g | ၅၈၅၀ |
| Dumex Ma Ma Plus 400g | ၄၇၀၀ |
| Dumex Lactose free 400g | ၄၈၀၀ |
| Blue Star 400g | ၁၃၀၀ |
| Blue Star 900g | ၃၅၀၀ |
| Blue Star 1.8 Kg | ၇၃၀၀ |
| Blue Star 2.5 Kg | ၁၀၈၀၀ |
| Cow head full cream 1.8 Kg | ၁၀၈၀၀ |
| Cow head full cream 2.5 Kg | ၁၄၀၀၀ |
| လက်တိုဂျင် 1000 g 1,2 | ၆၁၅၀/၆၀၀၀ |
| Nestle BEAR BRAND 1 Plus 800g | ၃၄၀၀ |
| Nestle BEAR BRAND 3 Plus 800g | ၃၆၀၀ |
| Nestle ဆန် သံဘူး | ၂၂၀၀ |
| Nestle ဂျုံ သံဘူး | ၃၁၀၀ |
| Nestle လေးမျိုးစပ် သံဘူး | ၂၆၅၀ |

## စီးကရက်များ

(၁-၈-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Vegas | ၃၀၀ |
| Vegas (Light) | ၃၀၀ |
| Export Duya | ၁၀၀ |
| London (ရိုးရိုး) | ၅၀၀ |
| 555 | ၁၂၀၀ |
| Marlboro (Light) | ၁၃၀၀ |
| MILD SEVEN | ၁၄၀၀ |
| DUYA ရွှေရောင် | ၁၉၀ |
| Golden Triangle | ၁၈၀ |
| Paris | ၁၈၀ |
| Lucky | ၉၀ |
| 555 (Lights) | ၁၂၀၀ |
| MILD SEVEN (Lights) | ၁၄၀၀ |

www.foreverspace.com.mm



| | |
|---|---|
| DUNHILL | ၁၀၅၀ |
| Marlboro/Marlboro(MENTHOL) | ၁၁၅၀/၁၂၅၀ |
| RAVE | ၄၀၀ |

## နိုင်ငံခြား အရက်များ

(၁-၈-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75CI) (12Years Old) | ၉၉၀၀ |
| CHIVAS (75Cl) | ၁၉၀၀၀ |
| Hennessy(V.S.O.P)(35CI) | ၁၆၅၀၀ |
| Hennessy(V.S.O.P)(70CI) | ၂၈၀၀၀ |
| VAT 69 (75CI) | ၈၂၀၀ |
| Jonnie Walker (Red)(75CI) | ၁၁၂၅၀ |
| Jonnie Walker (Red)(37.5CI) | ၆၃၀၀ |
| Jonnie Walker (Red)(1Liter) | ၁၃၉၀၀ |
| Jonnie Walker (Black)(20CI) | ၆၄၀၀ |
| Jonnie Walker (Black)(37.5CI) | ၁၀၈၀၀ |
| Jonnie Walker (Black)(75CI) | ၂၁၇၀၀ |
| Jonnie Walker(Black)(1Liter) | ၂၆၆၅၀ |
| LANGS(Aged 5 Years)(75CI) | ၈၈၀၀ |
| Black & White (1Liter) | ၁၁၅၀၀ |
| Black & White (75CI) | ၈၈၀၀ |
| Gold Label (75CI) | ၃၄၀၀၀ |
| Black Cat (75CI) | ၅၃၀၀ |
| Black Cat (35CI) | ၂၇၅၀ |
| WHITE & MACKAY (75Cl) | ၉၄၀၀ |
| DALMORE (75CI) | ၈၃၀၀ |
| SCOTS CLUB (75CI) | ၅၈၀၀ |
| SCOTTISH LEADER | ၅၆၀၀ |
| Blue Label | ၉၇၀၀၀ |
| BACARDI (75CI)Limon | ၈၂၀၀ |
| BACARDI (75CI)ရွှေရောင်/အဖြူရောင် | ၈၃၀၀ |
| (KING ROBERT) VODKA (75CL) | ၅၀၀၀ |
| (KING ROBERT)Gin (75CL) | ၃၉၀၀ |
| (KING ROBERT)Whisky(75CL) | ၅၅၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁၁၅၀ |
| VAT 69(1Liter) | ၁၁၀၀၀ |
| Mekhong (75CL) | ၅၀၅၀ |
| Mekhong (37.5CL) | ၂၆၀၀ |
| THE FAMOUS GROUSE (75CL) | ၁၀၀၀၀ |
| INVER HOUSE (75CL) | ၇၂၀၀ |
| TOMINTOUL (75CL) | ၉၀၀၀ |
| PASSOPRT SCOTCH(75CI) | ၈၈၀၀ |
| Ballantine (75Cl) | ၉၉၀၀ |
| Ballantine (35Cl) | ၂၈၀၀ |
| SPEY ROYAL (70Cl) | ၄၄၀၀ |
| SPEY ROYAL (35Cl) | ၂၂၀၀ |

## မုန့်ပုံး သံဘူးများ

(၁-၈-၂၀၀၅)

| | |
|---|---|
| Starkist | ၄၂၅၀ |
| မိသားစု | ၄၂၅၀ |
| MELODIES | ၄၀၅၀ |
| Popcorn Crackers | ၄၃၀၀ |
| Cream Crackers(Hup Seng) | ၄၄၀၀ |
| Victory | ၃၂၀၀ |
| (TATAWA) Wonderful | ၃၆၀၀ |
| (KHIAN GUAN) Top Choice | ၄၁၀၀ |
| (HWA TA) Choice | ၃၇၅၀ |
| (KWA TA) Festival | ၃၆၀၀ |
| (KERK)Classic | ၃၆၀၀ |
| (Munchys) Fummix | ၃၈၀၀ |
| (Munchys) Topmix | ၃၈၀၀ |
| Tip Top | ၃၅၅၀ |
| ALWAYS | ၃၆၀၀ |
| Break Away | ၃၆၀၀ |
| Four SEOSONS | ၃၄၅၀ |
| Time's Right | ၃၆၀၀ |
| Summer Day | ၃၆၀၀ |
| (Shan Fatl) City | ၃၂၀၀ |
| Happy Day | ၃၆၀၀ |
| (julie's) Family | ၃၂၀၀ |
| (Julie's) Assortics | ၃၅၀၀ |

## ခေါက်ဆွဲခြောက်များ

(၁-၈-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၈၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၈၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၈၀ |
| TOMO အုန်းနို့ | ၁၀၀ |
| TOMO ကိုရီးယားချဉ်စပ် | ၉၀ |
| TOMO အသုပ် | ၈၀ |
| TOMO ကြက်ပြုတ် | ၇၀ |
| TOMO ကြက်ဆီချက် | ၉၀ |
| MAMEE ကြာဆံ | ၁၂၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၈၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၉၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၈၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၉၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၈၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၈၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၉၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၁၇၀ |
| Shin Shin (ကြာဆံ) | ၁၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၉၀ |
| Yum Yum ကြက်သားချဉ်စပ် | ၉၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၁၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၇၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၇၀ |

## သွားတိုက်ဆေးများ

(၁-၈-၂၀၀၅)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) | ၂၇၀ |
| CoIgate (40g) DoubIe CooI Stripe | ၂၅၀ |
| CoIgate (160g) DoubIe CooI Stripe | ၁၀၅၀ |
| Close-Up (New)(40g) | ၃၀၀ |
| Close-Up (160g) | ၁၁၀၀ |
| DARLIE (200g) နှစ်ဘူးတွဲ | ၁၈၀၀ |
| V5 Pepsodent (70g) | ၁၈၀ |
| LASER | ၂၇၀ |
| Miss Dental (50 g) | ၃၂၀ |
| CoIgate Fresh Cool Mint 200g | ၁၀၀၀ |
| CoIgate Great Regular 200g | ၁၀၀၀ |
| CoIgate Total Fresh Stripe 160g | ၂၂၅၀ |
| CoIgate Whitening 160g | ၁၈၅၀ |
| CoIgate gel (စိမ်း) 160g | ၁၁၀၀ |
| KODOMO 80g | ၁၂၀၀ |
| ORALMED 40g | ၆၀၀ |
| ZACT LION 90g | ၉၀၀ |
| Fresh & White Gel 100g | ၈၀၀ |
| Smile Up 105g | ၆၅၀ |
| တရုတ်သွားတိုက်ဆေး ဘူးပြာကြီး | ၂၃၀ |

www.foreverspace.com.mm



| | |
|---|---|
| တရုတ်သွားတိုက်ဆေး ဘူးပြာသေး | ၈၀ |
| Fresh Up 160g | ၆၀၀ |

## ကိုယ်တိုက်ဆပ်ပြာများ

(၁-၈-၂၀၀၅)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Imperial Leather (65g) | ၁၇၀ |
| Imperial Leather (125g) | ၃၃၀ |
| Beauty | ၁၃၀ |
| GIV (80g) | ၁၅၀ |
| Style (75g) | ၁၀၀ |
| Dettol (60g) | ၃၀၀ |
| Miss | ၁၅၀ |
| 1 Plus 1 | ၁၀၀ |
| DOVE | ၆၅၀ |
| NIVEA 100g | ၄၅၀ |
| Protex | ၄၅၀ |
| Bamboo Salt | ၆၅၀ |
| Say 100g | ၆၅၀ |
| PRICKLY HEAT | ၇၀၀ |
| YOKO WHITENING Herbal 110g | ၇၀၀ |
| Vaseline HARMONY 100g | ၃၅၀ |
| PREMIER 100g | ၂၈၀ |
| Safeguard 100g | ၃၅၀ |
| Fa 2 in 1 100g | ၅၂၀ |
| ASEPSO | ၄၅၀ |
| CAMAY | ၄၅၀ |
| Palmolive အကြည် | ၃၅၀ |
| (Cussons) Pearl 100g | ၂၅၀ |
| Fair & Lovely 75g | ၃၀၀ |
| LUX 100g | ၂၂၀ |
| KAO | ၃၀၀ |
| Parrot | ၁၃၀ |
| Flore 90g | ၁၈၀ |
| Paris 135g | ၂၅၀ |
| Paris 90g | ၁၅၀ |
| A21 (နက်)70g | ၁၅၀ |
| A21 (နက်)125g | ၂၅၀ |
| DG Soap 100g | ၁၈၀/ ၂၀၀ |

## ခြင်ဆေးခွေ

(၁-၈-၂၀၀၅)

| **အမျိုးအစား** | **နှုန်း(ကျပ်)** |
|---|---|
| Jumbo (12)coils | ၂၅၀ |
| Fumakilla (10) coils | ၁၅၀ |
| MARS | ၁၅၀ |
| King Kong | ၁၇၀ |
| Raid | ၂၉၀ |
| ATAK | ၁၇၀ |
| FIGHTER | ၁၇၀ |
| GO! | ၂၀၀ |
| Double Cow | ၁၅၀ |
| MOSFLY | ၁၅၀ |
| ဂေါ်ဇီလာ | ၂၂၀ |
| MARS POWER | ၁၈၀ |
| Jumbo (30) | ၆၀၀ |
| ARS | ၁၂၀ |

# ကွန်ပျူတာဈေးနှုန်းများ

(၁-၈-၂၀၀၅)

### ❑ KMD BASIC MODEL

- Intel Celeron 2.4D GHz (256MB, 533 MHz)
- GIGA 8VM533 Rz Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi, 7200 RPM). 1.44MB FDD (Mitsumi)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse (Aopen)
- Mouse Pad Picture
- P4 Casing (Normal with Front USB)

Price 395,000 Ks

### ❑ CFTG Power Computer

- Intel Pentium 4 2.4 GHz processor with included:
- Gigabyte 8 VM 533 M/B with AGP, Sound & Lan Builtin
- 256 MB DDR RAM
- 80 GB IDE HDD
- 1.44 MB FDD
- P4 Tower Casing With Power Supply
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic/Samsung)

Price 503,000 Ks

### ❑ KMD PREMIUM MODEL

- Intel Pentium 4 3.4 GHz [1MB L2 Cache/800 MHz]
- GIGA- 81PE775 Pentium 4 Motherboard [Builtin Sound]
- 512 MB (2 x 256) DDR RAM (400 MHz/Kingston, Dual DDR)
- 80GB Hard Disk Drive (7200RPM)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 128 MB 3D Graphic Card W/TV Out (FX5200)
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse (Aopen)
- Mouse Pad with Picture
- Pentium 4 Casing (iCut-Light high)

Price 800,000 Ks

[ဇူလိုင်လအတွင်းမှစ၍ ငွေလဲနှုန်း အနည်းငယ်မြင့်တက်မှုကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးနှုန်းများသည်လည်း မြင့်တက်ခဲ့သည်။ အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဩဂုတ်လ ၁ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လိုပါက (သို့မဟုတ်) လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။]

www.foreverspace.com.mm



### ❑ Multimedia

| | |
|---|---|
| PCI Sound Card (Creative SB Live Value) | 39,400 Ks |
| 52X CD-ROM (LG) | 15,500 Ks |
| 52 X CD-ROM (SONY) | 20,000 Ks |
| 16X Sony DVD | 30,500 Ks |
| Sony CD Writer (52 x 32 x 52 x) | 48,500 Ks |
| 720 Watt Speakers | 4,100 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 60,000 Ks |

### ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi-7200 RPM) | 66,500 Ks |
| 160 GB (Hitachi-7200 RPM) | 102,500 Ks |

### ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Philips) | 108,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 152,000 Ks |
| 15" LCD Color Monitor (Philips) | 242,000 Ks |
| 17" LCD Color Monitor (Philips) | 314,000 Ks |

### ❑ Printer

| | |
|---|---|
| HP Laser jet 1020 Printer (USB) | 183,000 Ks |
| HP Laserjet 1320 (USB & Parallel) | 376,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 205,920 Ks |
| EPSON C65 Printer | 93,600 Ks |
| EPSON C45 Inkjet Printer | 60,840 Ks |
| EPSON Photo R310 Printer | 245,700 Ks |
| EPSON Aculaser C-1100 Laser Printer | 1,462,500 Ks |
| EPSON Aculaser C-1900 Laser Printer | 1,696,500 Ks |
| EPSON Laser 6200L | 219,960 Ks |
| Fuji Xerox Laser 3116 Printer (USB) | 192,000 Ks |
| Fuji Xerox Laser 3130 Printer (USB) | 348,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection 1270 Photo | 122,850 Ks |
| EPSON perfection 3170 (Photo) | 362,700 Ks |
| Flatbed Scanner HP 2400c (USB) | 90,000 Ks |
| Flatbed Scanner HP 8200C (USB) | 566,000 Ks |


### ❑ Toner

| | |
|---|---|
| HP Toner 5L-6L | 59,100 Ks |
| HP 1300 Toner/HP 1010 Toner | 66,200 Ks |
| HP 1100 Toner | 57,000 Ks |

### ❑ UPS

| | |
|---|---|
| 600VA (Power Tree) Basic | 36,000 Ks |
| 1.2KVA (Power Tree) | 67,5000 Ks |
| 600 VA (Power Tree) Classic | 40,000 Ks |

မှတ်ချက်။ ။ဖော်ပြပါဈေးနှုန်းများကို **Client Focus Technology Group** နှင့် **KMD Computer Centre** တို့မှ ရယူထားပါသည်။ (အယ်ဒီတာ)



www.foreverspace.com.mm



# ? ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why ?

## 7 LED / KRYPTON HEADLAMP



သွားဘက်ဆိုင်ရာဆရာဝန်နှင့် တောင်တက်သမားများ အသုံးပြုသော LED မီးလုံး ခုနစ်လုံးပါ ခေါင်းစီးမီးသီးဖြစ်။ အဆင့်သုံးဆင့်ဖြင့် အသုံးပြုရပြီး ပထမအဆင့် အပေါ်မီး သုံးလုံးလင်း၊ ဒုတိယအဆင့် အောက်မီး သုံးလုံးလင်း၊ တတိယအဆင့် အလယ်မှ LED မီးလုံးတစ်လုံးလင်းသည်ဟုဆို။ AAA ဓာတ်ခဲ သုံးလုံးဖြင့် အသုံးပြုနိုင်။ စင်ကာပူနိုင်ငံမှ ထုတ်လုပ်ပြီး ရောင်းဈေး ၆၅၀၀ ကျပ်ဖြစ်။



## Mini Night Light MX - 691

ညအိပ်မီးသီးနှင့် တွဲဖက်အသုံးပြုသော ခြင်မောင်းစက်ဖြစ်။ ခြင်မောင်းထုတ်ရန် စက်တွင် ခြင်ဆေးပြားထည့်၍ အသုံးပြုနိုင်။ ခြင်ဆေးပြားကို သီးသန့်ဝယ်ယူအသုံးပြုရသည်ဟုဆို။ တရုတ်နိုင်ငံကထုတ်လုပ်ပြီး ရောင်းဈေး ၃၅၀၀ ကျပ်ဖြစ်။

## SONCA BODY ALARM SE 111




သူခိုးဖမ်းပေးနိုင်သောစက်ဖြစ်။ မိမိပိုက်ဆံအိတ်အတွင်းထည့်ထားပြီး မသိအောင် အိတ်ဖွင့်မည်ဆိုပါက အသံပေးသော ကိရိယာဖြစ်။ အိမ်ခန်း၊ ကုမ္ပဏီရုံးခန်းများတွင်လည်း တပ်ဆင်အသုံးပြုထားနိုင်ဟုဆို။ AA ဓာတ်ခဲ နှစ်လုံး အသုံးပြုထား။ ထိုင်ဝမ်က ထုတ်လုပ်ပြီး ရောင်းဈေး ၅၅၀၀ ကျပ်ဖြစ်။


www.foreverspace.com.mm



## Micro Tel Auto Answering Recording Function Caller ID Carded Phone KX - TC 2020 CID




အသံသွင်းထားပြီး အလိုအလျောက် ဖြေကြားပေး၍ တစ်ဖက်မှ ပြောဆိုမှုကို အသံဖမ်းယူထားနိုင်သည့် တယ်လီဖုန်းဖြစ်။ အဝင်အထွက်နံပါတ်ကို မှတ်သားထားနိုင်။ အချိန်နာရီပါရှိပြီး ရောင်းဈေး သုံးသောင်းကျပ်ဖြစ်။ ထိုင်ဝမ်မှတင်သွင်း။



## PANGAO PG - 2001

ဝမ်းဗိုက်ရှိ အဆီကိုကျစေသော အဆီချခါးပတ်ဖြစ်။ လက်မောင်း၊ ပေါင်ရှိ အဆီတို့ကိုလည်း ကျစေနိုင်။ သံလိုက်ပါဝင်၍ အဆီကိုပိုမိုပျော်ဝင်စေသည်ဟုဆို။ တုန်ခါမှုနှင့် နာကျင်မှု အဆင့် နှစ်ဆင့်ပါရှိ။ ထိုင်ဝမ်မှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၃၅၀၀၀ ဖြစ်။

## FOOT MASSAGER ALIYE AND RELAX 2-IN-1



လေဖြတ်ရောဂါသည်များအတွက် အကြောပြေနိုင်သော ခြေဖဝါးနှိပ်ဖိနပ်ဖြစ်။ အဆင့် ခြောက်ဆင့်ပါရှိ၍ အဆီချနိုင်ဟုဆို။ AAA ဓာတ်ခဲ နှစ်လုံးအသုံးပြု။ ထိုင်ဝမ်မှတင်သွင်းပြီး ရောင်းဈေး ကျပ် ၂၀,၀၀၀ ဖြစ်။




## GEEPAS WH 8200

ကော်ဖီစေ့ ကြိတ်သောစက်ဖြစ်။ တစ်ခါကြိတ်လျှင် ၈၅ ဂရမ် ကြိတ်ယူနိုင်။ မြေပဲဆန် စသည့်အစေ့များကိုလည်း လိုအပ်သလို ကြိတ်ယူနိုင်ဟုဆို။ ရောင်းဈေး ၁၁,၀၀၀ ကျပ်ဖြစ်ပြီး ရုရှားနိုင်ငံမှ တင်သွင်း။

www.foreverspace.com.mm



## MITSUMARU AP - 888

ထမင်းဆိုင်နှင့် လုပ်ငန်းခွင်သုံး ဆန်သုံးပြည်ချက် ထမင်းပေါင်းအိုးဖြစ်။ ချက်ထားပြီးသောထမင်းကို ပူနွေးအောင် နွေးပေးထားနိုင်ဟုဆို။ ထိုင်းနိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ကျပ် ၁၃၅,၀၀၀ ဖြစ်။



## အလှဆင်ငှက်ရုပ်

အိမ်ခန်း၊ ရုံးခန်းများတွင် အလှဆင်ပစ္စည်းအဖြစ် ထားရှိနိုင်သော အသံမြည်သည့် Happy Bird ငှက်ရုပ်ဖြစ်။ Remote Control စနစ်ဖြင့် အသုံးပြုနိုင်ပြီး Wireless Digital Door Bell ဖြစ်။ တောတွင်းတွင် ငှက်မြည်သံကြားရသည့်အတိုင်း နားဆင်နိုင်။ ရောင်းဈေး ကျပ် ၁၃,၀၀၀ ဖြစ်။



## BELKIN FM Transmitter

နေအိမ်နှင့် ကားများအတွင်းတပ်ဆင်၍ FM ရေဒီယိုထုတ်လွှင့်နိုင် သော Audio Device ကိရိယာဖြစ်။ FM Channel 88.1 MHz မှ 107.9 MHz အတွင်း ထုတ်လွှင့်ပေးနိုင်ပြီး FM လိုင်းလေးလိုင်းကို မှတ်သားထားနိုင်။ ဘက်ထရီအားသွင်းနိုင်မည့် Power Cable ကြိုးပါရှိ။ အလိုအလျောက် ဖွင့်နိုင်ပိတ်နိုင်။ 3.5 mm Stereo Headphone Plug ပါရှိပြီး ဘက်ထရီသက်တမ်းမှာ ၁၀ နာရီခံဟုသိရ။ တရုတ်နိုင်ငံမှတင်သွင်းပြီး ရောင်းဈေးမှာ 52 US$ ဟုဆို။




## TOSHIBA Tablet R 10

ပြည်တွင်းကွန်ပျူတာပစ္စည်းဈေးကွက်အတွင်းသို့ TOSHIBA မှ ပထမဦးဆုံး ဝင်ရောက်လာသော ကျောက်သင်ပုန်း PC ခေါ် Tablet PC ဖြစ်။ PM DOTHAN 1.6 MHz အမျိုးအစားဖြစ်ပြီး Memory 256 MB ပါရှိ။ 14" XGA Display Screen ကို အသုံးပြုထား။ Hard Disk ပမာဏ 40 GB ရှိပြီး LAN, Modem, DVD-CDRW Combo တို့ တစ်ပါတည်းပါရှိ။ ရောင်းဈေး US$ 2100 ဟုဆို။

www.foreverspace.com.mm





## TOSHIBA Portage Notebook A 200

မြင်ကွင်းကိုကြည်လင်ပြတ်သားစေသည့် နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုထားသော ခရီးဆောင် Notebook ဖြစ်။ Centrino 1.6 GHz အမျိုးအစားဖြစ်ပြီး Memory 512 MB ပါရှိ။ 12" CSV Display Screen ကိုအသုံးပြုထား။ Hard Disk ပမာဏ 60 GB ရှိပြီး LAN, Modem, SD SLOT, DVD-CD RW Combo တို့တစ်ပါတည်းပါရှိ။ အလေးချိန် 800 g မျှသာရှိပြီး ရောင်းဈေး US$ 2100 ဟုဆို။




## GIGABYTE Wireless LAN Card

Operating Indoors စနစ်ဖြင့် ဆက်သွယ်အသုံးပြုနိုင်ပြီး 11 Mbps နှုန်းအထိ ပေးပို့နိုင်။ Host Interface USB 1.1 ဖြင့် PC နှင့် ဆက်သွယ်နိုင်ပြီး External Antenna တစ်ခုပါရှိ။ ရောင်းဈေး US $ 42 ဟုသိရ။



## HP 2550 L Color Laser Printer

Color အရောင်လေးမျိုးပါ Castridges ဖြင့် ထည့်သွင်းအသုံးပြုနိုင်။ ရောင်စုံဆိုလျှင် တစ်မိနစ် လေးရွက်နှုန်း Print ထုတ်ပေးနိုင်ပြီး အဖြူအမည်းဆိုပါက တစ်မိနစ် ၂၀ ရွက်နှုန်းအထိ Print ထုတ်ပေးနိုင်။ တန်ဖိုး US $ 487 ဟုဆို။




## Creative 256 MB MP3 Player

LCD Screen ပါရှိပြီး File Size ပမာဏ 256 MB အထိ ထည့်သွင်းသယ်ဆောင်သွားနိုင်သော MP3 Player ဖြစ်။ FM ရေဒီယို ဖမ်းယူနားဆင်နိုင်။ 128 MB ပမာဏအထိ အသံကိုဖမ်းယူထားနိုင်ပြီး Recorder အဖြစ်ပါ အသုံးပြုနိုင်ဟုဆို။ ရောင်းဈေး 103 US$ ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဦးဘစိန်လျှပ်စစ်ပစ္စည်းဆိုင်၊ ဒေါ်အေးလျှပ်စစ်၊ Ever Fine စတိုး၊ Technoland Computer Mega Store နှင့် Lucky Bird Co., Ltd. တို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm



ဤကဏ္ဍတွင်......
၁၄၀ အပေါ်စားကော်ပီတေးများကို ကျွန်တော်မုန်းသည်
၁၄၄ ဗုဒ္ဓအလိုကျဘောဂဗေဒ
၁၄၇ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားရမည့်အခြေခံမှု(၁၀)ချက်
၁၅၁ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း (၂၆)
၁၅၄ ကျွန်တော်ပန်းချီကုန်သည် (၃၄)



# အပေါစားကော်ပီတေးများကို ကျွန်တော်မုန်းသည်

စောဒက

**ကျွန်တော်** ဂီတကိုချစ်သည်။ မြတ်နိုးသည်။ ကိုယ်ပိုင်သံစဉ်ဖြစ်စေ၊ ကော်ပီတေးဖြစ်စေ အနုပညာရသမြောက်အောင် ရေးဖွဲ့နိုင်သူ၊ ရင်ထဲအထိရောက်သွားအောင် သီဆိုနိုင်သူများကိုလည်း အပြည့်အဝလေးစားသည်။

ကျွန်တော်ငယ်စဉ်ဘဝက စတီရီယိုခေတ်ဦးကို အနည်းငယ်မီလိုက်သည်။ ထိုစဉ်က စတီရီယိုတေးသံရှင်များအားလုံး၏ နာမည်ကြီးသီချင်းအချို့ကို အလွတ်ရသည်။ ထိုတေးသံရှင်များထဲတွင် ကိုယ်ပိုင်သံစဉ်သမားထက် ကော်ပီသမားက များသည်။ သို့သော် ကော်ပီတေးစာသားများသည် ပေါ့ပေါ့သွမ်းသွမ်း၊ တောရမ်းမယ်ဘွဲ့ အများကြီးမရှိ။ သူ့တေးသွားနှင့် သူ့စာသားနှင့် လိုက်ဖက်ညီအောင် ကြိုးစားထားကြသည်။ စတီရီယိုခေတ်ဦးကာလ ကျော်စပြုလာတော့ ကိုယ်ပိုင်သံစဉ်သမားတို့ နာမည်ရလာသည်။ ကျွန်တော် ကောင်းကောင်း သိမီသောကာလလည်းဖြစ်သည်။ စိုင်းထီးဆိုင်၊ ခိုင်ထူး၊ ခင်မောင်တိုး၊ ဂျေမောင်မောင်၊ ဖိုးချို၊ ကိုင်ဇာတို့က ကိုယ်ပိုင်သံစဉ်လိုင်း၊ ပလေးဘွိုင်းသန်းနိုင်၊ စိုးပိုင်၊ ဘိုဘိုဟန်၊ ကျော်ဟိန်းတို့က ကော်ပီလိုင်း၊ မညာစတမ်းဝန်ခံရပါမူ ကိုယ်ပိုင်သံစဉ်သမားကို ကျွန်တော် ပိုလေးစားသည်။ သို့သော် ကော်ပီသမားကိုလည်း အထင်တော့မသေး။ ကော်ပီသီချင်းတွေထဲမှာ စာသားပြောင်ပြောင်မြောက်မြောက် ထည့်သွင်းနိုင်သူ တေးရေးဆရာများကြောင့် ကော်ပီအဆိုရှင်အချို့ ထိုစဉ်က နာမည်ကြီးကြသည်။

စင်စစ် ကော်ပီနှင့် မြန်မာသံစဉ်စစ်စစ်တို့၏ ဆက်စပ်မှုမှာ ယခုမှမဟုတ်၊ ဟိုးယခင်ကတည်းက ယိုးဒယားပတ်ပျိုးတို့ ဘာတို့ ရှိခဲ့သည်။ သည်ဘက်ခေတ်တွင်တော့ အင်္ဂလိပ်သီချင်းတွေကို ကော်ပီလုပ်ကြတာများသည်။ သိသိသာသာရှိသည်မှာ တရုတ်သီချင်းများကို ကော်ပီပြုပြီး စိုးပိုင်က အိန္ဒိယသီချင်းတွေ ကော်ပီအဆိုများသည်။ ကျန်တေးသံရှင်များကမူ ရောပြွမ်းသော ပြွမ်းကော်ပီပြုကြသည်။ ဒီဘက်ခေတ်ရောက်တော့လည်း ကော်ပီတေးများ ပို၍ အားကောင်းလာသလို ထူးချွန်သော ကိုယ်ပိုင်

www.foreverspace.com.mm



သံစဉ်ဂီတသမားများလည်းပေါ်ထွန်းလာသည်။ ရော့ခ်ဂီတကို နာမည်ကျော်အောင် ဘာသာပြန်ပေးသူက ဇော်ဝင်းထွဋ်၊ ချစ်ကောင်း၊ နောက် လေးဖြူ။ ကိုယ်ပိုင်သံစဉ်လောကတွင်တော့ ထူးထူးခြားခြားထွက်ပေါ်လာသူမှာ ထူးအိမ်သင်။ သူ့သီချင်းသံစဉ်တွေက ဆန်းပြားသည်။ ဆွဲဆောင်မှုအပြည့်ရှိသည်။ နားယဉ်လွယ်သည်။ နောက်တစ်ယောက်က စိုးလွင်လွင်ဖြစ်၏။ သူ့သီချင်းလေးတွေကလည်း လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါးခံစား၍ရသော လူတိုင်း ပါးစပ်ဖျားတွင် စွဲလွယ်ရလွယ်သော သီချင်းများပါပေ။ နောက်တစ်ဦးက 'ဗဒင်'။ သူ့သီချင်းတွေကို ထိုစဉ်က လူတိုင်းပါးစပ်ဖျားမှာ ရှိခဲ့သူ။ ယခုမူ သူတို့သုံးယောက်စလုံး မရှိကြတော့။ ကိုယ်ပိုင်သံစဉ်တေးလောကအတွက် အကြီးမားဆုံး အနုတ်လက္ခဏာသဘောဟု ဆိုရပေမည်။ ကဲ ဒါတွေထားလိုက်တော့ ကော်ပီနှင့် ကိုယ်ပိုင်သံစဉ် ဋီကာဖွင့်နေရတာနှင့်ပင် ဆိုလိုရင်း မရောက်နိုင်သေး။ ဆိုချင်သည်မှာ ကော်ပီတေးနှင့်ပတ်သက်၍ ဖြစ်၏။

ကုန်ခဲ့သည့် လပိုင်းအတွင်းက နာမည်ကျော်အနုပညာမဂ္ဂဇင်းတစ်စောင်၏ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် နာမည်ကြီး ရော့ခ်ဂီတသမားတစ်ဦးက "၂၁ ရာစုလည်း ရောက်ပြီ၊ ကော်ပီရယ် ကိုယ်ပိုင်သံစဉ်ရယ် ခွဲဖို့ မသင့်တော့ပါဘူး"ဟု ဆိုထားသည်။ တက်တက်စင်အောင် လွဲမှားနေသည့် အယူအဆဖြစ်သည်။ ကော်ပီသည် ကော်ပီ၊ ကိုယ်ပိုင်သံစဉ်သည် ကိုယ်ပိုင်သံစဉ်၊ ဘယ်လိုမှ ရောထွေးလို့မရ။ တစ်တန်းတစ်စား တည်းထားဖို့ ဆိုသည်မှာ ဝေလာဝေး။ အဆင့်အတန်းချင်း ဘယ်လိုမှမတူ။ ကိုယ်ပိုင်သံစဉ်သည် အစအဆုံး ရင်ထဲနှလုံးသားထဲမှ အားထုတ်၍ ဖန်တီးထားရသော အနုပညာတစ်ရပ်။ ကော်ပီမှာမူ ပုံတူပွားစာသားထည့်ထားခြင်းမျှသာ။ ဒီ့ထက်ဘာမျှမပို။ ကော်ပီသမားများကို အထင်သေးရှုံ့ချနေခြင်း မဟုတ်။ တန်းမညှိသင့်သည်ကို တန်းညှိခြင်းကြောင့် ဒေါမနဿဖြစ်ရ၍သာ ဤစာကိုရေးရခြင်းဖြစ်သည်။

ကော်ပီတေးဆိုလျှင်တောင် ဟိုဘက်ခေတ်နှင့် လုံးလုံးမတူတော့၊ အရည်အသွေးကျလာသည်။ ဆိုးသည်မှာ ကိုယ့်လောက်တောင် အနုပညာအရည်အသွေးမရှိသည့် အိမ်နီးချင်းနိုင်ငံတစ်ခုမှ အပေါစား စတိတ်ရှိုးအကသီချင်းများကို မြန်မာမှုပြုနေခြင်းပင်။ အမေရိကန်ကျေးလက်သီချင်း၊ ရော့ခ်အင်္ဂလိပ်သီချင်းများကို ကော်ပီပြုခြင်းမှာ နားလည်ပေး၍ရသည်။ ကမ္ဘာကျော်သီချင်းတွေဖြစ်နေသည်ကိုး။ သို့ဆိုလျှင် တီးခတ်သည့်ဘက်မှာရော စာသားအရာမှာရော၊ တေးသွားအရာမှာရော ဘယ်ဘက်က ကြည့်ကြည့် အနုပညာရသ ပြောလောက်ဆိုလောက်အောင်မရှိသည့် အနှီအပေါစား အကသီချင်းများကို ဘယ်လိုဘယ်ပုံကြောင့် တိုက်ရိုက်ကော်ပီ လုပ်နေကြပါသနည်း။ ပြောစရာအချက်က နည်းနည်းသာရှိသည်။ တစ်ချက်မှာ ကိုယ်ပိုင်ဖန်တီးတီထွင်မှုစွမ်းရည် နိမ့်ကျသွားခြင်းပင်။ နောက် ဆူလွယ်နပ်လွယ် ဈေးကွက်ဖြစ်နေခြင်းနှင့် ဤလောကအတွင်းသို့ ငွေကြေးရလိုမှုသက်သက်နှင့် ဝင်လာသူများကြောင့်ဟု ဆိုချင်သည်။ အသစ်ဖန်တီးတီထွင်ခြင်း မပြုနိုင်၍ နာမည်ကြီးသီချင်းဟောင်းများကို တဝဲလည်လည် ပြန်ဆို၊ ပြန်ထုတ်လုပ်နေကြသည်။ အချို့သီချင်းများဆိုလျှင် သုံးယောက်ထက်မနည်း ပြန်ဆိုသည်။ ခေတ်လူငယ်တို့အဖို့ မူလသီဆိုသူ ဘယ်သူဘယ်ဝါ ဆိုခြင်းကို ကွဲကွဲပြားပြားမသိတော့ပဲ နောက်ဆုံးဆိုသူ၏ သီချင်းဟုသာ မှတ်ထင်နေကြခြင်းပင်။ ဤသည်မှာလည်း အနုတ်လက္ခဏာတစ်ရပ်ဟု ဆိုနိုင်သည်။

ဂီတလောကသားတွေကို တွေ့ဆုံမေးမြန်းခန်းလုပ်လျှင်လည်း ကိုယ့်လောကအကြောင်း ဖုံးဖုံးဖိဖိ ဖြေတတ်ကြသည်။ ကော်ပီနှင့်ကိုယ်ပိုင်သံစဉ် ဘာမျှထွေထွေထူးထူးမကွာသယောင် ဖေးဖေးမမ ပြောတတ်ကြသည်။ ဤသည်မှာလည်း မိမိကိုယ်ကိုမိမိရော ဂီတလောကတစ်ခုလုံးကိုရော ပရိသတ်အားလုံးကိုပါ လိမ်ညာနေခြင်းဟု ဆိုချင်သည်။ ကော်ပီနှင့် ကိုယ်ပိုင်သံစဉ် အတူတူပဲဟု ပြောသူသည် အပင်ပန်းခံ၍ မိမိနှလုံးအိမ်တွင်းမှ ခံစားရေးဖွဲ့သီကုံးထားသူ၊ ကိုယ်ပိုင်သံစဉ်ရေးဖွဲ့သူများကို မထေမဲ့မြင်ပြုရာရောက်သလို၊ ပရိသတ်ကိုလည်း အထင်သေးရာရောက်သည်။ ပရိသတ်ကို မည်သူမျှ လှည့်ဖြားလိမ်ညာ၍မရ၊ လျှော့တွက်၍မရ၊ အထင်သေးသူ လျှော့တွက်သူ အကျနာတတ်သည်။

ထပ်ဆင့်ပြောချင်သည်မှာ ဂီတလောကအတွင်း ဆူလွယ်နပ်လွယ် ငွေရှာဖို့သက်သက် ဝင်လာသည့် စီးပွားရေးလုပ်ငန်းရှင်အမည်ခံ ငွေမှုဆိုးများ၊ သည်လောကထဲ ဝင်လာကာစတွင်တော့ ဂီတကို ချစ်ခင်၍၊ ဝါသနာပါ၍ အကျိုးအမြတ်မမျှော်ကိုးဘဲ စေတနာသန့်သန့်ဖြင့် ကူညီသယောင် အသံကောင်းဟစ်တတ်သည်။ နောက်ပိုင်း မြိုးမြိုးမြက်မြက်ကလေးလည်း စားရရော အစွယ်တွေထွက်ပြီး ဘီလူးရုပ်ပေါ်လာတော့သည်။ နာမည်ကြီးတေးသံရှင်များ၏ သီချင်းတွေကို ကြေးသိပ်မများသော တက်သစ်စတေးသံရှင်ကလေးများကို ခွဲဆိုခိုင်းသည်။ ဟိုလူ့သီချင်း ဒီလူပြန်ဆို၊ ဒီလူ့သီချင်း ဟိုလူပြန်ဆိုနှင့် ပြန်ဆိုဝဲသြဃထဲကကို မထွက်တော့။

ဤသို့ ပြန်ဆိုသံသရာထဲတွင် တဝဲဝဲလည်နေတဲ့ကြားက ကိုယ်ပိုင်သံစဉ်ဖြင့် ဝုန်းခနဲဖောက်ထွက်လာသူတစ်ဦး ထွက်လာသည်။ ထိုသူမှာ ထူးအယ်လင်း ဖြစ်သည်။ ကာလအတန်ကြာ Top Ten စာရင်းတွင် ထိပ်ဆုံးမှဦးဆောင်ခဲ့သည်။ သို့သော် ယခုနောက်ပိုင်း နောက်ထပ် အသစ်ထပ်မထွက်နိုင်ဘဲ ပြန်ဆိုရေစီးကြောင်းထဲ အလိုက်သင့်မျောလို့နေပြန်သည်။ တဖြည်းဖြည်း ပြန်ဆိုတေးကို ဋီကာချဲ့ချဲ့လာသည်။ စတီရီယိုခေတ်ဦးက နာမည်ကြီးတေးသံရှင်အချို့၏ အကျော်ကြားဆုံးတေးများကို ကောက်နုတ်၍ Live Show အသွင်ဖြင့်

www.foreverspace.com.mm



**ဂီတလောကသားတွေကို တွေ့ဆုံမေးမြန်းခန်းလုပ်လျှင်လည်း ကိုယ့်လောကအကြောင်း ဖုံးဖုံးဖိဖိဖြေတတ်ကြသည်။ ကော်ပီနှင့်ကိုယ်ပိုင်သံစဉ် ဘာမျှထွေထွေထူးထူးမကွာသယောင် ဖေးဖေးမမ ပြောတတ်ကြသည်။ ဤသည်မှာလည်း မိမိကိုယ်ကိုမိမိရော ဂီတလောကတစ်ခုလုံးကိုရော ပရိသတ်အားလုံးကိုပါ လိမ်ညာနေခြင်းဟု ဆိုချင်သည်။ ကော်ပီနှင့် ကိုယ်ပိုင်သံစဉ် အတူတူပဲဟု ပြောသူသည် အပင်ပန်းခံ၍ မိမိနှလုံးအိမ်တွင်းမှ ခံစားရေးဖွဲ့သီကုံးထားသူ ကိုယ်ပိုင်သံစဉ်ရေးဖွဲ့သူများကို မထေမဲ့မြင်ပြုရာရောက်သလို၊ ပရိသတ်ကိုလည်း အထင်သေးရာရောက်သည်။**

ပရိသတ်၏ အိတ်ကပ်ထဲမှငွေကို နှိုက်ယူလာကြပြန်သည်။

သီဆိုခ အနည်းအကျဉ်း ပေးရုံမျှဖြင့် ဆိုချင်ရက်လက်တို့ဖြစ်နေသူ နာမည်မရသေးသော တေးသံရှင်အသစ်ကလေးတွေ များများထည့်၊ ဟိုမရောက် ဒီမရောက် ကြားမှာကိုးလိုးကန့်လန့် ဖြစ်နေသည့် နာမည်မကျော့်တကျော်တေးသံရှင် နည်းနည်းစွက်၊ ဆယ်ကျော်သက်အကြိုက်၊ နှုတ်ခမ်းနီမလေးများအကြိုက် လူငယ်တေးသံရှင်တစ်ဦးနှစ်ဦးအားဖြည့်၊ ကာလသားတို့ ဘဝင်ငြိစေမည့် အကအလှများနှင့် တင်ဆက်ပေးနိုင်သည့် အမျိုးသမီးအဆိုရှင်တစ်ယောက်ကို ရောယှက်ပြီးသကာလ နာမည်ကြီးတေးသံရှင် ဘယ်သူဘယ်ဝါ၏ တေးသီချင်းများ Live Show ဟု ကြော်ငြာသည်။ ဟိုတယ်ကြီးတစ်ခုတွင် အခမ်းအနားပြင်ကာ လက်မှတ်တစ်စောင် တစ်ထောင်အောက်ထစ် ကျပ်ငါးထောင်ခန့်ဖြင့် ရောင်းသည်။ လက်မှတ်တွင် ပွဲစသည့်အချိန်နှင့် အမှန်တကယ် စဖြစ်သည့်အချိန်တို့ ဘယ်တုန်းကမျှမကိုက်။ အမြဲနောက်ကျသည်။ ပရိသတ်များက တမေ့တမော စောင့်နေရသည်။ စီစဉ်သူတို့ကတော့ ပရိသတ်ကို ဖုတ်လေသည့်ငပိ ရှိလေသယောင်မထင်။ Live Show ဗီစီဒီကာရာအိုကေတစ်ပါတည်း တွဲထွက်နိုင်ရေး ရိုက်ကွင်းပြင်ဆင်ခြင်းဖြင့် အချိန်ဆွဲ အလုပ်ရှုပ်နေကြသည်။ နောက်ဆုံး စမည်ဟူသောအချိန်နှင့် အနည်းဆုံး ၄၅ မိနစ်ကျော်မှသာ စနိုင်သည်ချည်း။ မည်မျှပရိသတ်ကို စော်ကားမော်ကားနိုင်သော လုပ်ရပ်ပါပေတည်း။ သည်ကြားထဲ ဤသို့ မထေမဲ့မြင်ပြုနိုင်လွန်းသော စီစဉ်သူသကောင့်သားများက မေတ္တာလက်ဆောင် လက်မှတ်နှင့် ဖိတ်စာမပေးခြင်းကို ပုံကြီးချဲ့၍ အများပြည်သူအတွက်၊ စာဖတ်ပရိသတ်အတွက် တန်ဖိုးကြီးလှသော အဖိုးတန်စာမျက်နှာပေါ် ရေးကြီးခွင်ကျယ်လုပ်တင်သူတွေလည်း ရှိသေးသည်။

ကော်ပီကိစ္စကိုပြောချင်တာနဲ့တင် ဂီတလောကတစ်ခုလုံး စုံစီနဖာကိစ္စ တော်တော်များများပါကုန်သည်။ ထားတော့။ ပြောပြန်လျှင်လည်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေပေမည်။ လိုရင်းကိစ္စကို ဆက်ပါမည်။

အဓိကပြောချင်သည်မှာ ခက်ခဲနက်နဲသည့် ဂီတသံစဉ်မပါ။ ဆင်ဖိုနီတီးဝိုင်းကြီးကဲ့သို့ တူရိယာမျိုးစုံ တီးခတ်ထားသည်လည်းမဟုတ်။ တသသစွဲမက်စေလောက်သောအသံလည်းမရှိ။ အဓိပ္ပာယ်အနှစ်သာရအားဖြင့်လည်း မပြတ်သား။ မည်သည့်အရာ (ဥပမာ– နိုင်ငံ၊ ယဉ်ကျေးမှုဓလေ့စရိုက်)ကို ကိုယ်စားပြုရာလည်း မရောက်သည့် အိမ်နီးချင်းနိုင်ငံတစ်ခုမှ စတိတ်ရှိုးအကသီချင်းကို ဘယ်လိုရည်ရွယ်ချက်နှင့် ကော်ပီပြုနေကြပါသနည်းဟု မေးလိုက်ချင်သည်။ စီစဉ်ထုတ်ဝေသူတွေကလည်း ငွေမျက်နှာတစ်ခုတည်းကြည့်၍ ငွေကြေးစိုက်ထုတ်သည်။ ကော်ပီပြုပေးသူတွေကလည်း ငွေရလျှင်ပြီးရော ရေးပေးသည်။ ဆိုသူတွေကလည်း ဘာခံယူချက်၊ ဘာအမျိုးသားစိတ်ဓာတ်မှမရှိဘဲ ဆိုရပြီးရော ဆိုပေးသည်။ ကော်ပီလုပ်စရာ ဒီလောက်ရှားသလားဟု မေးချင်သည်။ ဒီနေ့ခေတ်လောက် မီဒီယာလက်တံ ကျယ်ဝန်းတာမရှိ။ ကြိုက်တဲ့အချိန်မှာ ကမ္ဘာ့ဂီတအစုံကို ခံစားနားသောတဆင်နိုင်သည်။ ဤသို့ လုပ်ခြင်းအားဖြင့် ကိုယ့်နိုင်ငံက ထိုအိမ်နီးချင်းနိုင်ငံရဲ့ ဂီတအဆင့်လောက်မရှိရာ ရောက်သွားပေမည်။ ဘယ်ခေတ်ကိုကြည့်ကြည့် မိမိနိုင်ငံ၏ အနုပညာ၊ ယဉ်ကျေးမှုအဆင့်က ဘယ်သူ့ထက်မှ မနိမ့်ခဲ့။ မှီငြမ်းခြင်း၊ ပေါင်းစပ်ခြင်း၊ မြန်မာမှုပြုခြင်းကို လက်ခံသည်။ တိုက်ရိုက်ကော်ပီလုပ်ခြင်းကတော့ ရှက်စရာအကောင်းဆုံးအလုပ်ဟု ထင်သည်။ မိမိနိုင်ငံ၏ ဂီတအဆင့်ကိုမြှင့်တင်ရန် ဂီတလောကသားအားလုံးတွင် တာဝန်ရှိသည်။ ပရိသတ်အကြိုက် လုပ်ရတာပါဆိုသော စကားသည် ပရိသတ်၏ အဆင့်အတန်းကို မိမိသဘောဖြင့် သတ်မှတ်ခြင်း (ဝါ) ပရိသတ်ကို စော်ကားမော်ကားပြုခြင်းပင်။ ထို့ကြောင့် အပေါစားကော်ပီတေးများကို ကျွန်တော်မုန်းသည်။

အပေါစားကော်ပီသီချင်း ထုတ်လုပ်သူတွေ၊ ရေးသူတွေ၊ ဆိုသူတွေ ကိုယ့်ဘာသာ နဖူးပေါ်လက်တင်၍ စဉ်းစားကြည့်ကြဖို့လိုသည်။ မိမိ၏လုပ်ရပ်သည် မိမိနိုင်ငံ၏ ဂီတအဆင့်အတန်းကို နှိမ့်ချရာရောက်နေပြီဆိုတာ စေ့စေ့တွေးလျှင် ရေးရေးပေါ်လာမည်။ တွေးသည့်နေရာတွင်လည်း မိမိကိုယ်ကိုရော ဂီတလောကတစ်ခုလုံးအတွက်ပါ မလိမ်မညာစတမ်း၊ အမှန်အတိုင်းတွေးဖို့၊ စဉ်းစားဖို့ အရေးကြီးသည်။ ဤကိစ္စသည် ဂီတလောကတစ်ခုတည်းအတွက်သာမကပါ။

**စောဒက**

■

www.foreverspace.com.mm



ယခင်လမှအဆက်



# ဗုဒ္ဓအလိုကျ ဘောဂဗေဒ

## BUDDHIST ECONOMICS

**ကျော်ဝင်း**

### အဓ္ဈတ္တ ငြိမ်းအေးမှု

အဘိဓမ္မာပိဋကတ်တွင် ဗုဒ္ဓ၏ ပို၍နက်နဲသိမ်မွေ့သော ဟောကြားချက်များ ပါဝင်သည်။ သို့နှင့်အမျှ အဘိဓမ္မာမှာ ဘောဂဗေဒနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည်တော့ မဟုတ်ပါ။ သို့နှင့်တိုင် သွယ်ဝိုက်သောနည်းနှင့် ဆက်စပ်မှုများရှိနေသည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမူ အဘိဓမ္မာသည် စိတ်နှင့် စက္ကန့် မိနစ်နှင့်အမျှ ပြောင်းလဲနေသော ၎င်း၏အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာနိုင်သောကြောင့် ဖြစ်သည်။

စင်စစ် ဤသို့သော စိတ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ စီးပွားရေးလုပ်ဆောင်မှုများအပါအဝင် လူ့အပြုအမူအားလုံး၏ ရေသောက်မြစ် ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုသော အကုသိုလ်စိတ်များသည်လည်းကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ စာဂ၊ ဆန္ဒစသော ကုသိုလ်စိတ်များသည်လည်းကောင်း စီးပွားရေးလုပ်ဆောင်မှုများကို လှုံ့ဆော်တွန်းအားပေးနိုင်သည်။ ဤအမြင်ပိုင်းဆိုင်ရာ ကြည့်မြင်လိုက်လျှင် အဘိဓမ္မာဖြင့် ဘောဂဗေဒပညာ၏ အခြေခံများကို ချဉ်းကပ်လေ့လာနိုင်စရာအကြောင်းရှိပါသည်။

အလားတူပင် ဗုဒ္ဓ၏ နက်နဲသိမ်မွေ့သော ကျင့်စဉ်တစ်ရပ်ဖြစ်သည့် ဘာဝနာကမ္မဋ္ဌာန်းအလုပ်သည်လည်း ဘောဂဗေဒပညာနှင့် တိုက်ရိုက်မဟုတ်စေကာမူ အခြေခံကျကျ ဆက်စပ်လျက်ရှိနေပေသည်။ ကမ္မဋ္ဌာန်းအလုပ်နှင့် စိတ်ကို လေ့ကျင့်ပေးခြင်းအားဖြင့် စီးပွားရေးလုပ်ဆောင်မှုများသို့ ဦးတည်သွားစေမည့် စိတ်အခြေအနေများကို ဖန်တီးပေးနေသည့် အကြောင်းအကျိုးဆက်စပ်မှုစိတ်အစဉ်ကို ကိုယ်တိုင်ထိုးထွင်းသိမြင်နိုင်စရာ ရှိပါသည်။ ဤနည်းဖြင့်ရရှိသော ထိုးထွင်းသိမြင်မှုနှင့်ပင် ကျွန်ုပ်တို့၏ စိတ်ဖြစ်စဉ်ကို စူးစမ်းလေ့လာကာ ခိုင်မာသော ကျင့်ဝတ်ဆိုင်ရာ အဆုံးအဖြတ်များ ချမှတ်နိုင်ပါသည်။ အပြုအမူတစ်ရပ်အနေနှင့် ကျင့်ဝတ်နှင့် ညီမညီဆိုသည်မှာ ၎င်းကို တွန်းအားပေးလှုံ့ဆော်လိုက်သည့် စိတ်အခြေအနေ၏ အကျိုးဆက်ဖြစ်သည်ဆိုခြင်းကို ကောင်းစွာ သဘောပေါက်နားလည်စေရန် ကမ္မဋ္ဌာန်းအလုပ်က အကူအညီပေးနိုင်ပါသည်။

စင်စစ် လူပုဂ္ဂိုလ်တစ်ဦးချင်း လူတန်းစားတစ်ခု၊ လူမျိုးတစ်မျိုး၊ မျိုးနွယ်စုတစ်စုစသည်တို့မှာ ပင်ကိုသဘာဝအားဖြင့် ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်း မဟုတ်ကြပါ။ သူတို့၏ အပြုအမူများကို လမ်းညွှန်ပြသနေသော စိတ်အရည်အသွေးနှင့်သာ ပို၍သက်ဆိုင်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ စသော မကောင်းသည့် စိတ်အရည်အသွေးက ကျင့်ဝတ်နှင့်မညီသည့် အပြုအမူကိုဖြစ်ပေါ်စေသလို ပညာ ဆန္ဒ စသော ကောင်းသည့်စိတ်အရည်အသွေးက ကျင့်ဝတ်နှင့်လျော်ညီသော အပြုအမူကိုဖန်တီးပြီး ကောင်းသောဘဝကို ဦးတည်စေပါသည်။

ကမ္မဋ္ဌာန်းနည်းနှင့်ပင် စိတ်ကိုသာမက စိတ်ကိုမှီတွယ်ပြီး စိတ်ကိုခြယ်လှယ်နေသော အကြောင်းရင်းခံများ(စေတသိက်) ကိုလည်း ကောင်းစွာလေ့လာသိရှိနိုင်ပါ

www.foreverspace.com.mm

သည်။ ဤနည်းဖြင့်ရသောအသိနှင့် မိမိ၏သတိကို ချွန်မြထက်မြက်စေပြီး လွတ်လပ်သောစိတ်အခံကို ခိုင်မာအားကောင်းစေနိုင်သည်။ သို့နှင့်အမျှ အသက်မွေးဝမ်းကျောင်းမှု၊ စားသုံးမှု စသော စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ထိတ်လန့်စိုးရွံ့မှု၊ မတော်လောဘ၊ မထားသင့်သောမာန စသည့် အတွင်းစေ့ဆော်မှုများကို ကြံ့ကြံ့ခိုင်ကျော်လွှားပြီး အစစ်အမှန်သုခချမ်းသာကို ရည်ရွယ်သည့် ကျင့်ဝတ်ဖြစ်စဉ်အတိုင်း ကျင့်သုံးနိုင်စရာ ရှိပါသည်။ ဤသို့သော စိတ်ပိုင်းဆိုင်ရာ ထိုးထွင်းသိမြင်မှု ဖွံ့ဖြိုးလာသည်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်သွားနိုင်မည်ဖြစ်ပါသည်။

ပို၍အရေးကြီးသည့် အချက်မှာ ကမ္ဘာ့ဌာန်းအလုပ်နှင့်ပင် ပိုမိုအဆင့်မြင့်သော ပျော်ရွှင်မှုတစ်ခုဆီသို့ ဦးတည်သွားနိုင်စေသည့်အကြောင်း ဖြစ်သည်။ အမှီအခိုကင်းသော အတွင်းစိတ်၏ အဖွဲ့တွက်ငြိမ်းအေးမှု ဖြစ်ပါသည်။ ဤသို့သော အဖွဲ့တွက်ငြိမ်းအေးမှုကို ရှာဖွေတွေ့ရှိလာသည်နှင့် ဥစ္စာဓနအပေါ် တွယ်တာကပ်ငြိမှုမရှိတော့ဘဲ လူ့အဖွဲ့အစည်းအကျိုးအတွက် အနှောင်အဖွဲ့ကင်းကင်း လှုပ်ရှားဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ဥစ္စာဓနရှာဖွေခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဥစ္စာဓနရှာဖွေခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့နှင့် ပတ်သက်သော ဗုဒ္ဓ၏အမြင်များကို အင်္ဂုတ္တရနိကာယ်၊ ဥဇယသုတ်တွင် ဤသို့တွေ့ရပါသည်။

တစ်ခါသော် ဥဇယအမည်ရှိ ဗြဟ္မဏလုလင်တစ်ဦးသည် ဗုဒ္ဓထံချဉ်းကပ်၍ ကောင်းစွာ အသက်မွေးဝမ်းကျောင်းခြင်းဖြင့် ဥစ္စာဓန မည်သို့ရရှိနိုင်မည်ကို အကြံဉာဏ်တောင်းခံခဲ့သည်။ ဗုဒ္ဓက ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ ချမ်းသာပျော်ရွှင်နိုင်စရာ အကြောင်းခြင်းရာများကို အကျယ်တဝင့် ရှင်းလင်းပြသခဲ့သည်။

"ဗြဟ္မဏလုလင်… ပစ္စုပ္ပန်အကျိုးစီးပွားနှင့် ချမ်းသာသုခကို ဦးတည်စေသော အကြောင်းတရားလေးပါးရှိကုန်၏။ ဤသည်တို့ကား ဝီရိယစိုက်ထုတ်ကြိုးပမ်းခြင်း (ဥဋ္ဌာနသမ္ပဒါ)၊ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း (အာရက္ခသမ္ပဒါ)၊ ကောင်းသော အဆွေခင်ပွန်း အသိုင်းအဝိုင်းရှိခြင်း (ကလျာဏမိတ္တာ)နှင့် မျှတသော အသက်မွေးဝမ်းကျောင်းမှုရှိခြင်း (သမ္မာဇီဝိတာ) တို့ပင်တည်း။

ဗြဟ္မဏလုလင်.. ဝီရိယစိုက်ထုတ်ကြိုးပမ်းခြင်းဆိုသည်ကား ဤသို့သဘောရှိ၏။ အမျိုးကောင်းသားတစ်ဦးသည် မိမိကိုယ်ကို ထောက်မရပ်တည်နိုင်ရန် ဝီရိယစိုက်ထုတ်ကြိုးပမ်း၏။ လယ်ယာလုပ်ငန်းနှင့်ဖြစ်စေ၊ ကုန်သွယ်လုပ်ငန်းနှင့်ဖြစ်စေ၊ မွေးမြူရေးအလုပ်နှင့်ဖြစ်စေ၊ စစ်သည်ရဲမက်အလုပ်နှင့်ဖြစ်စေ သို့မဟုတ် အခြားသော အတတ်ပညာတစ်ခုခုနှင့်ဖြစ်စေ မည်သည့်အလုပ်မျိုးကိုမဆို ထကြွလုံ့လရှိ၏။ ဝီရိယထုတ်လုပ်ကိုင်၏။ ကျွမ်းကျင်လိမ္မာခြင်းလည်းရှိ၏။ မိမိအလုပ်တွင် မပျင်းရိ၊ စိတ်ဝင်တစားနှင့် ကျွမ်းကျင်စွာဆောင်ရွက်၏။ မိမိအလုပ်ကို မည်သို့စီမံခန့်ခွဲရမည် ဆိုသည်ကိုလည်း နားလည်၏။ တာဝန်လည်းယူ၏။ ဤသို့သောအမှုကို 'ဝီရိယစိုက်ထုတ်ကြိုးပမ်းခြင်း'(ဥဋ္ဌာနသမ္ပဒါ) ဟု ခေါ်အပ်သည်။

ဗြဟ္မဏလုလင်… ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည်ကား ဤသို့ သဘောရှိပေသည်။ အမျိုးကောင်းသားတစ်ဦးတွင် ကောင်းစွာရှာဖွေရရှိသော မိမိ၏လုပ်အား ချွေးတို့၏ အသီးအပွင့်ဖြစ်သော ဥစ္စာဓနတို့ရှိ၏။ ဤဥစ္စာဓနတို့ကိုကာကွယ်ရန် မိမိကိုယ်တိုင် ဝီရိယစိုက်ထုတ်ကြိုးပမ်း၏။ ရန်သူမျိုးငါးပါးအန္တရာယ်မှ မည်သို့ ကာကွယ်စောင့်ရှောက်ရမည်ဆိုသည်ကိုလည်း အမြဲတစေ စဉ်းစားတွေးတော၏။ ဤသို့သောအမှုကို 'ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း'(အာရက္ခသမ္ပဒါ)ဟု ခေါ်အပ်သည်။

ဗြဟ္မဏလုလင် … ကောင်းသော အဆွေခင်ပွန်းအသိုင်းအဝိုင်းရှိခြင်း ဆိုသည်ကား ဤသို့သဘောရှိပေ၏။ အမျိုးကောင်းသားတစ်ဦးသည် မြို့တွင်နေသည်ဖြစ်စေ၊ တောတွင်နေသည်ဖြစ်စေ ရင်းရင်းနှီးနှီးပေါင်းဖက်စရာ၊ ဆွေးနွေးညှိနှိုင်းစရာ အကြံကောင်းဉာဏ်ကောင်းပေးရာ အဆွေခင်ပွန်းကောင်းတို့ ရှိကုန်၏။ အဆွေခင်ပွန်းကောင်းဆိုသည်မှာ အိမ်ထောင်ရှင်ဖြစ်နိုင်သလို အိမ်ထောင်မရှိ လူလွတ်လည်းဖြစ်နိုင်သည်။ ငယ်သော်လည်း ရင့်ကျက်သူဖြစ်နိုင်သလို ကြီးသော်လည်း အလေးထားအပ်သူဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ သဒ္ဓါနှင့်ပြည့်စုံသော၊ ကျင့်ဝတ်ကိုစောင့်ထိန်းသော၊ စေတနာထက်သန်သော၊ ဉာဏ်ပညာကြီးရင့်သော အဆွေခင်ပွန်းကောင်းတို့ကို ဆိုလိုရင်းဖြစ်သည်။ အဆိုပါ အမျိုးကောင်းသားသည် သူ့မိတ်ဆွေ၏ သဒ္ဓါတရားထက်သန်မှုကို လေ့လာအတုယူသည်။ ကျင့်ဝတ်သီလမြဲမှုကို လေ့လာအတုယူသည်။ စေတနာကောင်းခြင်းကို လေ့လာအတုယူသည် ဉာဏ်ပညာကြီးရင့်မှုကို လေ့လာအတုယူသည်။ ဤသို့သောအမှုကို 'ကောင်းသော အဆွေခင်ပွန်းအသိုင်းအဝိုင်းရှိခြင်း'(ကလျာဏမိတ္တာ)ဟု ခေါ်အပ်သည်။

ဗြဟ္မဏလုလင်… မျှတသော အသက်မွေးဝမ်းမှုရှိခြင်းဆိုသည်ကား ဤသို့သဘောရှိပေသည်။ အမျိုးကောင်းသားတစ်ဦးသည် မိမိ၏ဥစ္စာဓနကို အသုံးအဖြုန်းလည်းမကြီး၊ တွန့်တိုစေးနှဲမှုလည်း မလွန်ကဲ မျှတစွာအသုံးပြု၏။ ဥစ္စာဓန၏ တိုးတက်ကြောင်း၊ ဆုတ်ယုတ်ကြောင်းတရားတို့ကို ကောင်းစွာသိ၏။ အသုံးက ဝင်ငွေထက်မပိုစေဘဲ ဝင်ငွေကသာ အသုံးထက်ပိုစေရန် မည်သို့တာဝန်ယူဆောင်ရွက်ရမည်ကိုလည်း နားလည်၏။ ဥပမာ

www.foreverspace.com.mm



ဆိုရလျှင် ချိန်ခွင်ကို အသုံးပြုသောသူလို အလေးတို့ကို နှစ်ဖက်မျှတစွာချိန်ညှိပြီး ချိန်ခွင်လျှာညီစေသကဲ့သို့ဖြစ်သည်။ အကယ်၍ ဝင်ငွေနည်းပြီး အသုံးကများနေလျှင် ခြောက်ပဲတစ်ပြားမကျန် သုံးစွဲလိုက်ရာ ရောက်၍ အငတ်ဘေးနှင့်ကြုံနိုင်သည်။ အကယ်၍ ဝင်ငွေများသော်လည်း မသုံးရက်မစွဲရက် တွန့်တိုနေပြန်လျှင်လည်း လူမွဲတစ်ယောက်နှယ်သာ အချည်းနှီးသေဆုံးရာ၏။ သို့အတွက် မိမိဝင်ငွေနှင့် အသုံးစရိတ်ကို မျှတစွာ စိစစ်သုံးစွဲ၏။ ဤသို့သောအမှုကို မျှတသော အသက်မွေးဝမ်းမှုရှိခြင်း’(သမ္မာဇီဝိတာ)ဟု ခေါ်အပ်၏။

ဗြဟ္မဇာလုလင် ... အထက်တွင် ဆိုခဲ့သော တရားလေးပါးကြောင့် ကောင်းစွာရရှိသော စည်းစိမ်ဥစ္စာပင်ဖြစ်စေဦး စီးပွားပျက်ကြောင်းတရားလေးပါးကြောင့် ပျက်စီးခြင်းသို့လည်းရောက်နိုင်သေး၏။ ဤအကြောင်းတရားလေးပါးကား ကာမဂုဏ်လွန်ကြူးခြင်း၊ သေသောက်ကြူးခြင်း၊ လောင်းကစားကြူးခြင်းနှင့် မိတ်ဆွေယုတ်နှင့် ပေါင်းသင်းမိခြင်းတို့ဖြစ်သည်။ ဥပမာပြရလျှင် ရေဝင်ပေါက်လေးပေါက် (ကြီးပွားချမ်းသာကြောင်းတရားလေးပါး)နှင့် ရေထွက်ပေါက်လေးပေါက် (စီးပွားပျက်ကြောင်းတရားလေးပါး)ရှိသော ဆည်ကြီးပမာပင်ဖြစ်သည်။

အကယ်၍ ရေဝင်ပေါက်လေးပေါက်ကို ပိတ်ပြီး၊ ရေထွက်ပေါက်လေးပေါက်ကိုဖွင့်ထားလျှင် ရာသီအလိုက် မိုးမရွာသည်နှင့် ဆည်ထဲရှိရေများမှာ လျော့ပါးသွားမည်သာဖြစ်သည်။ တိုးပွားစရာအကြောင်းမရှိ။ ရေဝင်ပေါက်လေးပေါက်ကို ဖွင့်ပြီး ရေထွက်ပေါက်လေးပေါက်ကို ပိတ်ထားနိုင်မှသာ မိုးရွာသည်နှင့်အမျှ ဆည်ရေတို့ တိုးပွားလာနိုင်မည်ဖြစ်ပေသည်။”

ဆက်လက်ပြီး ဗုဒ္ဓက အနာဂတ်အကျိုးစီးပွားနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို ဦးတည်စေနိုင်သောတရားတို့ကို ဆက်လက်ဟောကြားပါသည်။ အနှစ်ချုပ်ဖော်ပြရလျှင် အဆိုပါတရားတို့မှာ သဒ္ဓါ (ယုံကြည်မှု)၊ သီလ (ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း)၊ စာဂ (လှူဒါန်းပေးကမ်းခြင်း)နှင့် ပညာ (အမှန်ကိုသိမြင်ခြင်း)ဆိုသော စိတ်ဝိညာဉ်ဆိုင်ရာ အရည်အချင်းလေးရပ်ပင် ဖြစ်ပါသည်။

**ကျော်ဝင်း**


**ရှေ့လအပြီးသတ်ပါမည်။**

**စာညွှန်း** – Buddhist Economics
(By P.A Payutto)

ကြော်ငြာ

www.foreverspace.com.mm





# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားရမည့် အခြေခံမူ (၁၀) ချက်

ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

**E**conomy ဆိုသောစကားကို ဘောဂဗေဒဟု မြန်မာမှုပြုထားပါသည်။ မူရင်းစကားသည် ဂရိဝေါဟာရ Greek Word ဖြစ်သည်။ အိမ်ထောင်စုအတွက် စီမံခန့်ခွဲခြင်းဟု အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံသည် အိမ်ထောင်စုတစ်ခုနှင့် သဏ္ဌာန်တူသည်။ အိမ်ထောင်စုတစ်ခုတွင် ကိုယ့်တာဝန်ကိုယ်ယူရသကဲ့သို့၊ တိုင်းပြည်တစ်ခုတွင်လည်း သူ့တာဝန်ကိုသူယူ၊ ကိုယ့်တာဝန်ကိုယ်ယူရသည်။ အခြားသောတာဝန်များသည် အခြားသောသူများ ကျေပွန်စွာထမ်းဆောင်ခြင်းထက် ကိုယ့်တာဝန်ကိုယ်ကျေမှသာ အဖွဲ့အစည်းသည် တိုးတက်သောသဘောရှိသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်မှာမူ ကိုယ့်အလုပ်ကိုယ်လုပ်ရန်ပင်ဖြစ်သည်။ ကိုယ့်အလုပ်ကိုယ်လုပ်ခြင်းအတွက် အလုပ်နှင့်မိမိ၊ မိမိနှင့်အလုပ်သည် သဟဇာတဖြစ်လာကြသည်။ အဆင်ပြေလာသည်။ ဆီလျော်လာသည်။ မည်ကဲ့သို့ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ရမည်ကို ဗေဒင်မေးစရာမလို၊ ယတြာလည်းလုပ်စရာမလိုတော့၊ နတ်မေးစရာ မလိုတော့ပါ။ ကိုယ့်အလုပ်ဖြစ်နေသောကြောင့် ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ကိုယ်ပိုင်စွမ်းအားများ အလိုလိုရှိလာပါသည်။ ထို့ကြောင့်လည်း ဘောဂဗေဒစီးပွားရေးသဘောတရားတွင် ပထမပိုင်းအနေဖြင့် စဉ်းစားကြရာတွင် 'လူတွေဘယ်လိုဆုံးဖြတ်လုပ်ကိုင်ကြသနည်း How people make decision? ' ဆိုသော အခြေခံအချက်သည် အရေးပါသော အချက်တစ်ချက်ဖြစ်လာသည်။ ထိုအခြေခံအချက်တွင် အခြေခံမူ ၄ ချက်ကို အဓိကထား စဉ်းစားကြသည်။ ထိုအချက်များကား –

www.foreverspace.com.mm



၁။ ရယူခြင်းအတွက် ပေးဆပ်မှု ရှိရမည်၊

၂။ ပေးသလောက်ပဲ ပြန်ရကြပါမည်၊

၃။ အမြင်မှန်သော လူများ၏ အမှန်မြင်သော အစွန်းထွက်၊

၄။ မက်စရာပေါ်မူတည်ပြီး တုံ့ပြန်သောသဘောရှိကြသည်၊... စသည်တို့ကို စဉ်းစားကြပါသည်။

ဒုတိယအပိုင်းအနေဖြင့် စဉ်းစားကြသည်ကား လူများသည် ကိုယ့်ဆုံးဖြတ်ချက်မျှနှင့်သာ မပြီးသေးပါ။ ကိုယ့်ဆုံးဖြတ်ချက်များဖြင့် အခြားသောလူများနှင့် မည်သို့ ပူးပေါင်းနေထိုင်ကြသည့် သဘောကိုလည်း ဆန်းစစ်ပါသည်။ ဆိုခဲ့သည့်အတိုင်း လူတို့သည် ‘ Social Animals ’ များဖြစ်သည်ဟု ဆိုထားသောကြောင့် လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေးသည် အရေးပါလာသည်။ ထို့ကြောင့် ‘How People Interact’ သည်လည်း လူ့ဘဝတွင် အရေးပါလာသည်။ ယင်းအပိုင်းတွင် အခြေခံအချက် ပဥ္စမအချက်မှ သတ္တမအချက်အထိ စဉ်းစားလာပါသည်။ ယင်းအချက်များတွင်–

၅။ ကုန်သွယ်မှုသည် ကုန်သွယ်သူအားလုံးကို အကျိုးပြုသည်၊

၆။ ဈေးကွက်စီးပွားရေးစနစ်သည် စီးပွားရေးလုပ်ဆောင်ချက်များအတွက် အကောင်းဆုံး၊

၇။ လိုအပ်သည့်အခါ အစိုးရဝင်ရောက် ထိန်းသိမ်းမှုကြောင့်လည်း ဈေးကွက်ရလဒ်ကောင်းများ ရရှိနိုင်သည်၊...

စသည်တို့အပေါ် အခြေခံထားပြီး စဉ်းစားကြပါသည်။

တတိယပိုင်းအနေဖြင့် စဉ်းစားကြသည်ကား ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ်ဆုံးဖြတ်ကြပြီးသည့်နောက်တွင် လူအချင်းချင်းတို့ မည်သို့ ဆက်ဆံပေါင်းသင်းကြခြင်းဖြင့် လူမှုစီးပွားရေးဘဝကြီးတစ်ခုလုံး၏ လှုပ်ရှားပြောင်းလဲသွားသော အခြေအနေကို ဆန်းစစ်ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုစီးပွားရေးဘဝကြီးတစ်ခုလုံး မည်သို့လှုပ်ရှားနေသည့်သဘော ‘How the Economy as a whole works’ အတွက် အခြေခံမှုကို ဆန်းစစ်ခြင်းဖြစ်သည်။ ယင်းအပိုင်းတွင် လေ့လာသော အခြေခံမှု (၃) ချက်ပါဝင်ပါသည်။ ယင်းအချက်များတွင်...

၈။ ကုန်စည်နှင့် ဝန်ဆောင်မှုများ ပိုမိုထုတ်လုပ်လာနိုင်ခြင်း ရှိသည်နှင့်အမျှ ထိုနိုင်ငံ၏ လူနေမှု အဆင့်အတန်းလည်း မြင့်မားလာပါသည်။

၉။ ဈေးနှုန်းများသည် ငွေကြေးပမာဏအပေါ် မူတည်သည်၊...

၁၀။ အလုပ်လက်မဲ့ပြဿနာ ရှင်းချင်လျှင် ငွေဖောင်းပွမည်သာဖြစ်သည် ဟူသော အချက်များ ဖြစ်ကြသည်။



## အခြေခံမှု ပထမအချက်

ရယူခြင်းအတွက် ပေးဆပ်မှု ရှိရမည်။

“People face tradeoffs.”

‘ထမင်းတစ်နပ်၊ အလကားမရနိုင်’ ဟူသော စကား ရှိပါသည်။ တစ်နည်းအားဖြင့် အခမဲ့ရသည့်ပစ္စည်းဟူ၍ လောကတွင် မရှိသေးပါ။ ထမင်းတစ်နပ် အလကားမရနိုင်ဟူသော စကားအတွက် အလှူအိမ်တွင်သွားစားလျှင် မရနိုင်ဘူးလားဟူသော အမေးရှိနိုင်ပါသည်။ အလှူအိမ်တွင် သွားစားရာတွင် အလှူရှင်အနေဖြင့် စေတနာသုံးတန် မည်မျှပင်ထားသည်ဖြစ်စေ၊ သင့်အတွက်တော့ပေးဆပ်မှုရှိပါသည်။ သူသည် ထိုအလှူသို့ ဖိတ်ကြားခံရသော လူကြီးလူကောင်းဖြစ်နေပါက ထိုလူကြီးလူကောင်းစာရင်းဝင်ရန်အတွက်တော့ ရင်းနှီးပေးဆပ်မှုရှိရပါမည်။ လူကြီးလူကောင်း ဆိုသည်မှာ အလိုလို မရနိုင်ပါ။ ထိုက်တန်သော ရင်းနှီးမှု ရှိပါသည်။ သို့မဟုတ် ‘အလှူအိမ်ပဲကွာ၊ ဘယ်သူသွားစားစား ရနိုင်တာပဲ၊ လူကြီးလူကောင်းမှ မဟုတ်ပါဘူး’ ဟူသော ခံယူချက်ဖြင့် သွားစားမည်ဆိုကလည်း ပေးဆပ်မှုရှိပါသည်။ လူတိုင်းမလုပ်ရဲပါ။ အကြောင်းမှာ ပေးဆပ်မှုတစ်ခုရှိနေသောကြောင့်ဖြစ်သည်။ အလှူတွေ့တိုင်း ဝင်စားတတ်သောသူများ၊ ရသလောက် တွယ်တတ်ကြသူများကို လူစာရင်း မသွင်းကြခြင်းသည်လည်း ပေးဆပ်မှုတစ်ခု ဖြစ်နေတတ်ပါသည်။ ထို့ကြောင့်လည်း ထမင်းတစ်နပ်သည် အလကားမရနိုင်ဟူသောစကားကို ပမာပြုကြခြင်း ဖြစ်သည်။

လောကတွင် အရာရာတိုင်းအတွက် ပေးဆပ်မှုရှိပါသည်။ အချိန်သည် အကောင်းဆုံးဥပမာတစ်ခုတွင် ပါဝင်ပါသည်။ တစ်နေ့လျှင် ၂၄ နာရီကို လူတိုင်းပိုင်ဆိုင်ကြပါသည်။ ထိုပိုင်ဆိုင်သော ၂၄ နာရီကို ကိစ္စတစ်ခုအတွက်သုံးလျှင် အခြားသော ကိစ္စအတွက် စွန့်လွှတ်ရပါသည်။ ကစား

www.foreverspace.com.mm



မလား၊ စာကျက်မှာလားဟူသော အတွေးမျိုးဖြစ်သည်။ အိမ်ထောင်စုဝင်ငွေများသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ထိုသို့သော ဆုံးဖြတ်ချက်မျိုးများတွင်လည်း တစ်ခုကိုရယူလျှင် ကျန်တစ်ခုကို စွန့်လွှတ်လိုက်ရသောသဘောမျိုး ရှိနေပါသည်။ ယင်းသည် တစ်ဦးချင်းတစ်ယောက်ချင်းအတွက်သာ စဉ်းစားဆုံးဖြတ်သည့် အနေအထားဖြစ်သည်။ အဖွဲ့အစည်းအတွက်လည်း ထို့အတူပင်ဖြစ်ပါသည်။ လူသည် အပေါင်းအသင်းနှင့်နေတတ်သော သတ္တဝါများ (Social Animals) ဖြစ်ကြပါသည်။ ထိုအခြေခံပေါ်မူတည်ပြီး တစ်ဦး၏ ကုန်ပစ္စည်းထုတ်လုပ်မှုကို တစ်ဦး၏ ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် လဲလှယ်စားသုံးကြခြင်းလည်း ဖြစ်ပါသည်။ လဲလှယ်ရမှန်းသိသော အသိတရားအရ မိမိပိုမိုကျွမ်းကျင်သည့် ထုတ်လုပ်မှုများကို ဖောက်ချ ထုတ်လုပ်လာကြသည်။ အရာရာကို ဟိုစပ်စပ်သည်စပ်စပ် ထုတ်လုပ်ခြင်းထက် စူးစိုက်ထုတ်လုပ်မှုကို အလေးထားလာကြသည်။ အရာရာကို ကိုယ်တိုင်ထုတ်လုပ်နေခြင်းသည် ဖူလုံမှုအဆင့်ကို ရကောင်းရနိုင်သော်လည်း ကုန်သွယ်ခြင်းမှ အကျိုးအမြတ်အဆင့်အထိတော့ ရရှိနိုင်မည်မဟုတ်ပါ။ ကမ္ဘာပေါ်ရှိ ချမ်းသာဖွံ့ဖြိုးနေသော နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ရရှိသော အကျိုးအမြတ်မှ ချမ်းသာကြီးပွားနေကြခြင်း ဖြစ်ပါသည်။ စပါးစိုက်သူများထက် စပါးပွဲစားက ပိုချမ်းသာနေတတ်သောလောကဖြစ်သည်။ ချမ်းသာသောနိုင်ငံများသည် လဲလှယ်မှုသဘောတရား (Tradeoffs) ကို ပိုမိုအလေးထားလေ့ရှိပါသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုတွင် မည်သည့်အချက်ကို ပေးဆပ်လိုက်ခြင်းဖြင့် မည်သည့်အချက်ကို ရယူမည်ဆိုသည်ကလည်း အရေးကြီးပါသည်။ တစ်နည်းအားဖြင့် ရယူလိုမှု အတိုင်းအတာသည် ပေးဆပ်မှုအတိုင်းအတာပေါ် မူတည်နေပါသည်။

**လောကတွင် အရာရာတိုင်းအတွက် ပေးဆပ်မှု ရှိပါသည်။ အချိန်သည် အကောင်းဆုံးဥပမာတစ်ခုတွင် ပါဝင်ပါသည်။ တစ်နေ့လျှင် ၂၄ နာရီကို လူတိုင်း ပိုင်ဆိုင်ကြပါသည်။ ထိုပိုင်ဆိုင်သော ၂၄ နာရီကို ကိစ္စတစ်ခု အတွက်သုံးလျှင် အခြားသောကိစ္စအတွက် စွန့်လွှတ်ရပါသည်။ ကစားမလား၊ စာကျက်မှာလားဟူသော အတွေးမျိုးဖြစ်သည်။ အိမ်ထောင်စုဝင်ငွေများသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။**

## အခြေခံမှု ဒုတိယအချက်

ပေးသလောက်ပဲ ပြန်ရကြပါမည်။

"The Cost of something is what you give-up to get it."

တန်ရာတန်ရာသာရမည်ဆိုသည့် သဘောပင်ဖြစ်ပါသည်။ အတော်များများသောလူတို့၏ သဘောသည် စရိတ်နှင့် အကျိုးကို တွက်လေ့ရှိပါသည်။ တွက်လည်း တွက်သင့်ကြပါသည်။ ပြန်ရချက်များကို တွက်ဆကြရာတွင် ပိုသာသော ပြန်ရချက်ကိုသာ မျှော်ကိုးတွက်ဆကြပါသည်။ ရသင့်သည်ဟုထင်ထားသော မျှော်မှန်းချက် ဖြစ်မလာသောအခါ ထိုမျှော်မှန်းချက်ရရှိရန်အတွက် ရင်းနှီးပေးစိုက်လိုက်ရသော ကုန်ကျစရိတ်ကို စဉ်းစားရန် မေ့နေပါသည်။ အမှန်အားဖြင့် ထိုမျှသော ရင်းနှီးထားသည့်အတွက်ကြောင့် ထိုသို့ပြန်ရခြင်းသာ ဖြစ်ပါသည်။ အခွင့်အရေးသည် ပေးမှရသော သဘောရှိပါသည်။ ရမှပေးမည်ဟူသော သဘောသည် မသေချာ၊ မရေရာသော သဘောပင် ဖြစ်ပါသည်။ Give and Take ဆိုသော စကားကိုသာ သုံးကြသည်။ Take and Give ဟူသော စကားကိုမူကား သုံးခဲသည်။ ဥပမာ– ကျောင်းသားတစ်ဦးသည် တက္ကသိုလ်တွင် ပညာရှာမည်ဆိုပါစို့။ တက္ကသိုလ်တက်ခြင်းအတွက် အကျိုးကျေးဇူးကား ပညာတတ်ကြီးဖြစ်ရန်၊ အလုပ်အကိုင်ကောင်းကောင်းရရှိရန်၊ ပွဲလယ်တင့်စေရန် စသည်တို့ပင် ဖြစ်ပါမည်။ ထို့သို့ဖြစ်စေရန်အတွက် ကုန်ကျခံရမည့်စရိတ်အတွက်တော့ အတော်စဉ်းစားရမည် ဖြစ်ပါသည်။ တက်မည့်ကျောင်း၏ အခြေအနေများလည်း ကြည့်ရမည်။ ကျောင်းစရိတ်၊ နေထိုင်စားသောက်မှုစရိတ်၊ ခရီးစရိတ်စသည်တို့သည် အရေးပါလာသည်။ ထို့ပြင် ထိုကျောင်းတက်စဉ်ကာလအတွင်း အလုပ်လုပ်မည်ဆိုပါက ရမည့်ဝင်ငွေများသည်လည်း စရိတ်အဖြစ် ထည့်တွက်သင့်ပါသည်။ ထိုလက်လွှတ်ဆုံးရှုံးရမည့် ဝင်ငွေများသည်လည်း စရိတ်ပင် ဖြစ်သည်။ ကျောင်းတက်သည့်အတွက် ကုန်ခန်းသွားသော အချိန်သည်လည်း စရိတ်အဖြစ် ထည့်သွင်းတွက်ချက်နိုင်ပါသည်။ ယင်းတို့ကို အခွင့်အလမ်းစရိတ် (Opportunity Costs)ဟု အသိများသည်။ လောကတွင် ထိုအခွင့်အလမ်းစရိတ်၏ တန်ဖိုးကို တွက်နိုင်လေလေ၊ ဘဝတန်ဖိုးလည်း မြင့်လေလေ ဖြစ်ပါသည်။

ဘဝအတွက် ဆုံးဖြတ်လုပ်ကိုင်တတ်မှုသည် ယင်းအခွင့်အလမ်းစရိတ်များအပေါ် များစွာမူတည်နေပါသည်။ ထိုအခွင့်အလမ်းစရိတ်အပေါ်မူတည်ပြီး ပြန်ရမည့်အခြေအနေသည် လူ့ဘဝအတွက် အရေးပါသော ဆုံးဖြတ်ချက်ဖြစ်သည်။ အကြောင်းမှာ ထိုရင်းနှီးလိုက်သော အခွင့်အလမ်းစရိတ်အတိုင်း လူတို့သည် ပြန်ရတတ်သောကြောင့်ဖြစ်သည်။

## အခြေခံမှု တတိယအချက်

အမြင်မှန်သောလူများ၏

အမှန်မြင်သောအစွန်းထွက်

"Rational People think at the Margin"

လူ့ဘဝ၏ ဆုံးဖြတ်ချက်များတွင်

www.foreverspace.com.mm

အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်းဟူ သောသဘောကို မှတ်ချက်များအပေါ် မူတည်ပြီး ဆုံးဖြတ်ကြသည်ဟု ဆိုသော်ငြားလည်း ယင်းတွင် သီအိုရီသဘောများစွာ ပါနေပါသည်။ တစ်နည်းအားဖြင့် အပြောသာရှိကြပါသည်။ ဥပမာအားဖြင့် မလုပ်ဘူးဆိုလည်းအရှင်း၊ မလုပ်တော့ဘူး၊ မစားဘူးဆိုလည်း လုံးဝဖြတ်လိုက်မည်ဆိုသည့် ခပ်တင်းတင်းဆိုစကားများသည် အပြောထက် အလုပ်ခက်တတ်ပါသည်။ အပြောတွင်တော့ အဖြူနှင့်အမည်း သဲကွဲကြသည်ဆိုသော်လည်း လက်တွေ့တွင် အဖြူနှင့်အမည်းစပ်ကြား မီးခိုးရောင်သဘောမျိုး ရှိတတ်ပါသည်။ ထို့ကြောင့်လည်း အမှန်မြင်တတ်သူများအဖို့ Life usually involve shades of gray ဟု တင်စားပြောတတ်ကြပါသည်။ တစ်နည်းအားဖြင့် ဘဝကို တွေးကြရာတွင် ဂိတ်ဆုံးအထိ တွေးကြသည်ဆိုသော်ငြားလည်း ဘဝကို လက်တွေ့လုပ်ဆောင်ရာတွင် တစ်ဆစ်ချိုးခြင်း ဆုံးဖြတ်ကြခြင်းက ပိုကောင်းပါသည်။ ပိုလည်းသင့်ပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တ သာရာဘိဝံသ၏ ဆုံးမဩဝါဒတွင် ‘လက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိ’ ဟူ၍ ဖော်ပြထားပါသည်။ လက်ရှိအချိန်အပေါ် သုံးသပ်တတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဘောဂဗေဒတွင် ယင်းအတွေးမျိုးကို အစွန်းထွက်ပြောင်းလဲမှု Marginal Changes ဖြင့် ပြဆိုပါသည်။ ဖြစ်ပျက်သဘောတရားများသည် Marginal Changes နှင့် သက်ဆိုင်နေတတ်ပါသည်။ ဥပမာ–ကျောင်းသားတစ်ဦးကို ကျောင်းတွင် မည်မျှအဆင့်အထိ နေလိုပါသလဲဟုမေးလျှင် ပါရဂူဘွဲ့ရသည်အထိ နေမည်ဟုဆိုကြမည်ဖြစ်သည်။ ပထမဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာ စသည်ဖြင့် များစွာ သက်ဆိုင်ရာတက္ကသိုလ်များတွင် တက်ရောက်နိုင်ပါသည်။ သို့သော် အတန်းတစ်ခုကို တက်တိုင်းတက်တိုင်း၊ ဘာ့အတွက်ကြောင့် တက်သည်ဆိုသည်က အရေးကြီးပါသည်။ အားလို့ တက်နေသည်၊ ပညာလိုချင်သောကြောင့် တက်နေသည်၊ ငွေကြေးတတ်နိုင်သောကြောင့် တက်နေသည်ဟု ဖြေလျှင် ထိုသူသည် Rational People စာရင်းတွင် ပါမည်မဟုတ်တော့ပါ။ အမြင်မမှန်သူ၊ အမှန်မမြင်သူသာ ဖြစ်သွားနိုင်ပါသည်။ ကျောင်းတက်ခြင်းဆိုသည်မှာ ဘဝအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ ဘဝအတွက် အရေးကြီးသည်၊ ရင်းစားပြန်မရနိုင်သော အခြေအနေဖြစ်သည်။ ရည်ရွယ်ချက်သည် မည်သည့်အဆင့်အထိ တက်မှာလဲဆိုတာ အရေးကြီးသည်။ ယင်းသည် Marginal သဘောတရားပင် ဖြစ်သည်။


ဘဝတက်လမ်းအတွက် လိုအပ်လျှင် လိုအပ်သလို စရိတ်ကို ရှင်းရပါမည်။ နေရင်းထိုင်ရင်း စရိတ်ရှင်းသည်ကတော့ အားလို့ ကျောင်းတက်ခြင်း၊ ငွေရှိလို့ ကျောင်းတက်ခြင်း၊ တက်ခွင့်ရလို့ ကျောင်းတက်ခြင်း၊ ဂုဏ်ရှိအောင်ကျောင်းတက်ခြင်းသည် မလိုအပ်သော၊ မှားနေသော ရင်းနှီးမှုများ ဖြစ်နိုင်ပါသည်။ အမှန်မှာတော့ လိုအပ်လျှင် လိုအပ်သည့်သင်တန်းကို သွားတက်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ တိုးတက်သောနိုင်ငံများ၏ ပညာရေးစနစ်တွင် သင်တန်းတစ်ခုအတွက် အင်တာဗျူးရာတွင် သင်တန်းလိုအပ်ချက်ထက် ကျောင်းသားလိုအပ်ချက်ကိုသာ မေးကြပါသည်။ သူဘာကြောင့် ဒီသင်တန်းကို လာတက်သလဲ၊ တက်ရခြင်း၏ အကြောင်းရင်းကို မေးသည်။ သူ့အတွက် လိုအပ်ပါက သင်တန်းက လက်ခံလိုက်ပါသည်။ ဒီတော့ လိုချင်သူနှင့်ပေးဝေလိုသူ နှစ်ဦး အားမျှခြေ ဖြစ်သွားသည်။ ဒီထက်ကောင်းသော လက္ခဏာမရှိနိုင်တော့။ အချို့သင်တန်းများသည် ကျောင်းသားလက်ခံခြင်းကို အလုပ်လျှောက်သည့် အင်တာဗျူးနှင့် မှားနေကြသည်။ ကျောင်းသားလိုချင်တာ ပေးဖို့ထက်၊ မိမိတို့လိုချင်သော ကျောင်းသားကို ရွေးနေသည့်သဘောသည် သင်တန်းအင်တာဗျူးအတွက် Marginal Changes' Concept သဘောတရားကို သွေဖည်စေပါသည်။ ထိုအခါ ရသလောက်လိုက်တက်သော ပညာရေးနှင့် လိုချင်တာကိုသာ ရွေးလိုက်သည့် ပညာရေးဖြစ်သွားတတ်ပါသည်။

ကျွန်တော်တို့နိုင်ငံတွင်တော့ More Chance, More Choice ကို ဦးစားပေးထားသောကြောင့် ရည်ရွယ်ချက်ကောင်းပါသည်။ အရွယ်မရွေး လိုအပ်ပါက သင့်တော်သည့်သင်တန်းမျိုးကို သွားတက်နိုင်ပါသည်။ ယခုခေတ် ကျောင်းသူကျောင်းသား အတော်များများသည် ရသည့်သင်တန်းများကိုသာ တက်တော့မည်ဆိုသည့်သဘောထက် မိမိဘဝနှင့်လိုက်ဖက်မည့် ပညာရေးကိုသာ ရွေးချယ်လာကြပါသည်။ ယင်းသည် အစွန်းထွက်သဘောတရားကြောင့်ဖြစ်သည်။ အစွန်းထွက်သဘောတရားသည် လုံးချခြင်းမဟုတ်ပါ။ ခြုံငုံစဉ်းစားခြင်းမဟုတ်ပါ။ ဘဝကို တစ်လွှာခြင်း၊ တစ်ဆစ်ခြင်း၊ ပြောင်းလဲခြင်းများအပေါ်လိုက်၍ ဆုံးဖြတ်လုပ်ကိုင်ခြင်းသာဖြစ်ပါသည်။ တစ်ဆင့်ခြင်းဆုံးဖြတ်သောကြောင့် ဘဝအတွက် မှားခဲသည်။ လက်ရှိအခြေအနေကို အကောင်းဆုံးအသုံးချသူများဖြစ်သည်။ ရွှေထီးဆောင်းခဲ့သော ကာလကိုလည်း မမေ့အပ်သလို အနာဂတ်တွင် ဘာဖြစ်လာမည်ဆိုသည်ကလည်း အကြောင်းအမျိုးမျိုးကြောင့် မရေရာလျှင် လက်ရှိအခြေအနေကို သင့်တင့်စွာ ဆုံးဖြတ်နိုင်ခြင်းသည် ဘဝအတွက် အကောင်းဆုံး ဖြစ်တတ်ပါသည်။

**ဒေါက်တာမောင်မောင်စိုး**
**(ဘောဂဗေဒ)**

(ဆက်လက်ဖော်ပြပါမည်)

■



# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

( ၂၆ )

**လူထုစိန်ဝင်း**

## "Pointing At The Mulberry, But Scolding The Locust Tree."

## ပိုးစာပင် လက်ညှိုးထိုးပြီး လိုကပ်ပင်ကိုပြောတဲ့ ဗျူဟာ

ဒီဗျူဟာက တရုတ်ရိုးရာစကားပုံ 'ကြက်သတ်ပြီး မျောက်ခြောက်' နဲ့ တူတယ်။ မျောက်သတ္တဝါဟာ အသိဉာဏ်ကြီးမားပြီး သွေးကိုမြင်ရင် လန့်တတ်တယ်လို့ ဆိုတယ်။ မျောက်ဆရာက မျောက်ကို လေ့ကျင့်သင်ကြားရာမှာ ကြက်ကိုသတ်ပြပြီး အမိန့်ကို နာခံအောင် လုပ်တယ်လို့ ဆိုတယ်။

### နောက်ခံသမိုင်းကြောင်း

စစ်ပါရဂူ ဆွန်ကျိဟာ ဝူနိုင်ငံဘုရင်ဟို့လူရှေ့တော်မှာ သူ့ဗျူဟာများကို တင်ပြတယ်။ ဝူဘုရင်က ဆွန်ကျိကို သရော်ချင်တာနဲ့ လက်တွေ့ပြသဖို့ ခိုင်းစေတယ်။ သူ့ဗျူဟာတွေက ပြောသလောက် အစွမ်းထက်တယ်ဆိုရင် သူ့ကိုယ်လုပ်မောင်းမမျာကို တတ်အောင် သင်ပြပေးရမယ်လို့ ဆိုတယ်။ ဆွန်ကျိက ဘုရင့်စိန်ခေါ်ချက်ကို လက်ခံပြီး ဘုရင့်အမိန့်အတိုင်း တတ်အောင်သင်ဖို့ဆိုရင် သူ့ကို အာဏာကုန်လွှဲအပ်ပေးပါလို့ တောင်းဆိုလိုက်တယ်။

ဝူဘုရင်က သဘောတူပြီး အနောက်ဆောင်က မောင်းမကိုယ်လုပ်တော် ရှိသမျှလူပေါင်း ၁၈၀ ကို အကုန်ခေါ်ထုတ်လာစေခဲ့တယ်။ ဆွန်ကျိက ကိုယ်လုပ်တော် ၁၈၀ ကို နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့စီရဲ့ ခေါင်းဆောင်အဖြစ် ဝူဘုရင်အမြတ်နိုးဆုံး ကိုယ်လုပ်တော် နှစ်ယောက်ကို ခန့်ထားလိုက်တယ်။ အဲဒီနောက် ကိုယ်လုပ်တော်တွေကို ဆွန်ကျိက စစ်ဗျူဟာများ သင်ကြားပြသပေးတယ်။ နောက်တစ်နေ့ရောက်တော့ ကိုယ်လုပ်တော်တပ်ဖွဲ့ နှစ်ဖွဲ့ကို ရင်ပြင်တော်ရှေ့မှာ စုရုံးစေပြီး ဘုရင် ဟို့လူကို ရှုစားဖို့ ပင့်ခေါ်ခဲ့တယ်။

အဲဒီနောက် ဆွန်ကျိက သူ့ကိုယ်လုပ်တော်တပ်ကို "စည်တီးသံတစ်ချက်ကြားရင် အားလုံးတန်းစီရမယ်။ နောက်စည်တစ်ချက်တီးရင် ဝဲဘက်ရှိ တပ်ဖွဲ့က ယာဘက်ကို ချီတက်၊ ယာဘက်ရှိ တပ်ဖွဲ့က ဝဲဘက်ကို ချီတက်ပြီး မျက်နှာချင်းဆိုင် ရပ်နေမယ်။ နောက်ထပ် စည်တစ်ချက်တီးတဲ့အခါ ရှေ့ကို ပြေးတက်ပြီး တိုက်ကြရမယ်" လို့ ညွှန်ကြားချက်ပေးလိုက်တယ်။ သူက အတည်ပေါက်လုပ်နေကြောင်း ကိုယ်လုပ်တော်များ သိစေဖို့အတွက် ရင်ပြင်တော်ထဲကို ပါးကွက်အာဏာသားများကိုပါ ဆင့်ခေါ်ထားခဲ့တယ်။

အဲဒီနောက် ဆွန်ကျိက အချက်ပေးစည်ကို တီးစေလိုက်တဲ့အခါမှာ ကိုယ်လုပ်တော်တပ်ဖွဲ့က တဝါးဝါး၊ တဟားဟားနဲ့ ရယ်နေကြပြီး ညွှန်ကြားတဲ့ အတိုင်းကို တိုက်ခိုက်ခြင်းမပြုခဲ့ကြဘူး။ အဲဒီအခါမှာ ဆွန်ကျိက မျက်နှာထား တည်တည်ထားပြီး

www.foreverspace.com.mm

"သင်တို့ဟာ ကျုပ်ပြောတဲ့စကားကို နားမလည်ကြဘူး။ ဒါပေမဲ့ ဒါဟာ ပထမအကြိမ် အမိန့်ကို မနာခံခြင်းဖြစ်တဲ့အတွက် သင်တို့ကို အပြစ်မတင်ဘူး။ ကျုပ်တာဝန်သာ ဖြစ်တယ်လို့ သဘောထားတယ်" လို့ ပြောလိုက်တယ်။ ပြီးတော့ ညွှန်ကြားချက်ကို သေသေချာချာ ထပ်ပြီး ရှင်းပြလိုက်ပြန်တယ်။ အဲဒီနောက် ပထမအကြိမ်ကအတိုင်း ထပ်ပြီး အမိန့်ပေးလိုက်တယ်။ ဒီတစ်ကြိမ်မှာလည်း ကိုယ်လုပ်တော်တွေက ပထမအကြိမ်တုန်းကအတိုင်း တခစ်ခစ်နဲ့ လုပ်နေကြပြီး ညွှန်ကြားတဲ့အတိုင်း မလုပ်ကြပြန်ဘူး။ ဒီတော့ ဆွန်ကျိက

"ကျုပ် အကြိမ်ကြိမ် ရှင်းပြခဲ့ပြီးဖြစ်တော့ သင်တို့အားလုံး အမိန့်ကို နားလည်သဘောပေါက်လောက်ပြီလို့ ယူဆတယ်။ ဒါပေမဲ့ သင်တို့ဟာ အမိန့်အတိုင်း ဘယ်သူမှ မလိုက်နာခဲ့ကြဘူး။ ဒီတော့ အဖွဲ့ခေါင်းဆောင် နှစ်ဦးရဲ့ တာဝန်ပဲ ဖြစ်တယ်" လို့ ပြောပြီး ကိုယ်လုပ်တော် နှစ်ဦးကို ချက်ချင်း ကွပ်မျက်ဖို့ ပါးကွက်သားများကို အမိန့်ပေးလိုက်တယ်။ အဲဒီအခါ ဝူဘုရင်က "သင့်အစွမ်းအစကို ငါယုံတော်မူပြီ။ ဒီကိုယ်လုပ်တော် နှစ်ဦးဟာ ငါအမြတ်နိုးဆုံး ကိုယ်လုပ်တော်များ ဖြစ်တယ်။ သူတို့မရှိရင် ငါကိုယ်တော် စိတ်ဆင်းရဲရလိမ့်မယ်" လို့ အလန့်တကြားနဲ့ ဝင်ရောက်တားဆီးလိုက်တယ်။ ဒါပေမဲ့ ဆွန်ကျိက "အရှင်မင်းမြတ်ရဲ့ဆန္ဒအတိုင်း ကိုယ်လုပ်တော်နှစ်ဦးကို တပ်ဖွဲ့ခေါင်းဆောင်များအဖြစ် ခန့်ထားခဲ့ပါသည်။ ထိုခေါင်းဆောင်လုပ်သူများကိုယ်တိုင်က ပေးအပ်သော တာဝန်ကို မနာခံခြင်းဟူသည့် ရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြပါသည်။ ယင်းတို့ကို ခွင့်လွှတ်ခဲ့ပါက နောင်သော် အရှင်၏ အမိန့်ကို မည်သူကမှ နာခံကြတော့မည်မဟုတ်ပါ" ဟု ရဲရဲဝံ့ဝံ့ လျှောက်ထားပြီး ပါးကွက်သားတို့ကို သူစေခိုင်းတဲ့အတိုင်းလုပ်ဖို့ ပြောကြားလိုက်ပါတယ်။

ဝူဘုရင်လည်း ဆွန်ကျိကို အာဏာကုန်လွှဲအပ်ထားခဲ့ပြီး ဖြစ်တဲ့အတွက် ဘယ်လိုမှ ဝင်မပြောသာတော့ဘဲ သူအမြတ်နိုးဆုံး ကိုယ်လုပ်တော်နှစ်ဦး ကွပ်မျက်ခံရတာကို ကြည့်နေလိုက်ရတော့တယ်။

အဲဒီအခါ ကျန်ကိုယ်လုပ်တော်အားလုံး အကြောက်ကြီး ကြောက်သွားကြပြီး ဆွန်ကျိအမိန့်ကို နာခံကြတော့တယ်။ ဆွန်ကျိက တခြားကိုယ်လုပ်တော် နှစ်ဦးကို တပ်ဖွဲ့ခေါင်းဆောင်အဖြစ် ထပ်မံခန့်ထားပြီး တိုက်ခိုက်ဖို့ ညွှန်ကြားခဲ့တယ်။ စည်နှက်သံပေါ်ထွက်လာတာနဲ့ တပ်ဖွဲ့နှစ်ဖွဲ့ဟာ သင်ကြားထားတဲ့အတိုင်း တိုက်ခိုက်ကြတော့တယ်။ ဆွန်ကျိက ဝူဘုရင်ကို "ရှုစားတော်မူပါ။ အလိုတော်အတိုင်း တပ်ဖွဲ့များ တိုက်ခိုက်နိုင်ကြပြီ" လို့ လျှောက်ထားလိုက်တယ်။

ဝူဘုရင်ဟာ အမြတ်နိုးဆုံး ကိုယ်လုပ်တော်နှစ်ဦး အသက်ဆုံးရှုံးရလို့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပေမယ့် ဆွန်ကျိရဲ့ အစွမ်းအစကို နှစ်သက်တော်မူတာကြောင့် စစ်သူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်တယ်။

## စီးပွားရေးလုပ်ငန်းမှာ ဗျူဟာအသုံးချပုံ

ဗျူဟာရဲ့သဘောက တစ်ဖက်ကို လက်ညှိုးညွှန်ပြပြစ်တင်ကြိမ်းမောင်းရင်းနဲ့ အခြားတစ်ဖက်ကို သတိပေးဆုံးမတဲ့ ပရိယာယ်ကျင့်သုံးခြင်း ဖြစ်တယ်။ စီးပွားရေးမှာသာမက အုပ်ချုပ်ရေးလုပ်ငန်းမှာပါ ဒီဗျူဟာကို ကျင့်သုံးတဲ့နေရာမှာ စင်ကာပူအစိုးရဟာ နာမည်ကြီးခဲ့တယ်။ စင်ကာပူမြို့တော် သန့်ရှင်းရေးနဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှာ အစိုးရက ဒီဗျူဟာအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့တယ်။ လမ်းပေါ်မှာ တံတွေးထွေးတာ၊ အမှိုက်ပစ်တာ၊ လမ်းစည်းကမ်းမလိုက်နာဘဲ ကူးချင်တဲ့နေရာက ဖြတ်ကူးတာ စတဲ့ စည်းကမ်းမဲ့မှုများ ရှောင်ရှားကြဖို့ ရက်ပေါင်းများစွာ ပညာပေးဆော်ဩမှုများ ပြုလုပ်ပြီးတဲ့နောက် ဂရုမစိုက်ဘဲနေသူများကို မိအောင်ဖမ်းပြီး ပြင်းထန်တဲ့ ထောင်ဒဏ်ငွေဒဏ်များ ချမှတ်ခဲ့တယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ပြန်ပေးဆွဲ ဓားပြတိုက်လူသတ်မှု စတဲ့ ရာဇဝတ်မှုကြီးများနဲ့ အပြစ်ရှိသူများကိုလည်း သေဒဏ်စီရင်ချက်ချ အပြစ်ပေးခဲ့တယ်။ တစ်ခါက စင်ကာပူက ထင်ရှားတဲ့ စီးပွားရေးသမားတစ်ဦးဟာ သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်းမလိုက်နာဘဲ ချိုးဖောက်တာကို မိခဲ့တယ်။

စင်ကာပူမှာ လမ်းများယာဉ်ကြောပိတ်ဆို့မှုကို ကာကွယ်ဖို့ မော်တော်ယာဉ်ပိုင်ရှင်များဟာ မြို့တွင်း ကားယူမလာရဆိုတဲ့ စည်းကမ်းကို လိုက်နာကြရတယ်။ ကားယူလာမှ ဖြစ်မယ့်သူများအနေနဲ့ အထူးလိုင်စင်တစ်ခု လျှောက်ထားရယူထားရတယ်။ ALS လို့ ခေါ်တဲ့ Area Licence Scheme တံဆိပ်တစ်ခု ရယူဖို့ ပေးဆောင်ရတဲ့ငွေဟာ စင်ကာပူဒေါ်လာ ၆၀ လောက်သာ ဖြစ်တယ်။ အဲဒီစီးပွားရေးလုပ်ငန်းရှင်မှာ မော်တော်ကားသုံးစင်းရှိပေမယ့် သူက တစ်စင်းအတွက်သာ ယူထားခဲ့တယ်။ တစ်နေ့တော့ လိုင်စင်ယူထားတဲ့ ROLLS-ROYCE ကားကို မယူဘဲ မာစီးဒီးကားကို ယူလာခဲ့တယ်။ ပုလိပ်က စစ်ဆေးတော့ ROLLS-ROYCE အတွက် ယူထားတဲ့လိုင်စင်တံဆိပ်ပြား ကပ်ပြီး မောင်းလာတာ တွေ့လိုက်ရလို့ ဖမ်းဆီးလိုက်တယ်။

ရုံးမှာ စစ်ဆေးတော့ ပြစ်မှုထင်ရှားတာနဲ့ ထောင်နှစ်ပတ်ကျခံဖို့ ဒေါ်လာ ၈၀၀ ဒဏ်ငွေဆောင်ဖို့ ပြစ်ဒဏ်ချမှတ်လိုက်တယ်။ ဒီသတင်းဟာ သတင်းစာတွေနဲ့ ရုပ်မြင်သံကြားမှာ ဟိုးလေးတကျော်ပါသွားခဲ့တယ်။ ဥပဒေချိုးဖောက်သူကို ဘယ်သူဘယ်ဝါမရွေး အပြစ်ပေးနေကြောင်း သိရှိလာတော့ လူတိုင်းစည်းကမ်းကို လိုက်နာလာကြတာ တွေ့ရတယ်။

စင်ကာပူက ကျင့်သုံးတဲ့ စနစ်ဟာ တင်းကျပ်ပြင်းထန်လွန်းတာကြောင့်

www.foreverspace.com.mm



ဝေဖန်သူတွေရှိခဲ့ပေမယ့် စင်ကာပူဟာ ရာဇဝတ်မှုအနည်းဆုံး ကမ္ဘာ့နိုင်ငံတွေစာရင်းမှာ ထိပ်ဆုံးတန်းက ရှိနေတယ်ဆိုတာကိုတော့ ဝေဖန်သူများကိုယ်တိုင် ဝန်ခံခဲ့ကြရတယ်။

စီးပွားရေးလောကမှာလည်း အင်အားကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီးများကို ထိုးဖောက်ဝင်ရောက်တဲ့ လက်လီလုပ်ငန်းရှင် အငယ်စားလေးများကို လုပ်ငန်းရှင်ကြီးများက ဒီဗျူဟာနဲ့ အနိုင်ယူတတ်ကြတယ်။ စင်ကာပူဓာတ်ဆီဆိုင်ဈေးကွက်မှာ အဓိက ထိန်းချုပ်ထားတာက Shell ကုမ္ပဏီကြီး ဖြစ်တယ်။ ဈေးကွက်ရဲ့ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားခဲ့တယ်။ BP, Caltex, Mobil, ESSO တို့က Shell ရဲ့ ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်ဖို့ နည်းမျိုးစုံသုံးပြီး ကြိုးစားခဲ့တယ်။

တစ်ခါမှာ ကုမ္ပဏီတစ်ခုက သူ့ဓာတ်ဆီဆိုင်မှာ ဝယ်ယူတဲ့ ဖောက်သည်များအတွက် ကံစမ်းမဲ အစီအစဉ်တစ်ခု ကြေညာပြီး အမေရိကန်ဒေါ်လာ တစ်သိန်းတန်ကား အသစ်စက်စက်တစ်စင်း မဲဖောက်မယ်လို့ ကြေညာခဲ့တယ်။ Shell က အဲဒီထက် ခုနစ်ဆ ရှစ်ဆမကတန်တဲ့ တိုက်ခန်းပေးမယ်လို့ အပြိုင်ကြော်ငြာပြီး ရောင်းလိုက်တော့ ကားပေးမယ့်ကုမ္ပဏီ ဆက်ပြီး မကြော်ငြာဝံ့တော့ဘဲ ရပ်ဆိုင်းပစ်လိုက်ရတယ်။ အဲဒီကိစ္စဖြစ်ပြီးတဲ့နောက်မှာ တခြားကုမ္ပဏီ သုံးခုကပါ Shell ကို ပြိုင်ပြီး အနိုင်ယူဖို့ မကြိုးစားကြတော့ဘဲ ကိုယ့်ဈေးကွက်နယ်မြေမှာသာ ကိုယ်အခြေခိုင်ဖို့ ကြိုးစားလုပ်ဆောင်ကြတော့တယ်။ Shell က ပထမမော်တော်ကားပေးတဲ့ကုမ္ပဏီကို သတိပေးသလိုနဲ့ ပြိုင်ဘက်အားလုံးကို သတိပေးလိုက်တာပဲ ဖြစ်တယ်။ အောင်လည်း အောင်မြင်သွားခဲ့တယ်။

ဒါပေမဲ့ ဒီဗျူဟာကို သုံးနိုင်ဖို့ ကိုယ့်မှာ အင်အားရှိဖို့ လိုတယ်ဆိုတာကို သတိပြုသင့်တယ်။ ကိုယ့်အင်အားကိုယ်မသိဘဲ အပြောကြီးမိရင် အဖတ်ဆယ်လို့ မရအောင် ဖြစ်တတ်တယ်ဆိုတဲ့ သာဓက,က တော့ ၁၉၉၇ အာရှငွေကြေးပြဿနာမှာ မလေးရှားနိုင်ငံရဲ့ အဖြစ်အပျက် ဖြစ်တယ်။

၁၉၉၇ မှာ မလေးရှားရင်းဂစ်ငွေ တန်ဖိုး ရုတ်တရက် တစ်ရှိန်ထိုး ကျဆင်းသွားတော့ မလေးရှားဝန်ကြီးချုပ် မဟာသီယာက နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများရဲ့ ဝေဖန်ထောက်ပြချက်များကို လက်မခံဘဲ နိုင်ငံခြားက ငွေကြေးဈေးကစားသူများရဲ့ လုပ်ကြံမှုဖြစ်တယ်လို့ မောက်မောက်မာမာ စွပ်စွဲပြောဆိုခဲ့တယ်။ ဒီနည်းနဲ့ နောက်ထပ်ဈေးကစားသူတွေ ဝင်မလာအောင် တားဆီးနိုင်လိမ့်မယ်၊ အဲဒီအခါ ရင်းဂစ်ရဲ့ အခြေအနေ ပြန်လည်တည်ငြိမ်မှု ရသွားလိမ့်မယ်လို့ သူထင်ခဲ့တယ်။ ဒါပေမဲ့ မောက်မာတဲ့ သူ့စကားတွေကြောင့် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုပြုတဲ့သူတွေ လန့်သွားပြီး နောက်ထပ် အရင်းအနှီးများ ဝင်မလာရုံသာမက ရှိနေပြီးထဲကတောင် နုတ်ယူသွားကြတယ်။ ဒီအခြေအနေမှာ အစိုးရက ဘာမှ မတတ်နိုင်တော့ဘဲ ဘဏ်လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု ပြိုလဲသွားတာကို လက်ပိုက်ကြည့်နေလိုက်ရတော့တယ်။

နောက်တော့မှ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူနေရတဲ့ အန်နဝါအီဘရာဟင်က IMF ရဲ့ အကူအညီကို ရယူပြီး အခြေအနေ တည်ငြိမ်အောင် လုပ်ဆောင်နိုင်ခဲ့တယ်။

မလေးရှားနဲ့ မရှေးမနှောင်းပြဿနာကို ရင်ဆိုင်ကြရတဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကတော့ မဟာသီယာလို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနဲ့ ငွေကြေးဈေးကစားသူများကို အပြစ်ပုံမချဘဲ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ခဲ့ကြတာကြောင့် နိုင်ငံခြားငွေလုံးငွေရင်းတွေ အများအပြားပြန်ထုတ်သွားတာ မခံကြရဘူး။ ဒါက ကိုယ့်အင်အားကို ရှိတာထက်ပိုမတွက်ဘဲ အရှိကို အရှိအတိုင်း ရှုမြင်လက်ခံနိုင်တဲ့ အတွက်ကြောင့်သာ ဖြစ်တယ်။ ဗျူဟာ ၂၆ ဟာ ကိုယ်က အင်အားကောင်းနေတဲ့ အခါမှသာ သုံးသင့်တဲ့ ဗျူဟာတစ်ခုသာ ဖြစ်ပေတယ်။

**လူထုစိန်ဝင်း**

၂၀-၇-၂၀၀၅

**မှတ်ချက်**

Locust ပင်ကို အိမ်မှာရှိသမျှ ဦးထွန်းငြိမ်းအဘိဓာန်၊ ယုဒသန်အဘိဓာန်၊ ဒေါက်တာဘဟန်အဘိဓာန်၊ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များ၊ ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာနထုတ် ပညာရပ်ဝေါဟာရများ အဘိဓာန်နဲ့ မြန်မာ့စိုက်ပျိုးရေးကော်ပိုရေးရှင်းက ထုတ်တဲ့ မြန်မာ့ဆေးဝါးပင်များ စာအုပ်များမှာ စေ့စေ့စပ်စပ် ရှာဖွေပေမယ့် မြန်မာအမည်မတွေ့ရပါဘူး။ ပြင်ပသွားလာလှုပ်ရှားနိုင်သူမဟုတ်တာကြောင့် ဆိုင်ရာရုက္ခဗေဒပညာရှင်များ၊ တိုင်းရင်းဆေးပညာရှင်များကို တွေ့ဆုံမေးမြန်းတာ မလုပ်နိုင်ခဲ့ပါဘူး။

Apple ကို ပန်းသီး၊ Orange ကို လိမ္မော်သီး စသဖြင့် မြန်မာလို မွေးစားပစ်လိုက်နိုင်အောင် ဝေါဟာရကြွယ်ဝတဲ့ မြန်မာဘာသာစကားမှာ Locust ကို မြန်မာအမည်နဲ့ ရှိမှာပါ။ မတွေ့တွေ့အောင် ရှာပါဦးမယ်။ မတွေ့ခင်စပ်ကြားမှာ အသံဖလှယ်ထားတဲ့ လိုကပ်ပင်လို့သာ သည်းခံဖတ်ရှုစေချင်ပါတယ်။ နောင်သီးခြားစာအုပ်အဖြစ် ထုတ်ဝေတဲ့အခါမှာ မြန်မာအမည် ရှာဖွေတွေ့ရှိပြင်ဆင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီဆောင်းပါးကို ဖတ်မိတဲ့ စာဖတ်သူများ သိရှိပါကလည်း အများအကျိုးအတွက် ပြင်ဆင်ပေးကြစေလိုပါတယ်။

ကျေးဇူးတင်စွာ


**လူထုစိန်ဝင်း**

■

www.foreverspace.com.mm



(ယခင်လမှအဆက်)



ပန်းချီမင်းဇော်နှင့် စာရေးသူ

# ကျွန်တော်ပန်းချီကုန်သည်

(၃၄)

## ဦးလှဝင်း(လေသူရဲတစ်ဦး)

### ပန်းချီမင်းဇော် ... (၂)

"ပန်းချီကျောင်းက ဆင်းပြီးတော့ အနုအလှပန်းချီတွေကို စဆွဲလား"

"မဆင်းခင်ကတည်းက ဆွဲတယ်။ ပန်းချီကျောင်းမှာ တတိယနှစ် ကျောင်းသားဘဝကတည်းက ရန်ကုန်မှာရှိတဲ့ ပန်းချီပြခန်းတွေမှာ အနုအလှပန်းချီ (Fine Art) ကားတွေကို စတင်တယ်။ အဓိကတင်ခဲ့ဖူးတဲ့ ပန်းချီပြခန်းတွေကတော့ ကိုသန့်စင်ရဲ့ Orient ပန်းချီပြခန်း ... နောက် ... ကိုမင်းဝေအောင်ရဲ့ New Treasure ပန်းချီပြခန်းတွေမှာပဲ။ ကိုသန့်စင်နဲ့ ကိုမင်းဝေအောင်တို့ကလည်း ကျွန်တော်တို့လူသစ်တွေကို အားပေးတယ်"

"ရောင်းရလား"

"ရောင်းရတယ်။ ရောင်းရလို့လည်း အနုအလှပန်းချီဘက်ကို ကျွန်တော် ပိုပြီး စိတ်ဝင်စားခဲ့တာပေါ့"

"အဲဒီအချိန်တုန်းက ဘယ်လိုပန်းချီကားတွေကို ဆွဲလဲ"

"ရှုခင်းတွေပါပဲ။ ရန်ကုန်ရှုခင်းတွေပဲဆွဲတယ်။ ဥပမာ–ရွှေတိဂုံဘုရားကို ရှုထောင့်အမျိုးမျိုးက ဆွဲထားတဲ့ကားတွေ၊ ကန်တော်ကြီးရဲ့ရေပြင်နဲ့ ပတ်ဝန်းကျင်အလှကို ပုံဖော်ထားတဲ့ကားတွေ"

"ရေဆေးကားတွေလား၊ ဆီဆေးကားတွေလား"

"အဲဒီတုန်းက ကျွန်တော် ရေဆေး

www.foreverspace.com.mm



ပဲရေးတယ်။ ရေဆေးပဲသန်တယ်။ ဆရာဦးကျော်လေးရဲ့ ရေဆေးကားတွေကိုပဲ အလွန်မြတ်နိုးနေတဲ့အချိန် ဖြစ်နေလို့လား မသိဘူး"

"ပန်းချီပညာသင်တန်းကျောင်းက ဆင်းပြီးတော့ ဘာဆက်လုပ်လဲ။ ပန်းချီစီးပွားရေးလောကကို တန်းဝင်လား"

"မဝင်သေးဘူး။ ၁၉၉၃ ခုနှစ်မှာ ယဉ်ကျေးမှုတက္ကသိုလ် စဖွင့်တယ်။ ကျွန်တော်က ဆယ်တန်းအောင်ထားတဲ့လူဆိုတော့ ယဉ်ကျေးမှုတက္ကသိုလ်ကို သိပ်တက်ချင်တယ်။ ပန်းချီပညာနဲ့ပတ်သက်ပြီး တက္ကသိုလ်စဖွင့်တဲ့အချိန်မှာ ကျွန်တော်တို့ ပန်းချီပညာသင်ကျောင်းက ဆရာတော်တော်များများဟာ ယဉ်ကျေးမှုတက္ကသိုလ်ကို ပြောင်းသွားကြတယ်။ ယဉ်ကျေးမှုတက္ကသိုလ်စဖွင့်တဲ့နှစ်က ကျွန်တော် ပန်းချီပညာသင်ကျောင်းမှာ တတိယနှစ်တက်နေတဲ့အချိန်။ ကျောင်းမပြီးသေးဘူး။ ကျွန်တော်က ယဉ်ကျေးမှုတက္ကသိုလ် ဖွင့်ဖွင့်ချင်း ပထမအသုတ်မှာ စတက်ချင်တယ်။ တက်ခွင့်သွားလျှောက်တယ်။ ကျွန်တော့်ကို လက်မခံဘူး။ မင်း ကျောင်းနှစ်ကျောင်းကို တစ်ပြိုင်နက်တည်း တက်လို့မရဘူး။ ပန်းချီပညာသင်ကျောင်းပြီးမှ ယဉ်ကျေးမှုတက္ကသိုလ်လာတက်လို့ ပြောတယ်။ ပြဿနာက ယဉ်ကျေးမှုတက္ကသိုလ်တက်ခွင့်ရတဲ့ ကျောင်းသားက အသက်ကန့်သတ်ချက်ရှိတယ်။ ပန်းချီပညာသင်ကျောင်းကို ပြီးအောင် ဆက်တက်ရင် ကျွန်တော့်အသက်က ကန့်သတ်ချက်ကို တစ်နှစ်လောက် လွန်သွားတော့မယ်။ ဒါပေမဲ့ ယဉ်ကျေးမှုတက္ကသိုလ်မှာရှိတဲ့ ဆရာတွေကလည်း ကျွန်တော့်ရဲ့ ဆရာဟောင်းတွေဖြစ်နေတော့ "မင်းဇော် … မင်း ပန်းချီပညာသင်ကျောင်းကို ပြီးအောင်ဆက်တက်ကွာ။ အသက်ကန့်သတ်ချက် တစ်နှစ်လွန်နေတဲ့ကိစ္စကို တို့အဆင်ပြေအောင် လုပ်ပေးမယ်လို့ ဝိုင်းပြောကြတာနဲ့ ပန်းချီပညာသင်ကျောင်းကို ပြီးအောင် ကျွန်တော် တက်လိုက်တယ်။ ယဉ်ကျေးမှုတက္ကသိုလ်ရဲ့ ဒုတိယအသုတ်လို့ခေါ်တဲ့ သင်တန်းမှာမှ ကျွန်တော် စတက်တယ်။ ယဉ်ကျေးမှုတက္ကသိုလ်ရဲ့ အဲဒီတုန်းက ပန်းချီဌာနမှူးက ဆရာဦးကျော်လေး။ ပန်းချီပညာသင်ကျောင်းတုန်းက ကျွန်တော့် ဆရာဟောင်းပဲ"

"သိပ်အဆင်ပြေတာပေါ့"

"မပြေဘူး။ ယဉ်ကျေးမှုတက္ကသိုလ်ရောက်တော့ ကျွန်တော့်ကို ပန်းပုပညာသင်မယ့် သင်တန်းသားစာရင်းမှာ ထည့်ထားတယ်။ မင်းက ပန်းချီပညာသင်ကျောင်းမှာ ပန်းချီပညာကို သင်ခဲ့ပြီးပြီ။ တို့ယဉ်ကျေးမှုတက္ကသိုလ်မှာ ပန်းပုပညာကို ဆက်သင်ကွာ။ တို့ဆီမှာ ပန်းပုပညာသင်ချင်တဲ့ကျောင်းသားဦးရေ သိပ်နည်းနေတယ်လို့ ပြောတယ်"

"အဲဒီတော့ …"

"ကျွန်တော် အကြောက်အကန် ငြင်းရတာပေါ့။ ကျွန်တော်ဝါသနာပါတာ ပန်းပုပညာမှ မဟုတ်ဘဲ။ ပန်းချီပညာ။ နောက်ဆုံး ဘယ်အဆင့်ထိအောင် အမေးခံရလဲဆိုတော့ … မင်း ယဉ်ကျေးမှုတက္ကသိုလ်တက်ချင်ရင် ပန်းပုပညာပဲ သင်ခွင့်ရမယ်။ ပန်းချီပညာတော့ သင်ခွင့်မရနိုင်ဘူး။ ဒီလိုဆိုရင်ရော မင်း ယဉ်ကျေးမှုတက္ကသိုလ်တက်ဦးမှာလားလို့မေးတော့ … ကျွန်တော်က ပန်းချီပညာကို အထူးပြုလေ့လာခွင့်မရရင် ကျွန်တော် မတက်တော့ဘူးလို့ပဲ ပြန်ဖြေလိုက်တယ်။ အဲဒီတော့မှ ကျောင်းအာဏာပိုင်တွေကလည်း ဒီကောင် ဒီလောက်တောင် ပန်းချီပညာသင်ချင်နေတာ ပန်းချီပညာအထူးပြုတဲ့ အတန်းပဲ တက်ပါစေတော့ကွာဆိုပြီး တက်ခွင့်ပေးလိုက်တယ်"

"ခက်ခက်ခဲခဲတက်ခဲ့ရတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ယဉ်ကျေးမှုတက္ကသိုလ်မှာ ပန်းချီပညာကို လေ့လာရတာနဲ့ ပန်းချီပညာသင်ကျောင်းမှာ ပန်းချီပညာကို လေ့လာရတာ ဘယ်လိုကွာသွားလဲ"

"ယဉ်ကျေးမှုတက္ကသိုလ်မှာက ပန်းချီပညာနဲ့ ပတ်သက်ပြီး စာတွေ့ အဲ… သီအိုရီပိုင်းတွေ ပိုပြီးများတယ်။ ပန်းချီသင်တန်းကျောင်းမှာက နေ့တိုင်း ပန်းချီရေးခွင့်ရတယ်။ တချို့နေ့တွေဆိုရင် တစ်နေ့လုံး လက်တွေ့ပန်းချီ ရေးနေရတယ်။ ဥပမာ … ကျောင်းပြင်ထွက်ပြီး လက်တွေ့ပန်းချီရေးခိုင်းတဲ့နေ့တွေဆိုရင် စက္ကူရော၊ ဆေးရော ဖောဖောသီသီပေးပြီး .. မင်းတို့ ဒီနေ့ ဘယ်နှပုံပြီးအောင်ရေးပြီးမှ ပြန်ခဲ့ကြဆိုပြီးတော့ကို ရေးခိုင်းတယ်။ ဆရာဦးကျော်လေးဆိုရင် ကျောင်းသားတွေရေးလာတဲ့ ပန်းချီကားတွေကို တစ်ခုချင်း ပြန်ကြည့်တယ်။ ဝေဖန်တယ်။ အမှတ်ပေးတယ်။ ပြင်ပေးတယ်။ လက်တွေ့ ပြန်ရေးပြတယ်။ ယဉ်ကျေးမှုတက္ကသိုလ်မှာ ကျောင်းသားတွေ ဒီလိုအခွင့်အရေးမျိုးတွေ မရဘူး။ ကျောင်းသင်ခန်းစာတွေနဲ့ပဲ ပိနေတယ်။ ဒါပေမဲ့ ပန်းချီအနုပညာအပေါ် မြင်ပုံတွေကျတော့ ယဉ်ကျေးမှုတက္ကသိုလ်တက်ခွင့်ရခြင်းကြောင့် ပိုအမြင်ကျယ်စေခဲ့တယ်။ တက္ကသိုလ်အဆင့်သင်တာဆိုတော့ သင်ရိုးညွှန်းတမ်းတွေကလည်း ကမ္ဘာ့အဆင့် စံတစ်ခုကို မီအောင် လုပ်ထားရတယ်။ အမြင်ကျယ်လာစေခဲ့တာတော့ အမှန်ပဲ။ ဒါပေမဲ့ လက်တွေ့လေ့ကျင့်ခွင့်ရတဲ့အပိုင်းကျတော့ ကျန်နေခဲ့တယ်။ အဲဒီလိုဖြစ်စေရတဲ့ နောက်အကြောင်းတစ်ခုက အရန်ဘာသာရပ်တွေကို သင်နေရပြီး ကျောင်းစာတွေက သိပ်များနေတယ်။ ဥပမာ … ယဉ်ကျေးမှုတက္ကသိုလ် ပထမတစ်နှစ်မှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ၊ သမိုင်း၊ သတ္တဗေဒ၊ ရုက္ခဗေဒစသည်ဖြင့် အားလုံးသင်ရတယ်။ နောက်နှစ်တွေကျမှ ဒီဘာသာရပ်တွေကို တဖြည်းဖြည်း လျှော့သွားတယ်။ ဒါကြောင့် ယဉ်ကျေးမှုတက္ကသိုလ်တက်တဲ့အချိန်မှာ နေ့စဉ် နေ့တစ်ဝက်လောက်က အခြားဘာသာရပ်တွေကို သင်ရပြီး ကျန်နေ့တစ်ဝက်လောက်ပဲ ပန်းချီကို

www.foreverspace.com.mm



တိုက်ရိုက်နွယ်တဲ့ပညာကို သင်ရတယ်"

"လက်တွေ့ ပန်းချီရေးတာရော သင်ရလား"

"သင်ရပါတယ်။ ဒါပေမဲ့ ဘယ်လို ခွဲထားသလဲဆိုရင်တော့ ခန္ဓာဗေဒတစ်ခုရှိမယ်။ ပန်းချီ ပန်းပုသမိုင်းတစ်ခုရှိမယ်။ ရေဆေးရှိမယ်။ အခြေခံပုံဆွဲရှိမယ်။ ဒါတွေကိုပါ လိုက်ခွဲလိုက်တဲ့အခါကျတော့ လက်တွေ့ ပန်းချီဆွဲရတဲ့အချိန်က သိပ်နည်းသွားတယ်။

"တစ်နှစ်တည်း ယဉ်ကျေးမှုတက္ကသိုလ်တက်ခဲ့တဲ့ သူငယ်ချင်းကျောင်းသားတွေထဲကရော ဒီနေ့ မြန်မာ့ပန်းချီလောကမှာ အောင်မြင်နေတဲ့လူတွေ ရှိလား"

"ရှိပါတယ်။ ဥပမာ–ပန်းချီ အောင်မိုးညို ။ သူ့ပန်းချီကားတွေ ဦးလှဝင်း သား ကိုပါ ဝယ်ထားတာတွေတောင် ရှိပါသေးတယ်။ နောက်… ပန်းချီ အောင်မြတ်ဌေး…ပန်းချီထွန်းဝင်းအောင်"

"ကျောင်းသူတွေထဲမှာရော အောင်မြင်နေတဲ့လူရှိလား"

"ကျွန်တော်တို့နှစ် ကျောင်းသူတွေထဲကတော့ မရှိဘူး"

"ကျောင်းသူဦးရေ နည်းလို့လား"

"မနည်းဘူး။ ကျွန်တော်တက်တဲ့နှစ်ကဆိုရင် မိန်းကလေးကျောင်းသူက ထက်ဝက်လောက်ကို ရှိပါတယ်။ ဒါပေမဲ့ ပန်းပုသင်တဲ့ မိန်းကလေးဦးရေကတော့ သိပ်နည်းတယ်။ ယောကျ်ားလေးဦးရေလည်း နည်းတာပါပဲ။ ပန်းပုပညာပိုင်းကို စိတ်ဝင်စားတဲ့ ကျောင်းသား ကျောင်းသူဦးရေနည်းနေတာ သိပ်ဝမ်းနည်းဖို့ကောင်းပါတယ်။ တကယ်တော့ ပန်းပုပညာဟာလည်း ပန်းချီပညာလိုပဲ အလွန်ကျယ်ပြန့်တဲ့ ပညာပါ"

"ယဉ်ကျေးမှုတက္ကသိုလ် ဆက်တက်လိုက်ခြင်းကြောင့် မင်းဇော်ဘဝကို ဘယ်လိုအပြောင်းအလဲဖြစ်စေခဲ့သလဲ"

"ခေတ်သစ်ပန်းချီ .. အဲ…မော်ဒန်ပန်းချီအပိုင်းကို ပိုစိတ်ဝင်စားလာတယ်။ ပြင်ပက အောင်မြင်နေတဲ့ ပန်းချီဆရာတွေနဲ့လည်း ပိုပြီး သိကျွမ်းခွင့်၊ ခင်မင်ခွင့်ရစေခဲ့တယ်။ ပန်းချီနှင့်ပတ်သက်တဲ့ သီအိုရီတွေကို ပိုပြီးသိလာတဲ့အတွက် ဒီနေ့ခေတ်ရဲ့ ကမ္ဘာ့ပန်းချီရေစီးကြောင်းဟာ ဘယ်ကို ဦးတည်ပြီး စီးဆင်းနေတယ်ဆိုတာကို သိလာတယ်။ ကိုယ်ဆုပ်ကိုင်ရမယ့် ဦးတည်လမ်းကြောင်းကို ကိုယ်သိလာတယ်။ ယဉ်ကျေးမှုတက္ကသိုလ်မှာ ကျောင်းသားအများစုက စာဖတ်တယ်။ စာဖတ်အားလည်း ကောင်းကြတယ်။ ဒီလို အမြင်ကျယ်လာစေတဲ့အပိုင်းမှာတော့ ယဉ်ကျေးမှုတက္ကသိုလ်တက်မိတာ အလွန်အကျိုးရှိစေခဲ့ပါတယ်။



**ပန်းချီမင်းဇော်နှင့် သူ၏လက်ရာ**

"ယဉ်ကျေးမှုတက္ကသိုလ်က ဘယ်နှခုနှစ်မှာ ကျောင်းပြီးလဲ"

"၁၉၉၇ ခုနှစ်မှာ ..."

"ကျောင်းပြီးတော့ ..."

"တစ်ကိုယ်တော်ပန်းချီပြပွဲ Solo Show တွေလုပ်တယ်။ တကယ်တော့ ကျောင်းပြီးတဲ့အချိန်မှာ ပန်းချီလောကကို

**ယဉ်ကျေးမှုတက္ကသိုလ်မှာ ကျောင်းသားအများစုက စာဖတ်တယ်။ စာဖတ်အားလည်း ကောင်းကြတယ်။ ဒီလို အမြင်ကျယ်လာ စေတဲ့အပိုင်းမှာတော့ ယဉ်ကျေးမှုတက္ကသိုလ်တက်မိတာ အလွန်အကျိုးရှိစေခဲ့ပါတယ်။**

www.foreverspace.com.mm



ကျွန်တော် တော်တော်လေးဝင်မိနေပြီ။ အသက်မွေးမှုပညာရပ်တစ်ခု ဖြစ်နေပြီ။ ကိုယ်ရေးဆွဲချင်တဲ့ အနုအလှ ပန်းချီကားတွေကလည်း တော်တော်လေးရောင်းနေရပြီ။ အဲဒီအချိန်မှာ နတ်မောက်ပန်းချီပြခန်းဆိုပြီးတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက်က တည်ထောင်တယ်။ ကျွန်တော်က အဲဒီပန်းချီပြခန်းရဲ့ ပင်တိုင် ပန်းချီဆရာ...”

“တစ်ယောက်တည်းလား”

“မဟုတ်ဘူး။ အပေါင်းအသင်းပန်းချီဆရာတွေနဲ့ ...”

“ဘယ်သူတွေလဲ”

“မှတ်မိသေးတယ်။ ငြိမ်းချမ်းဆု၊ စန္ဒာခိုင်၊ ကိုမှတ်သုံ့တို့လည်းပါတယ်။ နတ်မောက်ကျောင်းရှေ့မှာပဲ ပန်းချီပြခန်းကိုဖွင့်တယ်”

“ဘယ်လိုပန်းချီကားမျိုးတွေ အဲဒီတုန်းက မင်းဇော်ရေးလဲ”

“ရှုခင်းတွေ Landscape ပုံတွေပါပဲ။ အဲဒီအချိန်က Visit Myanmar Year လုပ်တဲ့အချိန်ဆိုတော့ ပြည်ပဧည့်သည်ကလည်း တော်တော်လာတယ်။ ကျွန်တော့်ပန်းချီကား တော်တော်ရောင်းရတယ်ဆိုပါတော့”

“ပထမဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲက ဘယ်တုန်းကလုပ်လဲ”

“အဲဒီအချိန်လောက်ကပဲ။ နတ်မောက်ပန်းချီပြခန်းပိုင်ရှင် ကျွန်တော့်မိတ်ဆွေက လုပ်ပေးတာ။ ရွှေဂုံတိုင်မှာ အခန်းငှားပြီး လုပ်ပေးတယ်။ ကျွန်တော်က အဲဒီအချိန်က ပုဂံက ပြန်ရောက်ပြီးစဆိုတော့ ပုဂံရှုခင်းတွေချည်းပဲ ရေးထားတဲ့ပန်းချီကားတွေကို ရွေးပြီးပြခဲ့တယ်။ တော်တော်ရောင်းရတယ်။ ပြပွဲမှာ ပြထားတဲ့ ပန်းချီကား ၇၀ ရာခိုင်နှုန်းလောက်ကို ရောင်းရတယ်”

“ရေဆေးကားတွေလား”

“ဟုတ်တယ် ရေဆေးကားတွေ။ ဒီပြပွဲအောင်မြင်တဲ့အတွက် ရေဆေးကားတွေကို ပိုပြီး ရေးချင်စိတ်ပေါက်လာတယ်။ ကံကောင်းချင်တော့ ကျွန်တော်ရေးတဲ့ ဘိုဘိုရုပ်ပြစာအုပ်တွေက လုံးချင်းအဖြစ်ထုတ်နေရပြီး အောင်မြင်နေပြီ”

“ကာတွန်းဇာတ်လမ်းတွေက ကိုယ်ပိုင်လား”

“ကိုယ်ပိုင်လည်းရှိတယ်။ တခြားလူတွေဆီက ဝယ်တာလည်းရှိတယ်။ ဇာတ်ကောင်ပုံတစ်ခုလုံး သရုပ်ဖော်တာကတော့ ကိုယ်တစ်ယောက်တည်းပေါ့။ စာအုပ်ထုတ်စက သုံးလ တစ်ကြိမ်လောက် ထွက်တယ်။ နောက်ပိုင်းကျတော့ လစဉ်ထုတ်တဲ့စာအုပ်ဖြစ်လာတယ်”

“ကာတွန်း ဘယ်အချိန်တွေမှာ ရေးလဲ”

“ညဘက်မှာ ကာတွန်းရေးတယ်။ ကျွန်တော် နေ့ဘက်မှာ အနုအလှပန်းချီတွေ ရေးတယ်”

“ဒုတိယ ရေဆေးတစ်ကိုယ်တော်ပြပွဲကို ဘယ်မှာ ဆက်လုပ်လဲ”

“ဦးလှဝင်းတို့ ပန်းချီပြခန်းမှာလေ။ ကိုပါ ကျွန်တော့်အတွက် လုပ်ပေးခဲ့တဲ့ပြပွဲ”

မှန်ပါသည်။

ထိုအခါမှပင် ကျွန်တော်ပြန်သတိရပါသည်။ ၁၉၉၈ ခုနှစ်က ကျွန်တော့်ပန်းချီပြခန်းတွင် ပြုလုပ်သည့် မင်းဇော် ရေဆေးတစ်ကိုယ်တော်ပြပွဲ ဖြစ်သည်။

ရောင်းရပါသည်။

အောင်မြင်ပါသည်။

မင်းဇော်သည် ထိုရေဆေး တစ်ကိုယ်တော်ပန်းချီပြပွဲ ပြီးသည့်အချိန်မှစ၍ပင် ကျွန်တော့်ပန်းချီပြခန်း၌ ပင်တိုင်ပန်းချီဆရာ ဖြစ်လာခဲ့ပါသည်။

“ဆီဆေးပန်းချီကား ဘယ်တော့ စရေးလဲ”

“ဦးလှဝင်းဆီမှာပါပဲ။ မှတ်မိသေးလားမသိဘူး။ ၁၉၉၈ လောက်မှာ ဦးလှဝင်းတို့ ပြခန်းမှာလုပ်တဲ့ ငြိမ်းချမ်းဆုနဲ့ ကျွန်တော်ပေါင်းပြီးပြုလုပ်တဲ့ ဆီဆေးပန်းချီပြပွဲ။ အဲဒီပြပွဲကစပြီး ကျွန်တော် ဆီဆေးစကိုင်တာပါ။ ဆီဆေးပန်းချီကားတွေ အင်တိုက်အားတိုက် ရေးခဲ့တာပါ”

မှန်ပါသည်။

ထို ... မင်းဇော်၏ ဆီဆေးပန်းချီပြပွဲ တန်အောင်မြင်ပါသည်။

မင်းဇော်လည်း အကျိုးရှိ ...။

ကျွန်တော်လည်း အကျိုးရှိ ...။

ထိုအချိန်မှစ၍ မင်းဇော်သည် ဆီဆေးအရသာကို စတွေ့သွားဟန်ရှိ၏။ ရေဆေး အရေးနည်းသွား၏။ ဆီဆေးကားကြီးများကို စရေး၏။

နောက် ... သရုပ်ပြ အမျိုးသမီး(မော်ဒယ်)များကိုရှာပြီး လူပုံ စရေး၏။ မော်ဒယ်ပုံများ စရေးတဲ့အချိန်မှစပြီး သူ၏ လိုင်းရေးဟန်မှာ ပိုမိုပေါ်လွင်လာ၏။

ထိုအချိန်၌ သူသည် ရှုခင်းပုံများရေးနေရသည်ကိုလည်း ငြီးငွေ့စပြုပြီးဖြစ်ဟန်ရှိသည်။

လူပုံ ...

လူပုံတွင်မှ မြန်မာအမျိုးသမီးများပုံ။ ယနေ့ခေတ် မြန်မာအမျိုးသမီးပုံများသာမဟုတ်။ ရှေးခေတ် မြန်မာနန်းတွင်းမှ အပျိုတော်များပုံလည်း သူရေး၏။

သူ့ မြန်မာအမျိုးသမီးများ၏ ပန်းချီပုံမှာ ယနေ့ မြန်မာပန်းချီဆရာများ၏ ရေးဟန်နှင့် မတူပါ။

ထူးနေပါသည်။

ကိုယ်ပိုင်ဟန်အပြည့်ပါနေပါသည်။

နောက်ခံအရောင်များ၏ လှုပ်ရှားပုံမှာလည်း ထူး၏။ ရှင်၏။ အလှအပတစ်မျိုးကို ဖော်ထုတ်နိုင်၏။ ယနေ့ မင်းဇော်သည် ဤရေးဟန်နှင့် ဤအလှအပများအပေါ်၌ ကြည်နူးနေဟန်ရှိ၏။

မှန်ပါသည်။

၂၀၀၄ ခုနှစ်အတွင်း ကျွန်တော့်ပြခန်းမှာ အများဆုံး ကျွန်တော်ရောင်းပေးနိုင်ခဲ့သည့် မင်းဇော်၏လက်ရာမှာ ဤမြန်မာအမျိုးသမီးများ၏ ရုပ်ပုံပန်းချီကားချပ်များပင် ဖြစ်၏။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**